# သမ္မာကျမ်းစာ၏သော့ချက်အခြေခံသဘောတရားများ

# KEY BIBLE CONCEPTS

DAVID GOODING
& JOHN LENNOX
ငိုင်းတမ်မောင်းဘာသာပြန်ဆိုသည်

Coyyright © 2011 by Myrtlefield Trust
www.kbc316.org

## မာတိကာ


၁။ နိဒါန်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅

၂။ **သန့်ရှင်းခြင်း။** ထာဝရဘုရားသခင်၏ ဘုန်းတန်ခိုး၊ စင်ကြယ်ခြင်း၊
လှပခြင်းနှင့် ချစ်ခြင်းမေတ္တာ . . . . . . . . . . . . . . . . . . . . . . . ၁၅

၃။ **အပြစ်။** ရောဂါတစ်ပါး၊ ၎င်း၏လက္ခဏာများနှင့် ၎င်းကိုကုသခြင်း . . ၂၅

၄။ **ပြန်လည်သင့်မြတ်ခြင်း။** ငြိမ်းချမ်းရေးလမ်းစဉ် . . . . . . . . . . . . . ၃၅

၅။ **ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခြင်း။** အကြောင်းကိစ္စတို့ကို
ဥပဒေနှင့်အညီမှန်ကန်စေခြင်း။ . . . . . . . . . . . . . . . . . . . . . ၄၄

၆။ **ရွေးနှုတ်စရာအဖိုးအခနှင့် ရွေးနှုတ်ကယ်တင်ခြင်း။**
လွတ်မြောက်ခြင်း၏အဖိုးအခ . . . . . . . . . . . . . . . . . . . . . ၅၄

၇။ **ထာဝရအသက်။** ယခုဤနေရာ၌ . . . . . . . . . . . . . . . . . . . . ၆၄

၈။ **နောင်တ။** စိတ်မကောင်းဖြစ်ရုံသာမဟုတ် . . . . . . . . . . . . . . . ၇၄

၉။ **ယုံကြည်ခြင်း။** မမြင်မကမ်းခြေစုံပစ်ဝင်ခြင်းမဟုတ် . . . . . . . . . . ၈၄

၁၀။ **ယုံကြည်ခြင်း။** ထင်ရှားသောသက်သေကိုတုန့်ပြန်ခြင်း (*အပိုင်း ၁*) . ၉၃

၁၁။ **ယုံကြည်ခြင်း။** ထင်ရှားသောသက်သေကိုတုန့်ပြန်ခြင်း (*အပိုင်း ၂*) . ၁၀၄

၁၂။ **ယုံကြည်ခြင်း။** သင်မည်သူ့ကိုယုံကြည်စိတ်ချသနည်းဆိုသည့်မေးခွန်း ၁၁၄

၁၃။ **သန့်ရှင်းခြင်းစင်ကြယ်ခြင်း။** ဖခင်တူသား . . . . . . . . . . . . . . ၁၂၄

၁၄။ **သန့်ရှင်းခြင်းစင်ကြယ်ခြင်း။** ကျေးကျွန်မဟုတ်၊ သားအရိုက်အရာ . . ၁၃၃

၁၅။ **နောက်ဆုံးတရားစီရင်ခြင်း။** တရားမျှတမှု၏တောင်းဆိုချက်များ . . ၁၄၃

၁၆။ **နောက်ဆုံးတရားစီရင်ခြင်း။**
ဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့်အုပ်စိုးပိုင်သတော်မူခြင်း . . . . . ၁၅၃

၁၇။ **ကယ်တင်ခြင်း။** ကျယ်ပြန့်ပြည့်စုံသောဝေါဟာရ . . . . . . . . . . ၁၆၃

# ၁
# နိဒါန်း

ကမ္ဘာ့အတွေးအခေါ်များအပေါ် ထင်ထင်ရှားရှားအကျိုးသက်ရောက်မှုရှိခဲ့ပြီး ယခုလည်းအကျိုးသက်ရောက်မှုရှိနေဆဲဖြစ်သောသမ္မာကျမ်းစာနှင့် အတိုင်းအတာတစ်ခုအထိ အကျွမ်းဝင်ခြင်းမရှိဘဲ မိမိကိုယ်ကိုပညာတတ်ဟု မည်သူကမျှပြော၍မရနိုင်ပေ။ ဤသမ္မာကျမ်းစာသည် ပုံနှိပ်ထုတ်ဝေခဲ့သမျှသော စာအုပ်အားလုံးအနက် ရွှေ့ပြောင်းနိုင်သည့်ပုံစံဖြင့် ပထမဆုံးပုံနှိပ်ထုတ်ဝေသည့်ကျမ်းဖြစ်သည် (လက်တင်ဘာသာစကားဖြင့်ပြန်ဆိုသည့်သမ္မာကျမ်းစာကို ၁၄၅၅ ခုနှစ်တွင် ဂျာမနီနိုင်ငံ၊ မိန်းဇ်မြို့၌ ဂူတဲန်းဘတ်က်၏ပုံနှိပ်တိုက်တွင်ပုံနှိပ်ထုတ်ဝေခဲ့သည်)။ သမ္မာကျမ်းစာသည် လူတို့အဖတ်အများဆုံးသောကျမ်းနှင့် အများဆုံးသောဘာသာစကားတို့ဖြင့်ပုံနှိပ်ထုတ်ဝေသောကျမ်းစာဖြစ်သည်။

သမ္မာကျမ်းစာကို ကျွန်ုပ်တို့ဖတ်သည့်အခါ၊ ကျွန်ုပ်တို့နှင့်ရင်းနှီးသလိုဖြစ်နေသော်လည်း နည်းပညာဆိုင်ရာဝေါဟာရများအဖြစ်အသုံးပြုထားသောကြောင့် ကျွန်ုပ်တို့ ချက်ချင်းနားမလည်နိုင်သည့်ဝေါဟာရများကို ကျွန်ုပ်တို့တွေ့လာရမည်ဖြစ်သည်။ ဤသို့ဖြစ်ခြင်းက ကျွန်ုပ်တို့၏စိတ်ဝင်စားမှုကို လျော့ပါးစေပြီးနောက်ဆုတ်စေသည့်အဖြစ်မျိုးမဖြစ်သင့်ပါ။ စိတ်ဝင်စားမှုကို ပို၍ပင်တိုးလာစေရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဤမျက်မှောက်ခေတ်တွင် အသိပညာနယ်ပင်များတွင် သို့မဟုတ် နယ်ပယ်တစ်ခုခုတွင် နည်းပညာဆိုင်ရာဝေါဟာရများကို ကျွန်ုပ်တို့အားလုံးတစ်နေ့မဟုတ်တစ်နေ့ နားလည်အောင်သင်ယူရသောကြောင့်ဖြစ်သည်။ အမှန်အကန် စိတ်ဝင်စားမှုသည် ဤဝေါဟာရများကိုနားလည်ခြင်းအထဲ၌ရှိနေသည်။ ကောင်းစွာချက်ပြုတ် တတ်သောသူဖြစ်လိုသည့် မိန်းခလေးတစ်ဦးသည် ကင်ခြင်း၊ ဖုတ်ခြင်း၊ ကြော်ခြင်း၊ ဖြောခြင်းနှင့် ပြုတ်ခြင်းတို့၏ခြားနားမှုများကို သင်ယူနားလည်ထားရမည်ဖြစ်သည်။ မော်တော်ကားစက်ပြင်ဆရာဖြစ်လိုသောယောက်ျားလေးသည်လည်း ပစ္စတင်၊ ကာဗရက်တာ၊ ဆလင်တာတို့သည် မည်သည့်

အရာများဖြစ်ကြောင်းအပြင် ဓါတ်ဆီအင်ဂျင်နှင့်ဒီဇယ်အင်ဂျင်တို့၏ကွာခြားမှုနှင့် ကလပ်၊ ဂီယာ၊ လီဗာတို့ကို မည်သည့်အတွက်သုံးသည်ကိုလည်း သိထားရမည်ဖြစ်သည်။ ထို့အတူ ကျွန်ုပ်တို့အားလုံးသည် ကွန်ပြူတာတစ်လုံးကို အသုံးပြုလိုသည့်အခါ အကျွမ်းတဝင်သိထားရမည့် နည်းပညာဆိုင်ရာဝေါဟာရများရှိနေသည်ကို ကျွန်ုပ်တို့တွေ့ရမည်ဖြစ်သည်။

အခြားသောနယ်ပယ်များ၌ကဲ့သို့ပင် သမ္မာကျမ်းစာထဲတွင်လည်း ကျွန်ုပ်တို့နားလည်သိရှိထားရမည့်ဝေါဟာရများရှိသည်။ ထိုသို့နားလည်ရာတွင် ပိုမိုနက်ရှိုင်းစွာနားလည်သည်သာမက ကျွန်ုပ်တို့ထံသင်ကြားခံယူသူများအား ထိုဝေါဟာရတို့၏ အဓိပ္ပါယ်ကို ဆက်သွယ်အသိပေးလျက် ကမ္ဘာသစ်တစ်ခုလုံးကိုမြင်နိုင်သည့်ပြတင်းပေါက်ကို သူတို့အားဖွင့်ပေးနိုင်သည့်အရည်အချင်းမျိုးအထိ ၎င်းတို့ကိုသိရှိနားလည်ရမည်ဖြစ်သည်။

ထို့ကြောင့် ဤဆောင်းပါးများတွင် ဤနည်းပညာဆိုင်ရာဝေါဟာရများကို လေ့လာရမည်ဖြစ်ပြီး ဤနိဒါန်းတွင် ကျွန်ုပ်တို့ခြုံငုံဖော်ပြလိုသည့်အခြေခံအချက်များကို ခြုံငုံလေ့လာကြမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်နှင့်အစပြုရမည်ဖြစ်ပြီး ထာဝရဘုရားကို ဖော်ပြရာ၌ အရေးအကြီးဆုံးစကားလုံးများအနက် တစ်ခုအပါအဝင်ဖြစ်သည့် ‘သန့်ရှင်းခြင်း’ဖြင့် အစပြုရမည်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် ဤနေရာ၌ပင် “ကျွန်တော်က ထာဝရဘုရားကို မယုံကြည်ဘူး။ ဒါကြောင့်၊ သူ့ရဲ့သန့်ရှင်းခြင်းက ဘာကိုဘဲဆိုလိုဆိုလို ကျွန်တော်စိတ်မဝင်စားဘူး။ ကျွန်တော့်ဘဝမှာ ဘယ်ဘုရားကိုမှ အသိအမှတ်မပြုဘဲအသက်ရှင်နေတယ်”ဆိုသည့် ကန့်ကွက်မှုမျိုးနှင့်ကြုံရနိုင်ပါသည်။

ဤသို့သောပြောဆိုမှုများသည် အလွန်စိတ်ဝင်စားစရာကောင်းသော ဖော်ပြချက်များနှင့် အခိုင်အမာပြောဆိုမှုများဖြစ်ကြပါသည်။ ပထမနှစ်ချက်သည် အများလက်ခံနိုင်သည့်အချက်ဖြစ်ပါသည်။ သို့သော် တတိယအချက်သည် သိပ်မမှန်နိုင်ပါ။ လူသား၏ရာစုနှစ်များစွာသောသမိုင်းကြောင်း၏အတွေ့အကြုံက ဤအချက်နှင့်ဆန့်ကျင်ဖက်ဖြစ်နေသည်။ ဤအချက်သည် သင်ကဘုရားဟုဆိုရာတွင် ဘာကိုဆိုလိုသနည်းဆိုသည့်အချက်ပေါ် လုံးလုံးမူတည်နေသည်။ ခေတ်အဆက်ဆက်တွင် လူများစွာတို့သည် Nietsche နှင့်အတူ ‘ဘုရားသခင် သေပြီ’ဟု ဆုံးဖြတ်ကြကာ စစ်မှန်သည့် တစ်ဆူတည်းသောဘုရားအပေါ် ယုံကြည်ခြင်းရှိသမျှကို သူတို့စိတ်ထဲမှ

ထုတ်ပစ်ရန်ဆုံးဖြစ်ခဲ့ကြသည်။ အတိုင်းအတာတစ်ခုအထိ အောင်မြင်ခဲ့ကြပါသည်။ သို့သော် အဖိုးအခပေးကြရသည်။ နောက်ပိုင်းတွင် အသိဉာဏ်ပိုင်းဆိုင်ရာ၌ဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာအတွက်ဖြစ်စေ လက်တွေ့တွင် လုံးဝဘုရားမဲ့သောကမ္ဘာ၌အသက်ရှင်နိုင်ရန်မဖြစ်နိုင်ကြောင်း သူတို့သိလာခဲ့ကြသည်။ သူတို့သည် တမင်ရည်ရွယ်၍ဖြစ်စေ၊ မသိစိတ်အားဖြင့်ဖြစ်စေ စစ်မှန်သည့်တစ်ဆူတည်းသောဘုရား၏လစ်ဟာနေသည့်နေရာကို အမျိုးမျိုးသောအစားထိုးဘုရားများဖြင့်ဖြည့်ခဲ့ကြသည်။

အပြင်းထန်ဆုံးဘုရားမဲ့ဝါဒီပင်လျှင် မိမိနှင့်စကြဝဠာတို့သည် မည်သည့်တန်ခိုးစွမ်းအားများကြောင့်ဖြစ်တည်လာ၍ နောက်ဆုံးမည်သည့် တန်ခိုးစွမ်းအားများဖျက်ဆီးခြင်းကိုခံရမည်နည်းဟု မစဉ်းစားမိဘဲမနေနိုင်ပေ။ သူသည် ထိုစွမ်းအားတို့ကို 'ဘုရားများ'ဟု မခေါ်ဘဲနေနိုင်သကဲ့သို့ ခေါ်လည်းခေါ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုစွမ်းအားတို့ကို သူကမထိန်းချုပ်ဘဲ ၎င်းတို့က သူ့ကိုထိန်းချုပ်နေသောကြောင့်ဖြစ်သည်။ ဘုရားမဲ့ဝါဒီသည် ပုဂ္ဂိုလ်ဖြစ်သည့်ဖန်ဆင်းရှင်အမြင်ကို ထုတ်ပယ်ပစ်ကာ ပုဂ္ဂလဓိဋ္ဌာန်မဟုတ်သည့် ကြောင်းကျိုးမမြင်သောအကြောင်းမဲ့အရာနှင့်စွမ်းအားတို့သည် သူနှင့်စကြဝဠာတို့၏ဖြစ်တည်မှုအတွက် တာဝန်ရှိလာကြရသည်။ ထို့ကြောင့် သူသည် တစ်ချက်တည်းဖြင့် သူဖြစ်တည်ရသည့်ရည်ရွယ်ချက်နှင့်ဆိုင်သောမျှော်လင့်ချက်ရှိသမျှတို့ကို ဖျက်ဆီးလိုက်သည်။ သို့သော် မိမိအသက်ရှင်ရမည့်ရည်ရွယ်ချက် မိမိ၌မရှိလျှင်၊ မိမိယုံကြည်ရမည့် မိမိထက်ကြီးမြတ်သောပုဂ္ဂိုလ်မရှိလျှင်၊ လေးစားစရာ အနှစ်သာရရှိသောတန်ဖိုးထားမှုများမရှိလျှင်၊ မိမိကိုယ်ကို ဆက်ကပ်ပေးအပ်နိုင်စရာအကြောင်းရင်းမရှိလျှင် မိမိရပ်တည်နေနိုင်ရန်ပင်မဖြစ်နိုင်ကြောင်း တွေ့ရှိလာသည်။ ထို့ကြောင့် သူသည် စစ်မှန်သောဘုရားအတွက် အသက်မရှင်နိုင်၊ အစေမခံနိုင်သည့်အခါ အခြားသော ပို၍အရေးမပါသည့်ရည်ရွယ်ချက်များနှင့် ပန်းတိုင်များကို သူတီထွင်ဖန်တီးလာသည်။ အချို့လည်း ကြီးမား၍မြင့်မြတ်ကာ အချို့လည်း သေးငယ်၍ယုတ်ညံ့သည့်ရည်ရွည်ချက်ပန်းတိုင်များဖြစ်မည်။ သူက ထိုအရာတို့ကို ဘုရားဟုမခေါ်ပါ။ သို့သော် နောက်ဆုံးတွင် ၎င်းတို့သည် သူ့အတွက် ဘုရားများသာဖြစ်လာတတ်သည်။

သမိုင်းကြောင်းတစ်လျှောက်တွင် လိင်နှင့်ဆိုင်သောနတ်ဘုရားမ (ဂရိတို့က *အဲဖရိုတိုက်ထီ* Aphrodite ဟုခေါ်ကြသည်)၊ အရက်နတ်ဘုရား (ဂရိတို့က *တိုင်ယာနိုက်စ်* သို့မဟုတ် *ဘတ်ခါစ်* Dionysus or Bacchus ဟုခေါ်ကြသည်)၊ စစ်နတ်ဘုရား (လွန်ခဲ့သောအချိန်က ဂျာမန်တို့ကို များစွာစိတ်တက်ကြွမှုဖြစ်စေခဲ့သော

ဂျာမန်စစ်နတ်ဘုရားကို သတိရပါသလား)၊ ငွေကြေးနှင့်ဆိုင်သော၊ ပျော်ရွှင်မှုနှင့်ဆိုင်သော၊ ကျော်ကြားမှုနှင့်ဆိုင်သောနတ်ဘုရား၊ တိုင်းပြည်နှင့်ဆိုင်သောနတ်ဘုရားသို့မဟုတ် (အကြွင်းမဲ့အာဏာရှင်များစွာတို့ပြုခဲ့ကြသည့်နည်းတူ) မိမိတို့ကိုယ်တိုင်အတွက် နတ်ဘုရားတို့ကို လူတို့လုပ်ယူခဲ့ကြသည်။ အပြင်ပန်းအားဖြင့် ရေတွက်မရနိုင်သောလောကဓံတရားကို ရင်ဆိုင်ရသည့် ဘုရားမဲ့ဝါဒီ သာမာန်လူသားတစ်ဦးသည် အရာရာတိုင်းကို အကြောင်းတရားတိုက်ဆိုင်မှုကအုပ်စိုးထားသည်ဟု အများအားဖြင့် ဆုံးဖြတ်သတ်မှတ်ကာ ထီတစ်စောင်ကိုသူဝယ်ယူသောအခါ တိုက်ဆိုင်မှုသည် သူ့ဖက်၌ပါလိမ့်မည်ဟု သူမျှော်လင့်မိသည်။ ရှေးဂရိလူမျိုးများစွာတို့သည် ထိုနည်းတူထင်မြင်ကြ၍ ထိုထင်မြင်ယူဆမှုအားဖြင့် နတ်ဘုရားမတစ်ပါးကိုလုပ်ယူကာ *တိုင်ခီ* (Tyche) ဟုမှည့်ခေါ်ခဲ့ကြသည်။ ထို့အပြင် ရှေးခေတ်နှင့်လက်ရှိခေတ်နှစ်ခေတ်လုံးမှ ဆင့်ကဲဖြစ်စဉ်ဝါဒီများက လူသားနှင့်ကမ္ဘာမြေတို့သည် အကြောင်းတရားတိုက်ဆိုင်မှုကြောင့်ဖြစ်ပေါ်လာကြသည်ဟု လက်ခံယူဆထားကြသည်။ အခြားသူတို့ကလည်း ၎င်းနှင့်ဆန့်ကျင်ယုံကြည်ကြကာ လူသားတို့သည် ကြိုတင်စီရင်ခံရသောစက်ယန္တရားများသာဖြစ်လျက် ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းကိုလည်း ယုံမှားခြင်းတစ်ခုအဖြစ်ခံယူကြသည်။ ရှေးလူသားတို့၌လည်း ၎င်းအတွက် နာမည်ရှိခဲ့သည်။ ၎င်းကို သူတို့က ကံကြမ္မာဟုခေါ်ကြကာ ၎င်းအတွက် နတ်ဘုရားတစ်ပါးကိုပင်လုပ်ယူခဲ့ကြသည်။

ထို့ကြောင့် ရာစုနှစ်များစွာဖြတ်ကျော်လာသည့်အတွေ့အကြုံအရ မေးစရာမေးခွန်းမှာ သင်သည် ဘုရားကိုယုံကြည်မည်လား၊ မယုံကြည်မည်လား ဆိုသည့်မေးခွန်းမဟုတ်ဘဲ သင်သည် သင့်ကိုဖန်ဆင်းသည်ဟု အခိုင်အမာမိန့်တော်မူသောစစ်မှန်သည့်တစ်ဆူတည်းသောဘုရားကို ယုံကြည်မည်လား သို့မဟုတ် သင်ကအစားထိုးလုပ်ယူထားသောဘုရား သို့မဟုတ် ဘုရားများကိုယုံကြည်မည်လားဆိုသည့်မေးခွန်းသာဖြစ်သည်။

ထိုအခါ စစ်မှန်သည့်တစ်ဆူတည်းသောဘုရားသခင်၏သန့်ရှင်းတော်မူခြင်းဟုသမ္မာကျမ်းစာကဆိုသည့်အခါ ဘာကိုဆိုလိုကြောင်း လေ့လာခြင်းဖြင့် ကျွန်ုပ်တို့အစပြုရမည်ဖြစ်သည်။ တစ်ဆူတည်းသောဘုရား၏ ထူးခြားမှုသွင်ပြင်လက္ခဏာများကိုအခြား အစားထိုးထားသည့်ဘုရားများ၏ ထူးခြားမှုသွင်ပြင်လက္ခဏာများနှင့်နှိုင်းယှဉ်ခြင်းသည် ဥာဏ်အလင်းကိုပေးကြောင်း ဘုရားမဲ့ဝါဒီတစ်ဦးကပင်သိရှိသွားနိုင်မည်ဖြစ်သည်။

သေချာသည်မှာ သန့်ရှင်းသောပုဂ္ဂိုလ်တစ်ဆူဖြစ်သည့် ဘုရားသခင်သည် ကျွန်ုပ်တို့လူသားများကိုဖန်ဆင်းထားသည်ဆိုသည့်အချက်၏ဖြစ်နိုင်ခြေကို လက်ခံသည့်အခါ (ကျွန်ုပ်တို့၏ပညာရပ်ဆိုင်ရာဝေါဟာရများအနက် ဒုတိယဝေါဟာရဖြစ်သည့်) အပြစ်တရားနှင့်ဆိုင်သည့်မေးခွန်းသည် စကားဝိုင်းထဲတွင် မကြာမီ သူ့အလိုလိုဝင်ပါလာမည်ဖြစ်သည်။ စိတ်ဓါတ်ရေးရာမှန်ကန်သောသူတိုင်းတို့က ရာဇဝတ်မှုများကို ဆန့်ကျင်၍ ၎င်းတို့ကို တရားမျှတစွာ သေသေချာချာကိုင်တွယ်ဖြေရှင်းရန်လိုသည်ဟု အပြည့်အဝခံစားကြသည်။ ဤအကြောင်းကြောင့် အကျဉ်းထောင်များနှင့် စိတ်ရောဂါဆေးရုံဆေးခန်းများရှိကြရသည်။ သို့သော် လူဦးရေစုစုပေါင်းနှင့်နှိုင်းလျှင် ရာဇဝတ်မှုများသည် ရာခိုင်နှုန်းသေးလှသည်မဟုတ်။ ထင်ရှားနေသည့်အချက်မှာ လူတစ်ဦးစီတို့သည် အနည်းနှင့်အများ၊ တစ်ချိန်မဟုတ်တစ်ချိန် ကိုယ်ကျင့်တရားပိုင်း အားနည်းချို့ယွင်းမှုရှိကြသည်ဆိုသည့်အချက်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ လူသားတစ်ဦးမျှ ကိုယ်ကျင့်တရားပြည့်စုံသည်ဟူ၍မရှိပေ။ ပြစ်မှုများသည် ပျက်စီးမှုနှင့်ထိခိုက်နာကျင်မှုများစွာကိုဖြစ်စေသည်မှာသေချာလှသည်။ သို့သော် သာမန်လူ၌လည်း မိမိ၏အကောင်းဆုံးသူငယ်ချင်းအတွက်ပင် တစ်ခါတစ်ရံတွင် အတူနေဖို့ အခက်အခဲဖြစ်စေသည့် တစ်ကိုယ်ကောင်းဆန်ခြင်း၊ စိတ်ဆိုးခြင်း၊ အကျိုးသင့်အကြောင်းသင့်မဟုတ်ခြင်းများရှိတတ်သည်။ သစ္စာမဲ့ခြင်း၊ မလိုမုန်းထားစိတ်ထားခြင်း၊ စိတ်ပိုင်းဆိုင်ရာရက်စက်ခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကြောင့် အိမ်ထောင်ပြိုကွဲကာ လင်မယားကွာရှင်းမှုများဖြစ်လျက် ကလေးငယ်များ အထိတ်တလန့်ဖြစ်ကြရသည်။ များစွာသောရာစုနှစ်တစ်လျှောက်လုံးတွင် နိုင်ငံများစွာတို့၌ များစွာသောလူထုတို့သည် နိုင်ငံရေးသမားများ၏ ကတိပျက်မှုကြောင့်၊ မှားယွင်းသောဒဿနများကြောင့်နှင့် အုပ်ချုပ်သူလူတန်းစားတို့၏ဖိနှိပ်မှုများကြောင့် ခံစားရသောဒုက္ခဝေဒနာသည် အစိုးရများကထောင်ထဲထည့်လိုက်သည့် ရာဇဝတ်သားတို့ကြောင့်ခံစားရသည့် ဒုက္ခဝေဒနာများထက်ပိုများနေသည်မှာ လူ့သမိုင်း၏ပေါ်လွင်ထင်ရှားသော သင်ခန်းစာတစ်ခုဖြစ်သည်။

ထိုသို့ဆိုလျှင် မည်သို့မည်ပုံအားဖြင့် ခြွင်းချက်မရှိဘဲ ကျွန်ုပ်တို့အားလုံးသည် ကိုယ်ကျင့်တရားပိုင်း၌ အနာအဆာမကင်းသူများဖြစ်လာကြရသနည်း။ ကျွန်ုပ်တို့ဘာမျှမတတ်နိုင်၊ ကျွန်ုပ်တို့၏မျိုးရိုးဗီဇကြောင့်သာဖြစ်သည်ဟုဆိုလျက် တာဝန်အားလုံးကို ကျွန်ုပ်တို့၏အမူအကျင့်ကြောင့်ဟု ဟိုရွှေ့သည်ရွှေ့လုပ်ကာ မိမိတို့ကိုယ်ကို

စက်ယန္တရားများအဖြစ်သို့ လှည့်လိုက်ကြမည်လား။ ကျွန်ုပ်တို့ လူသားများ၌ မည်သည့် ကိုယ်ကျင့်တရားပိုင်းမှားယွင်းမှု ဖြစ်ပျက်နေသည်ကို တိကျမှန်ကန်စွာ ရှာဖွေဖော်ထုတ်နိုင်ခြင်းမရှိလျှင် ကုသနိုင်ဖို့နေနေသာသာ တိုးတက်မှုရှိအောင်လုပ်ဆောင်နိုင်ဖို့ အတွက်ပင် လက်တွေ့ကျသောမျှော်လင့်ချက်မရှိနိုင်ပေ။

ထို့ကြောင့် လူသားများ၌ဖြစ်ပျက်နေသည့် အမှားအယွင်းနှင့်ပတ်သက်၍ သမ္မာကျမ်းစာ၏အကြောင်းရင်းဖော်ထုတ်မှုကို ကျွန်ုပ်တို့လေ့လာသင့်ပါသည်။ သမ္မာကျမ်းစာသည် ရောဂါ၏ဇစ်မြစ်အကြောင်းရင်းနှင့် ၎င်း၏ပဲ့တင်ရိုက်ခိုက်မှုများကို ရည်ညွှန်းဖော်ပြသည့်အခါ *အပြစ်*ဟူသော ယေဘုယျဝေါဟာရကို အသုံးပြုသည်။ သို့သော် ယေဘုယျဝေါဟာရဖြစ်သော အပြစ်ဆိုသည့်စကားလုံးတွင် အထူးဝေါဟာရများနှင့် တစ်ဦးချင်းစီတို့၌ အပြစ်၏အသီးအပွင့်အဖြစ်တွေ့ရသည့် ရောဂါလက္ခဏာများကို သမ္မာကျမ်းစာက ရည်ညွှန်းဖော်ပြသည့် အခြားခြေခံအချက်များစွာတို့ပါဝင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဇစ်မြစ်အကြောင်းရင်းနှင့် ၎င်း၏လက္ခဏာများနှစ်မျိုးလုံးကိုလေ့လာရမည်ဖြစ်သည်။ သို့မှသာ ၎င်းတို့ကို ကိုင်တွယ်ဖြေရှင်းရန် သမ္မာကျမ်းစာက ဖော်ပြထားသည့်အကြံအစည်သည် မည်ကဲ့သို့လက်တွေ့ကျသည်ကို ဆုံးဖြတ်နိုင်သည့်အဆင့်ရောက်နိုင်မည်ဖြစ်သည်။

ထိုအကြံအစည်အတွက် သမ္မာကျမ်းစာ၏ယေဘုယျဝေါဟာရမှာ *ကယ်တင်ခြင်း*ဖြစ်သည်။ သို့သော် ဤဝေါဟာရသည် သေသေချာချာအသေးစိတ်လေ့လာရန်လိုအပ်သောဝေါဟာရဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သမ္မာကျမ်းစာက 'ကယ်တင်ခြင်း'ဆိုသည့်ဝေါဟာရဖြင့် ဖော်ပြလိုသည့်အချက်သည် လူအများနားလည်သည့်အချက်နှင့် အလွန်ဆန့်ကျင်ဘက်ဖြစ်နေသည်ဆိုလျှင် ပုံကြီးချဲ့ရာကျမည်မဟုတ်ပေ။

ကယ်တင်ခြင်းအပေါ် လူအများ၏အမြင်သည် ၎င်းကို သင့်တော်လျောက်ပတ်သောကိုယ်ကျင့်တရားဖြင့် အသက်ရှင်ရန်နှင့် မိမိ၏အမူအကျင့်များကို တစ်နေ့ပြီးတစ်နေ့တိုးတက်စေရန် တွန်းအားပေးသည့်အဆင့်သို့ လျှော့ချလိုက်သည့်အပြင် မသေချာသည့် ကောင်းကင်မျှော်လင့်ချက်နှင့် ငရဲ၌အဆုံးသတ်ရမည်ကိုကြောက်သည့် ကြောက်ရွံ့ခြင်းတို့ဖြင့်လည်း ဖြည့်ပေးလိုက်သေးသည်။ ဤအမြင်၏ပြဿနာမှာ ၎င်းသည် လူများစွာတို့အတွက် မိမိကိုယ်တိုင်၏ သိသာထင်ရှားသောမှန်ကန်မှုလိုမျိုးဖြစ်နေခြင်း ဖြစ်သည်။ သင်ကောင်းကင်ရောက်ဖို့ဆိုရင် သင်ကောင်းကောင်းအသက်ရှင်ရမည်။ သင်မကောင်းလျှင် ကောင်းကင်ရောက်နိုင်မည်မဟုတ်ဟု

သူတို့တိုက်တွန်းကြသည်။ ဤထင်မြင်ယူဆချက် သူတို့စိတ်ထဲ၌ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်လာသည့်အခါ သမ္မာကျမ်းစာက ဘာပြောထားသည်ကို ရှာဖွေရန်အတွက် ကျမ်းစာဖတ်စရာမလိုဟု ခံစားလာကြသည်။ ကျမ်းစာက ဒီလိုဘဲပြောမှာဘဲဟု သူတို့ ထင်သည့်အတိုင်းသာကျမ်းစာကပြောလိမ့်မည်ဟု သူတို့ရိုးရိုးလေးယူဆထားကြသည်။

သို့သော် သမ္မာကျမ်းစာသည် ဤသို့သောလူအများ၏အမြင်နှင့် ဆန့်ကျင် လျက်သွန်သင်ထားသည်။ ၎င်း၏ 'ကယ်တင်ခြင်း'ဆိုသည့်ဝေါဟာရသည် ဘုရား သခင်၏လက်ခံမှုနှင့် ကောင်းကင်မှနေရာတစ်နေရာရရန်အတွက် စောင့်ထိန်းရမည့် ကျင့်ဝတ်စည်းကမ်းတစ်ခု၏အခြားနာမည် တစ်ခုမဟုတ်ပါ။ 'ကယ်တင်ခြင်း'သည် ပြောသည့်အတိုင်း အဓိပ္ပါယ်ရှိသည်။ ၎င်းကဖော်ပြသည့်တန်ဖိုးသည် ၎င်း၏တန်ဖိုးမှန် ဖြစ်သည်။ ကယ်တင်ခြင်းသည် မိမိကိုယ်ကို ကယ်တင်လိုသော်လည်း မည်သည့်အခါမျှ မိမိကိုယ်ကို မကယ်တင်နိုင်သောသူတို့အတွက် ဘုရားသခင်လုပ်ဆောင်ပေးသော ကယ်ဆယ်ရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ကယ်တင်ခြင်းသည် ကျွန်ုပ်တို့၏လုပ်ဆောင် မှုကြောင့်မဟုတ်ဘဲ ၎င်းအတွက် လုံးဝမပေးဆပ်နိုင်သောသူများ သို့မဟုတ် ၎င်းနှင့် မထိုက်တန်သောသူများအတွက် ဘုရားသခင်၏လက်ဆောင်ဖြစ်ကြောင်း ဓမ္မသစ် ကျမ်းက ပွင့်ပွင့်လင်းလင်းနှင့်အကြိမ်ကြိမ်ဖော်ပြထားသည်။

ဤအရာက ကယ်တင်ခြင်းတွင်ပါဝင်သည့် အခြေခံအချက်များကိုဖော်ပြ ရန်အတွက် (နောက်ပိုင်းတွင် ကျွန်ုပ်တို့လေ့လာရမည်ဖြစ်သည့်) ဓမ္မသစ်ကျမ်း၌ အသုံးပြုထားသောစကားလုံးများကို ရှင်းပြပါသည်။ *ရွေးနုတ်စရာအဖြစ်ပေးစရာ အဖိုးအခ*သည် ၎င်းဝေါဟာရများထဲမှ တစ်ခုဖြစ်၍ ကျွန်ုပ်တို့ကို ကိုယ်ကျင့်တရားပိုင်း နှင့်ဝိညာဉ်ရေးပိုင်းဆိုင်ရာချုပ်နှောင်မှုမှ လွတ်မြောက်စေကာ လွပ်လပ်သောသူများ ဖြစ်စေရန်အတွက် ကျွန်ုပ်တို့က ပေးဆပ်စရာမလိုဘဲ ဘုရားသခင်ကပေးပြီးသား ဖြစ်သောအဖိုးအခကို ဆိုလိုသည်။ *ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခံရခြင်း*သည် အခြားဝေါဟာရတစ်ခုဖြစ်သည်။ ဤအချက်သည်လည်း ကျွန်ုပ်တို့၏လုပ်ဆောင်ချက် သို့မဟုတ် ကောင်းမှုအားဖြင့်မဟုတ်ဘဲ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ဖြစ်သည်။ ဤအချက်၏အကျိုးရလဒ်အားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် အဆင်ပြေလျက် ယခုပင် ငြိမ်သက်ခြင်းကိုရရှိကြသည်။

ထို့ကြောင့် သေပြီးသည့်နောက် ဘုရားသခင်၏လက်ခံခြင်းကိုခံရမည်လား၊ မခံရမည်လားဟုမသေချာမရေရာသောအသက်တာဖြင့် အသက်ရှင်စရာမလိုဘဲ

ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခြင်းခံရပြီးသောသူသည် ဘုရားသခင်၏လက်ခံခြင်းကိုခံရပြီးပြီဖြစ်ကြောင်း ယုံကြည်စိတ်ချလျက် ဝမ်းမြောက်သောအသက်တာဖြင့် အသက်ရှင်နိုင်ပြီ ဖြစ်သည်။ ထို့အပြင် ကျွန်ုပ်တို့ထပ်၍လေ့လာမည့် *ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ခြင်း*ဆိုသည့်ဝေါဟာရသည် ဤအချက်ကို အလေးပေးဖော်ပြမည် ဖြစ်သည်။ ခရစ်တော်လုပ်ဆောင်ခဲ့ပြီးသောအမှုသည် ဘုရားသခင်နှင့်လူတို့အကြား ပြည့်စုံသောပြန်လည်သင့်မြတ်ခြင်းကို ဖြစ်စေရန်အတွက်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ယခုဤဘဝ၌ပင် ဘုရားသခင်နှင့်ရန်ငြိမ်းခြင်း၊ မိတ်သဟာရဖွဲ့ခြင်းအခွင့်တို့ကို ရရှိနိုင်ပြီဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ယခုပင် *ထာဝရအသက်*ကိုရရှိလျက် ထိုထာဝရအသက်နှင့်ဆိုင်သောဝမ်းမြောက်ခြင်းကိုလည်းရရှိကြပြီဖြစ်သည်။ အကြောင်းမှာ 'ထာဝရအသက်'သည် လူအများထင်သကဲ့သို့ သေပြီးသည့်နောက်၌သာ ရနိုင်သည့်အသက်မျိုးမဟုတ်ပေ။ ဤအသက်သည် ဤကမ္ဘာ၌ရရှိခံစားနိုင်သောအသက်ဖြစ်ကာ ဤကမ္ဘာ၌ မရရှိခဲ့လျှင် နောက်လာမည့်ကမ္ဘာ၌ ရနိုင်တော့မည်မဟုတ်ပေ။

သို့သော် လူများစွာတို့သည် လူတစ်ဦးတစ်ယောက်က ကယ်တင်ခြင်းနှင့်ပတ်သက်သည့် ဓမ္မသစ်ကျမ်း၏သွန်သင်ချက်ကို ဤအတိုင်းပြောဆိုလာသည့်အခါ မှားနေသည်ဟုခံစားမိတတ်ကြသည်။ ပထမအချက်အနေဖြင့် ကယ်တင်ခြင်းသည် ကောင်းမှုပြုခြင်းအတွက်ဆုလဒ်တစ်ခုမဟုတ်သကဲ့သို့ လူတို့သည် မိမိတို့ပြုသည့်အကောင်းအဆိုးအတွက် တာဝန်မရှိဘဲ ယုံကြည်သည်ဟုပြောဆိုရုံသက်သက်ဖြင့် ရရှိသည့်လက်ဆောင်ဖြစ်လျှင် ဤကယ်တင်ခြင်းသည် မိမိကိုယ်ကိုတိုးတက်စေရာ၌ ရိုးသားကြိုးစားမှုအားလုံးကို ဈေးပြိုင်လျှော့ရောင်းခြင်းဖြစ်မည်ဟု သူတို့ပြောကြသည်။ လူတစ်ယောက်သည် 'လုပ်ဆောင်မှုအားဖြင့်မဟုတ်ဘဲ ယုံကြည်ခြင်းအားဖြင့်' ကယ်တင်ခြင်းခံရပြီဖြစ်ကြောင်း အသေအချာသိနိုင်သည်ဆိုလျှင် သူသည် ကျန်သည့်အသက်တာတစ်လျှောက်တွင် ကိုယ်ကျင့်တရားပိုင်း၌ တာဝန်မဲ့စွာအသက်ရှင်နိုင်ကာ အသက်တာ၏အဆုံးအထိ ကယ်တင်ခြင်းခံရနိုင်သလိုဖြစ်နေသည်။ ဤသို့ဆိုလျှင် ကိုယ်ကျင့်တရားပိုင်းအဓိပ္ပါယ်မဲ့နေခြင်းဖြစ်သည်ဟု
သူတို့စောဒကတက်ကြခြင်းဖြစ်သည်။

ဤကန့်ကွက်ချက်များတွင် အပေါ်ယံအင်အားတစ်ခုရှိကြောင်း ဝန်ခံရပေမည်။ သို့သော် ၎င်းတို့သည် မှားယွင်းသောနားလည်မှုအပေါ်တည်သည်ဖြစ်၍ ဓမ္မသစ်ကျမ်းကိုဖွင့်လျက် ၎င်းကပြောသည့်အရာကိုလေ့လာသည့်အခါ ဤကန့်ကွက်

ချက်များ ပျောက်ကွယ်သွားကြသည်။ ကမ္ဘာပေါ်တွင် ဓမ္မသစ်ကျမ်းလောက် အခြား မည်သည့်ကျမ်းကမျှ သန့်ရှင်းခြင်းကို မတောင်းဆိုပါ။ ထို့ကြောင့် 'သန့်ရှင်းခြင်း'အပေါ် ကျွန်ုပ်တို့၏လေ့လာမှုသည် ဤဝေါဟာရအားဖြင့် ဓမ္မသစ်ကျမ်းက မည်သည့်အရာကို ဆိုလိုကြောင်း၊ ဓမ္မသစ်ကျမ်းကမည်သည့်အရာကို သန့်ရှင်းခြင်းအတွက် တစ်ခုတည်း သော လက်ခံ၍ရသည့်လုပ်ဆောင်မှုအကြောင်းရင်း (ဓမ္မသစ်ကျမ်းက ကယ်တင်ခြင်း သည် သန့်ရှင်းခြင်းအတွက်ရရှိသည့်အရာမဟုတ်ဘဲ လက်ဆောင်ဖြစ်ရမည်ဆိုသည့် အချက်ကို ထိန်းသိမ်းထားသောကြောင့်ဖြစ်သည်) အဖြစ်သဘောထားကြောင်း ရှာဖွေ တွေ့ရှိရန်နှင့် အမှန်တကယ်ကောင်းမြတ်သောအသက်တာဖြင့် အသက်ရှင်ခြင်းသည် လူတို့အတွက် လက်တွေ့ဖြစ်နိုင်သောအသက်ရှင်ခြင်းဖြစ်လာရန် ဓမ္မသစ်ကျမ်းက မည်သည့်တန်ခိုးကိုပေးထားကြောင်း ရှာဖွေတွေ့ရှိရန် ရည်ရွယ်ထားပါသည်။

ဤတန်ခိုးကို အခြေအနေနှစ်ရပ်အားဖြင့် ရရှိနိုင်သည်ဟု ဓမ္မသစ်ကျမ်းက ပြောထား၍ ပထမအချက်မှာ *နောင်တ*ဖြစ်သည်။ ဤဝေါဟာရ၏အဓိပ္ပါယ်သည် ထင်ရှားပေါ်လွင်ဟန်ရှိပါသည်။ သို့သော် ဓမ္မသစ်ကျမ်းတွင် ဤဝေါဟာရကဆောင် သောအဓိပ္ပါယ်သည် လူတို့နေ့စဉ်ပြောဆိုနေသော စကားများထဲမှ ဤဝေါဟာ၏ အဓိပ္ပါယ်ထက် များစွာပိုနေကြောင်းကို ကျွန်ုပ်တို့တွေ့ရှိရမည်ဖြစ်သည်။

ဒုတိယအချက်မှာ *ယုံကြည်ခြင်း*ဖြစ်သည်။ သို့သော် လူများစွာတို့က ဤ အချက်ကို ခရစ်ယာန်ဘာသာ၏ဆိုးရွားသောအားနည်းချက်ဖြစ်သည်ဟု ခံစားတတ် ကြသည်။ သူတို့က 'သိပ္ပံပညာကတော့ အချက်အလက်တွေနှင့် သက်ဆိုင်ဆက်စပ် ပေမဲ့ ဘာသာတရားကတော့ ယုံကြည်ခြင်းပေါ်မှာဘဲ လုံးလုံးမူတည်မှုရှိတယ်။ ဒါကြောင့် သိပ္ပံပညာက ခိုင်မာတဲ့အခြေခံတစ်ခုရှိတယ်။ မှန်တဲ့အကြောင်းသက်သေ ပြလို့ရတယ်။ ခရစ်ယာန်ဘာသာကတော့ မှန်ကန်တဲ့အကြောင်းသက်သေထူလို့ မရဘူး။ ဒါကြောင့် အားကိုးလောက်တဲ့ အခြေခံလုံးဝမရှိဘူး'ဟု ဆိုကြသည်။

သို့သော် သိပ္ပံပညာကိုယ်တိုင်သည် အခြေခံအားဖြင့် ယုံကြည်မှုအပေါ် မူတည်ကြောင်းနှင့် စကြဝဠာနှင့်ဆိုင်သောလက်ရှိသီအိုရီသဘောတရားများစွာနှင့် ဖွင့်ဆိုချက်များစွာတို့သည် သက်သေပြထားသည့်အချက်များအပေါ်၌မဟုတ်ဘဲ သိပ္ပံပညာရှင်တို့၏ စဉ်းစားတွေးခေါ်မှုနှင့်ဆိုင်သည့် ကြိုတင်ကောက်ချက်ချထားခြင်း များအပေါ် အခြေခံထားကြောင်းကို ဤသို့သောသူတို့မေ့လျော့နေကြသည်။ ပုဂ္ဂိုလ် တစ်ဦးချင်းစီတို့၏ ပေါင်းသင်းဆက်ဆံရေးသည်လည်း အဆုံးတွင် ယုံကြည်မှု

အပေါ်၌သာ မူတည်ရသည်ဆိုသည့်အချက်ကိုလည်း သူတို့မေ့နေကြသည်။ ထို့ကြောင့် သမ္မာကျမ်းစာကထင်ရှားစေသောဘုရားသခင်သည် ပုဂ္ဂိုလ်ဖြစ်၍ ခံစားမှုကင်းမဲ့သော စွမ်းအားမဟုတ်သောကြောင့် သူနှင့်ကျွန်ုပ်တို့၏ဆက်ဆံပေါင်းသင်းမှုသည် အသေအချာမှန်မှန်ကန်ကန်ပင် ယုံကြည်မှုအပေါ် အခြေခံရမည်ဖြစ်သည်။ မေးခွန်း အစစ်အမှန်မှာ ဓမ္မသစ်ကျမ်းအရ 'ယုံကြည်ခြင်း'သည် မည်သည့်အဓိပ္ပါယ်ရှိသနည်း။ ကျွန်ုပ်တို့သေသေချာချာသိရှိရမည့်အချက်မှာ ယုံကြည်ခြင်းသည် သက်သေအထောက် အထားဘာမျှမရှိသောအရာအပေါ် အသားလွတ်ယုံကြည်နေခြင်းမဟုတ်ပေ။ သမ္မာ ကျမ်းစာက ကျွန်ုပ်တို့၏ယုံကြည်ခြင်းအခြေပြုရန်အတွက် အထောက်အထားများစွာ ပေးထားသည်။

နောက်ဆုံးအနေဖြင့် သမ္မာကျမ်းစာက *ဒုတိယသေခြင်း*ဆိုသည့်စကား အားဖြင့် ဘာကိုဆိုလိုကြောင်း ကျွန်ုပ်တို့စုံစမ်းရှာဖွေသင့်ပါသည်။ ၎င်းကို အများသုံး သည့်ဝေါဟာရဖြင့်ပြောရလျှင် အပါယ်ငရဲကိုရည်ညွှန်းသည်။ လူများစွာတို့သည် 'ငရဲ' ဆိုသည့်စကားလုံးကိုကြားရသည့်အခါ တောက်လောင်နေသောမီးထဲတွင် ခက်ရင်းခွ ကြီးများဖြင့် လူတို့ကိုထိုးကော်ထည့်နေသည့်နတ်ဆိုးကြီးများ၏ပုံရိပ်ကို မြင်ယောင်တတ် ကြသည်။ သူတို့သည် ဆိုလိုရင်းသဘောတစ်ခုလုံးကိုဖယ်ရှားကာ ရှေးကျသောအယူ သီးမှုတစ်ခုအဖြစ်သာခံယူကြသည်။ ဤသဘောထားအမြင်သည် 'ဒုတိယသေခြင်း' ဆိုသည့်စကားဖြင့် ဓမ္မသစ်ကျမ်းကဆိုလိုသောအချက်နှင့် အလွန့်အလွန်ဝေးကွာနေ သည်ဆိုသည်ကို အထူးပြောစရာမလိုပါ။ ဘုရားသခင်သည် အပေးအယူအလျှော့ အတင်းလုပ်၍မရသည့် သန့်ရှင်းခြင်းနှင့် ဖြောင့်မတ်ခြင်းရှိသည်သာမက မယိမ်းယိုင် သောချစ်ခြင်းမေတ္တာလည်း ဖြစ်တော်မူသောကြောင့် အပြစ်အတွက် ပြစ်ဒဏ်ခတ်ရ မည်ဟု သမ္မာကျမ်းစာက အကောင်းဘက်မြင်သောအမြင်ဖြင့် အမှန်ပင်သွန်သင်ထား သည်။ ယဉ်ကျေးသောလူ့အသိုင်းအဝိုင်းတွင် လူ့ကျင့်ဝတ်မစောင့်စည်းသောသူကသာ ရာဇဝတ်မှုကို ထိန်းချုပ်ခြင်းနှင့် ပြစ်ဒဏ်ခတ်ခြင်းမရှိစေဘဲ လွှတ်ထားရန်အလိုရှိမည် ဖြစ်သည်။ အပြစ်အပေါ်ဘုရားသခင်၏အမြင်သည်လည်း ထိုနည်းတူပင်ဖြစ်သည်။

ဤဆောင်းပါးထဲတွင် ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ၏ကျမ်းပိုဒ်ရှည်ကြီး များကိုသာ သာဓကအဖြစ်မယူဘဲ ကိုးကားချက်များကိုလည်း ဖော်ပြပေးသင့်ပါသည်။ ကျမ်းချက်အသီးသီးတို့ကိုကြည့်၍ အသံထွက်ဖတ်ကာ စာအုပ်ထဲမှအချက်အလက်များ အပေါ် မည်ကဲ့သို့အထောက်အကူပြုပုံကိုဆန်းစစ်ရန် ကျွန်ုပ်တို့အကြံပြုလိုပါသည်။

# ၂
# သန့်ရှင်းခြင်း။
## *ထာဝရဘုရားခင်၏ ဘုန်းတန်ခိုး၊ စင်ကြယ်ခြင်း၊ လှပခြင်းနှင့် ချစ်ခြင်းမေတ္တာ*

လူများစွာအတွက် ဘုရားသခင်အကြောင်းဆင်ခြင်စဉ်းစားခြင်း၊ တွေးတောခြင်းသည် မလိုလားအပ်သောအရာဖြစ်ပြီး ဘုရားသခင်၏သန့်ရှင်းခြင်းအကြောင်း သတိပေးချက်တစ်ခုခုသည်လည်း ခြိမ်းခြောက်မှုတစ်ခုဖြစ်နေတတ်သည်ကို ငြင်း၍ မရနိုင်ပါ။ သူတို့အတွက် ဘုရားသခင်သည် ခက်ထန်သောသူ၊ လူ၏လွတ်လပ်မှုကို ထိန်းချုပ်ကာ မိမိဘဝ၏ပြည့်ဝသောပျော်ရွှင်မှုကို ငြင်းဆန်စေသော တန်ခိုးအာဏာရှင်ဖြစ်နေတတ်သည်။ ထို့ကြောင့် ဘုရားသခင်နှင့်ဆိုင်သောအတွေးအခေါ်သည် သိပ္ပံခေတ်မတိုင်မီ ခေတ်ဟောင်းမှအကြွင်းအကျန်ဖြစ်သည်ဟု မိမိတို့ကိုယ်ကိုဆိုလျက် ဘုရားသခင်အကြောင်းကို သူတို့အတွေးထဲမှနှင်ထုတ်တတ်ကြသည် (သို့သော် ဘယ်သောအခါမျှ သူတို့အတွေးထဲမှအပြီးအပိုင်နှင်မထုတ်နိုင်ကြချေ)။

သို့သော် ဤအရာအားလုံးသည် သမ္မာကျမ်းစာထဲမှလူပုဂ္ဂိုလ်တို့က ဘုရားသခင်အကြောင်း ထင်မြင်ခံစားပုံနှင့် ထင်ထင်ရှားရှားကွာခြားနေသည်ကို တွေ့ရသည်။ သူတို့က ဘုရားသခင်ကို သူတို့၏ဝမ်းမြောက်ရွှင်လန်းရာဖြစ်သည်ဟုဆိုကြလျက် (ဆာလံ ၄၃း၄) ကိုယ်တော်၏ကောင်းမြတ်ခြင်းများဟု သူတို့ခေါ်သောအရာများကို စိတ်အားထက်သန်စွာ ပြောဆိုကြေညာကြသည်။ ဘုရားသခင်ကို ကြည်ညိုလေးစားသောစိတ်ဖြင့် ကြောက်ရွံ့ခြင်းအကြောင်း သူတို့ပြောဆိုကြသည်။ သို့သော် ထိုခံစားမှုများသည် တွန့်ဆုတ်တွန့်ဆုတ်နှင့် ကြောက်လန့်နေသည့် ကျေးကျွန်တို့၏သိက္ခာမဲ့သောတုန့်ပြန်မှုမျိုးမဟုတ်ဘဲ အနန္တတန်ခိုးနှင့်ပြည့်စုံသောဖန်ဆင်းရှင်၏ ခန့်ညားထယ်ဝါခြင်း၊ ဘုန်းတန်ခိုးအာဏာနှင့် သန့်စင်မွန်မြတ်ခြင်းတို့အပေါ် အသိဉာဏ်ရှိသောဖန်ဆင်းခံသတ္တဝါ၏ မှန်ကန်သောတုန့်ပြန်မှုမျိုးဖြစ်သည်။ ဘုရားမဲ့ဝါဒီ သိပ္ပံ

ပညာရှင်အချို့တို့ပင် တခါတရံတွင် စကြဝဠာ၏ကျယ်ပြောမှု၊ ရှုပ်ထွေးမှုနှင့် အလွန်တရာလှပမှုတို့အပေါ် အံ့မခန်းဖြစ်တတ်ကြသည်။ မိဘတို့သည်လည်း မွေးဖွားလာသည့်ကလေးငယ်၏ သေးသွယ်လှသောလက်ချောင်းငယ်လေးများနှင့် ၎င်းတို့အပေါ်မှ သေးငယ်လှပသည့်လက်သည်းလေးများကိုကြည့်လျက် အလွန်သဘောကျတတ်ကြသည်။ ထို့ကြောင့် သမ္မာကျမ်းစာထဲမှလူတို့သည် သန့်ရှင်းခြင်းနှင့်ဆိုင်သော အလှအပတရား၌ ထာဝရဘုရားကိုကိုးကွယ်ဝတ်ပြုရန် အချင်းချင်းဖိတ်ခေါ်နေကြခြင်းမှာ အံ့ဩစရာမဟုတ်ပေ (၅ ရာ ၁၆း၂၉ ကိုကြည့်ပါ)။

သို့ဖြစ်၍ ကနဦး၌ ဘုရားသခင်၏သန့်ရှင်းခြင်းသည် လူသားအပါအဝင် ဖန်ဆင်းခံအရာအားလုံး၊ စကြဝဠာတစ်လုံးနှင့်ဖန်ဆင်းရှင်တို့၏ဆက်နွယ်မှုကို ဖော်ပြသည့် နည်းလမ်းတစ်ခုဖြစ်သည်။ ထိုသန့်ရှင်းခြင်းက ညွှန်ပြနေသည့်အချက်များမှာ-

၁။ ဘုရားသခင်သည် စကြာဝဠာနှင့်ရောနှောခြင်းမရှိ၊ သီးခြားရပ်တည်တော်မူသည်။ ကိုယ်တော်သည် အခြေခံရုပ်လောက၏အစိတ်အပိုင်းတစ်ခုမဟုတ်။ ၎င်း၏စွမ်းအားတစ်ခုလည်းမဟုတ်။ ထိုစွမ်းအားတို့၏အကြီးမားဆုံးသော စွမ်းအားလည်းမဟုတ်။ ကိုယ်တော်သည် ၎င်းတို့ကိုဖန်ဆင်းသောအရှင်ဖြစ်သည်။ မည်သူသို့မဟုတ် မည်သည့်အရာကမျှ သူ့ကိုဖန်ဆင်းခဲ့သည်မဟုတ်။ ကိုယ်တော်သည် ၎င်းတို့မတည်မရှိမီ ၎င်းတို့အပေါ်အမှီမပြုဘဲရှိတော်မူခဲ့သည်။ "*သားတော်သည်လည်း ခပ်သိမ်းသောအရာမဖြစ်မှီဖြစ်တော်မူ၍ ခပ်သိမ်းသောအရာတို့သည် တန်ခိုးတော်အားဖြင့်သာတည်ကြ၏*" (ကော ၁း၁၇)။ ကိုယ်တော်သည် စကြဝဠာကို စောင့်ရှောက်ထိန်းသိမ်းလျက် ထိန်းချုပ်တော်မူသည်။ မည်သူကမျှ ကိုယ်တော်ကို ထိန်းသိမ်းခြင်းမပြု (ဟေရှာ ၄၆း၁-၇ကိုကြည့်ပါ)။ ကိုယ်တော်သည် ကောင်းကင်တမန်၊ နတ်ကောင်းနတ်မြတ်တို့အနက် အမြင့်မြတ်ဆုံးဘုရားမဟုတ်ပါ (တစ်ခါတစ်ရံတွင် နတ်ဘုရားများကို ကိုးကွယ်သူများက ဤပုံစံပြောဆိုတတ်ကြသည်)။ ထိုနတ်ဘုရားများသည် ကိုယ်တော်နှင့်အမျိုးအစားမတူကြပါ။ သူတို့သည် ဖန်ဆင်းခံများဖြစ်ကြသည်။ ကိုယ်တော်သည် ဖန်ဆင်းရှင်ဖြစ်သည်။ "*ထာဝရဘုရား သန့်ရှင်းတော်မူသကဲ့သို့ အဘယ်သူမျှမသန့်ရှင်း။ ကိုယ်တော်မှတပါး အခြားသောဘုရားမရှိ*"(၁ ရာ ၂း၂)။

၂။ ထာဝရဘုရားသည် စကြဝဠာ၏တစ်ပါးတည်းသောဖန်ဆင်းရှင်ဖြစ်သည်။ အချို့သောဘာသာတရားများက ပြောတတ်သကဲ့သို့ စကြဝဠာနှင့်လူသားတို့ကို ဖန်ဆင်းရာတွင် ကိုယ်တော်သည် အခြားသောနတ်ဘုရား သို့မဟုတ် ကိုယ်စားလှယ်ကို

စေလွှတ်ခြင်းမရှိခဲ့ချေ။ အရာခပ်သိမ်းတို့သည် ၎င်းအားဖြင့် ဖန်ဆင်းခြင်းခံရလျက် ၎င်းမပါဘဲ ဖန်ဆင်းခြင်းခံရသောအရာမရှိသည့် နှုတ်ကပတ်တော်သည် ဘုရားသခင်ကိုယ်တော်တိုင်ပင်ဖြစ်သည် (ယော ၁း၁-၃)။ လူနှင့်အရာဝတ္ထုတို့သည် အညံ့စားဘုရားတစ်ပါးပါးကဖန်ဆင်းသော အညံ့စားဖန်ဆင်းခံအရာမဟုတ်ပေ။ သူတို့ကို သန့်ရှင်းတော်မူသော အရာခပ်သိမ်းတို့၏ဖန်ဆင်းရှင်က အကြံအစည်တော်အားဖြင့် ဖန်ဆင်းခြင်းဖြစ်၍ သူတို့၌ဂုဏ်သိက္ခာရှိသည်။ "*ဣသရေလအမျိုး၏သန့်ရှင်းသောဘုရား၊ ထိုအမျိုးကိုဖန်ဆင်းသော ထာဝရဘုရားမိန့်တော်မူသည်ကား၊ . . . မြေကြီးကို ငါလုပ်လေပြီ။ မြေကြီးပေါ်မှာ လူကိုလည်း ဖန်ဆင်းလေပြီ။ မိုးယံကောင်းကင်ကို ကိုယ်လက်နှင့် ငါကြက်လေပြီ။ မိုယံကောင်းကင်တန်ဆာအပေါင်းတို့ကို ငါခန့်ထားလေပြီ။. . . မိုယံကောင်းကင်ကိုဖန်ဆင်းတော်မူသောထာဝရဘုရား၊ . . . မိန့်တော်မူသည်ကား၊ ငါသည် ထာဝရဘုရားဖြစ်၏။ ငါမှတပါးအခြားသောဘုရားမရှိ*" (ဟေရှာ ၄၅း၁၁၊ ၁၂၊ ၁၈)။

၃။ ထာဝရဘုရားသခင်သည် လူ၏ဖန်ဆင်းရှင်အနေဖြင့် လူ့နှလုံးသား၏ ကိုးကွယ်ဝတ်ပြုခြင်းကို ခံယူရန်အခွင့်ရှိသည်။ လူသည် ထာဝရဘုရားက ဖန်ဆင်းသည်သာကမ ထာဝရဘုရားအတွက် ဖန်ဆင်းခံရခြင်းလည်းဖြစ်သည်။ "*သူတို့ကလည်း အနန္တတန်ခိုးနှင့်ပြည့်စုံ၍၊ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလအစဉ်ရှိတော်မူသော ထာဝရအရှင် ဘုရားသခင်သည် သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏ဟု နေ့ညဥ့် မပြတ်ငြိမ်၍မနေဘဲ ပြောဆိုကြ၏။. . . အိုထာဝရဘုရား၊ ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူပြီ။ ထိုအရာတို့သည် အလိုတော်ကြောင့်ဖြစ်၍ ဖန်ဆင်းလျက်ရှိကြပါ၏။ ထို့ကြောင့်၊ ကိုယ်တော်သည် ဘုန်းအသရေတန်ခိုးတော်ကို ခံစားထိုက်တော်မူ၏ဟု လျှောက်ဆို၍၊ ပလ္လင်တော်ရှေ့၌ မိမိတို့သရဖူများကို ချထားကြ၏။*" (ဗျာ ၄း ၈-၁၁) "*သင်၏ဘုရားသခင် ထာဝရဘုရားကို ကြောက်ရွံ့ရမည်။ ထိုဘုရားသခင်ကိုသာ ဝတ်ပြုရမည်*" (တရား ၆း၁၃)။

ဤနေရာတွင် လူ၏ဂုဏ်သိက္ခာနှင့်ဂုဏ်အသရေကိုတွေ့ရသည်။ လူ့ဘဝနှင့် လုပ်ဆောင်မှုသည် ဖြစ်တည်မှုပဓါနဝါဒီတို့ (existential philosophers) သင်ကြားပေးသကဲ့သို့ လုံးဝအဓိပ္ပါယ်မဲ့၊ အကျိုးအကြောင်းမဲ့ မဟုတ်ပါ။ ဖန်ဆင်းရှင်၏အလိုတော်ကို လုပ်ဆောင်ခြင်းသည် လူ၏အသိဉာဏ်၊ စိတ်ခံစားမှုနှင့် ကြိုးပမ်းအားထုတ်မှုတို့၌ စိတ်ကျေနပ်မှုရစေနိုင်သည့် တစ်ခုတည်းသောပန်းတိုင်ဖြစ်သည်။

ဤနေရာတွင် လူ၏လွတ်လပ်မှုကိုလည်းတွေ့ရသည်။ ဘုရားသခင်ကို မကိုးကွယ်ဘဲ အခြားသူ၊ သို့မဟုတ် အခြားအရာတစ်ခုခုကို ကိုးကွယ်ဝတ်ပြုခြင်းသည် နောက်ဆုံးတွင် လူ၏စိတ်ဝိညာဉ်ကို သိက္ခာကျစေလျက် ကျေးကျွန်ဖြစ်စေသည်။ ကနဦးခရစ်ယာန်များသည် တိုင်းပြည်ခေါင်းဆောင်ကို ကိုးကွယ်ရသည့် အကြွင်းမဲ့ အာဏာရှင်စနစ်ကျင့်သုံးသည့်အစိုးရနှင့်ရင်ဆိုင်ခဲ့ကြရသည်။ သို့သော် တမန်တော်များ သည် သူတို့အား ထိုအစိုးရကိုမကြောက်ဘဲ ခရစ်တော်ကို သူတို့စိတ်နှလုံးထဲ၌ သခင်ဖြစ်တော်မူကြောင်း သက်သေထူကြရန် သွန်သင်ခဲ့ကြသည် (၁ပေ ၃း၁၄-၁၅)။ ဆိုလိုသည်မှာ သူတို့သည် ဘုရားသားတော်၏သန့်ရှင်းခြင်းနှင့် ကိုးကွယ်ဝတ်ပြု ခြင်းခံရရန်အခွင့်တို့ကို သူတို့စိတ်နှလုံးများတွင်သိရှိလျက် အမြဲတမ်းသတိရနေရန် သွန်သင်ခြင်းဖြစ်သည်။ သူတို့သည် ကိုယ်တော်၏သန့်ရှင်းခြင်းကိုသတိရခြင်းဖြင့် အကြွင်းမဲ့အာဏာရှင် အစိုးရ၏ ရုပ်တုကိုးကွယ်မှုနှင့်ဆိုင်သည့် တောင်းဆိုမှုများကို ငြင်းဆိုသည့်သတ္တိကို ရရှိကြသည်။ ဤသို့ဖြင့် သူတို့သည် လူ့စိတ်ဝိညာဉ်၏ လွတ်လပ်မှုကို ရပ်တည်ကာကွယ်ရန် သူတို့အသက်များကိုပင် ပေးဆပ်ကြသည်။

ဘုရားသခင်ကို သန့်ရှင်းသောအရှင်ဟုခေါ်ခြင်းသည် ဘုရားသခင်၏ လုံးဝဥဿုံအံ့ဩဖွယ်သန့်စင်မှုကို ရည်ညွှန်းခြင်းလည်းဖြစ်သည်။ ဓမ္မဟောင်းကျမ်းက "*ထာဝရဘုရားသည် ဖြောင့်မတ်တော်မူ၍ မတရားသောအမှုနှင့် ကင်းလွတ်တော်မူ သည်*"(ဆာလံ ၉၂း၁၅)ဟု ဖော်ပြထား၍ ဓမ္မသစ်ကျမ်းက "*ဘုရားသခင်သည် အလင်းဖြစ်တော်မူ၏။ ဘုရားသခင်၌မှောင်မိုက်အလျှင်းမရှိ*" (၁ယော ၁း၅) ဟု ဆိုထားသည်။ အသိဉာဏ်ပိုင်း၊ ကိုယ်ကျင့်တရားပိုင်းနှင့် ဝိညာဉ်ရေးရာတို့၌ မှောင်မိုက် အလျှင်းမရှိပေ။ ရုပ်လောကတွင် သဘာဝအလင်းသည် အရာဝတ္ထုတို့၏ အဆင်း အရောင်ကိုဖော်ပြသည်။ ထို့အတူ အသိဉာဏ်လောက၊ ကိုယ်ကျင့်တရားနယ်ပယ်နှင့် ဝိညာဉ်ရေးလောကတို့တွင် ဘုရားသခင်၏သန့်ရှင်းခြင်းအလင်းသည် ဘဝ၏အဓိပ္ပါယ် နှင့်ပြည့်ဝသောအလှအပတို့ကို ဖော်ပြပေးသည်။ အပြစ်တရားသည် ဆန့်ကျင်ဘက်ပြု လျက် ဘဝ၏အဆင်းအရောင်ကို မှေးမှိန်စေပြီး ၎င်း၏ ရသခံစားနိုင်စွမ်းကို ထုံထိုင်းစေကာ စိတ်ကိုမှောင်မိုက်စေပြီး စိတ်ဝိညာဉ်ကို အမြင်ကွယ်စေသည်။

အခြားတစ်ဘက်တွင် ဘုရားသခင်၏သန့်ရှင်းခြင်းအလင်းသည် အပြစ်ကို ဖော်ပြပေးသည်။ ဖော်ပြပေးရုံသက်သက်မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏သန့်ရှင်းခြင်းသည် ဖြူဖွေးသည့်နှင်းခဲတိုင်ကြီးကဲ့သို့ သူများမြင်

မှအမြင်ခံရသည့်အမျိုးမဟုတ်ဘဲ မိမိ၏ဖြောင့်မတ်ခြင်းကြောင့် လူသား၏အပြစ်ကို မခံမရပ်နိုင်ဖြစ်ကာ တရားစီရင်ခြင်းအားဖြင့် မိမိကိုယ်ကိုဖော်ပြနိုင်စွမ်းရှိသည်။ တစ်ခါတစ်ရံတွင် တရားစီရင်ခြင်းသည် အမှုပြုရန် ဘုရားသခင်ပြင်ဆင်ထားသည့် သဘာဝတရားထဲ၌လည်း ထင်ရှားတတ်သည်။ လူတို့သည် လိင်ဖေါက်ပြန်မှုများ၌ စွဲမြဲနှစ်မြှုပ်နေကြလျှင် သဘာဝတရားကပင် သူတို့၏ကိုယ်ခန္ဓာများကို ဖျက်ဆီးကြောင်း သူတို့တွေ့မြင်ရသည် - "*. . . မိမိတို့မှားယွင်းခြင်းနှင့်အလျောက် မိမိတို့အပြစ်ဒဏ်ကို ခံရကြ၏*" (ရော ၁း၂၇)။ အခြားအချိန်များတွင် ဘုရားသခင်သည် သူ့ကိုပုန်ကန်သောသူများအပေါ်အရေးယူရန် စီးပွားရေးနှင့်နိုင်ငံရေးဘေးဒုက္ခများကို အခွင့်ပေးတတ်သည်။ ဘုရားသခင်ထိုသို့ပြုတော်မူသောအခါ သမ္မာကျမ်းစာက "*သန့်ရှင်းတော်မူသောအရှင်သည် ဖြောင့်မတ်ခြင်းထဲ၌ မိမိကိုယ်ကို သန့်ရှင်းစေတော်မူ၏*" ဟုဖေါ်ပြသည်။ 'မိမိကိုယ်ကို သန့်ရှင်းစေတော်မူ၏'ဟု ဆိုခြင်းသည် 'အပြစ်ကို ဖြောင့်မတ်စွာ စီရင်ခြင်းဖြင့် မိမိ၏သန့်ရှင်းခြင်းကိုဖေါ်ပြခြင်း'ကို ဆိုလိုသည်။

ပရောဖက်ဟေရှာယ၏ခေတ်ကာလတွင် သူ၏လူမျိုးသည် တရားမျှတမှုမရှိခြင်း၊ အကြမ်းဖက်ခြင်း၊ အကြင်နာတရားကင်းမဲ့သောတရားမဝင်စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ခြင်း၊ မိမိကိုယ်ကိုအလိုလိုက်ခြင်းနှင့်ယစ်မူးခြင်း၊ တမင်တကာရည်ရွယ်လျက် ကိုယ်ကျင့်တရားဖောက်ပြန်ခြင်းနှင့် ဘုရားသခင်ကို လျစ်လျူရှုဖီဆန်ခြင်းအပြစ်များကို ကျူးလွန်ခဲ့ကြသည်။ ထို့ကြောင့် ဟေရှာယသည် သူတို့၏အပြစ်များကို လူသိရှင်ကြားပြောဆိုရှုတ်ချသည့်အပြင် ဘုရားသခင်သည် မိမိ၏သန့်ရှင်းတော်မူခြင်းကို ပြသလျက် သူတို့အပေါ်တရားစီရင်တော်မူသဖြင့် လူမျိုးတော်၏စီးပွားရေး၊ လူမှုရေးနှင့်နိုင်ငံရေးဆုံးရှုံးမှုများကြုံရလိမ့်မည်ဖြစ်ကြောင်းလည်း သူတို့ကိုသတိပေးခဲ့သည်။

"*ယုတ်သောသူလည်း ဦးနှိမ့်ခြင်း၊ မြတ်သောသူလည်း ရှုတ်ချခြင်းကိုခံရ၍၊ မာနကြီးသောသူတို့၏မျက်နှာလည်းပျက်ရ၏။ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသည် တရားစီရင်ခြင်းအားဖြင့် ချီးမြှောက်ခြင်းသို့ရောက်တော်မူလိမ့်မည်။ သန့်ရှင်းတော်မူသောဘုရားသခင်သည် ဖြောင့်မတ်ခြင်းအားဖြင့် သန့်ရှင်းတော်မူခြင်းရှိတော်မူလိမ့်မည်။ . . . . အကြောင်းမူကား၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၏တရားတော်ကို ပယ်ကြပြီ။ ဣသရေလအမျိုး၏ သန့်ရှင်းသောဘုရား၏ဗျာဒိတ်တော်ကို မထီမဲ့မြင်ပြုကြပြီ*" (ဟေရှာ ၅း၇-၁၀ ကိုကြည့်ပါ)။

သို့သော် ကျွန်ုပ်တို့သည် အိမ်နှင့်ပိုနီးရာသို့လာရမည်ဖြစ်သည်။ ဘုရားသခင်၏သန့်ရှင်းခြင်းသည် ဆိုးဝါးလွန်းသောအပြစ်သားများ၏အပြစ်များကိုသာ ထင်ရှားစေသည်မဟုတ်။ ထိုသန့်ရှင်းခြင်း၏အလင်းထဲတွင်ကြည့်သည့်အခါ ကျွန်ုပ်တို့၏တကယ့်အကောင်းဆုံးသည်ပင် အပြစ်နှင့်မကင်းသည်ကို တွေ့ရမည်ဖြစ်သည်။ ဤဟေရှာယကိုပင် ဘုရားသခင်၏ရူပါရုံကိုမြင်စေ၍ ကောင်းကင်တမန် သရပ်သည် မရပ်မနားဘဲ "*ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသခင်သည် သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏။ မြေကြီးလုံးသည် ဘုန်းတော်နှင့်ပြည့်လေ၏*"ဟု ကြွေးကြော်ကြသည်ကို သူကြားရသောအခါ သူကိုယ်တိုင်သည် မိမိ၏အပြစ်ရှိခြင်းအတွက် စိတ်ထိခိုက်မှုခံစားရလျက် "*ငါ၌ အမင်္ဂလာရှိ၏။ ငါအကျိုးနည်းရှိပြီ။ အကြောင်းမူကား ငါသည် ညစ်ညူးသောနှုတ်ခမ်းရှိလျက်၊ ညစ်ညူးသောနှုတ်ခမ်းရှိသောလူမျိုးတွင် နေလျက်နှင့်၊ ကောင်းကင်ဘုံခြေအရှင် ထာဝရဘုရားတည်းဟူသော ရှင်ဘုရင်ကို ကိုယ်မျက်စိနှင့်မြင်လေပြီတကား*" (ဟေရှာ ၆း၅) ဟု အော်ဟစ်ခဲ့သည်။ ဤအခြေအနေသည် ကျွန်ုပ်တို့အားလုံး ဘုရားသခင်၏ သန့်ရှင်းတော်မူခြင်းကို အမှန်တကယ်တွေ့မြင်ရသောအခါ ခံစားမိမည့်အခြေအနေ ဖြစ်သည်။ လိမ်ညာခြင်း၊ သူတော်ကောင်းဟန်ဆောင်ခြင်း၊ လှည့်ဖြားခြင်း၊ ညစ်ညမ်းသောအရာများကိုပြောဆိုခြင်း၊ သူ့အသရေပျက်အောင်ပြောဆိုခြင်း၊ အတင်းပြောခြင်း၊ ထေ့ငေါ့ပြောဆိုခြင်းနှင့်ဝါကြွားခြင်းတို့သည်လည်း အခြားသောအပြစ်များနှင့်အတူ အမှန်အတိုင်းပင် မကောင်းသောအကျင့်များနှင့် အကျည်းတန်အရုပ်ဆိုးသောအရာများအဖြစ် ချက်ချင်းထင်ရှားလာကြမည်ဖြစ်သည်။ ထိုအခါ ထိုကဲ့သို့သောမှားယွင်းမှုများက ကျွန်ုပ်တို့အား ဘုရားသခင်၏ကောင်းကင်နိုင်ငံတော်သို့ ဝင်စေမည်မဟုတ်ကြောင်းနှင့် ၎င်းတို့သည် ဘုရားသခင်၏ကောင်းကင်နိုင်ငံဆိုင်ရာသမ္မာတရားနှင့် အလှအပတို့ကို စွန်းထင်းစေကြောင်း ကျွန်ုပ်တို့စိတ်မကောင်းစွာ သတိထားလာမိမည်ဖြစ်သည်။

ဤနေရာတွင် ထူးခြားသောဝိရောဓိသဘောကို တိကျထင်ရှားစွာ ကျွန်ုပ်တို့တွေ့မြင်ရသည်။ မိမိတို့အား ဘုရားသခင်၏သန့်ရှင်းမှုအလင်းထဲ၌ ဖော်ပြခြင်းခံရသဖြင့် နာကြင်မှုကိုခံစားရသည့် သမ္မာကျမ်းစာထဲမှ လူပုဂ္ဂိုလ်များသည် ချက်ချင်းပင် ဘုရားအလင်းတော်၏အလွန်အံ့ဩဖွယ်ကောင်းခြင်းကို စိတ်အားထက်သန်စွာ ပြောဆိုတတ်ကြသည်။ ထိုသို့သောကျမ်းပိုဒ်တစ်ခုကိုဖော်ပြရလျှင် "*သင်တို့မူကား၊*

*မှောင်မိုက်ထဲမှအံ့ဘွယ်သောအလင်းတော်သို့ ခေါ်သွင်းတော်မူသောသူ၏ ဂုဏ်ကျေးဇူးများကို ဘော်ပြစေခြင်းငှါ ရွေးချယ်တော်မူသောအမျိုးဖြစ်ကြ၏။ မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသောအပေါင်းအသင်းဖြစ်ကြ၏။ အထက်ကအပေါင်းအသင်းမဟုတ်၊ ယခုတွင် ဘုရားသခင်၏အပေါင်းအသင်းဖြစ်ကြ၏။ ကရုဏာကျေးဇူးတော်ကို အထက်ကမခံရသော်လည်း ယခုတွင်ခံရကြ၏"* (၁ပေ ၂း၉-၁၀)။ ဘုရားသခင်၏သန့်ရှင်းတော်မူခြင်းသည် အနုတ်လက္ခဏာဆောင်သော တန်ခိုးမဟုတ်ဘဲ ကောင်းကျိုးပြုသောတန်ခိုးဖြစ်ကြောင်းကို ဤကဲ့သို့သော သူတို့သိရှိသွားကြကြောင်း ထင်ရှားလှသည်။ ၎င်း၏ချစ်ခြင်းမေတ္တာနှင့်ကရုဏာတော်တို့သည် အပြစ်သားများကို သန့်ရှင်းစင်ကြယ်စေလျက် သန့်ရှင်းသူများဖြစ်စေခြင်းမှာ ၎င်း၏ကောင်းကျိုးပြုသောတန်ခိုးပင်ဖြစ်သည်။

ဝတ်ပြုရာကျမ်း အခန်းကြီး ၁၉ တွင် ဘုရားသခင်သည် မိမိ၏လူမျိုးတော်ကို "*သင်တို့၏ဘုရားသခင်၊ ငါထာဝရဘုရားသည် သန့်ရှင်းသောကြောင့် သင်တို့သည်လည်း သန့်ရှင်းခြင်းရှိကြလော့*" (အပိုဒ်ငယ် ၂)ဟု ဦးစွာပညတ်တော်မူခဲ့သည်။ ထို့နောက် သန့်ရှင်းခြင်းသည် လက်တွေ့ကျသောဝေါဟာရဖြင့် မည်သည့်အရာကို ဆိုလိုကြောင်း သူတို့အား အသေးစိတ်ရှင်းပြတော်မူခဲ့သည်။ ထိုဝေါဟာရများထဲမှ တစ်ခုမှာ "*ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ရမည်။ ငါသည် ထာဝရဘုရားဖြစ်၏*" (အပိုဒ်ငယ် ၁၈)ဆိုသည့် ကျမ်းချက်ဖြစ်သည်။ ဤသို့ဖြင့် သန့်ရှင်းခြင်းသည် ချစ်ခြင်းမေတ္တာရှိခြင်းလည်းဖြစ်သည်။ အဆုံးစွန်သန့်ရှင်းတော်မူသော ဘုရားသခင်သည် အဆုံးစွန်ချစ်တော်မူသည်။ အကြောင်းမှာ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူသည် ( ၁ယော ၄း၁၆)။ ဘုရားသခင်၏သန့်ရှင်းတော်မူခြင်းအကြောင်း ကြေညာသည့်အခါနှင့် သမ္မာကျမ်းစာထဲမှ အံ့ဖွယ်နာမတော်တို့၌လည်း ဘုရားသခင်၏ သန့်ရှင်းတော်မူခြင်းကို ထိုလက္ခဏာဖြင့်တွေ့ရမည်ဖြစ်သည် (ထွ ၃၄း၅-၇ ကိုကြည့်ပါ)။

ထို့ကြောင့် ဘုရားသခင်၏သန့်ရှင်းတော်မူခြင်းကိုထိပါးလျက် လူကိုယ်တိုင်ကိုလည်း မြေကြီးလက်ခပ်မလွဲထိခိုက်စေသည့်အတွေးအခေါ်များကို ထောက်ပြခြင်းဖြင့် ဤအခန်းကို ကျွန်ုပ်တို့အဆုံးသတ်ကြမည်ဖြစ်သည်။

၁။ ဘုရားမဲ့ဝါဒ။ ဘုရားမဲ့ဝါဒီများသည် ဖန်ဆင်းရှင်ကိုအသိအမှတ်ပြုရန် ငြင်းဆန်နေရင်း အမှုမဲ့အမှတ်မဲ့ဖန်တီးလိုက်သည့် ကျိုးကြောင်းမခြင်သော သဘာဝ၏ ပုဂ္ဂလဓိဋ္ဌာန်မဟုတ်သည့်စွမ်းအားများကို မူရင်းတန်ခိုးများအဖြစ် အသိအမှတ်ပြုရန်

လိုလိုလားလားရှိကြသည်။ ထိုစွမ်းအားတို့သည် အသိတရား၊ ကိုယ်ကျင့်တရားတို့နှင့် ဆိုင်သောလူသားတို့ကို ယခုထိန်းချုပ်ထားလျက် တဖြေးဖြေးနှင့် ဖျက်ဆီးလိမ့်မည် ဖြစ်သည်။ ဤသို့အားဖြင့် လူသည် စကြဝဠာ၏ရုပ်ဝတ္ထုအင်အားတို့၏အကျဉ်းသား ဖြစ်ကြရသည်။ လူ၏ဉာဏ်ပညာသည် ဈေးချခြင်းကိုခံရသည်။ လူသည် သူအသက်ရှင် ရသည့်အကြောင်းရင်းနှင့် ရည်ရွယ်ချက်တို့ကိုမသိနိုင်အောင် ပိတ်ပင်ခြင်းခံရလျက် သူ၏အဓိကမျှော်လင့်ချက်နှင့် ပန်းတိုင်တို့သည် လုယူခြင်းခံရသည်။

၂။ အရာခပ်သိမ်းကိုးကွယ်မှုဝါဒ။ အရာခပ်သိမ်းကိုးကွယ်မှုဝါဒသည် ဘုရားသခင်ကို ဖန်ဆင်းခံအရာများနှင့် တန်းတူဖြစ်စေသည်။ ဤဝါဒက စကြဝဠာသည် ဘုရား၊ ကမ္ဘာမြေကြီးသည်ဘုရား၊ နေသည်ဘုရား၊ လူသည်ဘုရား၊ တိရစ္ဆာန်တို့သည် ဘုရား၊ အရာခပ်သိမ်းသည်ဘုရားဟု သွန်သင်သည်။ အရာခပ်သိမ်းသည် ဘုရားဖြစ်လျှင် ကိုယ်ကျင့်တရားဆိုးဝါးခြင်းနှင့် ကိုယ်ကျင့်တရားကောင်းမွန်ခြင်းတို့လည်း ဘုရား ဖြစ်ပေမည်။ ဤသို့ဆိုလျှင် မှားယွင်းမည်ဖြစ်သည်။ ထို့ကြောင့် ဤအယူဝါဒသည် မှားသောအယူဝါဒဖြစ်သည်။ ဘုရားသခင်သည် လောကကိုဖန်ဆင်းသောအခါ သူဖန် ဆင်းထားသောအရာခပ်သိမ်းတို့ကို ကောင်းသည်ဟုမြင်တော်မူခဲ့သည် (က ၁း၃၁)။ ဘုရားသခင်ကို ကိုယ်ကျင့်တရားဆိုးဝါးခြင်းနှင့် တန်းတူထားစရာမဟုတ်။ ဘုရားသခင် သည် သန့်ရှင်းတော်မူသည်။ ဤအချက်ထဲတွင် တစ်နေ့သောအခါ မကောင်းမှုသည် အနိုင်ယူခြင်းကိုခံရလိမ့်မည်ဆိုသည့် မျှော်လင့်ချက်တစ်ခုရှိနေသည်။

အရာခပ်သိမ်းကိုးကွယ်မှုအယူဝါဒ၏သွန်သင်မှုအတိုင်း မကောင်းမှုသည် ဘုရားဖြစ်မည်ဆိုလျှင် မကောင်းမှုသည် ရှုံးနိမ့်သွားလိမ့်မည်ဆိုသည့်မျှော်လင့်ချက် ရှိနိုင်တော့မည်မဟုတ်ပေ။ အရာခပ်သိမ်းကိုးကွယ်မှုဝါဒသည် မှားရုံသာမှားသည် မဟုတ်၊ အပေါ်ယံအားဖြင့် ဆွဲဆောင်မှုရှိသော်လည်း အဆိုးမြင်ဝါဒ၏ အဆုံးဝါးဆုံး ပုံစံဖြစ်သည်။

၃။ ပုံစံအမျိုးမျိုးသော လူဇာတိပြန်လည်ခံယူခြင်းဝါဒ။ အချို့သောဘာသာ တရားများနှင့် ဘာသာတရားဆိုင်ရာအတွေးအခေါ်များက ဒြပ်ဝတ္ထုသည် မကောင်းသောအရာဖြစ်သည်ဟု ယုံကြည်ထားကြသည်။ အချုပ်အခြာဖြစ်တော် မူသောဘုရားသခင်သည် ဒြပ်ဝတ္ထုကို ဘယ်သောအခါမျှ ဖန်ဆင်းလိမ့်မည်မဟုတ်ဟု သူတို့သွန်သင်ကြသည်။ ထို့ကြောင့် သူတို့က ထိုအချုပ်အခြာဘုရားသခင်သည် မိမိကဲ့သို့ ဖန်ဆင်းနိုင်သည့်တန်ခိုးရှိသည့် ဘုရားငယ်များသာဖန်ဆင်းမည်ဖြစ်သည်ဟု

ဆိုကြသည်။ ထိုဘုရားငယ်များက တဖန် ဘုရားငယ်များကိုထပ်ဖန်ဆင်းရင်း ထို ဘုရားငယ်များထဲမှ ဘုရားငယ်တစ်ပါးသည် ပညာသတိမဲ့စွာဖြင့် ဒြပ်ဝတ္ထုနှင့်ဆိုင်သော ဤစကြဝဠာနှင့် လူသားတို့ကိုဖန်ဆင်းခဲ့သည်ဟု သူတို့ဆိုကြသည်။ ထို့ကြောင့် လူတို့သည် အကြောင်းမလှစွာဖြင့် (ကောင်းသောအရာဖြစ်သည့်) ဝိညာဉ်နှင့် (ဆိုးသောအရာဖြစ်သည့်) ဒြပ်ဝတ္ထုတို့ရောနှောပေါင်းစပ်သောအရာ ဖြစ်လာသည်။ ဒြပ်ဝတ္ထုသည် ဝိညာဉ်ကို ကူးစက်ညစ်ညူးစေလျက် ထိုဝိညာဉ်ကို အဆင့်နိမ့်စေလျက် ဆိုးသောအမူအကျင့်များကိုဖြစ်စေလျက် ထိုမှတဖန် လူကို ရှောင်လွှဲ၍မရနိုင်သော ဒုက္ခဝေဒနာများ၌ပါဝင်စေလာသည်။ ဤဒုက္ခဝေဒနာကို အချိန်က မကုန်ခန်းစေလျှင် လူပုဂ္ဂိုလ်သည် သေဆုံးသွားရပြီး ဝိညာဉ်သည် အခြားသောဒြပ်ဝတ္ထုခန္ဓာထဲတွင် ပြန်ဝင်စားလျက်သေကိန်းပြန်ကြုံရသည်။ ထို့နောက် ဤသူသည်လည်း ဆိုးသော အခြားအမူအကျင့်များဖြင့် အပြစ်သင့်စေပြန်သည်ဆိုလျှင် တဖန် အခြားဒုက္ခဝေဒနာ များခံစားရန် ပြန်ဝင်စားရပြန်သည်။ တစ်ခုတည်း သောမျှော်လင့်စရာမှာ တစ်နည်း နည်းဖြင့် သို့မဟုတ် အခြားသောဝိညာဉ်က ဒုက္ခဝေဒနာအားလုံးကို ကုန်ခန်းစေကာ နောက်ထပ်အပြစ်မသင့်အောင်လုံးလုံး ထိန်းသိမ်းပေးနိုင် သည်ဆိုလျှင် ထိုဝိညာဉ်သည် သန့်စင်သောလောကဝိညာဉ် ပြန်ဖြစ်သွားလျက် ဒြပ်ဝတ္ထုကိုယ်ခန္ဓာ၌နောက်ထပ် ပြန်ဝင်စားရခြင်းမှ ကင်းလွတ်ခွင့်ရသည်ဟု သူတို့ဆိုကြသည်။

ဤသွန်သင်ချက်သည် ဘုရားသခင်၏သန့်ရှင်းတော်မူခြင်းကို နှစ်ဆတိုး ထိပါးမှုဖြစ်သည်။ (က) အမှန်စင်စစ် ဖန်ဆင်းရှင်တစ်ပါးတည်းသာရှိသည်။ ဖန်ဆင်းရှင်အငယ်များ ပြန်ပွားလာသည်ဟူ၍မရှိပါ။ (ခ) အခြေခံအားဖြင့် ဒြပ်ဝတ္ထုသည် မကောင်းသောအရာမဟုတ်ဘဲ ကျွန်ုပ်တို့တွေ့ခဲ့ရသည့်အတိုင်း ကောင်းသောအရာသာဖြစ်သည်။ လူတို့ကြုံတွေ့ရသည့် ဒုက္ခဆင်းရဲခြင်းသည် သူ၏ဒြပ်ဝတ္ထုကိုယ်ခန္ဓာကြောင့်ဖြစ်လာသည်မဟုတ်ဘဲ လွတ်လပ်စွာရွေးချယ်ခွင့်ကို အလွဲသုံးစားပြုခြင်းနှင့် ဘုရားသခင်ကို နာမခံခြင်းတို့ကြောင့်သာဖြစ်သည်။

ထို့အပြင် ဤသွန်သင်မှုသည် မှားရုံသာမက အလွန်ထိခိုက်စေသော သွန်သင်မှုလည်းဖြစ်သည်။ လူကို မိမိ၏ဆင်းရဲဒုက္ခက မကယ်တင်ဘဲ ခရစ်တော် ခံရသောဆင်းရဲဒုက္ခက ကယ်တင်သည်။

*ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကိုခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်းချမ်းသာကိုဖြစ်စေသော*

*ဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍ သူခံရသောဒဏ်ချက်များဖြင့် ငါတို့သည် အနာပျောက်လျက်ရှိ၏* (ဟေရှာ ၅၃း၅)။

လူတို့သည် ဘုရားအငယ်ဖြစ်သော တာဝန်မဲ့လျက် တစ်ခါတစ်ရံယုတ်မာသည့် ဘုရားလေးများက ပြင်ဆင်ပေးလာမည့်အရာကို ကြောက်ရွံ့လျက် အသက်ရှင်နေရန်မလိုသကဲ့သို့ ထိုအဖြစ်မျိုးကို ကြောက်နေရန်လည်းမလိုပေ။ ဘုရားသခင်တစ်ဆူတည်းသာရှိလျက် ထိုဘုရားသခင်သည် ကျွန်ုပ်တို့ကိုချစ်ကာ မိမိကိုယ်ကို ကျွန်ုပ် တို့၏ကယ်တင်ရှင်အဖြစ် ကျွန်ုပ်တို့ကိုပေးအပ်ထားသော ဘုရားသခင်ဖြစ်သည်။

*မကယ်တင်နိုင်သောဘုရားကို ပဌာနပြုသောသူတို့သည် ပညာမရှိကြ။ . . ငါမှတပါး အခြားသောဘုရားသခင်မရှိ။ ငါသည် ဖြောင့်မတ်သောဘုရား၊ ကယ်တင်သောဘုရားဖြစ်၏။ မြေကြီးစွန်းသားအပေါင်းတို့၊ ငါ့ကို မျှော်ကြည့်၍၊ ကယ်တင်ခြင်းကျေးဇူးကို ခံကြလော့။ ငါသည် ဘုရားသခင်ဖြစ်၏။ ငါမှတပါးအခြားသောဘုရား မရှိ* (ဟေရှာ ၄၅း၂၀-၂၂)။

*အကြောင်းမူကား၊ ငါသည် သင်၏ဘုရားသခင် ထာဝရဘုရားဖြစ်၏။ သင့်ကိုရွေးသောသခင်၊ ဣသရေလအမျိုး၌သန့်ရှင်းသောဘုရားဖြစ်၏။* (ဟေရှာ ၄၃း၃)*. . . မြေကြီးတပြင်လုံးကို အစိုးရသောဘုရားဟူ၍ ခေါ်ရကြ၏* (ဟေရှာ ၅၄း၅)။

# ၂

# အပြစ်

## *ရောဂါတစ်ပါး၊ ၎င်း၏လက္ခဏာများနှင့် ၎င်းကိုကုသခြင်း*

လူတစ်ဦးသည် လူတို့၌ တစ်ခုခုမှားနေကြောင်းရှာဖွေတွေ့ရှိနိုင်ရန်အတွက် အလွန်ကြာရှည်စွာအသက်ရှင်ရရန် မလိုပါ။ အချို့သောကလေးငယ်များသည် မိမိတို့အပေါ် အစဉ်အမြဲချစ်၍ကြင်နာယုယမှုပေးမည်ဟု သူတို့မျှော်လင့်ပိုင်ခွင့်ရှိသော မိဘများ စိတ်ဆိုးစိတ်တိုလျက် သူတို့အပေါ်ကြမ်းတမ်းစွာပြုမူသည့်အခါ အကြောင်းမလှစွာဖြင့် လူတို့၌မှားယွင်းမှုတစ်စုံတစ်ခုရှိနေကြောင်း အလွန်စောစီးစွာ တွေ့ရှိသွားတတ်ကြသည်။ ဤသို့'တစ်စုံတစ်ခုမှားယွင်းနေမှု'သည် သူတို့မိဘများနှင့် သူတို့မိသားစုထဲ၌သာရှိနေသည်မဟုတ်ဘဲ လူတိုင်းတွင် အနည်းအများစီရှိနေကြောင်း နောက်ပိုင်းတွင် သူတို့တွေ့ရှိသွားကြမည်ဖြစ်သည်။

ယနေ့ခေတ်အပါအဝင် ခေတ်ကာလအဆက်ဆက်တွင် အပြည်ပြည်ဆိုင်ရာဆက်ဆံရေးများ၌ သိပ္ပံပညာနှင့် နည်းပညာအမျိုးမျိုးတို့အားဖြင့် ဤ'တစ်စုံတစ်ခုမှားယွင်းနေခြင်း'သည် ကြောက်ခမန်းလိလိ၊ ဆင်ခြင်တုံတရားကင်းမဲ့သောအပြုအမူများဖြင့် တိုင်းပြည်အလိုက်၊ လူစုအလိုက်ဖြစ်နေကြောင်းကို သမိုင်းကဖော်ပြနေသည်။ တိုင်းပြည်တစ်ခုနှင့်တစ်ခု ယုံကြည်စိတ်ချမှုရှိကြလျက် ကမ္ဘာကြီး၏အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အချင်းချင်းပြိုင်ဆိုင်မှုမရှိဘဲ စုပေါင်းလုပ်ဆောင်ကြမှသာ ဤကမ္ဘာကို ပါရဒိသုဘုံအဖြစ်သို့ ပြောင်းလဲစေနိုင်မည်ဖြစ်သည်။ သဲကန္တာရများကို အသီးအပွင့်သီးပွင့်စေလျက် ဆင်းရဲနွမ်းပါးမှု၊ အစာရေစာခေါင်းပါးမှုနှင့် ကူးစက်ရောဂါများကို ဖယ်ရှားသုတ်သင်ကာ လူတိုင်း၏ကောင်းကျိုးနှင့် သက်တမ်းကိုတိုးမြင့်စေနိုင်မည်ဖြစ်သည်။ သို့သော် မဖြစ်လာပါ။ တိုင်းနိုင်ငံများအချင်းချင်း ယုံကြည်စိတ်ချမှုမရှိကြ၊ ရှိလည်းမရှိနိုင်ကြချေ။ မြောက်များစွာသောငွေကြေး၊ အချိန်နှင့် စွမ်းအင်တို့ကို ပို၍ပို၍ခေတ်မီသော ဖျက်ဆီးရေးလက်နက်များအတွက် အသုံးပြုနေကြသည်။

သို့သော် ဤသို့မဆင်မခြင်လုပ်ဆောင်မှုများကို တိုင်းပြည်များကသာလုပ်နေသည်မဟုတ်။ ကျွန်ုပ်တို့အားလုံးက လုပ်နေကြသည်။ သင်လည်းလုပ်သည်။ ကျွန်ုပ်လည်းလုပ်သည်။ ကျွန်ုပ်တို့၌ ပြေလည်အောင်ဖြေရှင်းမှုများနှင့် ကောင်းသောရည်ရွယ်ချက်များရှိနေလျက်နှင့်ပင် လွန်ခဲ့သောရာစုနှစ်များစွာကပင် ရှင်ပေါလုက *"ငါသည်ကျင့်ချင်သောအကျင့်ကောင်းကိုမကျင့်၊ မကျင့်ချင်သောအကျင့်ဆိုးကိုကျင့်၏"* (ရော ၇း၁၉) ဟုဝန်ခံခဲ့သကဲ့သို့ ကျွန်ုပ်တို့လည်း တစ်ချိန်မဟုတ်တစ်ချိန် ဤနည်းတူဝန်ခံရန်ရှိသည်။

ထိုသို့ဆိုလျှင် ကျွန်ုပ်တို့၌ မည်သည့်အရာမှားယွင်းနေသနည်း။ ကျွန်ုပ်တို့အားလုံးခံစားနေရသည့်ဝေဒနာကိုဖြစ်စေသော တစ်လောကလုံးနှင့်ဆိုင်သည့် ဤရောဂါသည် မည်သည့်အရာဖြစ်နေသနည်း။ ရှေးဂရိအလွမ်းပြဇာတ်ရေးဆရာများဖြစ်ကြသော Aeschylus, Sophocles နှင့် Euripides တို့သည် ဤရောဂါ၏ လက္ခဏာများကိုလေ့လာလျက် ၎င်း၏အကြောင်းရင်းများကို စုံစမ်းခဲ့ကြသည်။ ရှေးခေတ်နှင့်ယခုခေတ် အတွေးအခေါ်ပညာရှင်များလည်း ထိုနည်းတူပြုကြသည်။ စာပေအကျော်အမော်များဖြစ်ကြသော Dostoyevsky, Tolstoy နှင့် Solzhenitzin တို့သည်လည်း ထိုနည်းတူပြုခဲ့ကြသည်။ ကျွန်ုပ်တို့သည် ဤရောဂါကို အမှန်အမှန်တိုင်း ရင်မဆိုင်ကြလျှင် ကျွန်ုပ်တို့ကိုယ်တိုင်၏အကြောင်းနှင့် ကျွန်ုပ်တို့နေထိုင်နေသော ဤလောကအကြောင်းကို အမှန်အတိုင်းနားလည်နိုင်ကြမည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် ဤရောဂါဆိုးမှလွတ်မြောက်နိုင်ကြောင်းကို သမ္မာကျမ်းစာက စိတ်ချလက်ချဝမ်းပန်းတသာနှင့် စဉ်ဆက်မပြတ်ပြောပြလျက် ကျမ်းစာက ဤလွတ်မြောက်မှုကို *ကယ်တင်ခြင်း*ဟုခေါ်သည်။ သို့သော် ဤရောဂါကို သမ္မာကျမ်းစာက မည်သို့ခေါ်ဝေါ်ကြောင်း ကျွန်ုပ်တို့ ဦးစွာနားမလည်လျှင် ကယ်တင်ခြင်း၏အဓိပ္ပါယ်ကို ကျွန်ုပ်တို့နားလည်နိုင်မည်မဟုတ်ပေ။

ထိုဝေါဟာရမှာ 'အပြစ်' ဖြစ်သည်။ ၎င်းကိုနားလည်နိုင်ရန် ရုပ်ပိုင်းဆိုင်ရာရောဂါနှင့်တူညီချက်များကို ကြည့်ကြပါစို့။ ဆေးအမှုထမ်းတစ်ဦးသည် ရောဂါဝေဒနာ၏လက္ခဏာနှင့် ထိုရောဂါ၏ဇစ်မြစ်တို့ကို ခွဲခြားသိထားရမည်ဖြစ်သည်။ အကြောင်းမှာ ထိရောက်သည့်ကုသမှုတစ်ခုအတွက် ရောဂါကိုမဖယ်ရှားလျှင် ၎င်းကဖြစ်စေသော လက္ခဏာများကို ကောင်းစွာနှိမ်နှင်းနိုင်မည်မဟုတ်ပေ။ ဖြစ်စေသည့်အကြောင်းရင်းကိုမဖယ်ရှားနိုင်လျှင် အောင်မြင်စွာကုနိုင်ရန်မျှော်လင့်၍မရနိုင်ပေ။

တိတိကျကျပြောရလျှင် ရောဂါတစ်ခုမဟုတ်ဘဲ အသဲကင်ဆာ သို့မဟုတ်ကိုယ်တွင်းချို့ယွင်းအားနည်းမှုအချို့၏ပြင်ပလက္ခဏာတစ်ခုဖြစ်သည့် အသားဝါဖြစ်ခြင်း

ကို ဥပမာအဖြင့်ယူပါ။ ၎င်း၏ငုပ်နေသောအကြောင်းရင်းကို မကုသ မဖယ်ရှားဘဲ အသားဝါဖြစ်ခြင်းကို ဖယ်ရှားနိုင်မည်မဟုတ်ကြောင်း ထင်ရှားလှပါသည်။

## အပြစ်၏လက္ခဏာများ

ဓမ္မသစ်ကျမ်းက အပြစ်၏လက္ခဏာအမျိုးမျိုးတို့ကို ဖေါ်ပြလျက် ထိုလက္ခဏာများကို ပေါ့ပေါ့တန်တန်မထားရန်လည်း ထပ်ဆင့်၍ဖေါ်ပြပေးသည်။ လက္ခဏာစာရင်းတစ်ခုကိုဖေါ်ပြရလျှင်

*ဇာတိပကတိအကျင့်တို့သည် ထင်ရှားကြ၏။ ထိုအကျင့်တို့မူကား၊ သူ့မယား ကိုပြစ်မှားခြင်း၊ မတရားသောမေထုန်၌မှီဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊ ကိလေသာလွန်ကျူးခြင်း၊ ရုပ်တုကိုကိုးကွယ်ခြင်း၊ သူတပါးကို ပြုစားခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်း၊ အချင်းချင်းကွဲပြားခြင်း၊ သင်းခွဲခြင်း၊ သူ့အကျိုးကိုငြူစူခြင်း၊ လူ့အသက်ကို သတ်ခြင်း၊ ယစ်မျိုးကိုသောက်ကျူးခြင်း၊ ပွဲလုပ်ခြင်းမှစ၍ ထိုသို့သောအကျင့် ပေတည်း။ ထိုသို့သောအကျင့်ကိုကျင့်သောသူတို့သည် ဘုရားသခင်၏ နိုင်ငံတော်ကိုအမွေမခံရကြဟု အထက်က ငါပြောနှင့်ခဲ့ပြီးသည့်အတိုင်း ယခုပင်လည်း ငါပြောနှင့်၏ (ဂလ ၅း၁၉-၂၁)။*

အခြားသောလက္ခဏာစာရင်းတစ်ခုမှာ အပြစ်ရောဂါရင့်သောအဆင့်တွင် ဖြစ်ပေါ်သည့်လက္ခဏာများဖြစ်၍ စက်ဆုပ်ထိန့်လန့်ဖွယ်ဖေါ်ပြချက်ဖြစ်သည်။

*ကျမ်းစာလာသည်ကား၊ ဖြောင့်မတ်သောသူမရှိ၊ တယောက်မျှမရှိ။ နားလည် သောသူမရှိ၊ ဘုရားသခင်ကို ရှာသောသူမရှိ။ လူအပေါင်းတို့သည် လမ်းလွဲ ကြပြီ။ တညီတညွတ်တည်း အသုံးမရသောသူဖြစ်ကြပြီ။ ကောင်းသော အကျင့်ကို ကျင့်သောသူမရှိ၊ တယောက်မျှမရှိ။ သူတို့၏လည်ချောင်းသည် ဖွင့်ထားသော သင်္ချိုင်းတွင်းဖြစ်၏။ သူတို့သည် လျှာနှင့်လှည့်စားတတ်ကြ၏။ သူတို့နှုတ်ခမ်းအထဲမှာ မြွေဆိုးအဆိပ်အတောက်ရှိ၏။ သူတို့နှုတ်သည် ကျိန်ဆဲသောစကား၊ ကြမ်းတမ်းသောစကားနှင့်ပြည့်ဝ၏။ သူတို့ခြေသည် လူ့အသက်ကိုသတ်ခြင်းငှာ လျှင်မြန်၏။ သူတို့သွားရာလမ်း၌ ပျက်စီးခြင်း၊*

*ဒုက္ခဆင်းရဲခြင်းရှိ၏။ ချမ်းသာလမ်းကို သူတို့မသိကြ။ ဘုရားသခင်ကို ကြောက်ရွံ့ရသောအကြောင်းသည် သူတို့မျက်စိ၌မထင်။* (ရော ၃း၁၀-၁၈)။

ဤစာရင်းများက လက္ခဏာအားလုံးကို လူတိုင်းတွင် ဤပုံစံများအတိုင်း တွေ့ရလိမ့်မည်ဟု ဆိုနေခြင်းမဟုတ်ပါ။ သို့သော် သမ္မာကျမ်းစာက ရောဂါသည် တစ်ကမ္ဘာလုံးနှင့်ဆိုင်သည်ဖြစ်၍ လက္ခဏာတစ်ခုခုကို လူတိုင်းတွင်တွေ့ရသည်ဟု အခိုင်အမာပြောဆိုထားသည်။

အများတွင်တွေ့ရသည့် ယေဘုယျလက္ခဏာများလည်းရှိပါသည်။ ၎င်းတို့ အနက်တစ်ခုမှာ ***ကိုယ်ကျင့်တရား ဆိုင်ရာအားနည်းမှု***ဖြစ်သည်။ "*ငါတို့သည် အကျိုးနည်း ရှိစဉ်တွင် . . . .*" (ရော ၅း၆)

ယေရှုခရစ်တော်ကို လက်ဝါးကပ်တိုင်ပေါ်တင်သတ်ရန်အတွက် တာဝန်ရှိခဲ့သည့် ရောမဘုရင်ခံ ပိလတ်မင်းကို နမူနာအဖြစ်ယူနိုင်ပါသည် (မ ၂၇း၁၁-၂၆၊ လု ၂၃း၁-၂၅၊ ယော ၁၈း၂၈- ၁၉း၁၆)။ သူသည် ယုဒနယ်အတွင်း ရောမစစ်တပ်ကို အုပ်ချုပ်ရသူ၊ ရာထူးမြင့်မားသည့် စစ်အရာရှိတစ်ဦးဖြစ်ခဲ့သည့်အပြင် တိုင်းပြည် အတွင်း ငြိမ်းချမ်းသာယာရေးအတွက် တာဝန်ရှိသူလည်းဖြစ်ခဲ့သည်။

ပိလတ်မင်းသည် အပြင်ပန်းအားဖြင့် သန်မာကြံ့ခိုင်သည်ဟုထင်ရသော်လည်း အတွင်း၌ သစ်ပိုးစားထားသဖြင့် ၎င်းအပေါ်ဖိအားတစ်ခုခုကျရောက်လာသည့်အခါ ကျိုးသွားတတ်သည့် သစ်တုန်းကြီးနှင့်တူခဲ့သည်။

သူသည် ခရစ်တော်နှင့်သီးသန့်စကားပြောရသည့်အခါ ဘုရားသခင်၏ စစ်မှန်မှုနှင့် အပြစ်မဲ့သောဘုရားသခင်၏သားတော်ကို လက်ဝါးကပ်တိုင်ပေါ် သူတင်သတ်ခဲ့လျှင် အလွန်ကြီးမားသည့်အပြစ်ဖြစ်မည်ဖြစ်ကြောင်းတို့ကို သတိပြုလာမိ၍ မှန်သောအရာဟုသူသိထားသည့်အတိုင်းလုပ်ရန်နှင့် ယေရှုကိုလွှတ်လိုက်ရန် သူဆုံးဖြတ်ခဲ့သည် (ယော ၁၉း ၈-၁၂)။ သို့သော် အပြင်သို့သူပြန်သွားသည့်အခါ လူအုပ်ကြီးသည် ကြောက်မက်ဖွယ်အော်ဟစ်နေကြသကဲ့သို့ သူတို့၏ ခေါင်းဆောင်များကလည်း သူ၏သို့ ပြုလျှင် ရောမဧကရာဇ်အပေါ်သစ္စာဖေါက်ရာကျမည်ဖြစ်ကြောင်း ခြိမ်းခြောက်လာ ကြသောအခါ ပိလတ်မင်းသည် အလျှော့ပေးခဲ့ရသည်။ သူပြုတော့မည့်အမှုသည် တရားမျှတမှုကို သစ္စာဖေါက်သည့် ရာဇဝတ်မှုတစ်ခုဖြစ်ကြောင်း သူသိသော်လည်း ကြောက်ရွံ့ခြင်းသည် သူ၏ခံနိုင်ရည်ကိုဖျက်ဆီးလိုက်သဖြင့် သူသည် ကြောက်ကြောက် နှင့်ပင် ယေရှုကိုလက်ဝါးကပ်တိုင်ပေါ်တင်သတ်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။

ဤအမှုအရာက "အမှန်တရားတစ်ခုကို ကျွန်ုပ်တို့ပြောလိုက်လျှင် ကျရောက်လာမည်ဖြစ်သောအကျိုးဆက်ကိုကြောက်သောကြောင့် လိမ်လည်သောစကားကို ကျွန်ုပ်တို့ပြောခဲ့ဖူးပါသလား"ဟူသောမေးခွန်းကို ကျွန်ုပ်တို့အား ပြန်၍မေးစေပါသည်။ မှားသည်ဟုကျွန်ုပ်တို့သိနေသည့်အရာတစ်ခုကိုပြုလုပ်ရန် ကျွန်ုပ်တို့ပါဝင်နေသောအုပ်စုက အတင်းပြောဆိုနေသောကြောင့် ထိုအုပ်စုနှင့်မဆန့်ကျင်လို၍ ထိုအရာကို ကျွန်ုပ်တို့လုပ်မိဖူးပါသလား။

အပြစ်၏အခြားသော ယေဘုယျလက္ခဏာတစ်ခုမှာ **ဘုရားတရားမကြည်ညိုခြင်း**ဖြစ်သည်။

*ပညတ်တရားကို တရားသဖြင့်ကျင့်သောသူအဖို့မထား။ မတရားသဖြင့်ကျင့်သောသူ၊ နားမထောင်သောသူ၊ ဘုရားကိုမကိုးကွယ်သောသူ၊ အပြစ်ထင်ရှားသောသူ၊ မသန့်ရှင်းသောသူ၊ ဘုရားတရားကို မရိုမသေပြုသောသူ၊ မိဘကိုညှင်းဆဲသောသူ၊ လူ့အသက်ကိုသတ်သောသူ၊ မတရားသောမေထုန်၌မှီဝဲသောသူ၊ လူကိုခိုးသွားသောသူ၊ မုသာစကားကိုသုံးသောသူ၊ မဟုတ်မမှန်ဘဲကျိန်ဆိုသောသူမှစ၍ စင်ကြယ်သောဩဝါဒနှင့်ဆန့်ကျင်ဘက်ဖြစ်သမျှတို့အဘို့ ပညတ်တရားကိုထားသည်ဟုသိမှတ်၍ ထိုတရားကိုတရားသဖြင့်သုံးသောသူ၌ ပညတ်တရားသည် အကျိုးကိုပေးတတ်သည်ဟုငါတို့သိကြ၏* (၁တိ ၁း၉-၁၁)။

'ဘုရားကိုမကိုးကွယ်သောသူ'ဟု ဤနေရာတွင် ဘာသာပြန်ထားသောမူရင်း ဂရိစကားလုံးသည် 'မကြည်ညို မလေးစားသောလူ'ဟု အဓိပ္ပါယ်ရှိသည်။ သူတို့မလေးစားမကြည်ညိုသောပုဂ္ဂိုလ်များထဲတွင် ဘုရားသခင်သည် ပထမဆုံးနေရာ၌ရှိသည်။ သို့သော် ၎င်းသည် ဤနေရာတွင်ရပ်မသွားပါ။ လူကိုဘုရားသခင်၏ပုံသဏ္ဌာန်တော်နှင့်အညီဖန်ဆင်းထားခြင်းဖြစ်သည်။ ထို့ကြောင့် ဖန်ဆင်းရှင်အပေါ် လူတို့၏လေးစားကြည်ညိုမှုလျော့သွားသည်နှင့် သူတို့သည် ဖန်ဆင်းရှင်ဖန်ဆင်းထားသောအရာဖြစ်သည့် လူ၏တန်ဖိုးကိုလည်း လျော့ကျစေကြသည်။ သူတို့သည် လူ့ကိုယ်ခန္ဓာ (သူတို့ကိုယ်တိုင်နှင့်အခြားသူတို့ကိုယ်ခန္ဓာ)၏သန့်စင်မွန်မြတ်မှုအပေါ် လေးစားတန်ဖိုးထားမှုမရှိကြတော့ပေ။ ထိုသို့ လေးစားတန်ဖိုးထားမှုမရှိရာမှ လိင်မှုကိစ္စအပြစ်များ၊ ရုပ်ခန္ဓာ၏ကျန်းမာရေးကိုထိခိုက်စေလျက် စိတ်ပိုင်းဆိုင်ရာကိုချိနဲ့စေသော အရက်သေစာနှင့်

မူးယစ်ဆေးဝါးအလွဲသုံးစားမှုများ ပေါက်ဖွားလာသည်။ သမ္မာတရား၏သန့်စင်မွန်မြတ်မှုကိုလည်း သူတို့မလေးစားတော့ပေ။ ထိုသို့အားဖြင့် လိမ်ညာမှုအမျိုးမျိုး၊ လှည့်ဖြားမှုများနှင့် ကတိပျက်မှုများပေါ်လာသည်။ နောက်ဆုံးတွင် သူတို့သည် ဘဝအသက်တာ၏သန့်စင်မွန်မြတ်မှုကို မလေးစားကြတော့ပေ။ ထို့ကြောင့် မဆုံးနိုင်သော အကြမ်းဖက်မှုရာဇဝတ်များ ပေါ်ပေါက်လာရသည်။

**ဘုရားသခင်အပေါ်စိမ်းကားခြင်းနှင့်ရန်လိုခြင်း**သည်လည်း အခြားလက္ခဏာတစ်ခုဖြစ်သည်။

> *ဇာတိပကတိစိတ်သဘောသည် ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်၏* (ရော ၈း၇)။
>
> *အထက်ကဘုရားသခင်နှင့်ကွာရှင်း၍ ဆိုးညစ်သောအကျင့်ကိုကျင့်သဖြင့် စိတ်နှလုံး၌ရန်သူဖြစ်သော သင်တို့. . .* (ကော ၁း၂၁)။

လက်ရှိရာစုနှစ်အတွင်းမှာပင် ဤလက္ခဏာအတွက် ထင်ရှားသည့်နမူနာများ ဖြစ်ပျက်ခဲ့ပြီဖြစ်သည်။ တိုင်းနိုင်ငံများစွာ၏အစိုးရတို့သည် ဘုရားသခင်နှင့်ခရစ်တော်အပေါ်ယုံကြည်မှုကို စနစ်တကျဖုံးကွယ်ထားရန် သူတို့၏အခွင့်အာဏာများကို အသုံးပြုခဲ့ကြသည်။ သို့သော် ဘုရားသခင်အပေါ်ရန်လိုခြင်းသည် ဘုရားမဲ့ဝါဒီဖြစ်ခြင်းဟု တရားသေသတ်မှတ်၍မရပါ။ တစ်ခါတစ်ရံ အပေါ်ယံအားဖြင့် ဘာသာတရား ကိုင်းရှိုင်းဟန်ရှိသော်လည်း စိတ်နှလုံး၌ ဘုရားသခင်နှင့်ရန်သူဖြစ်နေသူများလည်းရှိတတ်သည်။ ခရစ်ယာန်တမန်တော်ဖြစ်သည့် ရှင်ပေါလုသည် ဘာသာတရားကိုအမြဲတမ်းဂိုဏ်းရှိုင်းသူဖြစ်ခဲ့သည်။ သို့သော် သူမပြောင်းလဲမီက ယေရှုခရစ်တော်အတွက် ရန်သူဖြစ်ခဲ့သည် (၁တိ ၁း၁၂-၁၇)။

ဆိုလိုသည်မှာ ကျွန်ုပ်တို့တစ်ဦးစီ၏စိတ်နှလုံးထဲတွင် ဘုရားသခင်ကို ပုန်ကန်မှုရှိစမြဲဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား သမ္မာကျမ်းစာအားဖြင့် တစ်စုံတစ်ခုကို လုပ်ရန် သို့မဟုတ် မလုပ်ရန် ပညတ်ထားသည့်အခါ ထိုပညတ်ချက်သည် ကျွန်ုပ်တို့၏အတွင်းစိတ်ထဲ၌ သဘောမကျမှုကိုဖြစ်စေ၍ ကျွန်ုပ်တို့သည် ထိုပညတ်ချက်နှင့်ဆန့်ကျင်သည့်အမှုကိုပြုလိုတတ်ကြသည်။ တမန်တော်ရှင်ပေါလုသည် နမူနာအဖြစ် သူ့အတွေ့အကြုံကို ကိုးကားထားသည် (ရော ၇း၅၊ ၇-၉)။ သူသည် "လောဘစိတ်မရှိစေနှင့်"ဆိုသည့် ဘုရားသခင်၏ပညတ်ချက်ကို သတိမပြုမိဘဲ

နှစ်အတော်တန် သူအသက်ရှင်ခဲ့သည်။ သို့သော် နောက်ပိုင်းတွင် ဘုရားသခင်သည် ဤပညတ်ချက်ကို သူ့နှလုံးသားထဲ ပြန်ယူဆောင်လာပေးသောအခါ ဤပညတ်ချက်သည် သူ့စိတ်နှလုံးထဲမှ လောဘစိတ်အမျိုးမျိုးတို့ကို နှိုးဆွပေး၍ သူသည် ၎င်းတို့ကို မထိန်းသိမ်းနိုင်ဖြစ်ရသည်။ သူစိတ်ထဲတွင် ထိန်းသိမ်းရန်ပင်အလိုမရှိခဲ့ချေ။

တကယ်တမ်းတွင် ဘုရားသခင်အပေါ်အခြေခံရန်လိုမှုသည် ဘုရားသခင်အပေါ်ထင်ထင်ရှားရှားရန်လိုနေမှုအဖြင့် မပေါ်လွင်တတ်ပါ။ အများအားဖြင့် ဘုရားသခင်ကို စိတ်မဝင်စားခြင်းပုံစံကိုသာ ဆောင်ထားတတ်သည်။

ယခု တစ်စုံတစ်ယောက်က "ကျွန်တော်/ကျွန်မ တေးဂီတနှင့်အနုပညာပိုင်းကို သိပ်စိတ်မထင်စားဖူး"ဟု ဆိုလာလျှင် ၎င်းသည် ခံစားမှုပိုင်းနှင့်ဆိုင်သည်ဖြစ်၍ ကျွန်ုပ်တို့စိတ်မကောင်းမဖြစ်တတ်ပါ။ သို့သော် အမျိုးသမီးတစ်ဦးက "ကျွန်မရဲ့ ခင်ပွန်းသည်ကို ကျွန်မသိပ်စိတ်မဝင်စားဖူး"ဟုဆိုလာလျှင် စိတ်မကောင်းစရာတစ်ခုဖြစ်နေပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သူသည် သူ့ခင်ပွန်းသည်ကို ကြဉ်ရှောင်နေကြောင်း ထင်ရှားနေသောကြောင့်ဖြစ်သည်။ ချစ်ခြင်းမေတ္တာသည် ဖျက်ဆီးခံရသောကြောင့်ဖြစ်သည်။ ထို့အပြင် တစ်စုံတစ်ယောက်က "ကျွန်တော်/ကျွန်မ ဘုရားသခင်ကို စိတ်မဝင်စားဖူး" ဆိုလာလျှင် အလွန်စိတ်မကောင်းစရာဖြစ်ပါသည်။ ကျွန်ုပ်တို့အသက်ရှင်ရခြင်းအတွက် ဘုရားသခင်ကို ကျေးဇူးတင်ရမည်ဖြစ်သည်။ ဘုရားသခင်ကိုစိတ်မ ဝင်စားခြင်းသည် ဘုရားသခင်နှင့် အလွန်ကင်းကွာနေကြောင်း ထင်ရှားသည့် လက္ခဏာတစ်ခုဖြစ်သည်။

ဤအရာများသည် အချို့သောလက္ခဏာများဖြစ်ကြသည်။ သို့သော် ငုပ်နေသောရောဂါတွင် *ဘုရားသခင်နှင့် လွတ်လွတ်ကင်းကင်းနေလိုသောစိတ်ဆန္ဒ* တစ်ခု ပါဝင်နေသည်။

**ကျွန်ုပ်တို့၏ဖန်ဆင်းရှင် ဘုရားသခင်နှင့်လွတ်လွတ်ကင်းကင်းနေလိုသောစိတ်ဆန္ဒ**။ သမ္မာကျမ်းစာအရ (ကမ္ဘာဦးကျမ်း အခန်းကြီး ၃) လူသားက ပထမဦးဆုံး ကျူးလွန်သောအပြစ်သည် လူသတ်မှုကဲ့သို့သော ရက်စက်၍ ထိတ်လန့်ချောက်ချားဘွယ်ကောင်းသည့်အပြစ်မဟုတ်ပေ။ ထိုအပြစ်သည် အာဒံနှင့်ဧဝတို့ကို ဘုရားသခင်အပေါ်မမှီခိုဘဲ အကောင်းအဆိုးကို မိမိတို့ကိုယ်တိုင်ဆုံးဖြတ်ကြရန် စာတန်၏သွေးဆောင်ခြင်းကိုခံရသောအခါ သူတို့ကျူးလွန်မိသည့်အပြစ်ဖြစ်သည်။ ထို့ကြောင့် သူတို့ကိုယ်တိုင်သည် ဘေးမရှိဘဲ သူတို့၏ဘုရားဖြစ်နိုင်သည်ဟု သူတို့စိတ်ကူးခဲ့ကြသည်။

ထို့ကြောင့် သူတို့သည် တားမြစ်ထားသော အသီးကိုစားခဲ့ကြသည်။ ချက်ချင်းပင် ဘုရားသခင်ကို ကြဉ်ရှောင်ခြင်းအဖြစ်သို့ရောက်သွားကာ ရှက်ကြောက်မှုခံစားလာလျက် သူတို့သည် ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်ကြပြီဟုခံစားကာ ဘုရားသခင်ထံမှ ထွက်ပြေးလျက် ပုန်းနေခဲ့ကြသည်။ ကျွန်ုပ်တို့အားလုံးသည် ထိုမနာခံခြင်းနှင့် လွတ်လပ်ခြင်းလမ်းစဉ်ကို လိုက်ခဲ့မိကြသည်။ သို့သော် ထိုသို့အသက်ရှင်ခြင်းသည် မုသားတစ်ခု၊ အတုအယောင်တစ်ခုဖြင့် အသက်ရှင်နေခြင်းသာဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုဖန်ဆင်းခဲ့ကြသည်မဟုတ်။ ကျွန်ုပ်တို့သည် ဘုရားသခင်ဖန်ဆင်းထားသော သူများဖြစ်ကြသည်။ ဘုရားသခင်ကို ကြဉ်ရှောင်လျက် သူ့ကိုအမှီမပြုဘဲအသက်ရှင်ခြင်းသည် ကျွန်ုပ်တို့တည်ရှိနေရခြင်း၏အခြေခံနိယာမတရားနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။

ထို့ကြောင့် ဓမ္မသစ်ကျမ်းက အပြစ်သည် တရားမဲ့ခြင်းဖြစ်သည်ဟု ဆိုထားသည်။

> *ဒုစရိုက်ကိုပြုသောသူမည်သည်ကား၊ ပညတ်တော်ကို လွန်ကျူး၏။ ဒုစရိုက်သည်ကား၊ ပညတ်တော်ကိုလွန်ကျူးခြင်းဖြစ်သတည်း* (၁ယော ၃း၄)။

ကျွန်ုပ်တို့သည် ဖန်ဆင်းရှင်၏ ရုပ်တရားနိယာမများ (ဥပမာ။ ။လျှပ်စစ်စွမ်းအား၏နိယာမများ)ကို အလေးမထားလျှင် အန္တရာယ်ကြုံရမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ သိကြသည်။ လူတစ်ဦးသည် လျှပ်စစ်ရေနွေးအိုးတစ်လုံးကိုဝယ်ထားသော်လည်း ထုတ်လုပ်သူ၏ လိုက်နာရမည့်လမ်းညွှန်ချက်များကို ဖတ်ရှုရန်ပျက်ကွက်ခဲ့သည် ဆိုကြပါစို့။ ကောင်းမည်ဟုသင်ထင်သည့်အတိုင်းသာ လျှပ်စစ်ကြိုးများသွယ်တန်း၏။ ရလဒ်အဖြစ် သူသည် ဓါတ်လိုက်၍သေဆုံးသွားရသည်။ ကျွန်ုပ်တို့သူ့ကို သနားမိကြမည်လော။ သူသည် ထုတ်လုပ်သူ၏လမ်းညွှန်ချက်ကိုလည်းမဖတ်၊ လျှပ်စစ်၏ နိယာမကိုလည်း မမှတ်မသားခြင်းအတွက် သူ့ကို လူမိုက်ဟု ကျွန်ုပ်တို့ခေါ်မိပေလိမ့်မည်။ ထိုနည်းတူပင်၊ ဖန်ဆင်းရှင်၏ ကိုယ်ကျင့်တရားနှင့် ဝိညာဉ်ရေးဆိုင်ရာနိယာမတရားများကို ဥပက္ခာပြုလျက် နားမထောင်လျှင် ကိုယ်ကျင့်တရားနှင့်ဝိညာဉ်ရေးဘေးအန္တရာယ်နှင့်ကြုံတွေ့ရမည်ဖြစ်သည်။ ၎င်းသည် အပြစ်အားလုံးတို့နှင့်ဆိုင်သော များစွာသောလက္ခဏာများ၏အကြောင်းရင်းဇစ်မြစ်ဖြစ်သည်။

သမ္မာကျမ်းစာအရ မှတ်သားဖွယ်အကြောင်းအရာတစ်ခုမှာ ကုသမှုတစ်ခု ရှိသည်ဆိုသည့်အချက်ဖြစ်သည်။

*"ယေရှုခရစ်သည် အပြစ်ရှိသောသူတို့ကိုကယ်တင်ခြင်းငှာ၊ ဤလောကသို့ ကြွလာတော်မူသည်ဟူသောစကားသည် သစ္စာစကားဖြစ်၏။ အကြွင်းမဲ့ ခံယူအပ်သောစကားလည်းဖြစ်၏။" "လောကီသားတို့အား အပြစ်စီရင်ခြင်းငှာ ဘုရားသခင်သည် သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသည် မဟုတ်။ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်မည့်အကြောင်း စေလွှတ်တော်မူ၏"* (၁တိ ၁း၁၅၊ ယော ၃း၁၇)။

ထို့ကြောင့် နောက်ပိုင်းအခန်းများတွင် ဤကယ်တင်ခြင်းကိုဖေါ်ပြရန်နှင့် ၎င်းလုပ်ဆောင်ပုံတို့ကိုဖေါ်ပြရန်အတွက် ဓမ္မသစ်ကျမ်းကအသုံးပြုသောဝေါဟာရ များကို လေ့လာသွားမည်ဖြစ်သည်။

သို့သော် ကျွန်ုပ်တို့ချက်ချင်းသတိပြုရမည့်အချက်နှစ်ချက်ရှိသည်။ ကယ်တင်ခြင်းခံရရန် ကျွန်ုပ်တို့၏အသက်တာမှ အပြစ်၏လက္ခဏာများကိုဖယ် ရှားရန်အတွက် ကျွန်ုပ်တို့၏အကောင်းဆုံးလုပ်ဆောင်ချက်များကိုလုပ်ဆောင်ရမည်ဟု လူများစွာတို့ယူဆကြသည်။ ထိုယူဆချက်သည် သူ့အတိုင်းအတာနှင့်သူကောင်း ပါသည်။ သို့သော် ၎င်းကကျွန်ုပ်တို့ကို မကယ်တင်နိုင်ပါ။ သင်သည် ပန်းသီးပင်မှ ပန်းသီးအားလုံးကိုချွေပစ်နိုင်ပါသည်။ သို့သော် ပန်းသီးပင်သည် ပန်းသီးပင်သာဖြစ် နေမည်ဖြစ်သည်။ ၎င်းအတွက် ပန်းသီးပင်ဖြစ်ခြင်းသည် ၎င်း၏အတွင်းသဘာဝ ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အပြစ်၏လက္ခဏာအားလုံးကို နှိမ်နှင်းနိုင် ခဲ့လျှင်ပင် ကျွန်ုပ်တို့အထဲ၌ အပြစ်သဘာဝသည်ရှိနေဆဲဖြစ်သည်။ ဓမ္မသစ်ကျမ်းက ၎င်းကို ကျွန်ုပ်တို့၏အမှားဟုမပြောပါ။ ကျွန်ုပ်တို့သည် ထိုအတိုင်းမွေးဖွားလာ ခဲ့ကြသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကနဦးဖခင် အာဒံထံမှ ကျဆုံးနေသည့် အပြစ်နှင့်ဆိုင်သောသဘာဝကို အမွေခံကြရသည်။ သို့သော် ထိုနည်းတူပင် ဘုရား သခင်၏စိတ်တော်နှင့်တွေ့သည့်အသက်တာကို အသက်ရှင်စေသည့် ကျရှုံးမှုမရှိသော ဘသာဝဖြစ်သည့် သန့်ရှင်းသောအသက်တာကို ခရစ်တော်ထံမှ ကျွန်ုပ်တို့လက်ခံ ရရှိလိုသည်ဆိုလျှင် လက်ခံရရှိနိုင်ပါသည်။ *"အကြောင်းမူကား၊ တယောက်သော သူသည်(အာဒံ) နားမထောင်သောအားဖြင့်၊ လူများတို့သည် အပြစ်ရောက်သည့် နည်းတူ၊ တယောက်သောသူသည် (ခရစ်တော်) နားထောင်သောအားဖြင့်၊ လူများတို့သည် ဖြောင့်မတ်ရာသို့ရောက် ရကြ၏"* (ရော ၅း၁၉)။

ဒုတိယအချက်မှာ- ဘုရားသခင်သည် ကျွန်ုပ်တို့အပြစ်သားဖြစ်နေကြစဉ်မှာပင် ကျွန်ုပ်တို့ကိုချစ်တော်မူသည်။ ဤအချက်သည် ဘုရားသခင်ပေးသော ကယ်တင်ခြင်း၏ လက်တွေ့ကျခြင်းနှင့် အမှန်တကယ်အလုပ်ဖြစ်အောင်မြင်ခြင်းတို့၏လျှို့ဝှက်ချက်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုလက်ခံရန်မပြင် ဆင်မီနှင့် သူ၏ကယ်တင်ခြင်း ကျွန်ုပ်တို့အထဲ၌ အမှုမပြုမီ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို တိုးတက်ကောင်းမွန်အောင်ပြုလုပ်ရန် တာဝန်မရှိပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ်တော်မူ၍ ကျွန်ုပ်တို့ကိုအရှိအရှိအတိုင်းလက်ခံရန် ပြင်ဆင်ထား ပြီးသားဖြစ်သည်။ ဤအချက်သည် အပြစ်၏ပြဿနာအတွက် အလေးအနက်ထားသောသူတိုင်း နှံ့နှံ့စပ်စပ်စဉ်းစားသင့်သည့်ကျမ်းပိုဒ်ဖြစ်သော ရောမဩဝါဒစာ ၅း၆-၁၁ ထဲ၌ တွေ့ရသည့် ဝန်ထုပ်ဝန်ပိုးဖြစ်သည်။

# ၄
# ပြန်လည်သင့်မြတ်ခြင်း
## *ငြိမ်းချမ်းရေးလမ်းစဉ်*

ကျွန်ုပ်တို့ကို ဝေဒနာခံစားစေ၍ ကျွန်ုပ်တို့၏ဖန်ဆင်းရှင်နှင့်ကင်းကွာခြင်း လက္ခဏာများကိုဖြစ်စေသည့် ကိုယ်ကျင့်တရားနှင့် ဝိညာဉ်ရေးရောဂါအကြောင်းကို ပြီးခဲ့သည့်အခန်းတွင် ကျွန်ုပ်တို့လေ့လာခဲ့ကြသည်။ ယခုအခါ ကုသခြင်းကိုဖေါ်ပြသည့်ဝေါဟာရများအကြောင်း စတင်ဆန်းစစ်ကြမည်ဖြစ်သည်။

ဦးစွာ ကြည်နူးစေသည့်စကားလုံးဖြစ်သော *ပြန်လည်သင့်မြတ်ခြင်း*ကို ၎င်း၏ရင်းမြစ်တူ 'ပြန်လည်သင့်မြတ်' ဆိုသည့်စကားလုံးနှင့်အတူ ဆန်းစစ်ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အခြားသူတို့နှင့်ကျွန်ုပ်တို့၏ဆက်ဆံရေး၌ ဤစကားလုံးသည် ဘာကိုဆိုလိုကြောင်းသိထားကြပြီဖြစ်သောကြောင့် ကျွန်ုပ်တို့၏ဝေါဟာရအားလုံးအနက် ဤစကားလုံးသည် အလွယ်ကူဆုံးဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့ အများစုသည် အောက်ပါအတွေ့အကြုံမျိုးကို ကျွန်ုပ်တို့၏ အသက်တာ၌ တစ်ချိန်ချိန်တွင် ကြုံတွေ့ဖူးကြမည်ဖြစ်သည်။ ကျွန်ုပ်တို့၏သူငယ်ချင်းအချို့ သို့မဟုတ် အခြားသူတစ်ယောက်ယောက်ကို နာကျင်စေသောအမှားတစ်ခုခု ကျွန်ုပ်တို့လုပ်မိ၊ ပြောမိကြသည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့၏သူငယ်ချင်းသည် ကျွန်ုပ်တို့ပြုသောအမှားအတွက် ကျွန်ုပ်တို့နှင့်တွေ့ဆုံလာသည်။ သို့သော် ကျွန်ုပ်တို့သည် မာနကြောင့်ဖြစ်စေ၊ စိုးရိမ်မှုတစ်ခုခုကြောင့်ဖြစ်စေ မိမိအမှားကိုဝန်မခံ၊ ခွင့်လွှတ်ရန်မတောင်းပန်သည့်အပြင် ထပ်မံလိမ်ညာလျက် ဒေါသထွက်ကာ ထိုသူကိုပင် များစွာအပြစ်ပြန်တင်ကြသည်။ "ဒီလူနှင့် နောက်ထပ် မပြောချင်၊ မတွေ့ချင်တော့ဖူး"ဟု ရေရွတ်ပြောဆိုလျက် ကျွန်ုပ်တို့ထွက်သွားကြသည်။ ထိုအချိန်မှစ၍ ကျွန်ုပ်တို့အကြား အချိန်ကာလကြာမြင့်စွာ ကင်းကွာမှု၊ ဝေးကွာမှုနှင့် ဆိတ်ငြိမ်မှုများရှိခဲ့သည်။ ထိုအချိန်တွင် တစ်စုံတစ်ဦးက ကျွန်ုပ်တို့၏ထိုသူငယ်ချင်းဟောင်းကို ဘာမျှမရည်ရွယ်ဘဲ ချီးမွမ်းပြောဆိုလာသည့်

အခါ ကျွန်ုပ်တို့သဘောမကျဖြစ်ကြသည်။ ထိုအခါ သူ့အပေါ် ကျွန်ုပ်တို့၏မလိုမုန်းထားမှုကို အပြစ်မဲ့စေရန်အတွက် ထိုသူငယ်ချင်းဟောင်း၏ကိုယ်ကျင့်တရားကို အမဲရောင်ဆိုးသည့်အရာမျိုးကို ကျွန်ုပ်တို့တင်ပြပြောဆိုကြသည်။

လူများစွာနှင့် ဘုရားသခင်၏ဆက်ဆံရေးတွင်လည်း ထိုနည်းတူဖြစ်နေသည်။ ဖန်ဆင်းရှင်ရှိခဲ့လျှင် ထိုဖန်ဆင်းရှင်သည် သူတို့အပြစ်များကိုနှစ်သက်တော်မူလိမ့်မည်မဟုတ်ကြောင်းနှင့် သူတို့ကိုပါနှစ်သက်မည်မဟုတ်ဟု မှတ်ဉာဏ်နှင့်ဆိုးသောအသိတရားတို့သည် သူတို့အထဲ၌ သူတို့ကို သတိထားခံစားမိစေကြသည်။ ထို့ကြောင့် သူတို့အပြစ်များကိုဝန်ခံမည့်အစား ဖန်ဆင်းရှင်မရှိဟုငြင်းဆိုကြသည်။ ဘုရားသခင်ကို ယုံကြည်ချစ်မြတ်နိုး၍ ကိုးကွယ်သောသူတစ်ဦးဦးကိုသူတို့ တွေ့ရသည့်အခါ သူတို့သဘောမကျဖြစ်ကာ (ဘုရားမဲ့ဝါဒီတို့ ဘာမကောင်းမှုမျှမလုပ်ခဲ့သည့်ပုံမျိုးဖြင့်) ဘာသာရေးသမားအချို့ကျူးလွန်သည့်မကောင်းမှုများကို ဘုရားသခင်၏အမှားကဲ့သို့ ဘုရားသခင်အပေါ် စွပ်စွဲပြောဆိုတတ်ကြသည်။ ထိုသို့မဟုတ်လျှင်လည်း ဤလောကဤဒုက္ခဝေဒနာများစွာကို အခွင့်ပေးသောဘုရားဟု ဘုရားသခင်ကိုအပြစ်တင်တတ်ကြသည်။ ဤသို့အားဖြင့် သူတို့သည် သူတို့၏ဖန်ဆင်းရှင်နှင့် ဆက်လက်ကင်းကွာလျက် သူတို့၏ဘဝအသက်တာ သည်လည်း ရည်ရွယ်ချက်မဲ့ခြင်းနှင့် မျှော်လင့်ချက်မဲ့ခြင်းတို့ အရိပ်မှောင်ထဲတွင် ငြိမ်သက်ခြင်းမရှိဘဲ ဆက်လက်အသက်ရှင်ကြသည်။

ဤကင်းကွာနေခြင်းကို အောင်မြင်ကျော်လွှားရန်၊ ဤသို့ဖြစ်စေသောနားလည်မှုမှားယွင်းခြင်းများကို ပပျောက်စေရန်နှင့် ငြိမ်းချမ်းမှုအတွက်အတားအဆီးများကိုဖယ်ရှားရန် ဘုရားသခင်ကိုယ်တော်ကိုယ်တိုင် အမှုပြုလုပ်ဆောင်ခဲ့ပြီးပြီဖြစ်ကြောင်း ပြန်လည်သင့်မြတ်ခြင်းဆိုသည့်စကားလုံးက ကျွန်ုပ်တို့အားပြောပြထားပါသည်။ ထိုသို့ လုပ်ဆောင်တော်မူပုံကို ကျွန်ုပ်တို့အားပြောပြထားသည့် ဓမ္မသစ်ကျမ်းပိုဒ်နှစ်ပိုဒ်ရှိပါသည်။

*ထိုသားတော်သည် မျက်မြင်မရသောဘုရားသခင်၏ပုံသဏ္ဌာန်တော်ဖြစ်၏။ ဝေနေယျသတ္တဝါအပေါင်းတို့တွင်လည်း သားဦးဖြစ်တော်မူ၏။ အကြောင်းမူကား၊ ထိုသားတော်သည် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာ ရှိသမျှသော ရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်းတန်ခိုးဖြစ်စေ၊ အထွတ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ထိုသခင်အားဖြင့်၎င်း၊ ထိုသခင်အဘို့အလို့ငှာ၎င်း ခပ်သိမ်းသော*

*အရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။ သားတော်သည်လည်း ခပ်သိမ်းသောအရာမဖြစ်မီ ဖြစ်တော်မူ၍ ခပ်သိမ်းသောအရာတို့သည် တန်ခိုးတော်အားဖြင့်သာတည်ကြ၏။ အသင်းတော်တည်းဟူသောကိုယ်၏ ဦးခေါင်းဖြစ်တော်မူ၏။ အရာရာ၌ထူးမြတ်ခြင်းငှာ မူလအရင်းဖြစ်၍ သေသောသူတို့တွင် သားဦးဖြစ်တော်မူ၏။ အကြောင်းမူကား၊ ခပ်သိမ်းသောပြည့်စုံခြင်းကို သားတော်၌ကျိန်းဝပ်စေခြင်းငှာရင်း၊ လက်ဝါးကပ်တိုင်မှာ သွန်းသောအသွေးတော်အားဖြင့် ရန်ကိုငြိမ်းစေ၍ ကောင်းကင်အရာဖြစ်စေ၊ မြေကြီးအရာဖြစ်စေ ခပ်သိမ်းသောအရာတို့ကို သားတော်အားဖြင့် ဘုရားသခင်နှင့်မိဿဟာယဖွဲ့စေခြင်းငှာရင်း အလိုရှိတော်မူ၏။ အထက်က ဘုရားသခင်နှင့်ကွာရှင်း၍ ဆိုးညစ်သောအကျင့်ကိုကျင့်သဖြင့် စိတ်နှလုံး၌ ရန်သူဖြစ်သော သင်တို့ကို ကိုယ်ခန္ဓာတော်၌အသေခံတော်မူသောအားဖြင့် ယခုမိဿဟာယဖွဲ့စေတော်မူ၏* (ကော ၁း၁၅-၂၁)။

ဒုတိယကျမ်းပိုဒ်ကို ၂ကော ၅း၁၈-၂၁ တွင်တွေ့ရပါသည်။

ပြန်လည်သင့်မြတ်ခြင်းအကြောင်းနှင့်ပတ်သက်၍ ဤကျမ်းပိုဒ်များ၌ ဖေါ်ပြထားသောအရာများအနက် ပထမဦးဆုံးသတိပြုရမည့်အချက်မှာ ဤဖြစ်စဉ်တွင် **ပထမလှုပ်ရှားမှုကို ဘုရားသခင်ဘက်မှပြုတော်မူပြီးပြီ**ဆိုသည့်အချက် ဖြစ်သည်။

*ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် ငါတို့၏ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့်မိဿဟာယဖွဲ့စေတော်မူ၏။ ထိုမိဿဟာရတရားကို ဟောရသောအခွင့်အရာကို ငါတို့၌အပ်ပေးတော်မူ၏။* (၂ ကော ၅း၁၈-၂၁)။

ယခု ဤအချက်သည် မှတ်သားဖွယ်တစ်ခုဖြစ်သည်။ လူသားအချင်းချင်း သဘောထားကွဲလွဲ၍စကားများကြသည့်အခါ ပြန်လည်သင့်မြတ်ခြင်းအတွက် အစပြုရမည့်တာဝန်သည် အမှားပြုမိသူ၏တာဝန်ဖြစ်သည်ဟု ဘုရားသခင်၏ သာမန်စည်းမျဉ်းကဆိုထားသည်။ ခရစ်တော်က “*ထို့ကြောင့်သင်သည် ပူဇော်သက္ကာကို ယဇ်ပလ္လင်သို့ ဆောင်ယူခဲ့လျက် သင်၏ညီအစ်ကိုသည် သင်၌အပြစ်တင်ခွင့် တစုံတခုရှိသည်ဟု အောက်မေ့သတိရလျှင် ယဇ်ပလ္လင်ရှေ့မှာ ပူဇော်သက္ကာကိုထား၍ သွားလော့။ ညီအစ်ကိုနှင့် သင့်တင့်ပြီးမှ ပြန်၍ပူဇော်သက္ကာကိုတင်လော့*”(မ ၅း၂၃-၂၄) ဟု မိန့်တော်မူထားသည်။ သို့သော် ဘုရားသခင်သည် လောကအပေါ် မည်သည့်အမှားမျှ မပြုခဲ့ပါ။

ဘုရားသခင်ဘက်မှ တောင်းပန်စရာပါမျှမရှိ။ ကိုယ်တော်ကို ပုန်ကန်ခြင်းအားဖြင့် ရန်လိုမှုအစပေါင်းအစပြုခဲ့သူမှာ လူသားတို့သာဖြစ်သည်။ သို့သော် ကျွန်ုပ်တို့နှင့် ပြန်လည်သင့်မြတ်ရန်အတွက် မိမိ၏သားတော်ကို ဤလောကသို့ စေလွှတ်လျက် အစပြုခဲ့သူအရှင်မှာ ဘုရားသခင်ပင်ဖြစ်နေသည်။

ထို့အပြင် ဤအချက်သည် အခြားအကြောင်းရင်းတစ်ခုအတွက်လည်း မှတ်သားစရာဖြစ်သည်။ လူသားနှစ်ဦး စကားများကြသည့်အခါ သူတို့သည် ပြန်လည် ခင်မင်ရင်းနှီးရန်အတွက် အစပြုလုပ်ဆောင်လိုကြသည်။ သို့သော် အခြားတစ်ဘက်မှ ခါးခါးသီးသီးငြင်းပယ်မည်ကိုလည်း စိုးရိမ်ကြပြန်သည်။ သို့သော် သားတော်သည် ငြင်းပယ်၍ နှိပ်စက်ကာ လက်ဝါးကပ်တိုင်ပေါ်တင်ခြင်းကိုခံရလိမ့်မည်ဖြစ်ကြောင်း ဘုရားသခင်သိတော်မူသော်လည်း မိမိသားတော်ကို ဤလောကသို့ စေလွှတ်တော်မူ ခဲ့သည်။ ထိုအကြောင်းကြောင့်ပင် ဤစကြဝဠာကိုဖြစ်လာစေသူဖြစ်သော ဘုရား သခင်၏သားတော်သည် မိမိ၏ဘုရားဇာတိအဖြစ်ကို လူဇာတိဖြင့်ဖုံးအုပ်လျက် ကျွန်ုပ်တို့အလယ်သို့ ကြွလာတော်မူခဲ့ခြင်းဖြစ်သည်။ မိမိ၏ဘုန်းတော်ကို မဖုံးအုပ် ထားလျှင် လူတို့အတွက် သူ့ကိုချဉ်းကပ်ရန်ဖြစ်နိုင်လိမ့်မည်မဟုတ်ဘဲ ရန်လိုမှုကိုသာ ပြသကြမည်ဖြစ်သည်။ လူ့ဇာတိခံယူတော်မူသော သားတော်ကိုပင် လက်ဝါးကပ်တိုင် ပေါ်တင်လျက် ဘုရားသခင်အပေါ်ရန်မူခဲ့ကြသည်။ ထို့အပြင် ထိုသို့သူတို့ပြုကြ သော်လည်း သူတို့ကိုချစ်နေဆဲဖြစ်ကြောင်း ကြေငြာလျက် ထိုအပြစ်နှင့်အခြား အပြစ်အားလုံးအတွက်သူတို့ကိုခွင့်လွှတ်ရန် ပြင်ဆင်တော်မူခဲ့သည် (တ ၂း၃၆-၃၉)။ သူတို့သည် ရန်သူဖြစ်နေကြချိန်မှာပင် သူတို့ကိုချစ်ခဲ့သောကြောင့်ဖြစ်သည်။

ထို့အပြင် ဤသို့ပြုတော်မူခြင်းမှာ- ဘုရားသခင်သည် အာဏာရှင်ဖြစ်လျက် လူသားတို့အား မိမိတို့၏ကောင်းသောရည်ရွယ်ချက်များအတွက် အပြည့်အဝလုပ် ဆောင်ခွင့် မရနိုင်အောင်ဟန့်တားရန် အခွင့်အရေးစောင့်နေသူဖြစ်သည်ဟု လူသားမျိုး နွယ်၏အတွေးထဲ၌အယုံသွင်းခဲ့သော မာရ်နတ်၏အသရေဖျက်မှု (ကမ္ဘာဦးကျမ်း ၃) အပေါ် ဘုရားသခင်၏အဖြေဖြစ်သည်။

ဤသို့ပြုတော်မူခြင်းမှာ အပြစ်အပေါ်ပျော့ပျော့ပြောင်းပြောင်းကိုင်တွယ်ခြင်း မဟုတ်ဘဲ လူနှင့်မိတ်သဟာရဖွဲ့ခြင်းကို ပြန်လည်ရရှိ လျက်ပြန်လည်ထိန်းသိမ်းရန် အတွက် လူ၏စိတ်ကြီးဝင်ခြင်းနှင့် အားနည်းချက်များအပေါ် အရှုံးပေးရန် ပြင်ဆင်ခဲ့ ခြင်းဖြစ်သည်။ လူ၏အပြစ်ကို ကိစ္စမရှိဟုမှတ်ယူခြင်းမဟုတ်ပါ။ ထို့ကြောင့် "*ဘုရား*

*သခင်သည် ယေရှုခရစ်အားဖြင့် ငါတို့၏ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့် မိဿဟာယ ဖွဲ့စေတော်မူ၏*"ဟု ဓမ္မသစ်ကျမ်းကဆိုရာ၌ 'ရန်ကိုငြိမ်း' တစ်နည်းအားဖြင့် 'ပြန်လည်သင့်မြတ်' ဆိုသည့်ဝေါဟာရကို ကျွန်ုပ်တို့နားလည်ရန်လိုအပ်သည်။ ထို့အပြင် ထိုသို့နားလည်ရန် အတွက် ဓမ္မသစ်ကျမ်းကိုရေးသားရာတွင် အသုံးပြုထားသည့် ဂရိစာပေ၌ ဤစကားလုံးအသုံးပြုပုံကိုလည်း ကျွန်ုပ်တို့ထည့်စဉ်းစားရမည်ဖြစ်သည်။

အကယ်၍ ဦး**က**ဆိုသည့်လူတစ်ဦးသည် အခြားလူတစ်ဦးဖြစ်သည့် ဦး**ခ**အပေါ် ပြင်းပြင်းထန်ထန်စိတ်အနှောင့် အယှက်ဖြစ်စေသည့်အမှားမျိုးပြုမိခဲ့လျှင် ဦးခသည် ဦးကအပေါ် တကယ်စိတ်ဆိုးလျက် သူ့အပေါ်မှားယွင်းမှုကို ဆွဲကိုင်ထားပိုင်ခွင့်ရှိသည်။ ထို့ကြောင့် ဦးကသည် ဦးခနှင့်ပြန်လည်သင့်မြတ်ရန်အတွက် ဦးခအပေါ်ဦးက၏အမြင်ကို များစွာပြောင်းလဲရန်မလိုပါ။ ဦးခကိုစိတ်ဆိုးစေသည့် အကြောင်းရင်းကို ဖယ်ရှားရန်သာဖြစ်သည်။

အပြစ်အပေါ် ဘုရားသခင်၏အမျက်တော်သည် ကိုယ်ကျင့်သိက္ခာ မစောင့်စည်းဘဲ လုပ်ဆောင်မိစေသည့် ယာယီစိတ်ဆိုးခြင်းမျိုးမဟုတ်ပေ။ ၎င်းသည် တဖြေးဖြေးလျော့ပါးသွားသည့် နာကြည်းမှုလည်းမဟုတ်ပေ။ မိမိစိတ်တော်ထဲ၌ လှောင်ပိတ်ထားသည့်မကျေနပ်မှုလည်းမဟုတ်။ အပြစ်သည် ဘုရားသခင်၏အဖြစ်တော်နှင့် ဂုဏ်တော်အပေါ် စိန်ခေါ်ချက်တစ်ခုဖြစ်သည်။ ထို့အပြင် ဘုရားသခင်သည် စကြဝဠာတစ်ခုလုံး၏ကိုယ်ကျင့်သိက္ခာကိုထိန်းချုပ်သောအရှင်အနေဖြင့် ထိုအပြစ်အပေါ် မိမိ၏အဖြစ်တော်နှင့်ဆန့်ကျင်နေကြောင်း မိမိ၏မခံမရပ်ဖြစ်ခြင်းကို ထင်ထင်ရှားရှားဖော်ပြရမည်ဖြစ်သည်။ ထို့ကြောင့် အဓိပ္ပါယ်မှာ အပြစ်ကို အရေးမကြီးတော့သည့်အထိ ပုံသေလျစ်လျူမရှုနိုင်ပေ။ စကြဝဠာတစ်ခုလုံးရှေ့တွင် အပြစ်ကိုဒဏ်မပေးမီ ဘုရားသခင်၏အမျက်တော်သည် ပြေနိုင်မည်မဟုတ်သကဲ့သို့ ဂုဏ်တော်ကိုလည်း သက်သေပြနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ဘုရားသခင်သည် မိမိကိုယ်ကို ဤလောကနှင့်ပြန်လည်သင့်မြတ်စေရန်အတွက် မိမိကို ဤလောကအပေါ်အမျက်တော်ထွက်စေသည့်အကြောင်းရင်းကို ဦးစွာဖယ်ရှားရမည်ဖြစ်၍ ဤလောက၏အပြစ်ကို ပြစ်ဒဏ်ပေးရမည်ဖြစ်သည်။ ထိုသို့မလုပ်လျှင် လူသားတို့နှင့်ပြန်လည်သင့်မြတ်ခြင်း၊ သူတို့ကို ပြန်လည်ကြိုဆို ခြင်းမျိုးဖြစ်လာနိုင်မည်မဟုတ်ပေ။

ထိုအကြောင်းကြောင့် ခမည်းတော်ဘုရားသခင်၏ပူးပေါင်းအမိန့်တော်အားဖြင့် ဘုရားသခင်၏သားတော်သည် ဘုရားဇာတိမပျောက်ဘဲ လူ့ဇာတိကိုခံယူ

တော်မူခဲ့သည်။ ခမည်းတော်ဘုရားသခင်သည် သူ့အထဲ၌ကိန်းဝပ်တော်မူသည်ဖြစ်၍ လူသားတို့ထံ ဘုရားသခင်ကိုကိုယ်စားပြုနိုင်ခဲ့သည်။ လူတို့သူ့အပေါ်ပြုသမျှသည် ဘုရားသခင်အပေါ်ပြုသောအရာဖြစ်သည်။ လူတို့အပေါ်သူ၏တုန့်ပြန်တော်မူခြင်းသည် ဘုရားသခင်၏တုန့်ပြန်တော်မူခြင်းဖြစ်သည်။ လူတို့သည် ဘုရားသခင် အမှန်တကယ် မည်သည့်အရာနှင့်တူသနည်းဆိုသည်ကို သူ့အားဖြင့်မြင်တွေ့နိုင်ကြသည်။

တစ်ချိန်တည်းမှာပင် သူသည် (လူသားသက်သက်သာမဟုတ်သော်လည်း) လူသားအပြည့်အဝဖြစ်သောကြောင့် ဘုရားသခင်ရှေ့တော်၌ လူသားမျိုးနွယ်အတွက် ကိုယ်စားလှယ်ဖြစ်နိုင်ခဲ့သည်။ ထို့သို့အားဖြင့် မိမိကိုယ်ကို လူသားမျိုးနွယ်၏ကိုယ်စား၊ အစားထိုးဖြစ်စေလျက် လောက၏အပြစ်ကိုယူဆောင်ကာ လူထုရှေ့တွင် ဘုရားသခင်၏ အမျက်တော်ကိုထမ်းလျက် အပြစ်ဒဏ်ဝေဒနာ ကိုခံစားတော်မူခဲ့သည်။ ကိုယ်တော်သည် ထိုသို့အားဖြင့် လောကအပေါ် ဘုရားသခင်၏အမျက်တော်ကိုဖြစ်စေသည့်အကြောင်း ရင်းကိုဖယ်ရှားကာ လူတို့အား ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်စေလျက် ငြိမ်းချမ်းရေးကို ဖြစ်စေတော်မူခဲ့သည်။

၂ကော ၅း၁၈-၂၁ တွင် "*ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် ငါတို့၏ ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့်မိဿဟာယဖွဲ့စေတော်မူ၏။ . . . အဘယ်ကြောင့် နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည့်အကြောင်းတည်း*"ဟု ကျွန်ုပ်တို့ ဖတ်ရသည်။ ခရစ်တော်သည် မိမိကိုယ်တိုင် ၌အပြစ်မရှိသော်လည်း လူသားတို့၏ ကိုယ်စားပြုသူအဖြစ် လောက၏အပြစ်ကို ဆောင်ယူသောအခါ ဘုရားသခင်သည် လောက၏အပြစ်များကို သူ့အပြစ်များအဖြစ်မှတ်ယူလိုက်ကြောင်း ပြောပြနေခြင်းဖြစ် သည်။ လူသားတို့၏အပြစ်အတွက် တရားမှန်ကန်စွာပြစ်ဒဏ်ပေးခြင်းကို ခရစ်တော်က ခံယူလိုက်သောအခါ လူတို့သည် အတားအဆီးမရှိ ဘုရားသခင်ထံတော် သို့ပြန်လှည့် လာနိုင်ကြပြီဖြစ်သည်။ ဖြောင့်မှန်မှုသည် လောက၏အပြစ်ကို လူတို့အပေါ်ထပ် တင်ရန် ဘုရားသခင်ကို မဖြစ်မနေတောင်းဆို၍မရတော့ပေ။ အားလုံးတို့သည် ခရစ်တော်အားဖြင့် ဘုရားသခင်ထံတော်သို့လာ၍ ဘုရားသခင်နှင့်ပြန်လည်သင့်မြတ် နိုင်ကြကာ ဘုရားသခင်နှင့်အစဉ်အမြဲငြိမ်းချမ်းရေးရနိုင်ပြီဖြစ်သည်။ လူသည် ဘုရား သခင်နှင့် မိမိကိုယ်ပိုင်ငြိမ်းချမ်းရေး လုပ်စရာမလိုပေ။ ခရစ်တော်သည် သူ့အတွက်

ငြိမ်းချမ်းရေးလုပ်ပေးပြီးပြီဖြစ်သည်။ လူသားအားလုံးလုပ်ရမည့်အလုပ်မှာ ခရစ်တော် လုပ်ပေးထားသော ပြန်လည်သင့်မြတ်ခြင်းနှင့်ငြိမ်းချမ်းရေးကို လက်ခံရန်သာဖြစ်သည်။ ထို့ကြောင့် သူသည် ဘုရားသခင်ထံတော်သို့လာ၍ သူ့ကို ခရစ်တော်ကဲ့သို့လက်ခံ ကြောင်းတွေ့ရှိကာ သမ္မာကျမ်းစာကဖေါ်ပြသလိုဖေါ်ပြရလျှင် ခရစ်တော်သည် ဘုရား သခင်နှင့်အပြည့်အဝ မှန်ကန်သင့်မြတ်သကဲ့သို့ သူသည်လည်း ဘုရားသခင်နှင့် မှန်ကန်သူအဖြစ်သတ်မှတ်ခံရ (“*ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်*”) ကြောင်း သူတွေ့ရှိရသည်။

ထိုသို့ဆိုလျှင် နေရာတိုင်းတွင် လူသားအားလုံး၊ ဘုရားသခင်ကို လျစ်လျူ ရှုလျက် အပြစ်များစွာပြုနေလျှင်ပင် သို့မဟုတ် ဘုရားမဲ့ဝါဒီဟုတ်သည်ဖြစ်စေ၊ မဟုတ် သည်ဖြစ်စေ၊ အားလုံးကယ်တင်ခြင်းခံရသည်ဟုဆိုလိုခြင်း ဖြစ်ပါသလား။ မဟုတ်ပါ။ လုံးဝမဟုတ်ပါ။ ခရစ်တော်သည် လူသားအားလုံးအတွက် ဘုရားသခင်နှင့်ပြန်လည် သင့်မြတ်ခြင်းကိုပြုပေးထားသည်မှန်ပါသည်။ သို့သော် ကျန်ရှိသေးသည့်မေးခွန်းမှာ ကျွန်ုပ်တို့ဘက်မှ ငြိမ်းချမ်းရေးကိုလက်ခံမည်လား၊ ငြင်းပယ်မည်လားဆိုသည့်မေးခွန်း ဖြစ်သည်။ စစ်ဖြစ်နေသောနှစ်ဖက်နိုင်ငံများမှခေါင်းဆောင်များ အတိုက်အခိုက် ရပ်စဲရေးအတွက်တွေ့ဆုံကာ ငြိမ်းချမ်းရေးစာချုပ်လက်မှတ်ထိုးထားကြသော်လည်း တစ်ဖက်နိုင်ငံများမှ နိုင်ငံတစ်နိုင်ငံ သည် ခွဲထွက်သွားကာ ငြိမ်းချမ်းရေးကိုလက်ခံရန် ငြင်းဆိုသည့်အဖြစ်မျိုး သမိုင်းတွင်တစ်ခါတစ်ရံဖြစ်ပျက်တတ်သည်။ ထိုနိုင်ငံသည် တစ်ဖက်နိုင်ငံများကို ရန်သူအဖြစ်သတ်မှတ်ကာ ငြိမ်းချမ်းရေးလက်ခံသည့် မိမိတိုင်းပြည် ကိုပင် သစ္စာဖေါက်ဟုသတ်မှတ်တတ်သည်။ ထို့နောက် ဆက်လက်တိုက်ခိုက်ခဲ့သည်။

ကျွန်ုပ်တို့နှင့် ဘုရားသခင်လည်း ထိုနည်းတူဖြစ်သည်။ ခရစ်တော် လုပ် ဆောင်ပေးသောငြိမ်းချမ်းရေးကို လက်ခံသောသူတို့ကို ဓမ္မသစ်ကျမ်းက “ငြိမ်သက် ခြင်းကိုခံစား”ကြသည်ဟု ပြောထားသည် (ရော ၅း၁)။ သူတို့သည် ဘုရားသခင်နှင့် ထာဝရငြိမ်းချမ်းရေးထဲသို့ ဝင်ရောက်ကြသည်။ သို့သော် လူတို့အတွက် ပြန်လည် သင့်မြတ်ခြင်းကိုငြင်းပယ်လျက် မိမိတို့ဖန်ဆင်းရှင်အပေါ် ဆက်လက်ရန်ပြုနေရန် လည်း ဖြစ်နိုင်ပါသေးသည်။ သေချာသည်မှာ ဖန်ဆင်းခံဖက်မှ ထိုသို့ပြုခြင်းသည် ဒုက္ခအခက်အခဲဖက်သို့ဦးတည်နေခြင်းပင်ဖြစ်သည်။

ခရစ်တော်ဆောင်ရွက်ပေးသောငြိမ်းချမ်းရေးထဲမှ အခြားအကျိုးကျေးဇူး နှစ်ရပ်ကို ရရှိသည်။ ပထမအကျိုးကျေးဇူးမှာ- ခရစ်တော်အားဖြင့် ဘုရားသခင်နှင့်

တစ်ဦးချင်းပြန်လည်သင့်မြတ်သောသူတို့သည် သူတို့ကဲ့သို့ပင် ခရစ်တော်အားဖြင့် ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်သောအခြားသူတို့နှင့်လည်း ငြိမ်းချမ်းရေးရရှိကြသည့် အကျိုးကျေးဇူးဖြစ်သည်။

*. . သာသနာပလူတို့အထဲ၌ သင်တို့သည် အထက်က ပကတိဖြစ်ကြသည်ကို၎င်း၊ ထိုအခါ သင်တို့သည် ခရစ်တော်ကိုမသိ၊ ဣသရေလအပေါင်းအသင်း၌ မဝင်၊ . . . လောက၌ ဘုရားမဲ့နေကြသည်ကို၎င်း အောက်မေ့ကြလော့။ . . . ယခုမှာ ယေရှုခရစ်၌ဖြစ်၍ အသွေးတော်အားဖြင့် အနီးသို့ရောက်ကြပြီ။ အဘယ်သို့နည်းဟူမူကား၊ ထိုသခင်သည် ငါတို့၏ရန်ငြိမ်းခြင်းအကြောင်းဖြစ်တော်မူ၏။ ဝိနည်းအထုံးအဖွဲ့နှင့် စပ်ဆိုင်သော ပညတ်တရားတည်းဟူသော ရန်ငြိုးဖွဲ့ခြင်း၏အကြောင်းကို ကိုယ်ခန္ဓာတော်တွင် ပယ်ရှင်းတော်မူသဖြင့် ပိုင်းခြားလျက်ရှိသော စပ်ကြားအုတ်တံတိုင်းနံရံကိုဖြိုဖျက်၍ လူမျိုးနှစ်စုတို့ကို တစုတည်း ဖြစ်စေတော်မူ၏။ အကြောင်းမူကား ရန်ကိုငြိမ်းစေပြီးလျှင် ကိုယ်တော်၌ ထိုလူနှစ်စုတို့ကို လူသစ်တစ်ဦး၊ တကိုယ်တည်းဖြစ်စေခြင်းငှာပြင်ဆင်၍ တလုံးတဝတည်းဖြစ်ပြီးသော ထိုလူနှစ်စုတို့ကို လက်ဝါးကပ်တိုင်တော်အားဖြင့် ရန်ကိုသတ်ဖြတ်လျက် ဘုရားသခင်နှင့်မိဿဟာယဖွဲ့စေမည့် အကြောင်းတည်း။ ထိုခရစ်တော်သည်လည်း ကြွလာ၍ ဝေးလျက်ရှိသော သင်တို့အား၎င်း၊ နီးလျက်ရှိ သောငါတို့အား၎င်း ရန်ငြိမ်းခြင်းတရားတည်းဟူသော ဧဝံဂေလိတရားကိုဟောတော်မူ၏။ ထိုသို့ခရစ်တော်အားဖြင့် ငါတို့နှစ်ဦးသည် စိတ်ဝိညာဉ်တလုံး တဝတည်းဖြစ်၍ ခမည်းတော်ထံသို့ တိုးဝင်ရမည့်အခွင့်ကိုရကြပြီ။* (ဧဖက် ၂း၁၁-၁၈)

ဂျူးများနှင့် ဂျူးမဟုတ်သူများကြား၌ နှစ်ပေါင်းများစွာကြာမြင့်ပြီဖြစ်သော မလိုမုန်းထားမှုသည် ခရစ်တော် အားဖြင့်အဆုံးသတ်သွားခဲ့ပုံကို ဤကျမ်းပိုဒ်ကဖော်ပြနေသည်။ သို့သော် လူ့အမျိုးအနွယ်တွင် နက်ရှိုင်းသောကွဲပြားမှုများကိုဖြစ်စေသည့် လူမျိုးရေးခွဲခြားမှုများ၊ အမျိုးသားရေးဝါဒများ၊ လူမှုအဆင့်အတန်းများနှင့် ဘာသာရေးခွဲခြားမှုများ အားလုံးတို့၌လည်း ထိုနည်းတူပင် အကျိုးသက်ရောက်မှုရှိပါသည်။ လူ့သမိုင်းတွင် မိမိကိုယ်ကို ခရစ်ယာန်ဟုမှည့်ခေါ် နေကြသည်လူမျိုးများ၊ နိုင်ငံများက သူတို့ကဲ့သို့ မိမိကိုယ်ကိုခရစ်ယာန်ဟုဆိုနေသူတို့ကို ညှင်းဆဲနှိပ်စက်၍

တိုက်ခိုက်နေကြသည့်အဖြစ်များလည်း အကြောင်းမလှစွာဖြင့် မကြာခဏတွေ့နေရပါသည် (မတ်စ်ဝါဒကိုကိုင်စွဲထားသည်ဟု ဝန်ခံနေသည့် တိုင်းပြည်များက မတ်စ်ဝါဒကို လက်ကိုင်ထားသည်ထားပါသည်ဆိုသည့် အခြားတိုင်းပြည်များကို တစ်ခါတစ်ရံ တိုက်ခိုက်သည့်အဖြစ်မျိုးကဲ့သို့ပင်ဖြစ်သည်)။ သို့သော် ထိုသို့သောအပြုအမူက ထိုသူတို့သည် ဘုရားသခင်နှင့် အမှန်ပင်ပြန်လည်သင့်မြတ်ခဲ့ကြပါရဲ့လားဟု သံသယဖြစ်စရာဖြစ်နေသည်။ ၎င်းက သူတို့သည် ဓမ္မသစ်ကျမ်းက "*ဘုရားသခင်၏ကျေးဇူးတော်ကို အကျိုးမဲ့. . . ခံ*"သည်(၂ကော ၆း၁) ဟုပြောသလိုမျိုး ခရစ်ယာန်ဖြစ်သည်ဟု သာမန်အပေါ်ယံဝန်ခံနေကြခြင်းဖြစ်လိမ့်ဟု စဉ်းစားစရာဖြစ်စေသည်။

အလွန်ကြီးမားသည့် ဒုတိယအကျိုးကျေးဇူးမှာ- တစ်နေ့သောအခါ ဘုရားသခင်သည် အသိတရားရှိသော စကြဝဠာတစ်ခုလုံးနှင့် မိမိကိုယ်ကို ပြန်လည်သင့်မြတ်စေလိမ့်မည်ဆိုသည့်အချက်ဖြစ်သည် (စာမျက်နှာ ၂၁ တွင် ကိုးကားထားသည့် ကော ၁း၂၀ ကိုကြည့်ပါ)။ တစ်ဖန် ဤအချက်သည်လည်း စာတန်မာရ်နတ်အပါအဝင် စကြဝဠာထဲမှရှိသမျှသည် ဘုရားသခင်၏မိတ်ဆွေများဖြစ်လာကြလိမ့်မည်ဟု မဆိုလိုပါ။ အကြောင်းမှာ ဘုရားသခင်သည် ပုန်ကန်သူများကို သန့်ရှင်းသူများဖြစ်စေရန်အတွက်ပင် မည်သူ၏ စိတ်ကြိုက်သဘောအလျောက် ရွေးချယ်ခြင်းကိုမျှ ဖယ်ရှားရန်အလိုတော်မရှိပေ။ သို့သော် အခြေအနေကမူ ဤသို့ရှိပါသည်- ဘုရားသခင်သည် ထာဝရစောင့်နေမည်တော့မဟုတ်ပါ။ တစ်နေ့သောအခါ ဘုရားသခင်သည် ကမ္ဘာနှင့်စကြာဝဠာကို ပြန်လည်တည်ဆောက်ပြုပြင်မည်ဖြစ်သည်။ ၎င်းကဆိုလိုသည်မှာ ဘုရားသခင်သည် သူ့ကိုဆက်လက် ပုန်ကန်သူအားလုံးကို အားအင်သုံးလျက် ထိန်းချုပ်ရလိမ့်မည်ဟူ၍ဖြစ်သည်။ သို့သော် ဘုရားသခင်ထိုသို့ပြုသည့်အခါ သူ့ကိုမည်သူမျှ ကန့်ကွက်နိုင်မည်မဟုတ်။ ခရစ်တော်၏လက်ဝါးကပ်တိုင်သည် ကန့်ကွက်မှုအားလုံးကို တိတ်ဆိတ်စေမည်ဖြစ်သည်။ ခရစ်တော်ပေးသောအဖိုးအခ၌ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် လူတိုင်းကယ်တင်ခြင်းခံရနိုင်သည်။ ပျက်စီးသွားသောသူတို့ပင်လျှင် ၎င်းအတွက် ကိုယ်ကျင့်တရားအကြောင်းပြချက်ဖြင့် ဘုရားသခင်ကို ဝေဖန်နိုင်ကြလိမ့်မည်မဟုတ်ပေ။ စကြဝဠာတစ်ခုလုံးကို လုံးလုံးစစ်မက်ငြိမ်းအေးစေတော်မူလိမ့်မည်ဖြစ်သည် (ဗျာ ၅း၁၁-၁၄)။

# ၅
# ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခြင်း
## *အကြောင်းကိစ္စတို့ကို ဥပဒေနှင့်အညီမှန်ကန်စေခြင်း*

ကျွန်ုပ်တို့အတွက် ဘုရားသခင်ပြင်ဆင်ထားတော်မူသည့်အရာကိုဖော်ပြရန်အတွက် ဓမ္မသစ်ကျမ်းကအသုံးပြုသည့်အခြားဝေါဟာရနှစ်ခုမှာ *ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုသည်*နှင့် *ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခြင်း*တို့ ဖြစ်သည်။ ၎င်းတို့သည် တရားဥပဒေဝေါဟာရများဖြစ်သည်။ ဤအချက်ကြောင့် အချို့လူတို့စိတ်မကောင်းဖြစ်တတ်ကြသည်။ ဘုရားသခင်ရှိသည်ဆိုလျှင် သူသည် သားသမီးများကိုချစ်လျက် ယေရှု၏ထင်ရှားသည့်ပျောက်သောသား ပုံဥပမာထဲကသားအပေါ်သူ့ဖခင်ပြုသကဲ့သို့ (လု ၁၅) အမှားပြုမိသော သားသမီးများကို ပြန်လည်ကြိုဆိုရန်ပြင်ဆင်ထားသင့်သည်ဟု သူတို့စောဒကတက်ကြသည်။ ထိုပုံဥပမာထဲက ဖခင်သည် တရားသူကြီးတစ်ဦးကဲ့သို့ပြုမူလျက် နောင်တနှင့်ပြန်လာသောသားကို တရားရုံးသို့ခေါ်သွားခြင်းမရှိခဲ့သကဲ့သို့ ဘုရားသခင်လည်းပြုတော်မူလိမ့်မည်ဟု ဤဝေဖန်ရေးသမားများကဆိုကြသည်။

သို့သော် ဤသို့ဆိုခြင်းသည် အပေါ်ယံစဉ်းစားမှုတစ်ခုဖြစ်သည်။ ထိုပုံဥပမာထဲမှာပင် ဖခင်သည် ပျောက်သောသားကို ခွင့်လွှတ်လျက် သားအရာ၌ပြန်လည်လက်ခံသော်လည်း သူ့အစ်ကို၏အမွေများကို တစ်ဝက်ပြန်ယူကာ ပျောက်သောသားဖြုန်းတီးခဲ့သည့် သူ့အမွေများအတွက် ပြန်ပေးခြင်းမျိုးမပြုခဲ့ပါ။ ထိုသို့ပြုလျှင် အလွန်မတရားမှုဖြစ်နေပေလိမ့်မည်။ ဘုရားသခင်၏ခွင့်လွှတ်တော်မူခြင်းတွင်လည်း တရားမျှတမှုကို မိမိအတွက်သော်လည်းကောင်း၊ အခြားသူအတွက်သော်လည်းကောင်း မည်သည့်အခါမျှမထိခိုက်စေပါ။

သင့်သမီးသည် ဘဏ်၌အလုပ်လုပ်သည်ဆိုကြပါစို့။ ဓားပြတစ်ဦးသည် ဘဏ်ထဲသို့ဝင်၍ သူမကိုပစ်သတ်ကာ ငွေအမြောက်အများလုယူသွားသဖြင့်

တရားသူကြီးတစ်ဦးသည် ထိုအမှုကိုတရားစီရင်ရသည့်အခါ "ဒီလူက ရာဇဝတ်မှု ကျူးလွန်ခဲ့တာမှန်ပေမဲ့၊ သူက ကျွန်တော့်သားပါ။ သူ့ကို ကျွန်တော်ချစ်ပါတယ်။ သူက လည်း ဝမ်းနည်းပါတယ်လို့ တောင်းပန်ပါတယ်။ ဒါကြောင့် သူ့ကိုထောင်မသွင်း၊ အပြစ် မပေးဘဲ ကျွန်တော်ခွင့်လွှတ်မှာဖြစ်ပါတယ်"ဟု ထိုတရားသူကြီးပြောခဲ့လျှင် သင်မည် သို့ထင်မြင်ပါမည်နည်း။ ထိုကဲ့သို့သော ခွင့်လွှတ်ခြင်းသည် သင့်နှင့်သင့်သမီးအပေါ် ဆိုးဝါးသည့်မတရားမှုဖြစ်လျက် တရားမျှတမှုနှင့် ယဉ်ကျေးသည့်လူ့အသိုင်းအဝိုင်းတို့ ကိုလည်း စျေးလျှော့လိုက်သည့် ခွင့်လွှတ်ခြင်းမျိုးဖြစ်နေသည်ဟု သင်ပြန်မပြောဘဲ နေမည်လား။ ပျောက်သောသားပုံဥပမာက သင်ကြားပေးသည့်အချက်သည် မှန်ကန် ပါသည်။ ဘုရားသခင်သည် မိမိ၏သားသမီးများကို ခွင့်လွှတ်ရန်ပြင်ဆင်ထားပါသည်။ သို့သော် ၎င်းသည် သမ္မာတရား၏တစ်ဘက်တည်းသာဖြစ်သည်။ အခြားတစ်ဘက်မှာ ဘုရားသခင်၏ခွင့်လွှတ်တော်မူခြင်းသည် တစ်လောကလုံး၏တရားမျှတမှုနှင့်ကိုက်ညီ၍ ထိုသို့ကိုက်ညီကြောင်းလည်း ထင်ရှားရမည်ဖြစ်သည်။

'ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုသည်'ဆိုသည့်ကြိယာတွင် အခြေခံ ဂယက်အနက်နှစ်မျိုးရှိကြောင်း ယခုကျွန်ုပ်တို့တွေ့ရမည်ဖြစ်သည်။

၁။ တစ်စုံတစ်ယောက်ကို ဖြောင့်မတ်သည်ဟု ကြော်ငြာရန်

၂။ တစ်စုံတစ်ယောက် သို့မဟုတ် တစ်စုံတစ်ခုကို ဖြောင့်မတ်ကြောင်း လက်တွေ့ပြသရန်။

တစ်စုံတစ်ဦးကို *ဖြောင့်မတ်အောင်လုပ်ပေးခြင်းမဟုတ်ပါ။* "*လူအပေါင်း တို့သည် . . . ဘုရားသခင်ကို ချီးမွမ်း၍ . . .*"ဟုဖော်ပြထားသော (လု ၇း၂၉)၏ မူရင်းကိုကြည့်လျှင် "လူအပေါင်းတို့သည် . . . ဘုရားသခင်ဖြောင့်မတ်တော်မူသည် ဟုဝန်ခံကြ၍ . . "ဟုလည်း ဘာသာပြန်ဆိုနိုင်ပါသည်။ ဘုရားသခင်သည် အပြည့် အဝဖြောင့်မတ်တော်မူသည်။ ထိုသို့ဖြောင့်မတ်တော်မူခြင်းကို လူတို့ကဝန်ခံခြင်း၊ အသိအမှတ်ပြုကြော်ငြာခြင်းကို ဆိုလိုသည်။

သို့သော် ယခု အစမှအစပြုကြပါစို့။ သမ္မာကျမ်းစာခေတ်လူတို့နှင့်ဆိုင်သည့် တရားမျှတမှုအတွက် ဤစကား လုံးအသုံးပြုပုံ နမူနာတစ်ခုကိုဖော်ပြပါမည်။

*လူချင်းအမှုရှိ၍ မင်းထံ၌အစီရင်ခံလျက်၊ မင်းရှေ့မှာတရားတွေ့ကြသောအခါ ဖြောင့်မတ်သောသူကိုအပြစ်လွှတ်*(မူရင်းကျမ်းအရ-ဖြောင့်မတ်သည်ဟုအသိ

*အမှတ်ပြု)စေခြင်းငှာငှင်း၊ ဆိုးသောသူကို အရှုံးခံစေခြင်းငှာငှင်း စီရင်ရမည်။* (တရား ၂၅း၁)

*"ဖြောင့်မတ်သောသူကို ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုစေခြင်းငှာငှင်း၊ ဆိုးသောသူကို အရှုံးခံစေခြင်း"* ဆိုသည့် စကားစုမှာ ဘာမှမရှုပ်ထွေးပါ။ *"ဆိုးသော သူကို အရှုံးခံစေ"* ဟုဆိုခြင်းမှာ "သူ့ကို ဆိုးသောသူဖြစ်စေရန်"ဟု မဆိုလိုဘဲ "သူ့ကို ဆိုးသောသူအဖြစ်ကြေငြာရန်"ဖြစ်သည်။ ထိုနည်းတူ *"ဖြောင့်မတ်သောသူကို ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုစေ. . ."*ဟုဆိုရာတွင်လည်း ဖြောင့်မတ်သော သူကို ဖြောင့်မတ်ကြောင်းကြေငြာခြင်းကိုဆိုလိုသည်။

သို့သော် အကြောင်းမသင့်၍ တစ်ခါတစ်ရံတွင် လူတို့၏တရားရုံးများတွင် ပြစ်မှုအမှန်ကျူးလွန်သောသူက မမှန်သောအဆုံးအဖြတ်ပေးရန် တရားသူကြီးနှင့် တရားစီရင်သောအဖွဲ့ကိုလာဘ်ထိုးနိုင်သည့်အခါ ထိုသို့ဖြစ်တတ်သည်။ ဤသို့ပြောင်းပြန် ဖြစ်သောတရားစီရင်မှုကို သမ္မာကျမ်းစာက ထင်ထင်ရှားရှားပြစ်တင်ထားသည်။

*"မတရားသောသူတို့ကို အပြစ်မှလွတ်သောသူနှင့်၊ ဖြောင့်မတ်သောသူတို့ကို အပြစ်စီရင်သောသူနှစ်ယောက်လုံးတို့ကို ထာဝရဘုရား စက်ဆုပ်ရွံရှာ တော်မူ၏"*(သု ၁၇း၁၅)။

စိတ်ထဲတွင် ထိုအကြောင်းတွေးရင် အောက်ပါကျမ်းပိုဒ်ကိုဖတ်ကြည့်ပါ။ အံ့ဩစရာအချို့ပါသည်ကို တွေ့ရမည်ဖြစ်သည်။

*"ကိုယ်ကုသိုလ်ကို အမှီပြု၍ သူတပါးကို မထီမဲ့မြင်ပြုတတ်သောသူအချို့ တို့အား မိန့်တော်မူသောဥပမာကား၊ လူနှစ်ယောက်တို့သည် ဆုတောင်း ပဌာနာပြုခြင်းငှာ ဗိမာန်တော်ပေါ်သို့ တက်ကြ၏။ တယောက်ကား ဖာရိရှဲ ဖြစ်၏။ တယောက်ကား အခွန်ခံဖြစ်၏။ ဖာရိရှဲသည် တယောက်တည်း ရပ်လျက်၊ အိုဘုရားသခင်၊ သူတပါးတို့သည် အနိုင်အထက်လုယူခြင်း၊ မတရား သဖြင့်ကျင့်ခြင်း၊ သူ့မယားကိုပြစ်မှားခြင်းအပြစ်ရှိသကဲ့သို့ အကျွန်ုပ်၌ မရှိသည်သာမက၊ ဤအခွန်ခံကဲ့သို့ပင် မဟုတ်သောကြောင့် ကျေးဇူးတော်ကြီး လှပေ၏။ အကျွန်ုပ်သည် ခုနစ်ရက်တွင် နှစ်ရက်အစာရှောင်ပါ၏။ ဥစ္စာရှိသမျှ တို့ကို ဆယ်ဘို့တစ်ဘို့လှူပါ၏ဟူ၍ ဆုတောင်းပဌနာပြု၏။ အခွန်ခံမူကား၊*

*အဝေးကရပ်၍ ကောင်းကင်သို့မမျှော် မကြည့်ဝံ့ဘဲ ရင်ပတ်ကိုခတ်လျက်၊ အို ဘုရားသခင်၊ အပြစ်များသော အကျွန်ုပ်ကို သနားခြင်းကရုဏာစိတ်ရှိတော်မူပါဟု ဆုတောင်းလေ၏။ ငါဆိုသည်ကား၊ ထိုသူသည် အပြစ်ပြေလျက်* (မူရင်းကျမ်းအရ "ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခံရလျက်") *မိမိအိမ်သို့ ပြန်သွား၏။ ဖာရိရှဲမူကား အပြစ်မပြေ။ အကြောင်းမူကား၊ ကိုယ်ကိုကိုယ် ချီးမြှောက်သောသူမည်သည်ကား၊ နှိမ့်ချခြင်းသို့ရောက်လတံ့။ ကိုယ်ကိုကိုယ် နှိမ့်ချသောသူမည်သည်ကား၊ ချီးမြှောက်ခြင်းသို့ရောက်လတံ့ဟု မိန့်တော်မူ၏"* (လု ၁၈း ၉-၁၄)။

၁။ ပထမဆုံးမှတ်သားရမည့်အချက်မှာ ဤနေရာတွင် ယေရှုသုံးသည့် ဝေါဟာရမှာ 'ဖြောင့်မတ်သည်ဟု အသိအမှတ်ပြုသည်'ဟူသောဝေါဟာရ ဖြစ်သည်။ အခွန်ခံသည် ဖြောင့်မတ်သည်ဟု အသိအမှတ်ပြုခံရလျက် အိမ်သို့ ပြန်သွားခဲ့သည်။ စိတ်ဝင်စားစရာကောင်းကောင်းသောအချက်ဖြစ်သည်။ ဖာရိရှဲနှင့်အခွန်ခံတို့သည် လောကတရားသူ ကြီးရှိရာ လောကတရားရုံးသို့သွားခဲ့ကြသည်မဟုတ်။ သူတို့သည် ဆုတောင်းရန် ဗိမာန်တော်သို့သွားခဲ့ကြခြင်းဖြစ်သည်။ သို့သော် သူတို့သည် ဘုရားသခင် ရှေ့တော်တွင်ရပ်လျက် မိမိတို့အသက်တာကို ပြန်သုံးသပ်ခဲ့ကြသည်။ ဘုရားသခင်သည် သူတို့၏တရားသူကြီးအဖြစ် သူတို့အပေါ်အဆုံးအဖြတ်ပေးတော်မူခဲ့သည်။

၂။ ဒုတိယသတိပြုမှတ်သားရမည့်အချက်မှာ လူနှစ်ဦးထဲမှတစ်ဦးသည် 'ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခံရလျက် အိမ်သို့ပြန်သွားခဲ့သည်။ ဤသူကို ဘုရားသခင်၏တရားစီခြင်း၌ဖြောင့်မတ်သည်ဟု စီရင်သောသူမှာ ဘုရားသခင်ပင်ဖြစ်သည်။

၃။ တတိယသတိပြုမှတ်သားရမည့်အချက်မှာ တစ်ဦးသည် ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခံရပြီး အခြားတစ်ဦးသည် ထိုသို့မခံခဲ့ရပေ။ ဤအချက်သည် မယုံနိုင်စရာဖြစ်နေသည်။ အခွန်ခံသည် သူကိုယ်တိုင်၏ဝန်ခံချက်အရလည်း အပြစ်သားတစ်ဦးဖြစ်သည်။ သူ့အချိန်က လူအများစုအတွက်အပြစ်၏စက်ဆုပ်ဖွယ်ကောင်းသည့် ပုံစံတစ်ခုဖြစ်သည့် လိမ်လည်လှည့်ဖြားကာ ရောမအင်ပါယာအတွက် အခွန်ကောက်ပေးသည့်အလုပ်ကို အပြစ်ဟုသတ်မှတ်ကြသည်။ သို့သော် သူသည် ဖြောင့်မတ်သည်ဟု ဘုရားသခင်၏အသိအမှတ်ပြုခြင်းခံရသောသူဖြစ်နေသည်။ အခြားတစ်ဘက်တွင် ဖာရိရှဲသည် ဘာသာရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ လူကောင်းဖြစ်အောင် ကြိုးစားနေထိုင်သူဖြစ်သည်။ သူသည် မတရားမလုပ်၊ တရားနှင့်မညီသောမေထုန်ကို

လည်း မမှီဝဲ၊ တစ်ပတ်လျှင် နှစ်ကြိမ်အစာရှောင်သူ၊ အခြားသူများအသုံးပြုနိုင်ရန် ဘုရားသခင်အားဆယ်ဖို့တစ်ဖို့လှူသောသူဖြစ်သည်။ သို့သော် ဘုရားသခင်က သူ့ကို ဖြောင့်မတ်သည်ဟုအသိအမှတ်မပြုခဲ့ပေ။

ပထမမြင်ကွင်းသည် မယုံနိုင်စရာဖြစ်သည်သာမက ချောက်ချားစရာလည်း ဖြစ်သည်။ သမ္မာကျမ်းစာကိုယ်တိုင်က လောကီတရားရုံးများတွင် အပြစ်ရှိသူကို ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုလျက် ဖြောင့်မတ်သူကိုအပြစ်ရှိသည်ဟုစီရင်ခြင်း မပြုရန် တားမြစ်ထားသည်ကို ကျွန်ုပ်တို့တွေ့ခဲ့ရသည်။ ထိုသို့ဆိုလျှင် ဘုရားသခင် တရားစီရင်ရာသို့ လူနှစ်ဦးရောက်လာသည့်အခါ မကောင်းသောလူဖြစ်သည့် အခွန်ခံကို ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုပြီး လူကောင်းတစ်ဦးဖြစ်သည့်ဖာရိရှဲကို ဖြောင့်မတ်သည်ဟု အဘယ်ကြောင့်အသိအမှတ်မပြုရသနည်း။ ဤမေးခွန်းအတွက် အဖြေတချို့ကို အောက်ပါအခြေခံအချက်များတွင်တွေ့နိုင်ပါသည်။

**၁။ ဘုရားသခင်ပေးသောပညတ်၏စံနှုန်းသည် အကြွင်းမဲ့ဖြစ်သည်။** ဘုရားသခင်၏စံနှုန်းသည် ကျွန်ုပ်တို့၏စံနှုန်းနှင့်မတူပါ။ ကျောင်းသားတစ်ဦး စာမေးပွဲ ဖြေသည့်အခါ အမှတ် ၁၀၀ ထဲမှ ၇၀ ရလျှင် ၁၀၀ ထဲမှ ၃၀ မှတ်ဖိုးမရသော်လည်း စာမေးပွဲအောင်မည်ဖြစ်သည်။ သို့သော် ဘုရားသခင်၏ပညတ်မှာ ထိုသို့မဟုတ်ပေ။ အမြဲတမ်း ၁၀၀ ရရမည်ဖြစ်သည်။ ကျွန်ုပ်တို့ထဲမှ မည်သူမျှထိုသို့မရနိုင်ပါ။ အချို့တို့သည် အခြားသူတို့ထက်ပိုကောင်းနိုင်ပါသည်။ သို့သော် ဘုရား သခင်သည် မှန်ကန်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အမှန်ထက် ပိုကောင်းနေသလိုမျိုး ဘုရားရှေ့၌ မဟန်ဆောင်နိုင်ပါ။ ဘုရားသခင်၏အဆုံးအဖြတ်မှာ "*လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင်ရှေ့တော်၌အသရေ* (၎င်းသည် ပြည့်စုံသောစံနှုန်း ဖြစ်သည်) *ပျက်ကြပြီ*"(ရော ၃း၂၃)။

**၂။ ဘုရားသခင်၏ပညတ်သည် ပြည့်စုံသည်။** ပညတ်ချက်တစ်ခုကို ချိုးဖောက်လျှင် ပညတ်ချက်အားလုံးကို ချိုးဖောက်ရာကျသည်ဟု သမ္မာကျမ်းစာက ဆိုထားပါသည် (ယာ ၂း၁၀)။ ပထမတွင် ၎င်းသည် မမျှတသလိုဖြစ်နိုင်ပါသည်။ သို့သော် ဘုရားသခင်၏ပညတ်သည် တစ်ခုကိုချိုးဖောက်လျှင်လည်း ကျန်သောအပိုင်း ကို မထိခိုက်သည့် အဆက်အစပ်မရှိသောပညတ်မျိုးမဟုတ်ပါ။ ဘုရားသခင်၏ ပညတ်သည် တစ်ခုလုံးကိုပေါင်းစည်းထားသောပညတ်ဖြစ်သည်။ ၎င်း၏ရည်ရွယ် ချက်နှင့်တောင်းဆိုချက်မှာ ပြည့်စုံခြင်းဖြစ်သည်။ ကျန်သောအပိုင်းအားလုံးကို

စောင့်ရှောက်လျှင်လည်း တစ်ခုကိုချိုးဖောက်လျှင် ပြည့်စုံမှုမရှိတော့ပေ။ ကျောက်ဆူးသံကြိုးမှ သံကွင်းတစ်ကွင်းပြုတ်သွားလျှင် သင်္ဘောသည် ရေထဲမျောပါသွားမည်ဖြစ်သည်။ ဂဏန်းသင်္ချာပေါင်းသည့်အခါ ဂဏန်းများစွာထဲမှ တစ်ခုကိုကျော်သွားမိပါက အဖြေမှားသွားမည်ဖြစ်သည်။ ကျွန်ုပ်တို့ထဲမှ အကောင်းဆုံးလူပင်လျှင် ဘုရားသခင်၏ ပညတ်ကို တစ်ခုထက်မကချိုးဖောက်ခဲ့ကြဖူးသည်။

**၃။ ထို့ကြောင့် ဘုရားသခင်၏ပညတ်က ကျွန်ုပ်တို့အားလုံးအပြစ်ရှိသည်ဟု ထောက်ပြနေသည်။** ကျွန်ုပ်တို့သည် ဖာရိရှဲကဲ့သို့ ကောင်းသောအရာများလုပ်နေသည်ဖြစ်စေ၊ အခွန်ခံကဲ့သို့ ဆိုးသောအရာများလုပ်နေသည်ဖြစ်စေ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်၏ပညတ်ကို ချိုးဖောက်သူများသာဖြစ်ကြသည်။ သမ္မာကျမ်းစာက "*ပညတ်တရား၌ ပါသမျှသောစကားတို့သည် ပညတ်တရားကိုခံသောသူတို့နှင့် စပ်ဆိုင်သည်ကို ငါတို့သိကြ၏။ ထိုသို့ဖြစ်၍၊ လောကီသားအပေါင်းတို့သည် စကားတခွန်းကိုမျှ မပြောနိုင်ဘဲ ဘုရားသခင့်ရှေ့တော်၌ အပြစ်သင့်သောသူဖြစ်ကြ၏*" (ရော ၃း၁၉)ဟု ပြောထားသည်။

## ကျွန်ုပ်တို့ပြဿနာတစ်ဝက်အတွက်အဖြေ

ယခု ကျွန်ုပ်တို့ပြဿနာ၏အနည်းဆုံးတစ်ဝက်အတွက် အဖြေကိုကြည့်ကြမည်ဖြစ်သည်။ ဖာရိရှဲသည် အဘယ်ကြောင့် ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခြင်းမခံရသနည်း။ အဘယ်ကြောင့်ဆိုသည် သူသည် ဘုရားသခင်ထံတော်သို့လာသောအခါ မိမိ၏ကောင်းမှုကုသိုလ်များ၊ ဘုရားသခင်၏ပညတ်တော်ကိုလိုက်ရှောက်ရန်သူ၏ကြိုးစားမှုများကိုရွတ်ပြပြီး ဘုရားသခင်သည် ထိုအရာများအားဖြင့် သူ့ကိုဖြောင့်မတ်သည်ဟုအသိအမှတ်ပြုလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ သို့သော် ထိုသို့မဖြစ်နိုင်ခဲ့ပါ။ သူ၏ကြိုးစားမှုသည် ကောင်းသော်လည်း သူသည် အပြစ်ကျူးလွန်မှားယွင်းနေဆဲဖြစ်ကာ ဘုရားသခင်၏ပညတ်ကိုချိုးဖောက်ခဲ့သည်။ ထို့ကြောင့် သူသည် အပြစ်ဒဏ်နှင့်ထိုက်တန်ခဲ့သည်။ တစ်နည်းအားဖြင့်ပြောရလျှင် ဘုရားသခင်သည် ဟန်မဆောင်တတ်ပါ။ သူ၏နှုတ်ကပတ်တော်က "*ထိုသို့ပညတ်တရားသည် ဒုစရိုက်အပြစ်ကို ထင်ရှားစေသည်ဖြစ်သောကြောင့်၊ ပညတ်တရား၏အကျင့်အားဖြင့် ဘုရားသခင် ရှေ့တော်၌ အဘယ်သူမျှ ဖြောင့်မတ်ရာသို့မရောက်ရာ*" (ရော ၃း၂၀)ဟု ပြောထားသည်။

လူတစ်ဦးက “ဒါဆိုရင်၊ ဘုရားသခင်က ဘယ်သူ့ကိုမျှ မှန်တယ်လို့ မပြောနိုင်တဲ့သဘောပေါ့။ သူတရားစီရင်တဲနေရာကိုလာတဲ့လူ ဘယ်သူ့ကိုမျှ ဖြောင့်မတ်တယ်လို့အသိအမှတ်မပြုနိုင်ဘူးပေါ့။ ဒါဆိုရင် အခွန်ခံကရော ဘယ်လိုလဲ” ဟု ပြောပါသည်။ ဘုရားသခင်၏ပညတ်တော်ချိုးဖောက်ရာတွင် အခွန်ခံသည် ဖာရိရှဲထက်ပိုဆိုးသည်မှာ အသေအချာပင်ဖြစ်သည်။ ထိုသို့ဆိုလျှင် အခွန်ခံသည် ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခြင်းခံရလျက်ပြန်သွားရသည်ဟု ခရစ်တော်က အဘယ့်ကြောင့်ပြောခဲ့သနည်း။

## ကျွန်ုပ်တို့ပြဿနာ၏အခြားတစ်ဝက်အတွက်အဖြေ

သဘောတရားအရ ကျွန်ုပ်တို့ဖြောင့်မတ်သည်ဟု ဘုရားသခင်၏အသိအမှတ်ပြုခြင်းခံရနိုင်သည့်နည်းလမ်းနှစ်သွယ်ရှိပါသည်။ တစ်နည်းမှာ သူ၏ပညတ်တော်ကိုအပြည့်အဝလိုက်နာရန်ဖြစ်သည်။ ထိုအခါ ဘုရားသခင်က ကျွန်ုပ်တို့အား ‘ဘုရားသခင်နှင့်မှန်ကန်သည်’ဟု ထုတ်ပြန်မည်ဖြစ်သည်။ သို့သော် ထိုနည်းလမ်းသည် ကျွန်ုပ်တို့တွေ့မြင်ပြီးသည့်အတိုင်း ကျွန်ုပ်တို့အတွက် မဖြစ်နိုင်ပေ။ ကျွန်ုပ်တို့သည် သူ၏ပညတ်တော်ကို ချိုးဖောက်ပြီးကြပြီဖြစ်သည်။

ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခံရရန် အခြားနည်းလမ်းမှာ ဘုရားသခင်၏ပညတ်တော်ချိုးဖောက်မှုအတွက် အပြစ်ဒဏ်ပေးဆပ်ရန်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့ထိုသို့ပြုလျှင် ဘုရားသခင်နှင့်ထာဝရကွဲကွာသွားမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အကျပ်အတည်းတွေ့နေရသည်။

ထိုအကျပ်အတည်းအတွက်ဘုရားသခင်၏ဖြေရှင်းချက်မှာ သူ၏သားတော်သည် လူသားတို့၏ကိုယ်စား အပြစ်ဒဏ်ကိုပေးဆပ်ကာ အပြစ်အတွက် ဘုရားသခင်၏တရားစီရင်ခြင်းကို ကျွန်ုပ်တို့အတွက်ခံယူလျက် လက်ဝါးကပ်တိုင်ပေါ်အသေခံခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ယေရှုကိုယုံကြည်လျှင် ယေရှုသည် ကျွန်ုပ်တို့ခံရမည့်အပြစ်ဒဏ်ကိုခံယူပြီဖြစ်သောကြောင့် ဘုရားသခင်သည် ယေရှု၏အသေခံခြင်းကို ကျွန်ုပ်တို့၏သေခြင်းအဖြစ်စာရင်းသွင်းကာ ကျွန်ုပ်တို့ကို ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုနိုင်သည်ဖြစ်၍ သူ၏တရားပလ္လင်တွင် ကျွန်ုပ်တို့ကိုဖြောင့်မတ်သည်ဟုစီရင်မည်ဖြစ်သည်။

ထိုအချက်ကို သမ္မာကျမ်းစာက အောက်ပါအတိုင်းပြောထားပါသည်။

*အဘယ်ကြောင့်နည်းဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ။ ယေရှုခရစ်ရွေးနှုတ်တော်မူ*

*သောအားဖြင့် အဘိုးကိုမပေးဘဲ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ရောက်ရ (မူရင်းအရ- ဖြောင့်မတ်သည်ဟုအသိအမှတ် ပြုခံရ)ကြ၏။ ဘုရားသခင်သည် သည်းခံတော်မူ၍၊ လွန်ခဲ့ပြီးသောဒုစရိုက် အပြစ်များကို မှတ်တော်မမူရာတွင်၊ ဖြောင့်မတ်ခြင်းတရားတော်ကို ထင်ရှားစေခြင်းငှာဝင်း၊ ယခုကာလ၌ ဖြောင့်မတ်ခြင်းတရားတော်ကို ထင်ရှားစေ၍ ယေရှုကိုယုံကြည်သော သူတို့၏အပြစ်ကိုလွှတ်တော်မူ သော်လည်း၊ တရားသဖြင့်ပြုတော်မူခြင်းငှာဝင်း၊ ယေရှုခရစ်၏အသွေးတော်ကို ယုံကြည်ခြင်းအားဖြင့်၊ ထိုခရစ်တော်ကို အပြစ်ဖြေရာအကြောင်းဖြစ်စေ ခြင်းငှာ ခန့်ထားတော်မူပြီ* (ရော ၃း ၂၃-၂၆)။

ဤအချက်က လူတိုင်းသည် ဖြောင့်မတ်သည်ဟုအလိုလိုအသိအမှတ်ပြုခြင်း ခံရသည်ဟု ဆိုလိုနေပါသလား။ မဟုတ်ပါ။ ပုံဥပမာကို ထပ်ပြောရလျှင် ဖာရိရှဲသည် ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုမခံရပါ။ အခွန်ခံသာအသိအမှတ်ပြုခံခဲ့ရပါသည်။ ဤသို့ဖြစ်ရခြင်းမှာ အခွန်ခံသည် ဘုရားသခင်ရှေ့တော်၌ရပ်ကာ ရင်ပတ်စည်တီးလျက် မိမိအပြစ်များကိုဝန်ခံ၍ ဘုရားသခင်၏ပညတ် ချိုးဖောက်မှုကြောင့် မိမိသည် အပြစ်ဒဏ်ခံထိုက်ကြောင်း သိရှိလက်ခံခဲ့သည်။ ထို့အပြင် သူသည် “*အပြစ်များသော အကျွန်ုပ်ကို သနားခြင်းကရုဏာစိတ်ရှိတော်မူပါ*”ဟု ဘုရားသခင်၏ကရုဏာဆီသို့ မိမိကိုယ်ကိုအပ်နှံခဲ့သည်။ ထိုနေရာ၌ပင် ဘုရားသခင်သည် သူ့ကိုဖြောင့်မတ်သည်ဟု အသိအမှတ်ပြုခဲ့သည်။ ဆိုလိုသည်မှာ သူသည် ဘုရားသခင်နှင့်မှန်ကန်ကြောင်း၊ ပြစ်ဒဏ်ခံစရာမရှိကြောင်း ကြေငြာခြင်းဖြစ်သည်။

ထို့အပြင် သမ္မာကျမ်းစာက “*လူသည် တခါတည်းသေ၍ ထိုနောက်မှ တရားစီရင်တော်မူခြင်းကိုခံရ*”မည် (ဟေဗြဲ ၉း၂၇-၂၈) ဟု ကျွန်ုပ်တို့အားပြော ထားသည်။ ၎င်းက ဘုရားသခင်သည် ကျွန်ုပ်တို့ကို သူ၏တရားပလ္လင်သို့ နေ့တိုင်း ဆင့်ခေါ်ခြင်းမရှိကြောင်း ဖော်ပြနေသည်။ တရားစီရင်တော်မူရာနေ့တစ်နေ့ တည်းရှိ၍ ထိုနေ့သည် ကျွန်ုပ်တို့သေဆုံးပြီးမှဖြစ်သည်။ ထိုတစ်ခါတည်းနှင့်တရားစီရင်ရာတွင် ကျွန်ုပ်တို့၏အသက်တာတစ်လျှောက်လုံးကိုပြန်လည်စစ်ဆေးကာ ဘုရားသခင်၏ အဆုံးအဖြတ်ကို ကြေငြာမည်ဖြစ်သည်။

အံ့ဩဖွယ်အချက်မှာ ထိုအဆုံးအဖြတ်သည် မည်သည့်အရာဖြစ်မည်ကို သိနိုင်ရန် ထိုတရားစီရင်ရာနေ့ကို ကျွန်ုပ်တို့စောင့်နေရန်မလိုဆိုသည့်အချက်ဖြစ်သည်

(ယော၅း၂၄ ကိုကြည့်ပါ)။ ခရစ်တော်အပေါ်ယုံကြည်သောသူတို့အား ဘုရားသခင်က ခရစ်တော်၏တစ်ကြိမ်တည်းနှင့်အပြီး အသေခံတော်မူခြင်းသည် တရားစီရင်ရာနေ့၌ စစ်ဆေးရာတွင် သူတို့အသက်တာတစ်လျှောက်လုံးကို ကာကွယ်ဖုံးအုပ်ပေးရန်အတွက် လုံလောက်သည်ဟု မိန့်တော်မူထားပါသည်။ ထို့ကြောင့် သူဘာမျှကြောက်စရာမရှိပါ။ သူတို့သည် ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်သည်ဟု တစ်ကြိမ်အသိအမှတ်ပြုခံရလျှင် အစဉ်အမြဲဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခံရပြီ ဖြစ်သည်။ ထို့အပြင် သူတို့သည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခံရသောအခါ ဘုရားသခင်နှင့်ထာဝရငြိမ်းချမ်းရေးရကြပြီဖြစ်သည် (ရော ၅း၁)။

အကျဉ်းပြန်ချုပ်ရလျှင်၊ "ဘယ်လိုအခြေအနေမျိုးမှာ ဘုရားသခင်၏ရှေ့တော်၌ ဖြောင့်မတ်တယ်လို့အသိအမှတ် ပြုခံရနိုင်မလဲ"ဟု သင်မေးပါက ဓမ္မသစ်ကျမ်းက ဤသို့ဖြေမည်ဖြစ်သည်- "*လူမည်သည်ကား၊ ပညတ်တရား၏အကျင့်မရှိဘဲ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်*(မူရင်းကျမ်းအရ- ဖြောင့်မတ်သည်ဟု အသိအမှတ်ပြုခြင်းကိုခံရ) *တတ်သည်ဟုယူဆရ၏*" (ရော ၃း၂၈)။ တစ်ဦးဦးက "ဒါဆို၊ ဓမ္မသစ်ကျမ်းရဲ့အခြားတစ်နေရာမှာ '*လူသည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်*(မူရင်းအရ- ဖြောင့်မတ်သည်ဟု အသိအမှတ်ပြုခြင်းကိုခံရ) *သည်မဟုတ်။ အကျင့်အားဖြင့်ရောက်သည်ကို သင်တို့သိမြင်ရကြ၏*' (ယာကုပ် ၂း၂၄)လို့ ဘာလို့ပြောထားတာလဲ။ ဒါ. . ဆန့်ကျင်ဖက်ဖြစ်နေတယ်မဟုတ်လား"ဟု မေးလာပါသည်။

## အကျင့်အားဖြင့်ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခံရခြင်း၏အဓိပ္ပါယ်

ဆန့်ကျင်ဘက်မဟုတ်ပါ။ ရှင်ယာကုပ်က "ဖြောင့်မတ်ရာသို့ရောက်သည်" ဆိုသည့်ဝေါဟာရကိုသုံးရာတွင် အခြားဂယက်အနက်ရှိပါသည်- တစ်စုံတစ်ဦး မှန်ကန်ကြောင်းကြေငြာခြင်းကိုဆိုလိုခြင်းမဟုတ်ဘဲ တစ်စုံတစ်ဦးမှန်ကန်ကြောင်းသက်သေပြခြင်း သို့မဟုတ် လက်တွေ့ပြခြင်းကို ဆိုလိုပါသည်။ လူသည် ဘုရားသခင်နှင့်မှန်ကန်ကြောင်းကြေငြာရာတွင် သူ့အကျင့်အပေါ်အခြေမခံဘဲ သူ၏ယုံကြည်မှုအပေါ်အခြေခံကြောင်းသေချာပါသည်။ သို့သော် သူ၌ဤကဲ့သို့သော ယုံကြည်ခြင်းရှိကြောင်း သူ့မိသားစုနှင့် မိတ်ဆွေအပေါင်းအသင်းတို့အား လက်တွေ့ပြရန်မှာ သူပြုမူနေထိုင်သည့်ပုံစံအားဖြင့်၊ တစ်နည်းဆိုရလျှင် သူ၏အကျင့်အားဖြင့်သာ လက်တွေ့ပြနိုင်မည်ဖြစ်သည်။

လူတစ်ဦးက မိမိသူငယ်ချင်းများအား ဤသို့ပြောပြသည်ဆိုကြပါစို့။ "ချမ်းသာကြွယ်ဝတဲ့ ကျွန်တော့်အမျိုးတစ်ယောက်သေဆုံးသွားပြီး ကျွန်တော့်အတွက် ငွေတကယ့်အများကြီး ထားပေးခဲ့တဲ့အကြောင်း လွှန်ခဲ့တဲ့အပတ်က ကျွန်တော်စာတစ်စောင်ရတယ်။ ကျွန်တော်လုပ်ရမှာက ဘဏ်ကိုသွားပြီး ဒီလက်ဆောင်သွားထုတ်ဖို့ဘဲ။ ကျွန်တော် အဲဒီစာကိုယုံတယ်။ ဒါကြောင့် လက်ဆောင်ကို သွားထုတ်ပြီး အခု ကျွန်တော် အလွန့်အလွန်ချမ်းသာသွားပြီ"။

ထိုအခါ သူ့သူငယ်ချင်းများက "စာကိုယုံကြည်ရုံလေးနှင့် ခင်ဗျားချမ်းသာသွားပြီလို့ ခင်ဗျားပြောတယ်။ ဒါကြောင့် ဒါမှန်ကြောင်း အပြောသက်သက်မဟုတ်ဘဲ ခင်ဗျားရဲ့အသက်ရှင်မှုပုံစံပြောင်းလဲသွားတာကို ကျေးဇူးပြုပြီး ပြသပေးပါ။ ခင်ဗျားရဲ့အဖြစ်အပျက်အမှန်ဖြစ်ကြောင်း ခင်ဗျားရဲ့လက်တွေ့အလုပ်နှင့်ပြပါ"ဟု ပြန်ပြောပိုင်ခွင့်ရှိပါသည်။ ထို့ကြောင့် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်သည်ဟု ဘုရားသခင်၏အသိအမှတ်ပြုခြင်းခံရကြောင်း ပြောဆိုနေသောသူတို့သည် သူတို့၏ယုံကြည်ခြင်း အစစ်အမှန်ဖြစ်ကြောင်းကို သူတို့၏ လက်တွေ့အလုပ်အားဖြင့် သက်သေပြရမည်ဖြစ်သည်။ သင်၏ယုံကြည်ခြင်းသည် အစစ်အမှန်ဖြစ်ကြောင်း လက်တွေ့ပြနိုင်သည့်နည်းလမ်းတစ်ခုတည်းသာရှိ၍ ၎င်းမှာ ရှင်ယာကုပ်ပြောထားသည့်အတိုင်း သင်၏လက်တွေ့လုပ်ဆောင်ချက်များသာဖြစ်သည်။

# ၆
# ရွေးနှုတ်စရာအဖိုးအခနှင့် ရွေးနှုတ်ကယ်တင်ခြင်း
## *လွတ်မြောက်ခြင်း၏အဖိုးအခ*

ဤအခန်းတွင် ဓမ္မသစ်ကျမ်း၏အရေးကြီးသောနောက်ထပ်ဝေါဟာရနှစ်ခုကို လေ့လာကြမည်ဖြစ်သည်။ ၎င်းတို့မှာ ရွေးနှုတ်စရာအဖိုးနှင့် ရွေးနှုတ်ကယ်တင်ခြင်း တို့ဖြစ်သည်။

ရှေးခေတ်စာပေလောကတွင်လည်း ယခုကျွန်ုပ်တို့ခေတ်၌ကဲ့သို့ပင် ထိုဝေါဟာရတို့သည် အများသုံးဝေါဟာရများဖြစ်ခဲ့ကြသည်။ လူတို့သည် ပြန်ပေးဆွဲခံရလျက် ရွေးနှုတ်စရာအဖိုးရရန် ထိန်းသိမ်းထားခြင်းခံရကြသည်။ သူတို့၏မိသားစုနှင့် မိတ်ဆွေများက သူတို့ပြန်လွတ်ဖို့အတွက် ငွေအမြောက်အများကိုပေးရမည်ဖြစ်သည်။ ယခုခေတ်အကြမ်း ဖက်သမားတို့သည် လေယာဉ်ပျံတစ်စီးကိုအပိုင်စီးကာ သူတို့၏တောင်းဆိုချက်ကို မပေးပါက ခရီးသည်များကို တစ်ယောက်ပြီးတစ်ယောက်သတ်မည် မဟုတ်လျှင်လည်း လေယာဉ်တစ်စီးလုံးကို ဖောက်ခွဲလိုက်မည်ဟု ခြိမ်းခြောက်တတ်ကြသည်။ သူတို့တောင်းသည့်အရာမှာ ငွေမဟုတ်ဘဲ အစိုးရကဖမ်းဆီးထောင်ချထားသော သူတို့၏မိတ်ဆွေ အကြမ်းဖက်သမားကို ပြန်လွှတ်ပေးရန်လည်းဖြစ်နိုင်သည်။ ဤကိစ္စမျိုးတွင် 'ပြန်ရွေးရာ၌ ပေးရသည့်အဖိုး'၊ 'ရွေးစရာငွေ'၊ စသည်ဖြင့်ပြောဆိုကြသော်လည်း ခိုင်းနိုင်းမှုနှင့်ပတ်သက်၍ လေယဉ်ပေါ်မှခရီးသည်အုပ်ကြီးကို သေကျေပျက်စီခြင်းမှရွေးနှုတ်ရန်အတွက် အစိုးရကပေးရမည့်အရာကို 'အဖိုးအခ'ဟု ကျွန်ုပ်တို့ဆိုရပေမည်။

အရေးကြီးသည့်အချက်မှာ ချုပ်နှောင်ခံရသည့်နေရာမှဖြစ်စေ၊ ကျေးကျွန်ဘဝမှဖြစ်စေ၊ အသေသတ်ခြင်းနှင့်ခြိမ်း ခြောက်ခံရရာမှဖြစ်စေ တစ်စုံတစ်ခုပေးလျက် ပြန်လည်လွတ်မြောက်စေခြင်းအတွက် "ပြန်လည်ရွေးနှုတ်" သည်ဆိုသည့် စကားလုံးကိုသာ ကျွန်ုပ်တို့အသုံးပြုကြသည်။ သို့သော် အချို့တိုင်းပြည်များတွင် တွေ့ရတတ်သည်

ကလေးပြည့်တန်ဆာလုပ်ငန်းအတွက် မိန်းကလေးငယ်များကို ဆင်းရဲသောမိဘများထံမှ ငွေအမြောက်အများပေးလျက် ဝယ်ယူသည့် အကျင့်ပျက်စီးပွားရေးသမားများ၏လုပ်ဆောင်မှုများအတွက် 'ရွေးနှုတ်စရာအဖိုး'ဟူသောစကားကို ကျွန်ုပ်တို့သုံး၍မရပါ။ သူတို့သည် ဤသို့သော မိန်းကလေးငယ်များကို ဝယ်ယူသည်မှာ ကျေးကျွန်ဘဝမှလွတ်မြောက်စေရန်မဟုတ်၊ ကျေးကျွန်ဖြစ်စေရန်သာဖြစ်သည်။

အချို့သောအခြေအနေများတွင် လူတို့သည် မိမိတို့ပိုင်ဆိုင်သည့်အရာကို ပြန်လည်ရွေးယူရသည့်အခါပင်ရှိနိုင်သည်။ ငွေအရေးတကြီးလိုအပ်နေသောလူတစ်ဦးသည် မိမိနာရီကိုပေါင်ထားရန်ဆုံးဖြတ်နိုင်သည်။ အပေါင်ဆိုင်ရှင်သည် ထိုနာရီကိုယူလျက် သူ့အားငွေပေးမည်ဖြစ်သည်။ အချိန်အတိုင်းအတာတစ်ခုအထိ ထိုနာရီသည် မူလပိုင်ရှင် ပိုင်ဆိုင်သောပစ္စည်းဖြစ်နေဦးမည်ဖြစ်သည်။ သို့သော် သူသည် ထိုပစ္စည်းကို ပြန်လည်ရယူလိုသည်ဆိုလျှင် သတ်မှတ်ထားသည့်အချိန်အတွင်း ပြန်လည်ရွေးယူရမည်ဖြစ်သည်။ အပေါင်ဆိုင်ရှင်ပေးခဲ့သည့် ငွေပမာဏထက် ပိုများသည့်ငွေကို ပေးရမည်သေချာသည်။

နေ့စဉ်ပြောဆိုနေသည့်စကားများတွင် 'ရွေးနှုတ်စရာအဖိုး'နှင့် 'ပြန်လည်ရွေးယူခြင်း'ဆိုသည့်စကားများကို ခြားနားသည့်ဂယက်အနက်များဖြင့် ပြောဆိုတတ်ကြသည်။ အချို့သည် တိုက်ရိုက်ပြောဆိုခြင်းဖြစ်၍ အချို့သည် ခိုင်းနှိုင်းပြောဆိုခြင်းဖြစ်သည်။ ထိုနည်းတူပင် "*ရွှေငွေအစရှိသော ဖောက်ပြန်ပျက်စီးတတ်သောဥစ္စာနှင့် သင်တို့ကိုရွေးတော်မူသည်မဟုတ်*"ဟုဖော်ပြသည့် ဓမ္မသစ်ကျမ်း၏နေရာအချို့တွင် ဓမ္မအတွေးအခေါ်အရ ဤဝေါဟာရများကို ခိုင်းနှိုင်းပြောဆိုရာ၌သာသုံးသော်လည်း ဓမ္မသစ်တစ်လျှောက်လုံးကိုကြည့်လျှင် အောက်ပါအချက်များအတွက် အသုံးပြုကြောင်းတွေ့ရသည်။

၁။ အကြွေး၊ ကျေးကျွန်ဘဝ၊ ပြစ်ဒဏ် သို့မဟုတ် သေခြင်းနှင့်ခြိမ်းခြောက်ခံရသည့်အခြေအနေမှ လူတို့ကိုပြန်လည်ဝယ်ယူခြင်း။

၂။ ပြန်လည်ဝယ်ယူသောသူ၊ ပြန်လည်ရွေးနှုတ်သောသူသည် ဘုရားသခင်သို့မဟုတ် ခရစ်တော်ဖြစ်သည်။ မည်သည့်လူကိုမျှ မိမိကိုယ်ကို သို့မဟုတ် အခြားလူသားချင်းတစ်ဦးကို ပြန်လည်ရွေးနှုတ်သည်ဟု မဖော်ပြထားပါ။

၃။ အဖိုးအခတစ်ခုခု သို့မဟုတ် ရွေးနှုတ်စရာအဖိုးကိုပေးခြင်း။ ဤနေရာတွင်လည်း ရွေးနှုတ်စရာအဖိုးအဖြစ် အဖိုးအခပေးရသူမှာ ဘုရားသခင်မဟုတ်လျှင်

ခရစ်တော်သာဖြစ်သည်။ လူတို့အား မိမိတို့ကိုယ်ကိုပြန်လည်ရွေးနှုတ်ရန် မတောင်းဆိုဖူးသကဲ့သို့ ခွင့်လည်းမပြုပေ။ ထို့ကြောင့် ဤအချက်သည် ကယ်တင်ခြင်းရရန်အတွက် မိမိတို့ကိုယ်တိုင် ကြိုးစားလုပ်ဆောင်ရသည့်၊ တစ်ခါတစ်ရံ ငွေးကြေးများကိုပင် ပေးဆောင်ရသည့် ဘာသာတရားများနှင့် ကွာခြားသည့်အချက်ဖြစ်သည်။ ဂျေရုဆလင် ဗိမာန်တော်တွင် လူတို့အား မိမိတို့ကယ်တင်ခြင်းအတွက် ပေးဆောင်၍ရသည်ဖြစ်သောကြောင့် ပေးဆောင်ကြရမည်ဟု အယူအဆသွင်းပေးနေသော ယဇ်ပုရောဟိတ်များနှင့် ကုန်သည်များကို ခရစ်တော်က မောင်းထုတ်ပစ်ခဲ့သည် (ယော ၂း၁၃-၁၆)။

၄။ ရွေးနှုတ်ကယ်တင်ခြင်း၏ရည်ရွယ်ချက်မှာ လူတို့ကို လွတ်မြောက်စေရန်နှင့် ထာဝရအမွေတော်ဖြင့် ကြွယ်ဝစေရန်သာဖြစ်သည်။

## မည်သည့်အရာမှလွတ်မြောက်မည်နည်း

**၁။ အတိတ်ကအပြစ်များကြောင့်လိပ်ပြာမလုံခြင်းမှလွတ်မြောက်ခြင်း။**

မည်သူမျှ အတိတ်ကိုပြန်ဖျက်၍မရပါ။ ဘုရားသခင်ကိုယ်တော်တိုင်လည်း သမိုင်းကြောင်းကို ပြန်မပြောင်းပါ။ လုပ်ပြီးသားအရာသည် လုပ်ပြီးသားသာဖြစ်သည်။ ခရစ်တော်အားဖြင့် ကျွန်ုပ်တို့အား ဘုရားသခင်ကမ်းလှမ်းသည့်အရာမှာ အတိတ်မှ အပြစ်များကြောင့်လိပ်ပြာမလုံခြင်းမှလွတ်မြောက်စေရန်ဖြစ်သည်။ လူများစွာတို့သည် ဖြစ်ပျက်ခဲ့သောအရာများကို မေ့ပျောက်ရန်ကြိုးစားကြသော်လည်း အသစ်အသစ်လိုသာပြန်ဖြစ်လျက် အရင်ကပြုမိခဲ့သောအမှားများကြောင့်ခံစားရသည့် လိပ်ပြာမလုံခြင်းကို ခါချမရဖြစ်နေကြသည်။

အချို့သောသူတို့ကြပြန်လျှင်လည်း ကောင်းသောအသိတရားမရှိကြဘဲ သုတ္တံကျမ်း (၃၀း၂၀) တွင် “*အစာစားပြီးမှ မိမိပါးစပ်ကိုသုတ်၍ ဒုစရိုက်ကိုငါမပြုမိ*” ဟုဆိုတတ်သည့် ဖောက်ပြန်သောမိန်းမနှင့်တူကြလျက် သူတို့အတိတ်ကို လွယ်လွယ်လေး မေ့ပျောက်လိုက်ကြသည်။ သို့သော် ထိုသို့တာဝန်မဲ့မှုသည် လိပ်ပြာမလုံခြင်း၏ အကျိုးဆက်ကို မဖြတ်တောက်နိုင်ပါ (ဤနေရာတွင် စိတ်ပိုင်းဆိုင်ရာ အပြစ်စွဲစိတ်ထားကို ဦးတည်နေခြင်းမဟုတ်ပါ)။ လွန်ခဲ့သောနှစ်များစွာက ဗြိတိန်နိုင်ငံတွင် ဓားပြများသည် ရထားတစ်စီးကိုတိုက်ခိုက်ကြကာ ရထားမောင်းသူ၏အသက်ကိုပင်ရန်ပြုလျက် သန်းနှင့်ချီသောပေါင်ငွေများနှင့် တောင်အမေရိကသို့ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြသည်။ ထိုနေရာရှိ အာဏာပိုင်များအား သူတို့ကိုဖမ်းဆီးလျက် ပြန်လည်လွှဲအပ်

ခြင်းမပြုရန် လာဘ်ထိုးခဲ့ကြသည်။ ယခုအခါ ထိုဓါးပြများ မည်သည့်လိပ်ပြာမလုံမှုမျှ မခံစားရတော့ဘဲနေနိုင်ကောင်း နေနိုင်ကြပါလိမ့်မည်။ သို့သော် သူတို့ဗြိတိန်သို့ပြန် ရောက်သည်နှင့် ချက်ချင်းပင် တရားစွဲဆိုခံရလျက် ထောင်ချခံရမည်ဖြစ်သည်။ တစ်နေ့ သောအခါ လူတိုင်းသည် ဘုရားသခင်၏တရားပလ္လင်ရှေ့ ရောက်ရမည်ဖြစ်သည်။ နှစ်ကာလများကုန်သွားရုံနှင့်၊ မေ့ပျောက်သွားရုံနှင့် အတိတ်သည် ပျောက်ကွယ် သွားလိမ့်မည်မဟုတ်။ သူတို့သည် သူတို့အတိတ်နှင့်သူတို့ကို ချည်နှောင်ထားသည့် လိပ်ပြာမလုံခြင်းတို့ကို ခရစ်တော်အား ဖယ်ရှားခွင့်မပေးကြလျှင် ထိုအချည်အနှောင်မှ ထာဝရလွတ်မြောက်နိုင်ကြမည်မဟုတ်ပေ။

ပြန်လည်ရွေးနှုတ်ခြင်းက ကျွန်ုပ်တို့နောင်တရလျှင် ဘုရားသခင်သည် ထိုအနှောင်အဖွဲ့များမှ ယခုဘဝအသက်တာ၌ပင် ကျွန်ုပ်တို့ကိုလွတ်မြောက်စေနိုင် သည်ဆိုသည့်သဘောကိုဆောင်သည်။ ထိုအနှောင်အဖွဲ့ဖြေလွှတ်ခြင်းကို အပြစ်လွှတ် ခြင်းဟုခေါ်သည်။ ဓမ္မသစ်ကျမ်း၏မူရင်းဂရိတွင် မကြာခဏတွေ့ရသည့် အပြစ်လွှတ် ခြင်း (*aphesis*)သည် 'လွတ်ငြိမ်းစေသည်' သို့မဟုတ် 'လွှတ်ပေးသည်'ဟုအဓိပ္ပါယ် ရှိသည်။ ဤစကားလုံးသည် လူတစ်ဦးကို ထောင်မှလွှတ်ပေးသည့်အခါ၊ အကြွေးမှ လွတ်စေသည့်အခါ၊ ကျေးကျွန်ဘဝမှလွတ်မြောက်စေသည့်အခါ အသုံးပြုသည့်စကား လုံးဖြစ်သည်။ ထို့သို့သော လွတ်မြောက်ခြင်းအတွက် အဖိုးအခကို ခရစ်တော်ကပေး ဆပ်ခဲ့ပါသည်- "ထိုသားတော်၏အသွေးတော်အားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်း ဟူသော ရွေးနှုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည်ခံရကြ၏" (ဧဖက် ၁း၇)ဟု ဓမ္မသစ်ကျမ်းက ဆိုထားသည်။ ထို့ကြောင့် အနှောင်အဖွဲ့သည် ထာဝရကာလအတွက် ဖြတ်တောက် ဖြေလွှတ်ခြင်းခံရပြီဖြစ်သည်။ ခရစ်တော်ပြုတော်မူသောရွေးနှုတ်တော်မူ ခြင်းသည် ထာဝရရွေးနှုတ်တော်မူခြင်းဖြစ်သည် (ဟေဗြဲ ၉း၁၁-၁၂)။

၂။ **ဘုရားသခင်၏ပညတ်တရားကထုတ်ပြန်ထားသောကျိန်ခြင်းမှလွတ်မြောက်ခြင်း။** "*ခရစ်တော်သည် ငါတို့အတွက်ကြောင့်ကျိန်ခြင်းကိုခံရသောသူဖြစ်၍၊ ငါတို့ကို ပညတ်တရား၏ကျိန်ခြင်းမှရွေးနှုတ်တော်မူပြီ*" (ဂလာ ၃း၁၃)။

ဘုရားသခင်၏ ကိုယ်ကျင့်တရားဆိုင်ရာပညတ်တရားက ထုတ်ပြန်ထားသော ကျိန်ခြင်းသည် စကားလုံးသက်သက်မဟုတ်ပါ။ ထိုပညတ်တရားကို ချိုးဖောက်မှုတိုင်း အတွက် ပြစ်ဒဏ်ထုတ်ပြန်ခြင်းဖြစ်သည်။ အချို့ကလည်း သူတို့သည် ဘုရားသခင်ကို ယုံကြည်သူများမဟုတ်ကြသောကြောင့် ဘုရားသခင်သည် သူတို့ကိုအမိန့်ပေးရန်၊

တားမြစ်ရန်၊ ပြစ်ဒဏ်ပေးရန် အခွင့်ရှိကြောင်းကို သူတို့အသိအမှတ်မပြုနိုင်ဟု စောဒက တက်နိုင်ပါသည်။ သို့သော် ဤသို့စောဒကတက်လျှင် မမှန်ပါ။ ဖန်ဆင်းရှင်၏ကိုယ်ကျင့် တရားဆိုင်ရာပညတ်ချက်များကို လူသားတိုင်း၏စိတ်နှလုံးထဲတွင် ရေးသားထားသော ကြောင့်ဖြစ်သည် (ရော ၁း၁၄-၁၆)။ ကျွန်ုပ်တို့သည် အချိန်တိုင်းအချိန်တိုင်း ကိုယ်ကျင့် တရားပိုင်းမှားယွင်းမှုအတွက် လူတစ်ဦးဦးကို စွပ်စွဲနေတတ်ကြပြီး အချို့သောအသေး အဖွဲ့အပြစ်များအတွက် မိမိတို့ကိုယ်ကို ဆင်ခြေဆင်လက်ပေး နေတတ်ကြသည်။ ကျွန်ုပ်တို့သည် အချိန်ပြည့်ပင် ပိုမိုကောင်းမွန်အောင်ပြုမူနေထိုင်ရန် ပြောဆိုနေတတ် ကြပြီး နောက်ပိုင်းတွင် ထိုအတိုင်းပြုမည်ဟုလည်း ကတိပေးတတ်ကြသည်။ ကျွန်ုပ်တို့ သည် ကိုယ်ကျင့်တရားဆိုင်ရာပညတ်ချက်များကို ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ရေးထား ကြောင်း မရည်ရွယ်ဘဲသက်သေခံကြကာ ၎င်း၏အခွင့်အာဏာနှင့်ခိုင်လုံမှုတို့အတွက် သဘောတူထောက်ခံနေတတ်ကြသည်။ ၎င်းကို စာရွက်စာတမ်းဖြင့် ရေးသား၍ ကျွန်ုပ်တို့ရှေ့တွင်ထားထားသည့် ဘုရားသခင်၏ကိုယ်ကျင့်တရားဆိုင်ရာပညတ်ချက် ကဲ့သို့ ဓမ္မသစ်ကျမ်း၏တင်စားမှုတစ်ခုအဖြစ်သုံးလျှင် ကျွန်ုပ်တို့သည် အခြားသူတို့ကို စွပ်စွဲခြင်းအားဖြင့်လည်းကောင်း၊ မိမိကိုယ်ကို ဆင်ခြေဆင်လက်ပေးခြင်းအားဖြင့် လည်းကောင်း၊ ပိုကောင်းအောင်လုပ်ဆောင်ရန်ဆုံးဖြတ်ခြင်းအားဖြင့် သော်လည်းကောင်း၊ ၎င်း၏အခွင့်အာဏာ၊ တောင်းဆိုချက်များနှင့် သတ်မှတ်သည့် ပြစ်ဒဏ်တို့အပေါ်သဘော တူလျက် ထိုစာရွက်စာတမ်း၏အောက်၌ ကျွန်ုပ်တို့၏နာမည်ကို ရေးထိုးလိုက်ကြ ပြီဖြစ်သည်။

နောင်တမရသောသူတို့သည် နောက်ဆုံးတရားစီရင်ခြင်းတွင် မိမိတို့ တစ်ဘက်တွင် သက်သေအဖြစ် မိမိတို့လက်မှတ်ရေးထိုးထားသည့် ဤ'စာရွက် စာတမ်း'ကိုတွေ့ရကြမည်ဖြစ်သည်။ သို့သော် နောင်တရသောသူတို့အတွက်ဆို မိမိတို့အပြစ်ကို သိမှတ်လျက် ကိုယ်တိုင်လက်မှတ်ရေးထိုးထားသော ဤတရား ဥပဒေဆိုင်ရာအနှောင်အဖွဲ့ "*ငါတို့နှင့်ဆန့်ကျင်ဘက်ဖြစ်သော ဝိနည်းအထုံးအဖွဲ့နှင့် စပ်ဆိုင်သောလက်မှတ်*"ကို ဖယ်ရှားပေးတော်မူလျက် ခရစ်တော်၏လက်ဝါးကပ်တိုင် ပေါ်တွင် ရိုက်ထားလိုက်ပြီဖြစ်သည်။ နောင်တရ၍ သူ့ကိုယုံကြည်သောသူတိုင်း လွတ်မြောက်စေရန် ခရစ်တော်သည် ထိုပညတ်တရား၏ကျိန်ခြင်းကို ဆောင်ယူလျက် လက်ဝါးကပ်တိုင်ပေါ်အသေခံတော်မူခြင်းအားဖြင့် ဘုရားသခင်သည် ဤသတင်း ကောင်းကို စကြဝဠာတစ်ခုလုံးရှေ့တွင် ကြေငြာထားပြီဖြစ်သည် (ကော ၂း၁၃-၁၅)။

## ပြန်လည်ရွေးနှုတ်ခြင်း၏အဖိုးအခ

လူသားမျိုးနွယ်ကို ပြန်လည်ရွေးနှုတ်ခြင်းအတွက်ပေးရသည့် ရွေးယူစရာအဖိုးမှာ ခရစ်တော်၏အသေခံတော်မူခြင်းပင်ဖြစ်သည်။ ခရစ်တော်ကိုယ်တိုင်ကလည်း ဤလောကသို့သူကြွလာတော်မူခြင်း၏အဓိကရည်ရွယ်ချက်မှာ ဤအတွက်ဖြစ်ကြောင်း "*အကြောင်းမူကား၊ လူသားသည် သူတပါးကို စေစားခြင်းငှာမလာ၊ သူတပါးအစေကိုခံခြင်းငှာ၎င်း၊ မိမိအသက်ကိုစွန့်၍သူများကိုရွေးခြင်းငှာ၎င်း၊ ကြွလာသတည်း*" (မာ ၁၀း၄၅)ဟု မိန့်တော်မူခဲ့သည်။ ၁ပေ ၁း၁၈-၁၉ တွင် "*သင်တို့ကို . . . ခရစ်တော်၏ အသွေးတော်မြတ်နှင့်ရွေးတော်မူသည်. . .*"ဟု ပြောထားသည်။

ရွေးနှုတ်စရာအဖိုး၏ အဖိုးအခသည် မည်မျှလောက်ကြီးမားသည်ကို ကျွန်ုပ်တို့သိနိုင်ရန် ခရစ်တော်သည်မည်သူဖြစ်ကြောင်းကို ကျွန်ုပ်တို့သတိရရန်လိုသည်။

> *ထိုသားတော်၏အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ်တော်မူခြင်းကျေးဇူးကို ငါတို့ သည်ခံရကြ၏။ ထိုသားတော်သည် မျက်မြင်မရသောဘုရားသခင်၏ပုံသဏ္ဌာန်တော်ဖြစ်၏။ ဝေနေယျသတ္တဝါ အပေါင်းတို့တွင်လည်း သားဦးဖြစ်တော်မူ၏။ အကြောင်းမူကား၊ ထိုသားတော်သည် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာ ရှိသမျှသော ရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရသောတန်ခိုးဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ထိုသခင်အားဖြင့်၎င်း၊ ထိုသခင်အဘို့အလိုငှာ၎င်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။ သားတော်သည်လည်း ခပ်သိမ်းသောအရာ မဖြစ်မှီဖြစ်တော်မူ၍ ခပ်သိမ်းသောအရာတို့သည် တန်ခိုးတော်အားဖြင့်သာတည်ကြ၏* (ကော ၁း၁၄-၁၇)။

တစ်နည်းအားဖြင့် ရွေးနှုတ်ကယ်တင်သောသူမှာ အခြားသူမဟုတ်၊ လူ့ဇာတိခံသောဖန်ဆင်းရှင်ပင်ဖြစ်သည်။ ယေရှုသည် ဘုရားနှင့်လူဖြစ်သည်။ ထို့ကြောင့် သူသည် ဘုရားသခင်နှင့်လူအကြား ကြားခံဖျန်ဖြေပေးသူဖြစ်နိုင်ပြီး ရွေးနှုတ်စရာအဖိုးအဖြစ် မိမိကိုယ်ကိုပေးအပ်နိုင်ခြင်းဖြစ်သည် (၁တိ ၂း၅-၆)။ အချို့သောသူတို့ထင်နေသကဲ့သို့ ကြင်နာမှုမရှိသောဘုရားအား လူတို့အပေါ် အမျက်တော်မသက်ရောက်စေရန်အတွက် လူကိုချစ်သောယေရှုက ရွေးနှုတ်စရာအဖိုးအခပေးရခြင်းတော့မဟုတ်

ပါ။ ရွေးနှုတ်စရာ အဖိုးအခပေးရသူမှာ ဘုရားသခင်ပင်ဖြစ်သည်။ ခရစ်တော်အား လူတို့အတွက် ရွေးနှုတ်စရာအဖိုးအခအဖြစ် မိမိကိုယ်ကိုပေးအပ်ရန် တွန်းအားပေးသည့်ချစ်ခြင်းမေတ္တာမှာ လူတို့အပေါ် ခမည်းတော်ဘုရားထားသောချစ်ခြင်းမေတ္တာပင်ဖြစ်သည်။ ဘုရားသခင်ဖြစ်တော်မူသောခရစ်တော်သည် မမြင်ရသောဘုရားသခင်၏ပြည့်စုံသောပုံသဏ္ဌာန်တော်နှင့် ထင်ရှားဖော်ပြတော်မူခြင်းပင်ဖြစ်သည်။ ဓမ္မသစ်ကျမ်းက "*ငါတို့သည် ဘုရား သခင်ကို ချစ်ကြသည်ဟုမဆို။ ဘုရားသခင်သည် ငါတို့ကိုချစ်၍ ငါတို့၏အပြစ်ဖြေစရာအကြောင်းဖြစ်စေခြင်းငှာ၊ သားတော်ကိုစေလွှတ်တော်မူခြင်းအရာ၌ ချစ်ခြင်းမေတ္တာရှိ၏*" (၁ယော ၄း၁၀)ဟု ဆိုထားသည်။

တစ်စုံတစ်ယောက်က "ဒါပေမဲ့ ဒီကိစ္စမှာ၊ ယေရှုက ရွေးနှုတ်စရာအဖိုးအခကို ဘုရားသခင်အားမပေးခဲ့ဖူးဆိုရင် ဘယ်သူ့ကို သူပေးခဲ့တာလဲ။ ဘာလို့လဲဆိုတော့ သူပေးရမဲ့ပုဂ္ဂိုလ်တစ်ဦးဦးတော့ရှိရမယ်လေ"ဟု ပြောပါသည်။ သို့သော် ထိုသို့ဆိုရခြင်းမှာ 'ရွေးနှုတ်စရာအဖိုးအခ'ဆိုသည့်ဝေါဟာရနှင့်ပတ်သက်၍ ကျွန်ုပ်တို့ခံစားရသည့် ရွေးနှုတ်ကယ်တင်ခြင်း၌ ဘုရားသခင်နှင့်ခရစ်တော်အတွက် အဖိုးအခကို ခိုင်းနှိုင်းတင်စားလျက် ဓမ္မသစ်ကျမ်းတွင် အသုံးပြုသောဝေါဟာရဖြစ်ကြောင်း ကျွန်ုပ်တို့မှတ်သားခဲ့သောအချက်ကို မေ့လျော့နေ၍သာဖြစ်မည်။ အဖိုးအခမှာ အခြားတတိယအုပ်စုက လက်ခံရယူနိုင်သည့် ငွေကြေးကဲ့သို့သော အဖိုးအခမဟုတ်ဘဲ ဒုက္ခဝေဒနာခံခြင်းနှင့် အသေခံခြင်းအဖိုးအခပင်ဖြစ်သည်။

အသက်ကယ်လှေတွင် လူပိုနေသောကြောင့် တစ်လှေလုံးရေနစ်တော့မည့်အခြေအနေတွင် လူတစ်ဦးသည် မိမိသေမည်မှန်းသိလျက်နှင့် အေးခဲနေသောပင်လယ်ရေ ထဲခုန်ချလိုက်သည်ဆိုကြပါစို့။ ကျန်ခရီးသည်များ၏အသက်ကယ်ရန်အတွက် ကြီးလေးသည့်အဖိုးအခကို သူပေးရသည်ဟု ကျွန်ုပ်တို့အမှန်ပင်ဆိုရပေမည်။ သို့သော် "သူ ဘယ်သူ့ဆီကို အဖိုးအခပေးရတာလဲ"ဟုမေးလျှင် အဓိပ္ပါယ်ရှိမည်မဟုတ်။

သို့သော် အခြားမေးခွန်းတစ်ခုမေးစရာရှိသည်။ သမ္မာကျမ်းစာက ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်ဖန်ဆင်းထားသောသူများဖြစ်၍ ကျွန်ုပ်တို့ကို ဘုရားသခင်ပိုင်တော်မူသည်ဟု သွန်သင်ထားသည်။ ထိုသို့ဆိုလျှင် ဘုရားသခင်သည် သူပိုင်ဆိုင်ထားသောအရာကို ဘာကြောင့် ရွေးယူစရာအဖိုးအခပေးလျက် ပြန်ဝယ်ယူရန် လိုအပ်ရသနည်း။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို အပြစ်သင့်သောအကျင့်

ခလေ့များဖြင့်ချည်နှောင်ကာ စာတန်၏လက်ပေါ် ကစားလျက် သူ၏အကျဉ်းသား များဖြစ်သွားကြသည်မှန်ပါသည်။ အဘယ့်ကြောင့် ဘုရားသခင်သည် မိမိ၏တန်ခိုး တော်အားဖြင့် စာတန်ကိုဖျက်ဆီးလျက် ချည်နှောင်မှုများကို ဖြတ်တောက်ကာ ရွေးနှုတ်စရာအဖိုးအခပေးစရာမလိုဘဲ လူတို့ကို မိမိထံတော်သို့ အဘယ့်ကြောင့် မရမကပြန်မခေါ် ရသနည်း။

အဖြေမှာ- အပြစ်နှင့်ဆိုင်သောပြဿနာသည် ကိုယ်ကျင့်တရားနှင့်ဆိုင် သောပြဿနာဖြစ်သည်။ ကိုယ်ကျင့်တရားနှင့်ဆိုင်သောပြဿနာကို အတင်းအကြပ် ဖြေရှင်း၍မရပါ။ အနန္တတန်ခိုးရှင်ဘုရားသခင် မလုပ်ဆောင်နိုင်သည့်အရာအချို့ရှိ ပါသည်။ ဘုရားသခင်သည် အနားလေးနားညီသည့်စက်ဝိုင်းဆွဲခိုင်းသည့်အရာမျိုးလို ကျိုးကြောင်းဆီလျော်မှုအရမဖြစ်နိုင်သောအရာမျိုးကို မလုပ်ဆောင်နိုင်ပါ။ ကိုယ်ကျင့် တရားအရ ဖြောင့်မတ်မှုမရှိသောအရာကိုလည်း သူမလုပ်ဆောင်နိုင်ပါ။ ဘုရားသခင် လိမ်ညာ၍လည်းမရပါ (တိတု ၁း၂)။ ဘုရားသခင်သည် မိမိ၏ပညတ်တော်ကိုလည်း ချိုးဖောက်၍မရ။ သူ၏ပညတ်ချက်များကို သူ၏ဂုဏ်အင်္ဂါလက္ခဏာများထဲတွင် ဖေါ်ပြထားသည်။ ထိုပညတ်တော်ကို သူငြင်းပယ်လျှင် မိမိကိုယ်ကိုငြင်းပယ်ခြင်း ဖြစ်မည်။ ထိုသို့ပြုတော်မမူနိုင် (၂တိ ၂း၁၃)။ ကျွန်ုပ်တို့ကို လိပ်ပြာမလုံခြင်း၏ ချည်နှောင်မှုမှလွတ်မြောက်စေရန် ထင်တိုင်းကြံတတ်သောတန်ခိုးဖြင့် လုပ်ဆောင်ပေး တော်မူမည်မဟုတ်ပေ။ ဤသို့ လွတ်မြောက်စေရန်အတွက် တစ်ခုတည်းသော နည်းလမ်းမှာ သူပညတ်ထားသော ကိုယ်ကျင့်တရားဆိုင်ရာ ပညတ်တော်က တောင်းဆိုသည့် အပြစ်ဒဏ်ကိုပေးရန်ပင်ဖြစ်သည်။ ထို့ကြောင့် မိမိ၏ ချစ်ခြင်းမေတ္တာတော်အားဖြင့် ထိုသို့လုပ်ဆောင်ပေးတောမူခဲ့သည်။ ထို့ကြောင့် အဖိုးအခတည်းဟူသော ဒုက္ခဝေဒနာကိုပေးဆပ်တော်မူရသည်။

## မည်သည့်အရာအတွက် လွတ်မြောက်ခြင်းဖြစ်သနည်း။

လူတစ်ဦးတစ်ယောက်ကို ကျေးကျွန်ဖြစ်စေရန်အတွက် သင်ဝယ်ယူသည် ဆိုလျှင် ပေးရသည့်အဖိုးကို ရွေးနှုတ်စရာအဖိုးဟုခေါ်၍မရကြောင်း ရှေ့တွင်ကျွန်ုပ်တို့ ဆွေးနွေးခဲ့ကြပြီဖြစ်သည်။ ယခု ခရစ်တော်သည် လူတို့အား မိမိတို့အပြစ်များမှလွတ် မြောက်ခြင်းကိုပေးရန်အတွက် ရွေးနှုတ်စရာအဖိုးအခကို ပေးတော်မူပြီးပြီဖြစ်သည်။ သို့သော် ထိုလွတ်မြောက်ခြင်းသည် မည်သည့်အရာအတွက်လွတ်မြောက်ခြင်းဖြစ်

သနည်း။ ပြစ်ဒဏ်မခံရဘဲ အပြစ်ကိုဆက်လုပ်နိုင်သည့်လွတ်မြောက်ခြင်းတော့ မဟုတ်ကြောင်း ထင်ရှားပါသည်။ အကြောင်းမှာ အပြစ်သည် စွဲစေတတ်သောသဘော၊ နောင်တမရဘဲ ဆက်တိုက်လုပ်ဆောင်သောသူတို့ကို ကျေးကျွန်ပြုတတ်သောသဘော ရှိသည် (ရော ၆း၁၆-၂၃)။ ဤနေရာတွင် ခရစ်တော်သည် မိမိ၏တပည့်တော်များကို မည်သည့် အရာထဲမှရွေးနှုတ်ကယ်တင်ကြောင်းနှင့် မည်သည့်အရာအတွက် ရွေးနှုတ်ကယ်တင်ကြောင်း ဖော်ပြသည့်ဖော်ပြချက်ရှိပါသည်။

*"အကြောင်းမူကား၊ မင်္ဂလာရှိသောမျှော်လင့်ရာကိုငင်း၊ ကြီးမြတ်သော ဘုရားသခင်တည်းဟူသော၊ ငါတို့ကိုကယ်တင်တော်မူသောအရှင်သခင် ယေရှုခရစ်၏ဘုန်းအသရေတော်ထင်ရှားပေါ်ထွန်းခြင်းကိုငင်း၊ ငါတို့သည် မျှော်လင့်လျက် ဘုရားမဲ့တရားမဲ့နေခြင်း၊ လောကီတပ်မက်ခြင်းကိုဖယ်ရှားလျက်၊ ယခုဘဝ၌ကျန့်ခြွေစောင့်ခြင်း၊ တရားသဖြင့်ကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်း တို့ကိုပြုနေရမည်အကြောင်း၊ ငါတို့ကိုဆုံးမသွန်သင်၍၊ လူအပေါင်းတို့ကို ကယ်တင်တတ်သော ဘုရားသခင်၏ကျေးဇူးတော်သည် ထင်ရှားပေါ်ထွန်း လျက်ရှိ၏။ ထိုသခင် ယေရှုခရစ်သည် ခပ်သိမ်းသောဒုစရိုက်မှ ငါတို့ကို ရွေးနှုတ်ခြင်းငှာငင်း၊ ကောင်းသောအကျင့်ဘက်၌ စိတ်အားကြီး၍ ပိုင်ထိုက် တော်မူသောအမျိုးကို မိမိအဘို့စင်ကြယ်စေခြင်းငှာငင်း၊ ကိုယ်ကိုကိုယ် စွန့်ကြဲတော်မူပြီ"* (တိတု ၂း၁၁-၁၄)။

ကျွန်ုပ်တို့သည် အခန်းအနည်းငယ်ကိုခုန်ကျော်၍ ယခုဖော်ပြနေသည့် အသက်တာ၏ အသစ်သောတရားလမ်းသည် ဘာသာတရား၏ကျေးကျွန် ဖြစ်ရန်မဟုတ်ဘဲ လွတ်မြောက်သည့်ဘဝအသက်တာဖြစ်ရန်ဖြစ်ကြောင်း ခရစ်တော် အာမခံထားပုံကို ကြည့်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့ခံရသည့်ရွေးနှုတ်ကယ်တင်ခြင်း၏ အကျိုးရလဒ်အပြည့်အဝကို ယခုချက်ချင်း ကျွန်ုပ်တို့အားမပေးသေးကြောင်း ဓမ္မသစ်ကျမ်းကရှင်းရှင်းလင်းလင်းဖော်ပြထားသည်ကို ခဏသတိပြုကြည့်ကြပါစို့။ ခရစ်တော်ပေးဆပ်သော ရွေးနှုတ်စရာအဖိုးအခအားဖြင့် ကျွန်ုပ်တို့ရရှိသည့်အရာ များတွင် 'ကျွန်ုပ်တို့၏ရုပ်ခန္ဓာ'လည်းပါဝင်သည်။ သို့သော် ခရစ်တော်၏ဒုတိယ အကြိမ်ကြွလာတော်မူခြင်းအထိ ကျွန်ုပ်တို့စောင့်ရမည်ဖြစ်သည် (ရော ၈း၁၈-၂၅၊ ဖိ ၃း၂၀-၂၁)။

အခြားတစ်ဘက်တွင်လည်း ဘုရားသခင်သည် နောင်တရလျက် ခရစ်တော်ကိုယုံကြည်သောသူအားလုံးတို့ကို ချက်ချင်းပင် သန့်ရှင်းသောဝိညာဉ်တော်လက်ဆောင်ကို ပေးတော်မူသည်။ ထိုသန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူအားလုံးတို့အား ဘုရားသခင်ပေးထားသောကတိတော်အားလုံးအပေါ် စိတ်ချမှုကိုသေချာစေလျက် သူကိုယ်တိုင်သည်လည်း ကတိတော်အားလုံးကိုပြည့်စုံစေလျက်မိမိသားတော်၏အသွေးတော်အားဖြင့် ဝယ်ယူထားသောသူအားလုံးတို့ကို မိမိထံကောင်းကင်ဘုံသို့ ဘုရားသခင်ခေါ်ယူသောနေ့တွင်ရရှိမည့်အမွေအားလုံးအတွက်အာမခံချက်ဖြစ်တော်မူသည် (ဧ ၁း၁၃-၁၄၊ တ ၂၀း၂၈)။

## ၉
# ထာဝရအသက်
### *ယခုဤနေရာ၌*

မြေကြီးပေါ်၌ရုပ်ခန္ဓာဖြင့်ရှိတော်မူစဉ် ခရစ်တော်မိန့်တော်မူသည့်မိန့်တော်မူချက်များထဲတွင် လူတို့ကို ထာဝရအသက်ပေးရန် သူ၌အခွင့်အာဏာရှိသည်ဆိုသည့်မိန့်တော်မူချက်သည် မဟာမိန့်တော်မူချက်များအနက်တစ်ခုအပါ အဝင်ဖြစ်သည် (ယော ၁၇း၁-၃)။

ကျွန်ုပ်တို့သိသည့်အတိုင်း ဤမိန့်တော်မူချက်သည် မကြာခဏ ပြောင်လှောင်သရော်ခြင်းခံရသည်။ အချို့ဝေဖန်ရေးသမားများက ယေရှုသည် သူ၏နောက်လိုက်များအား သူတို့ရုပ်ခန္ဓာသေရမည်မဟုတ်ကြောင်း ကတိပေးခဲ့သည်ဟု ယူဆကြသည်။ ထို့ကြောင့် ဤသို့မိန့်တော်မူပြီး မကြာမီမှာပင် ယေရှုကိုယ်တိုင်အသေခံတော်မူကာ တပည့်တော်များလည်း သေဆုံးခဲ့ကြသည်ဖြစ်၍ ယေရှုသည် လှည့်ဖြားသည့်ဘာသာရေးအယူသန်သမားတစ်ဦးဖြစ်ရမည်ဟု သူတို့မှတ်ချက်ချကြသည်။

သို့သော် ဤသို့ဝေဖန်ခြင်းသည် ယေရှုမိန့်တော်မူသောအရာကို နားမလည်သောကြောင့်သာဖြစ်သည်။ ဓမ္မသစ်ကျမ်းကိုတစ်ချက်ကြည့်လိုက်ရုံနှင့်ပင် ယေရှုကသူသည် လက်ဝါးကပ်တိုင်ပေါ်အသေခံရမည်ဖြစ်ကြောင်းနှင့် တပည့်တော်တို့လည်းသူ့အတွက်မိမိတို့အသက်ကိုစွန့်ကြရန်အတွက် ပြင်ဆင်ထားကြရန် မိန့်တော်မူခဲ့သည် (လု ၉း၂၂၊ ၁၂း၄၊ ယော ၁၆း၁-၃)။ ယေရှုက မိမိ၏နောက်တော်သို့ လိုက်သောသူတို့အား ထာဝရအသက်ပေးမည်ဟုမိန့်တော်မူခြင်းသည် ရုပ်ခန္ဓာ၏သေခြင်းကိုမကြုံရဟု မည်သည့်အခါမျှမဆိုလိုပါ။

ပိုသတိထားရမည့်အခြားဝေဖန်ရေးသမားများက 'ထာဝရအသက်'အတွက် ကတိတော်ထားခြင်းသည် လူကောင်းများ ဤလောက ကိုစွန့်ခွာသွားကြသောအခါ အခြားကမ္ဘာ၌ရရှိမည့်အရာဖြစ်သည်- တစ်နည်းအားဖြင့် "သူတို့သေဆုံးသည့်အခါ

ကောင်းကင်ရောက်ကြမည်”ကို ဆိုလိုခြင်းဖြစ်သည်ဟု ဆိုကြသည်။ ဤသို့ဖြင့် ဤဝေဖန်ရေးသမားတို့သည် ထာဝရအသက်နှင့်ပတ်သက်၍ အန္တရာယ်ရှိလျက်အားလျော့စေသည့် ဒဏ္ဍာရီပုံပြင်သာဖြစ်သည်ဟု အထင်အမြင်သေးကြသည်။ ငတ်မွတ်သောသူတို့ အမဲသားတုံးကို စိတ်ကူးယဉ်သကဲ့သို့ ဆင်းရဲ၍ဖိနှိပ်ခံရသေူသူများ၊ စိတ်ပျက်အားလျော့လျက် မကျန်းမမာသောသူများတို့သည် ဘဝ၏နာကြင်မှုများကို သက်သာစေရန်နှင့် သူတို့၏ဝေဒနာများ ပြေပျောက်စေရန်အတွက် စိတ်ကူးယဉ်ကောင်းကင်နိုင်ငံကို တီထွင်ကြသည်ဟုသူတို့ဆိုကြသည်။ သို့သော် ဘုရားမဲ့များအတွက်မူ ထိုသို့သောဆေးဝါးမျိုးမလိုအပ်ဟုသူတို့ဆိုကြသည်။ သူတို့တွင် မိမိတို့ဘဝကိုမြှင့်တင်ရန်အတွက်ရုန်းကန်ရန် သတ္တိနှင့်အသိပညာရှိကြသည်။ နောက်ဆုံး၌မူ အနာဂါတ်အတွက် စိတ်ကူးဖြစ်သော ကောင်းကင်နှင့်ဆိုင်သည့် မျှော်လင့်ခြင်းမပါဘဲ သေခြင်းတရားကို အရှိအရှိတိုင်း ရင်ဆိုင်ကြရသည်။

ဓမ္မသစ်ကျမ်းက *'စုတေ၍ ခရစ်တော်နှင့်အတူနေခြင်း'* - *'ကိုယ်ခန္ဓာနှင့်ကွာဝေးရာအရပ်သို့သွား၍ သခင်ဘုရားထံတော်၌နေမြဲနေခြင်း'*- (ဖိ ၁း၂၃၊ ၂ကော ၅း၈) စသည့်စကားစုများဖြင့် တမူထူးအောင်ဖေါ်ပြရသည်ကိုနှစ်သက်သော်လည်း ရိုးရိုးရှင်းရှင်းဆိုရလျှင် ယုံကြည်သူများ 'သေဆုံးသည့်အခါ ကောင်းကင်သွားရမည်'ဟု ဓမ္မသစ်ကျမ်းကသွန်သင်ထားသည်ဆိုသည့်အချက်သည် လုံးဝမှန်ကန်ပါသည်။ သို့သော် လူတို့သည် အနာဂါတ်ကောင်းကင်အတွက် မျှော်လင့်ခြင်းကြောင့် မိမိတို့၏လောကအသက်တာကို အကောင်းဆုံးအသက်ရှင်လျက်လှုပ်ရှားရုန်းကန်ရန် အားနည်းသွားကြရသည်ဟူသော ဝေဖန်ချက်သည် သိသိသာသာမှားနေပါသည်။ ထာဝရအသက်သည် သေဆုံး၍ ကောင်းကင်ရောက်မှသာရရှိသည့်အရာမဟုတ်ကြောင့် ဓမ္မသစ်ကျမ်းက ထင်ထင်ရှားရှားပြောထားပါသည်။ ဘဝအသက်တာသည် ရုပ်ခန္ဓာ၊ စိတ်ခံစားမှုနှင့် အသိပညာပိုင်းသက်သက်မဟုတ်ဟု ဆိုရပေမည်။ ခရစ်တော်က “*လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရသည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည်*”ဟု မိန့်တော်မူခြင်းမှာ ဘဝအသက်တာကို ညွှန်ပြပေးတော်မူခြင်းဖြစ်သည်။

သင်စိတ်ကူးကြည့်၍ရလျှင် ယောက်ျားနှင့်မိန်းမလက်ထပ်ထားသော်လည်း ရုပ်ခန္ဓာပေါင်းသင်းမှုမှလွဲ၍ သူတို့၏အတွေးများ၊ သူတို့၏မျှော်လင့်ချက်များ၊ သူတို့၏ပျော်ရွှင်မှုများ၊ သူတို့၏စိုးရိမ်မှု၊ ဝမ်းနည်းမှုများနှင့် တေးဂီတ သို့မဟုတ် အနုပညာအပေါ် သူတို့၏နှစ်သက်မှုများကို တစ်ဦးနှင့်တစ်ဦး ဝေငှပြောဆိုခြင်း

လုံးဝမရှိ၊ အချင်းချင်းသိကျွမ်းမှုလည်းလုံးဝမရှိသည့်အဖြစ်ကို စိတ်ကူးကြည့်ပါ။ ထိုကဲ့သို့သောအိမ်ထောင်ပြုခြင်းသည် လူ့သဘောသဘာဝကင်းမဲ့ကာ တိရစ္ဆာန်တို့ မိတ်လိုက်ခြင်းထက်အနည်းငယ်သာ သာပေလိမ့်မည်။ ထိုနည်းတူ ဘုရားသခင်နှင့် ဝိညာဉ်ရေးရာမိတ်သဟာရဖွဲ့ခြင်းကို ဘာမျှမသိဘဲ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် အသိတရားပိုင်းဆိုင်ရာတို့အားဖြင့်သာ ဘဝကိုကျေနပ်လိုသောလူသားသည် ဘဝ၏ အမြင့်မားဆုံးအဆင့်နှင့် လွဲချော်နေသူဖြစ်သည်။ ထို့အပြင် သူသည် လာမည့်ကမ္ဘာ၌ ထာဝရအသက်နှင့် လွဲချော်ခြင်းတည်းဟူသော စိုးရိမ်စရာအကောင်းဆုံးအန္တရာယ်၌ လည်းရှိနေသည်။ ဓမ္မသစ်ကျမ်းက "*သားတော်ကိုယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏*"ဟု တိကျရှင်းလင်းစွာဖော်ပြထားသည်။ ကြိယာကိုပစ္စုပ္ပန်ကာလဖြင့် ရေးထားသည်ကို သတိပြုပါ- *ယခုပင် ရသည်*။ အခြားတစ်ဘက်တွင် "*သားတော်ကို ပယ်သောသူမူကား၊ အသက်ကိုမတွေ့ရ*"ဟု သတိပေးထားသည် (ယော ၃း၃၆)။

ထို့နောက် ဤနေရာတွင် ကျွန်ုပ်တို့သည် အခြားသောထူးခြားမှုတစ်ခုကို သိရှိထားရန်လိုသည့်အချက်မှာ ဓမ္မသစ်ကျမ်းက ထာဝရအသက်ဟုပြော သောအရာသည် ထာဝရတည်ရှိခြင်းကဲ့သို့သောအရာမဟုတ်ဆိုသည့် အချက်ဖြစ်သည်။ လူသား အားလုံးသည် မိမိတို့၏ခန္ဓာသေခြင်း၏ နောက်ပိုင်းတွင်လည်း ဆက်လက်အသက်ရှင်ကြရမည်ဖြစ်သည်။ သို့သော် 'ထိုနောက်ပိုင်းတွင် အချို့တို့၏ဝိညာဉ်ရေးအခြေအနေသည် သမ္မာကျမ်းစာက 'ထာဝရအသက်'ဟုခေါ်သောအခြေအနေမဟုတ်ဘဲ 'ဒုတိယ သေခြင်း'ဖြစ်သည် (ဗျာဒိတ်ကျမ်း ၂၀း၁၁-၁၅၊ ဤခေါင်းစဉ်ကို ဤစာအုပ်၏ အဆုံးပိုင်းတွင် ကျွန်ုပ်တို့လေ့လာရမည်ဖြစ်သည်)။

အချို့ဝေဖန်ရေးသမားတို့က ဤဘဝတွင် ထာဝရအသက်ကိုရရှိခံစားနိုင်သည် ဟူသောပြောဆိုမှုရှိသမျှတို့သည် စိတ်ပိုင်းဆိုင်ရာအရ မိမိကိုယ်ကိုလှည့်ဖြားခြင်း တစ်မျိုးသာဖြစ်သည်ဟု ကန့်ကွက်နိုင်ကောင်းကန့်ကွက်နိုင်ပါသည်။ ထိုသို့ ကန့်ကွက်လျှင် အသိအမြင်ဟူသမျှသည် ခံစားမှုပေါ်တွင်အခြေခံသည်ဟု ယုံကြည်သည့် အဇ္ဈတ္တိကဝါဒသာဖြစ်မည်။သို့သော် အနုပညာရသခံစားမှုတွင်လည်း ထိုနည်းတူ ပြောနိုင်ပါသည်။ ထိုသို့ပြောခြင်းသည်လည်း အလားတူမှားယွင်းသောအရာသာဖြစ်သည်။ အကောင်းဆုံးပန်းချီလက်ရာတစ်ခုကိုကြည့်လျက် ပန်းချီကားချပ်ပေါ်မှ ဆေးရောင်အစက်များထက် ထူးခြားအောင်မြင်နိုင်စွမ်းရှိသူများလည်းရှိသကဲ့သို့ ပန်းချီအနုပညာလောကနှင့်ပတ်သက်၍ ဘာမျှမခံစားနိုင်သော မျက်မမြင်များလည်း

ရှိနိုင်ပါသည်။ သို့သော် ၎င်းသည် ပန်းချီအနုပညာလောကဆိုတာမရှိပါဘူးဆိုသည့် သက်သေလည်းမဟုတ်၊ အနုပညာကို ခံစားတတ်ခြင်းသည် မိမိကိုယ်ကိုလှည့်ဖြားခြင်းသာဖြစ်သည်ဆိုသည့်သက်သေလည်း မဟုတ်ပါ။ ခန္ဓာမျက်စိကွယ်သော်လည်း အမြင်ပြန်မရလိုသောမျက်မမြင်အချို့လည်းရှိပါသည်။ ငယ်စဉ်က အနည်းငယ်မြင်ရသော်လည်း မကြာမီပင် အမြင်အာရုံဆုံးရှုံးရသည့်လူတစ်ဦးနှင့် ကျွန်ုပ်သိကျွမ်းခဲ့ဖူးပါသည်။ သူအမြင်ပြန်ရနိုင်လျှင်ပင် ပြန်မလိုချင်ကြောင်း ကျွန်ုပ်ကို သူမကြာခဏပြောပြလေ့ရှိပါသည်။ သူဖြစ်အင်ကို သူကျေနပ်သည်။ သူအမြင်ပြန်ရလျှင် သူမြင်ရသည့် ထောင်ပေါင်းများစွာသောအရာကြောင့် ရှုပ်ထွေးမှုများခံစားရလျက် ဘဝသည် သူ့အတွက် အလွန်ရှုပ်ထွေးသောအရာဖြစ်လာမည်ကို သူစိုးရိမ်နေသည်။ အမြင်စွမ်းရည်မပါဘဲ ရိုးရှင်းနေသည့်ဘဝအသက်တာကို သူပိုမိုနှစ်သက်သည်။

ထိုနည်းတူပင်၊ ဘုရားသခင်ရှိတော်မူကြောင်းနှင့် ထာဝရအသက်ရရှိနိုင်ကြောင်း ဝန်ခံသည့်အခါ မိမိဘဝအသက်တာတွင် များပြားလွန်းသောပြောင်းလဲမှုများဖြစ်လာလျက် အလွန်ရှုပ်ထွေးမှုများဖြစ်လာမည်ဟု ခံစားမိသောသူများစွာရှိပါသည်။ သို့သော် သူတို့ထိုသို့ဆိုတိုင်း ထိုအတိုင်းဖြစ်သည်မဟုတ်ပါ။ ၎င်းသည် သူတို့၏ဝိညာဉ်ရေးအမြင်ကင်းမဲ့မှုကိုသာဖေါ်ပြနေသည်။

ထိုသို့ဆိုလျှင် ထာဝရအသက်ရရှိခြင်းသည် မည်သည့်အရာကိုဆိုလိုသနည်း။

**၁။ ထာဝရအသက်ရရှိခြင်းသည် ဘုရားသခင်၏အသက်ကိုမျှဝေခံစားခြင်းဖြစ်သည်။** ဓမ္မသစ်ကျမ်း၏ဝေါဟာရအသုံးအနှုန်းအရ လူတို့သည် ဘုရားသခင်နှင့် ဆက်ဆံမှုမရှိ၊ ဘုရားသခင်ကိုလည်းမသိလျှင် အသေဖြစ်ကြသည်။ ရုပ်ခန္ဓာသေခြင်းမဟုတ်ဘဲ ဝိညာဉ်ရေးဆိုင်ရာသေခြင်းဖြစ်သည်။

လူသိများသည့် ပျောက်သောသားပုံဥပမာသည် 'သေခြင်း'ကို ဤအဓိပ္ပါယ်ဖြင့်အသုံးပြုရာ၌ ဥပမာကောင်းတစ်ခုဖြစ်သည်။ သူ၏ဖခင်က ပျောက်သောသားအကြောင်း သူ့အစ်ကိုအားပြောပြရင်း "*သင်၏ညီမူကား အထက်ကသေ၏။ ယခုရှင်ပြန်၏။ အထက်ကပျောက်၏။ ယခုတွေ့ပြန်၏။ ထို့ကြောင့် ပျော်မွေ့ဝမ်းမြောက်စရာအကြောင်းရှိ၏*"ဟု ဆိုခဲ့သည် (လု ၁၅း၃၂)။

ပျောက်သောသားသည် သူ့ဖခင်ကိုကျောခိုင်းကာ အိမ်ကိုစွန့်ခွာလျက် ဝေးရာသို့ ထွက်သွားခဲ့သည်။ သူသည် သူ့အဖခင်အပေါ် မေတ္တာမရှိ၊ စိတ်ဝင်စားမှုမရှိခဲ့။ သူသည် သူ့ဖခင်နှင့်ပြောဆိုဆက်ဆံအသိပေးခြင်းမရှိခဲ့။ သူဖခင်စိတ်ဝင်စားသောအရာများ

သို့မဟုတ် သူ့ဖခင်၏ဘဝအသက်တာကို မျှဝေခံစားခြင်းမရှိခဲ့ချေ။ သူ့ဖခင်တန်ဖိုးထား ဂရုစိုက်သည့်အရာအတွက် သူသည် အသေဖြစ်နေခဲ့သည်။

ပျောက်သောသားသည် နောင်တရ၍အိမ်ပြန်လာကာ သူ့ဖခင်နှင့်ပြန်လည် သင့်မြတ်သည့်အခါ ပြန်ရှင်သူဖြစ်လာခဲ့သည်။ ထိုနည်းတူပင် လူများစွာတို့သည် ဘုရားသခင်ကိုလျစ်လျူရှုကာ ဝိညာဉ်ရေး၌အသေဖြစ်ခဲ့ကြသည်။ နောင်တရ၍ ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ကြသည့်အခါ ဝိညာဉ်ရေးအသက်ရှင်သောသူများ ဖြစ်လာကြသည်။

သို့သော် ထိုထက်မကသေးပါ။ လူတို့သည် နောင်တရလျက် ဘုရားသခင်ထံ ပြန်လှည့်လာကြသောအခါတွင် အံ့သြဖွယ်ရာအနုပညာလောကနှင့်ပတ်သက်၍ အသေဖြစ်နေခဲ့သောလူတစ်ဦး ထိုအနုပညာလောကကို ရှာဖွေတွေ့ရှိသွားသလိုမျိုး ဘုရားသခင်ကိုတွေ့ရှိသွားခြင်းသက်သက်မဟုတ်ပါ။ လူတို့သည် နောင်တရလျက် ဘုရားသခင်ထံပြန်လှည့်လာကာ ခရစ်တော်အပေါ်ယုံကြည်ကြသည့်အခါ သူတို့ အသက်တာ၌လုံးဝမရှိခဲ့ဖူး သောအသက်တာသစ်ကို ဘုရားသခင်သည် သူတို့အထဲ၌ အသစ်ပြုပြင်တော်မူသည်။ ဘုရားသခင်သည် သူတို့ကို အရှိန်မြှင့်ပေးလိုက်ခြင်း ဖြစ်သည်။ လူသားဖခင်တစ်ဦးသည် မိမိ၏ရုပ်ခန္ဓာအသက်ကို ဖြစ်ပေါ်လာသည့် ရင်သွေးငယ်ထံကူးပြောင်းပေးလိုက်သကဲ့သို့ ဘုရားသခင်သည် မိမိ၏ဝိညာဉ် အသက်ကို ထိုယုံကြည်သူများထဲတွင် ဖြစ်ပေါ်စေတော်မူသည်။

> *သို့သော်လည်း ကရုဏာတော်နှင့်ကြွယ်ဝတော်မူသော ဘုရားသခင်သည် ငါတို့ကိုချစ်တော်မူသောမဟာမေတ္တာတော်အားဖြင့်၊ ဒုစရိုက်အပြစ်၌ သေလျက်ရှိသောငါတို့ကို ခရစ်တော်နှင့်အတူအသက်ရှင်စေတော်မူပြီ။ ကျေးဇူးတော်ကြောင့်သာ ကယ်တင်ခြင်းသို့ရောက်ရ၏။* (ဧဖက် ၂း၄-၅)

*နှိုင်းယှဉ်ဆင်ခြင်ခြင်း*။ ကာကွယ်ထုပ်ပိုးထားသည့် လျှပ်စစ်မီးသီးတစ်လုံးသည် အလင်းမလင်းနိုင်သေးပါ။ ထုပ်ပိုးထားသည့်ဗူးထဲမှထုတ်လျက် မီးခေါင်းတွင်တပ် ဆင်ကာ ဗဟိုလျှပ်စစ်ဓါတ်အားဖြင့် လင်းထိန်နေသည့်အခန်းတစ်ခန်းတွင် ထားကြ သည်ဆိုပါစို့။ ထိုမီးသီး၏ပတ်လည်တွင် အလင်း၏ဗဟိုအရင်းအမြစ်မှလာသော အလင်းများရှိနေပြီဖြစ်သည်။ သို့သော် ၎င်းသည် အလင်းမလင်းသေးဘဲ အသေသာ ဖြစ်နေသေးသည်။ ဗဟိုလျှပ်စစ်ဓါတ်အားစီးနေသော လျှပ်စစ်လမ်းကြောင်းနှင့်

၎င်းကိုမဆက်သေးသ၍ ၎င်းသည် အသေသာဖြစ်နေဦးမည်ဖြစ်သည်။ သို့သော် လျှပ်စစ်လမ်းကြောင်းနှင့်ဆက်လိုက်မည်ဆိုလျှင် ထိုလျှပ်စစ်လမ်းကြောင်းသည် မီးသီးထံသို့ချက်ချင်း ရောက်ရှိလာမည်ဖြစ်သည်။ ထိုအခါ ထိုမီးသီးမည်ကဲ့သို့ 'အသက်ဝင်လာ'သည်ကို စောင့်ကြည့်ပါ။

**၂။ ထာဝရအသက်လက်ဆောင်သည် လက်ခံသူနှင့်ဘုရားသခင်ကြားတွင် တစ်ဦးချင်းဆက်ဆံမှုကို တည်ဆောက်ပေးသည်။** ခေတ်မှီသောကွန်ပျူတာ တစ်လုံးသည် ၎င်းကိုအသုံးပြုနေသူ၏အသံကိုသိရန် သင်ယူနိုင်စွမ်းရှိသည်။ အသုံးပြုနေသူလုပ်ရမည့်အလုပ်မှာ ကွန်ပျူတာရှေ့တွင် စကားပြောနေရန်သာဖြစ်သည်။ ထိုအခါ သူပြောသောအရာများကို စာရွက်ပေါ်ရေးထားသည့်ပုံစံဖြင့်ပြန်ထုတ်ပေးမည်ဖြစ်သည်။ သို့သော် ထိုသူကို သူ့သားသမီးများနှင့် သူ့ဇနီးက သူ့ကိုသိသည့်ပုံစံဖြင့် ထိုကွန်ပျူတာက သူ့ကိုသိနိုင်မည်မဟုတ်ပေ။ သူ့သားသမီးများက သူ့ကိုချစ်သကဲ့သို့ ကွန်ပျူတာက သူ့ကိုချစ်နိုင်မည်မဟုတ်ပေ။ ကွန်ပျူတာတွင် လူ့အသက်မျိုးမရှိ။ သို့သော် ထိုလူသည် မိမိသားသမီးများကိုရရှိလျက် သူတို့အားမိမိအသက်ကို ကူးပြောင်းပေးခဲ့သည်။ သူတို့သည် ထိုအသက်ဖြင့် အသက်ကိုရရှိကြလျက် မိမိတို့ဖခင်ကို သိလျက် ချစ်နိုင်သည့်စွမ်းရည်ကို ရရှိကြကာ သူနှင့်ဝမ်းမြောက်စွာနက်နက်ရှိုင်းရှိုင်း ပေါင်းသင်းဆက်ဆံနိုင်ကြသည်။ ထိုနည်းတူပင် ဘုရားသခင်သည် လူတို့ကို မိမိ၏ဝိညာဉ်အသက်ကူးပြောင်းပေးသည့်အခါ သူတို့ကို ထက်မြက်ရှင်သန်စေလျက် အသစ်တဖန်ဖြစ်ထွန်းစေတော်မူသည်။ ထိုသို့အားဖြင့် ဘုရားသခင်နှင့်လူ့အကြား ဆက်ဆံမှုဖြစ်ပွားလာသည်။ ထိုအခါ သူတို့သည် သူ့ကိုသိ၍ချစ်လာနိုင်သည်။ ထို့ကြောင့် ဓမ္မသစ်ကျမ်းက "*ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင်တစ်ဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကိုငင်း၊ စေလွှတ်တော်မူသော ယေရှုခရစ်ကိုငင်း သိကျွမ်းခြင်းတည်း*" (ယော ၁၇း၃) ဟုဆိုထားခြင်းဖြစ်ကာ ဘုရားသခင်၏ တကယ့်အသက်ကို ခရစ်တော်အားဖြင့် ဝေမျှရန်ဖြစ်သည် (၁ယော ၁း၁-၄)။

**၃။ ထာဝရအသက်။ ယခုရရှိထားသောလက်ဆောင်။ အစဉ်ပိုင်ဆိုင်သောအရာ။** ထာဝရအသက်သည် မည်ကဲ့သို့သောအသက်မျိုးဖြစ်ကြောင်းကိုလည်း ၎င်း၏အမည်နာမတွင် *ထာဝရ*ဟုပါနေသည့်အတိုင်း ရှင်းပြပါသည်။ ဘုရားသခင်သည် လူတစ်ဦးနှင့် ဝိညာဉ်ရေးဆက်ဆံမှုကိုဖြစ်ပေါ်စေလျက် ထိုသူအား မိမိ၏ဝိညာဉ်အသက်ကို မျှဝေပေးသည့်အခါ ထိုဆက်ဆံမှုသည် အဓိပ္ပါယ်ဖွင့်ချက်အရ ထာဝရ

ဖြစ်သည်။ ခန္ဓာသေခြင်းက ထိုဆက်ဆံမှုကို အဆုံးမသတ်စေသကဲ့သို့ ဖျက်ဆီးနိုင်ခြင်းလည်းမရှိပါ။ ဘုရားသခင်သည် ပုဂ္ဂိုလ်တစ်ဦးအား ထာဝရအသက်လက်ဆောင်ကို ပေးခြင်းအားဖြင့် ပုဂ္ဂိုလ်ချင်းဆက်ဆံမှုဖြစ်စေတော်မူသောအခါ ထိုသူအပေါ်သစ္စာရှိတော်မူကာ ဆက်ဆံမှုကိုလည်း အစဉ်တည်မြဲစေတော်မူသည်။ "*ထာဝရအသက်ကိုလည်း ငါပေး၏။ သို့တို့သည် ပျက်စီးခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်။ အဘယ်သူမျှ ထိုသိုးတို့ကို ငါ့လက်မှမနှုတ်မယူရာ*" (ယော ၁၀း၂၈)။ "*ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည်၊ ပျက်စီးခြင်းတို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌တပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏*" (ယော ၃း၁၆)။

သို့ဖြစ်၍ ကိုယ်ခန္ဓာ၏သေခြင်းသည် ထာဝရအသက်အပေါ် အကျိုးသက်ရောက်မှုမရှိပါ။ လူ့ကိုယ်ခန္ဓာကို ဓမ္မသစ်ကျမ်းက တဲတစ်ဆောင်နှင့်ခိုင်းနှိုင်းထားပါသည်။ ၎င်းသည် ယာယီဖြစ်၍ လောကဧည့်သည်အတွက်ဖြစ်ကာ ထိလွယ်ခိုက်လွယ်သည့်အရာဖြစ်သည်။ သို့သော် ယုံကြည်သူတိုင်းသည် ရှင်ပြန်ထမြောက်ခြင်း၌ ဘုန်းတော်ထွန်းတောက် ခန္ဓာကိုရရှိကြမည်ဖြစ်သည်။ ၎င်းသည် ရွေးနှုတ်ခံရခြင်းနှင့် ပြည့်စုံခြင်းအသွင်ကို ပေါ်လွင်စေမည်ဖြစ်၍ ဓမ္မသစ်ကျမ်းက ၎င်းကို "*ကောင်းကင်ဘုံ၌ . . ဘုရားသခင်ဖန်ဆင်းတော်မူသောနိစ္စထာဝရအိမ်*" (၂ကော ၅း၁)ဟု ဆိုထားပါသည်။

ထို့အပြင် ခရစ်တော်ကိုလက်ခံသောသူအားလုံးတို့အား ဘုရားသခင်ပေးတော်မူသော ထာဝရနှင့်ဆိုင်သည့် အရာများသည်လည်း ထာဝရအသက်နှင့်အတူပါလာသည်။ ထို့ကြောင့် ဓမ္မသစ်ကျမ်းက ကယ်တင်ခြင်းသည် ထာဝရဖြစ်ကြောင်း (ဟေဗြဲ ၅း၉)၊ ရွေးနှုတ်ကယ်တင်ခြင်းနှင့် ၎င်း၏အကျိုးသက်ရောက်မှုများသည် ထာဝရဖြစ်ကြောင်း (ဟေဗြဲ ၉း၁၂)၊ ဘုရားသခင်ကို ယုံကြည်စိတ်ချသောသူအတွက် ကတိထားသောအရာများသည် ထာဝရဖြစ်ကြောင်း (ဟေဗြဲ ၉း၁၅)နှင့် ဘုရားသခင်ကိုချစ်သောသူတို့ အသက်တာ၌တွေ့ကြုံခံစားရသောအရာများနှင့် ဒုက္ခဝေဒနာများ၏အကျိုးကျေးဇူးဖြစ်မည့် ဘုန်းထင်ရှားခြင်းသည်လည်း ထာဝရဖြစ်ကြောင်း (၂ကော ၄း၁၇) ထောက်ပြထားသည်။ ထာဝရနှင့်ဆိုင်သည့်အခြားအံ့သြဖွယ်အချက်မှာ ၎င်းသည် စစ်မှန်သောနောင်တနှင့်ယုံကြည်ခြင်းတို့ဖြင့် ယေရှုခရစ်တော်ကို ကယ်တင်ပိုင်ရှင်နှင့်သခင်အဖြစ် လက်ခံသောသူအားလုံးအတွက် ပေးသော အခမဲ့လက်ဆောင်ဖြစ်သည်- "*အပြစ်တရား၏အခကား သေခြင်းပေတည်း။*

*ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့သခင် ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း"* ( ရော ၆း၂၃)။

## ထာဝရအသက်၏စွမ်းပကား

ထာဝရအသက်သည်လည်း ရုပ်ခန္ဓာအသက်ကဲ့ပင် မရွေ့မပြောင်းတည်ငြိမ်နေသောအရာမဟုတ်ပေ။ ကလေးငယ်တစ်ဦးသည် မွေးလာကတည်းက ရုပ်ခန္ဓာအသက်ပါလာသည်။ သို့သော် တစ်ပတ်ပြီးတစ်ပတ်၊ တစ်လပြီးတစ်လ၊ တစ်နှစ်ပြီးတစ်နှစ် မိမိ၏စွမ်းရည်များကို တိုးတက်ဖွံ့ဖြိုးစေရန် သင်ယူမှုများလုပ်ရသည်။ ထာဝရအသက်လည်း ထိုနည်းတူပင်ဖြစ်သည်။ ၎င်းသည် အစွမ်းပကားများနှင့်ပြည့်ဝလျက် အနာဂါတ်အတွက် မျှော်လင့်ချက်များနှင့်ပြည့်ဝနေသည်။ ကမ္ဘာ့အဆင့်မီ အားကစားသမားတစ်ဦးဖြစ်လာနိုင်သည့်စွမ်းရည်ရှိသော လူငယ်တစ်ဦးသည် မိမိရရှိထားသည့်ဆုကျေးဇူးကို ဥပေက္ခာမပြုရန်အားပေးခြင်းခံရသင့်သကဲ့သို့ ထာဝရအသက်ရရှိထားသောသူတို့အား ဓမ္မသစ်ကျမ်းက သူတို့ကို ဘုရားသခင်ခေါ်ယူထားသည့် ထိုထာဝရအသက်ကို တန်ဖိုးထားပြုစုရန် အလေးအနက်တိုက်တွန်းထားသည် (၁တိ ၄း၇-၈၊ ၆း၁၁-၁၂)။ ထာဝရအသက်၏စွမ်းပကားကို ပြုစုခြင်းအတွက် အဓိကဆုလဒ်မှာ ထိုအသက်ကိုဝမ်းမြောက်စွာခံစားနိုင်သည့် အရည်အချင်း အမြဲတမ်းတိုးတက်နေခြင်းပင်ဖြစ်သည်။ ဓမ္မသစ်ကျမ်းက *"မိမိဇာတိ ပကတိ၌ မျိုးစေ့ကြဲသောသူသည် ဇာတိပကတိအားဖြင့် ပုပ်ပျက်ခြင်းအသီးအနှံကိုရိတ်ရလိမ့်မည်။ ဝိညာဉ်ပကတိ၌ မျိုးစေ့ကြဲသောသူသည် ဝိညာဉ်ပကတိအားဖြင့် ထာဝရအသက်ရှင်ခြင်းအသီးအနှံကို ရိတ်ရလိမ့်မည်"* (ဂလာ ၆း၈)ဟု ဆိုထားသည်။ အားကစားသမားတစ်ဦးသည် အပြေးပိုလေ့ကျင့်လေ မိမိ၏နှလုံး၊ အဆုပ်၊ ကြွက်သားနှင့် အသက်ရှုခြင်းတို့ကို အားကောင်းစေလေဖြစ်ကာ ၎င်းတို့ပိုမို အားကောင်းလာလေ ပိုပြေး၍ကောင်းလေဖြစ်လာသည်။

သေချာသည်မှာ အားကစားသမားသည် ကောင်းကောင်းလေ့ကျင့်နိုင်ရန် စည်းကမ်းလိုက်နာခြင်း၊ မိမိကိုယ်ကိုအလိုမလိုက်ခြင်း၊ ရည်ရွယ်ချက်ပန်းတိုင်တစ်ခုတည်းထားခြင်းနှင့် ကြိုးစားခြင်းတို့လိုအပ်သည်။ အားကစားသမားတစ်ဦးသည် ဗိုလ်လုပွဲတွင် ဆုရရှိနိုင်ရန်အတွက် ပြိုင်ပွဲစည်းကမ်းများကို လိုက်နာရမည်ဖြစ်သည်။ ပြိုင်ပွဲစည်းကမ်းများကို မလိုက်နာလျှင် မိမိအသက်ဆုံးရှုံး ရမည်တော့မဟုတ်သော်လည်း မည်သည့်ဆုကိုမျှရမည်မဟုတ်သည်တော့ သေချာသည်။ ထာဝရအသက်သည်လည်း

ထိုနည်းတူဖြစ်သည်။ ၎င်း၏အစွမ်းပကားများကို ပြုစုကာ အမြင့်မားဆုံးဆုလဒ်ကို ရယူရမည်ဖြစ်သည်။ ထိုထာဝရ အသက်ကိုပိုင်ဆိုင်ရရှိသောသူတို့သည် "*ခပ်သိမ်းသော ဝန်တို့ကိုငင်း၊ နှောင့်ယှက်တတ်သောဒုစရိုက်ကိုငင်း ပယ်ရှား၍၊ ငါတို့မျက်မှောက်၌ ထားသောပန်းတိုင်သို့ရောက်ခြင်းငှာ၊ အားမလျှော့ဘဲပြေး*" ရန် (ဟေဗြဲ ၁၂း၁) ပြင်ဆင်ထားကြရမည် ဖြစ်သည်။ သူတို့သည် မိမိကိုယ်ကိုအလိုမလိုက်ရန်၊ နေ့စဉ် မိမိလက်ဝါးကပ်တိုင် ထမ်းလျက် ခရစ်တော်နောက်လိုက်ရန် အဆင်သင့်ဖြစ်နေရမည်။ သူတို့သည် မိမိကိုယ်ကိုထိန်းချုပ်ခြင်းနှင့်ပြိုင်ပွဲစည်းကမ်းလိုက်နာခြင်းတို့ကို တိုးတက်စေရမည်။ ထိုသို့မဟုတ်လျှင် သူတို့သည် အရည်အချင်းမပြည့်ဝဘဲ ဆုနှင့် လွဲကြမည်ဖြစ်သည် (၁ကော ၉း၂၄-၂၇၊ ၂တိ ၂း၅)။

သို့သော် ထာဝရအသက်နှင့်ပတ်သက်၍ အံ့ဩနှစ်သက်ဖွယ်ကောင်းသည့် အချက်တစ်ချက်မှာ- ထာဝရအသက်သည် ထိုအသက်ကိုပိုင်ဆိုင်သောသူတို့အား မတည်မြဲသော ဤလောက၌အသက်ရှင်နေစဉ် ကြုံရသည့်တွေ့ကြုံမှုများ၊ တာဝန်များ၊ ပျော်ရွှင်မှုများနှင့် နာကျင်မှုများထဲတွင် အသက်ရှင်တတ်စေပြီး ထိုအရာများ အားဖြင့်လည်း ထာဝရအတွက်ထူးခြားမှုများရရှိစေကာ ထာဝရဆုလဒ်များဖြစ်စေရန် တတ်စွမ်းစေသည် (ယော ၁၂း၂၅၊ ၂ပေ ၁း၅-၁၁)။

**ကျွန်ုပ်တို့ ထာဝရအသက်ရရှိကြောင်းသိနိုင်သည့်အခွင့်အလမ်း။** အချို့ သောသူများ၊ အချို့သောဘာသာရေးသမားများကပင် ကျွန်ုပ်တို့ ထာဝရအသက်ကို ရမရအသေအချာမသိနိုင်ဟု စွဲစွဲမြဲမြဲပြောနေကြသည်။ ထို့ကြောင့် ဤအကြောင်း ဓမ္မသစ်ကျမ်း၏ရိုးရှင်းသောဖေါ်ပြချက် ကျွန်ုပ်တို့၌ရှိနေခြင်းသည် ကောင်းလှ ပေသည်။ နောက်ပိုင်းအခန်းတွင် ဤအကြောင်းကို လေးလေးနက်နက်ဆင်ခြင်ကြ မည်ဖြစ်သည်။ သို့သော် ထိုဖေါ်ပြချက်ဖြင့် ဤနေရာတွင် အစပြုရမည်ဆိုလျှင်-

> *သက်သေခံတော်မူချက်ဟူမူကား၊ ဘုရားသခင်သည် ငါတို့အား ထာဝရ အသက်ကိုပေးတော်မူ၍၊ ထိုအသက်သည်လည်း သားတော်၌ပါ၏။ သားတော်ကိုရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏သားတော်ကို မရသောသူမူကား အသက်ကိုမရ။ ဘုရားသခင်၏သားတော်ကိုယုံကြည် သောသူတို့သည် ထာဝရအသက်ကိုကိုယ်တိုင်ရသည်ဟုသိစေခြင်းငှာ၊ ဤအရာများကို သင်တို့အား ငါရေး၍ပေးလိုက်၏* (၁ယော ၅း၁၁-၁၃)။

# ၈
# နောင်တ
## *စိတ်မကောင်းဖြစ်ရုံသာမဟုတ်*

ဤနေရာသို့ရောက်လာသည့်အထိ ကျွန်ုပ်တို့သည် ပြန်လည်သင့်မြတ်ခြင်း၊ ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခြင်း၊ ရွေးနှုတ်စရာအဖိုးအခပေးခြင်း၊ ပြန်လည်ရွေးနှုတ်ခြင်းနှင့် လူကိုအသစ်မွေးဖွားစေခြင်း စသည့်အမှုများ ဘုရားသခင်ပြုတော်မူကြောင်း ဖော်ပြရန်အတွက် ဓမ္မသစ်ကျမ်းကအသုံးပြုသော ဝေါဟာရများကို ကျွန်ုပ်တို့လေ့လာခဲ့ကြပြီဖြစ်သည်။ ယခုအခါ ဘုရားသခင်ပြုခဲ့ပြီးသောအရာ၊ ပြုနေသောအရာနှင့် ပြုတော်မူမည့်အရာတို့မှ အကျိုးကျေးဇူးရရှိရန်အတွက် ကျွန်ုပ်တို့ပြုရမည့်အရာများကို ဖော်ပြသည့်ဝေါဟာရများကို ကျွန်ုပ်တို့လေ့လာကြမည်ဖြစ်သည်။

ထိုဝေါဟာရများအနက် ပထမဆုံးဝေါဟာရမှာ *နောင်တရခြင်း* ဖြစ်သည်။ လူထုရှေ့၌ ခရစ်တော်၏ပထမဦးဆုံးသောမိန့်တော်မူချက်မှာ ***"အချိန်ပြည့်စုံပြီ၊ ဘုရားသခင်၏နိုင်ငံတော်တည်လုနီးပြီ၊ နောင်တရကြလော့။ ဧဝံဂေလိတရားကို ယုံကြည်ကြလော့"*** ဟူ၍ဖြစ်သည် (မာ ၁း၁၅)။

ခရစ်တော်၏မိန့်တော်မူချက်အရ နောင်တရခြင်းသည် အလွန်ဝမ်းမြောက်ဖွယ်အဖြစ်အပျက်ဖြစ်သည်- ***"ထိုနည်းတူ ငါဆိုသည်ကား၊ ဘုရားသခင်၏ကောင်းကင်တမန်တို့သည် နောင်တရသောလူဆိုးတယောက်၌ ဝမ်းမြောက်ခြင်းရှိကြသည်သည်ဟု မိန့်တော်မူ၏"*** (လု ၁၅း၁၀)။ နောင်တရခြင်းသည် သင့်လျော်အပ်စပ်သောအရာတစ်ခုလည်းဖြစ်သည်။ မိုးရေသည် မြေကိုပျော့ပြောင်းစေလျက် အစေ့တို့ကိုအပင်ပေါက်ကာရှင်သန် ကြီးထွားစေသကဲ့သို့ နောင်တရခြင်းသည်လည်း ဝိညာဉ်ရေးအသက်တာကို လမ်းဖွင့်ပေးသည်။ ၎င်းကို ဓမ္မသစ်ကျမ်းက ***"ဘုရားသခင်သည် အသက်ရှင်စေခြင်းအလို့ငှာ၊ နောင်တတရားကို တပါးအမျိုးသားတို့အားလည်းပေးတော်မူပြီ"*** (တ ၁၁း၁၈) ဟုဆိုထားသည်။

သို့သော် နောင်တရခြင်းသည် အစိတ်အပိုင်းများဆက်စပ်ပါဝင်သောအရာများဖြစ်သောကြောင့် လိုအပ်နေသည့် ပါဝင်သောအစိတ်အပိုင်းအားလုံးပါဝင် နေမှသာ သင့်လျော်မှန်ကန်၍အကျိုးရှိသောနောင်တဖြစ်နိုင်သည်။ ဥပမာအနေဖြင့် ပြည့်ဝသော နောင်တတွင် မှန်ကန်သောဝမ်းနည်းခြင်းပါရမည်ဖြစ်သည်- “*အဘယ်သို့နည်းဟူမူကား၊ ဘုရားသခင်၏အလိုတော်နှင့်ညီသောဝမ်းနည်းခြင်းသည် ကယ်တင်ခြင်းနှင့်ယှဉ်သောနောင်တစိတ်တည်းဟူသော၊ မပြောင်းလဲနိုင်သောနောင်တစိတ်ကို ပြုပြင်တတ်၏*” (၂ကော ၇း၁၀)။ အခြားတစ်ဘက်တွင် ပြည့်စုံသောနောင်တကြောင့် မဟုတ်သော ဝမ်းနည်းကြေကွဲခြင်းသည် ကယ်တင်ခြင်းနှင့်အသက်ဆီသို့မဦးတည်သည့်အပြင် ဉပါဒါန်နှင့်ပျက်စီးမှုကိုဖြစ်စေတတ်သည်- “*လောကီဝမ်းနည်းခြင်းမူကား သေခြင်းကို ပြုပြင်တတ်၏*” (၂ကော ၇း၁၀)။

ခရစ်တော်ကိုအပ်နှံခဲ့သောယုဒသည် ဤအတွက် ထင်ရှားသောသာဓကတစ်ခုဖြစ်သည်။ ယေရှုသည် အပြစ်စီရင်ခြင်းခံရကြောင်း သူတွေ့သောအခါ သူနောင်တရခဲ့သည်။ သူသည် မိမိပြုခဲ့သောအမှားကိုပြန်ချေဖျက်ရန် ကြိုးစားခဲ့သော်လည်း မဖြစ်နိုင်ခဲ့။ သူသည် လက်ဝါးကပ်တိုင်ဆီသို့ပြေးသွားလျက် ယေရှုဘေးနားတွင် လက်ဝါးကပ်တိုင်ပေါ်တင်ခြင်းခံရသောသူခိုးကဲ့သို့ ခွင့်လွှတ်ခြင်းကို ယေရှုထံတောင်းခံမည်ဆိုလျှင် ဖြစ်နိုင်ခဲ့မည်သေချာပါသည်။ သို့သော် ထိုသို့သူမပြုခဲ့ပေ။ သူရသည့်နောင်တမျိုးသည် ဓမ္မသစ်က ကျွန်ုပ်တို့ကိုရစေလိုသည့်နောင်တမျိုးကဲ့သို့ ပြည်ဝမှန်ကန်သော နောင်တမဟုတ်ပေ။ သူ၏နောင်တသည် စိတ်မကောင်းဖြစ်ခြင်း၊ ဝမ်းနည်းခြင်းသက်သက်သာဖြစ်ခဲ့သည်။ ၎င်းသည် အသက်နှင့်ကယ်တင်ခြင်းကိုမဖြစ်စေပေ။ ယုဒသည် လုံးလုံးဆန့်ကျင်ဖက်ပြုလျက် အဝေးသို့ထွက်သွားကာ မိမိကိုယ်ကို ကြိုးဆွဲချလျက် သေဆုံးခဲ့သည် (မ ၂၇း၃-၅)။

ဘာသာပြန်ဆိုမှုနှင့် သာမန်အသုံးပြုမှုတို့ကြောင့် ဓမ္မသစ်ကျမ်းကဆိုလိုသော နောင်တ၏အဓိပ္ပါယ်သည် မကြာခဏပြောင်းလည်းသွားတတ်သည်။ ထို့ကြောင့် ဤစကား လုံးကို ကျွန်ုပ်တို့ ဂရုတစိုက်စစ်ဆေးရန်လိုသည်။ ဓမ္မသစ်ကျမ်း၏မူရင်းဂရိစကားတွင် ‘နောင်တ’အတွက် စကားလုံးနှစ်လုံးသုံးထားသည်ကို တွေ့ရသည်။

၁။ *metanoia* နှင့် ၎င်း၏ကြိယာပုံစံ *metanoeo* ။ ဤစကားလုံးတို့၏အရင်းခံအဓိပ္ပါယ်မှာ ‘စိတ်ပြောင်းလဲခြင်း’ဖြစ်သည်။ အမျိုးမျိုးသောစိတ်ခံစားမှုများနှင့် ခံစားမှုများသည် ဤစိတ်ပြောင်းလဲမှုနှင့်အတူဖြစ်စေ၊ ဤပြောင်းလဲမှုကြောင့်

ဖြစ်စေ ဖြစ်ပေါ်လာနိုင်ပါသည်။ သို့သော် ၎င်း၏အခြေခံအချက်မှာ အသိတရားပိုင်းနှင့် ဆိုင်သည်။ ၎င်းသည် ကိုယ်ကျင့်တရားပိုင်းခြားစီရင်မှု၏လုပ်ဆောင်မှုတစ်ခုဖြစ်သည်။

၂။ *metamelomai* နှင့် ၎င်း၏ကြိယာပုံစံ *metamelei* ။ ဤစကားလုံး နှစ်လုံးကိုလည်း နောင်တနှင့်ပတ်သက်သည့်အကြောင်းဖေါ်ပြရာတွင် အသုံးပြုကြ ပါသည်။ သို့သော် ဤစကားလုံးတို့သည် ပြုမိသည့်အရာ တစ်စုံတစ်ခုကြောင့်ခံစား ရသည့် ဝမ်းနည်းကြေကွဲခြင်းကို ပို၍အလေးပေးဖေါ်ပြကြသည်။

ထို့အပြင် အခြေခံအားဖြင့် စိတ်ပြောင်းလဲခြင်းဖြစ်သော နောင်တသည် လူတစ်ဦး၏ကိုယ်ကျင့်တရားကိုပြောင်းပြန်ဖြစ်စေကာ သူ၏အရင်အပြုအမူများကို စွန့်လွှတ်စေသည်။ ၎င်းတွင် အနှုတ်သဘောဆောင်သောအခြေခံသဘောတရား တစ် ခုပါသည်။ ထို့ကြောင့် ဓမ္မသစ်ကျမ်းက မှားယွင်း၍ ဆိုးသွမ်းသောအရာများမှ နောင်တရခြင်းအကြောင်း ဖေါ်ပြထားသည်- ဥပမာ။ ။ "သေခြင်းနှင့်စပ်ဆိုင်သော အကျင့်ကို နောင်တရခြင်း" (ဟေဗြဲ ၆း၁)။ သို့သော် ၎င်းတွင် အပေါင်းလက္ခဏာ ဆောင်သောအခြေခံသဘောတရားတစ်ခုလည်းပါသည်- "ဘုရားသခင့်ရှေ့တော်၌ နောင်တရခြင်း" (တ ၂၀း၂၁)။ အောက်ပါကျမ်းပိုဒ်၌ နောင်တရခြင်းတွင် အသိတရားနှင့်ဆိုင်သောအချက် (ကျွန်ုပ်တို့၏အကြံနှင့် ဘုရားသခင်၏အကြံ)၊ အနှုတ်သဘောဆောင်သည့်အခြေခံသဘောတရား (မကောင်းသောလမ်းစဉ်ကို စွန့်လွှတ်ခြင်း)နှင့် အပေါင်းသဘောဆောင်သည့်အခြေခံသဘောတရား (ထာဝရ ဘုရားထံသို့ပြန်လှည့်ခြင်း)တို့အား မည်ကဲ့သို့အရေးထားပုံကို မှတ်သားပါ။

> *ဆိုးသောသူသည် မိမိလမ်းကိုင၎်း၊ မတရားသောသူသည် မိမိအကြံတို့ကို စွန့်ပစ်၍၊ ထာဝရဘုရားထံတော်သို့ ပြောင်းလဲပါစေ။ သို့ပြုလျှင် သနား တော်မူလိမ့်မည်။ ငါတို့ဘုရားသခင့်ထံတော်သို့ပြောင်းလဲပါစေ။ သို့ပြုလျှင် အထူးသဖြင့် အပြစ်ကိုလွှတ်တော်မူလိမ့်မည်။ ထာဝရဘုရားမိန့်တော်မူ သည်ကား၊ ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်နှင့်မတူ။ ငါ၏အကျင့်သည်လည်း သင်တို့၏အကျင့်နှင့်မတူ။* (ဟေရှာ ၅၅း၇-၈)

ကျွန်ုပ်တို့အား နောင်တရရန်ဖိတ်ခေါ်သည့်အဓိကကဏ္ဍ (၃) ခုရှိသည်။

**၁။ ဘုရားသခင်နှင့်ဆက်နွယ်ပတ်သက်မှု။** ကျွန်ုပ်တို့သည် ဘုရားမဲ့ဝါဒီ တစ်ဦးဖြစ်ခဲ့မည်ဆိုလျှင် နောင်တဆိုသည်မှာ ကျွန်ုပ်တို့၏ဘုရားမဲ့ဝါဒကိုစွန့်ပယ်၍

ဘုရားရှိကြောင်း အသိအမှတ်ပြုရန်ဖြစ်နေမည်သေချာပါသည်။ သို့သော် ဘုရားမဲ့ဝါဒီများသာ ဘုရားသခင်ထံနောင်တရရန်လိုသည်မဟုတ်။ ဘုရားရှိသည်ဟုယုံကြည်သော်လည်း သူ့ကိုဥပေက္ခာပြုကာ နောင်တရရန်နှင့်ကယ်တင်ခြင်းခံရန် သူ၏မိန့်တော်မူချက်ကို အသိအမှတ်မပြုဘဲ သူ၏ပညတ်ချက်များကို မထီမဲ့မြင်ပြု၍ သူမရှိသလိုမျိုး အသက်ရှင်ခြင်း မျိုးလည်းရှိသည်။ အနည်းအများကွာခြားသော်လည်း ကျွန်ုပ်တို့အားလုံး ထိုနည်းတူဖြစ်နေတတ်ကြသည်။ "*ငါတို့ရှိသမျှသည် သိုးကဲ့သို့လမ်းလွဲလျက် ကိုယ့်လမ်းသို့ အသီးသီးလိုက်သွားကြသည်. .*" (ဟေရှာ ၅၃း၆)။ နောင်တရခြင်းသည် အသက်ရှင်၍စစ်မှန်သောဘုရားကို (၁သက် ၁း၉) ဝတ်ပြုရန်အတွက် ရုပ်တုများ (စစ်မှန်သောဘုရားနေရာ၌ အစားထိုးသည့်မည်သည့်အရာမဆို)ထံမှ ဘုရားသခင်ထံသို့ပြန်လှည့်ခြင်းထက် မလျော့ပါ။

**၂။ မိမိကိုမိမိ ဆက်နွယ်ပတ်သက်မှု။** ဓမ္မသစ်ကျမ်းက နောင်တ၏အဆင့်နှစ်ဆင့်ကို တောင်းဆိုပါသည်။ ဤအချက်ကို အလွယ်တကူသတိမမူမိတတ်ကြသောကြောင့် ၎င်းနှစ်ခု၏ခြားနားပုံကိုဖော်ပြသည့် သာဓကတစ်ခုဖြင့် အစပြုကြမည်ဖြစ်သည်။

အသက် ၅၀ နှစ်ရှိသောလူကြီးတစ်ဦးသည် အလွန်မနာမကျန်းဖြစ်နေသည်။ သူသည် ဆရာဝန်ဆီသို့သွားခဲ့သည်။ ဆရာဝန်သည် သူ့ကို အသေအချာစစ်ဆေးပေးပြီးသောအခါ သူနာမကျန်းဖြစ်ရခြင်းမှာ ဆေးလိပ်အလွန်အကျွံသောက်သောကြောင့်ဖြစ်သည်ဟု ပြောပြလိုက်သည်။ ထိုအခါ ထိုလူကြီးက "ဟုတ်ကဲ့၊ အခုကျွန်တော်သိပါပြီ။ နောင်တလည်းရပါပြီ။ ကျွန်တော်ဆေးလိပ်ဖြတ်နိုင်ရန် ကူညီဖို့ကျွန်တော့်ကို တစ်ခုခုပေးပါလားဗျာ"ဟု ဆိုသည်။

ဒီအထိတော့ ကျေနပ်စရာပင်။ လူကြီးသည် ဆေးလိပ်သောက်သည့်အပြစ်အတွက် နောင်တရပြီဖြစ်သည်။ သို့သော် ဆရာဝန်က "ကောင်းပြီ၊ ခင်ဗျားဆေးလိပ်ဖြတ်မယ်ဆိုတာ ပညာရှိတဲ့အလုပ်ဘဲ။ ဒါပေမဲ့ဆေးလိပ်ဖြတ်တာက ခင်ဗျားကို ကယ်နိုင်မှာမဟုတ်ဘူး။ ခင်ဗျားအဆုပ်က တော်တော်ပျက်စီးနေပြီ။ ခင်ဗျားနှလုံးကိုလည်း တော်တော်ထိထားတယ်။ ခင်ဗျားကို ကယ်နိုင်တဲ့အလုပ်က ခင်ဗျားရဲ့အဆုပ်နှင့်နှလုံးကို အစားထိုးထည့်ပေးဖို့အတွက် ခွဲစိတ်ဆရာဝန်ကို ခွင့်ပြုဖို့တစ်ခုတည်းဘဲ ဖြစ်နိုင်တယ်"ဟု ဆိုလာသည်။

ယခုအရေးကြီးသည့်မေးခွန်းမှာ- ထိုလူသည် ပို၍အခြေခံကျသည့်ဤအဆင့်တွင် နောင်တရရန်အလိုရှိမည်လားဆိုသည့်မေးခွန်းဖြစ်သည်။ ဆိုလိုသည်မှာ

ဆေးလိပ်ဖြတ်ရုံနှင့်အသက်ဆက်မရှင်နိုင်ဘဲ အသစ်သောအဆုပ်နှင့်နှလုံးတို့ကသာ သူ့ကိုကယ်နိုင်မည်ဖြစ်သည့် သူ၏ဆိုးဝါးသည့်အခြေအနေကို သူသည် ဆရာဝန်နှင့် သဘောတူမည်လားဟူ၍ဖြစ်သည်။

သူသည် ဆရာဝန်၏အဆုံးအဖြတ်ကို လက်မခံဘဲ "မလုပ်နိုင်ဘူး။ ဒီလို စိုးရိမ်ဖို့ကောင်းတဲ့ခွဲစိတ်ကုသမှုအတွက် ကျွန်တော်မပြင်ဆင်ထားဘူး။ ခင်ဗျားပြောသလောက်လည်း ကျွန်တော်နေမကောင်းမဖြစ်ပါဘူး။ ကျွန်တော်ဆေးလိပ်ဖြတ်လိုက်ရင် ကျွန်တော်အဆင်ပြေသွားမယ်လို့ ကျွန်တော်စိတ်ချတယ်"ဟု ဆိုလာသည့်ဆိုကြပါစို့။ သူသည် မကြာမီ သေဆုံးသွားမည်ဖြစ်သည်။

အခြားတစ်ဖက်တွင် သူသည် ဤအခြေခံအဆင့်တွင်သဘောတူလျက် ဆရာဝန်၏စစ်ဆေးဖေါ်ထုတ်မှုကို လက်ခံ၍ ခွဲစိတ်မှုအတွက်ဝန်ခံလျက် အခြားလူတစ်ဦး၏အဆုပ်နှင့်နှလုံးကိုလက်ခံသည်ဆိုလျှင်လည်း သူသည် ဆေးလိပ်သောက်သည့်အကျင့်အတွက် နောင်တရရန်လိုဦးမည်ဖြစ်သည်။ သူဆေးရုံမှဆင်းသွားသည့်အခါ ဆရာဝန်က သူ့ကို "ခင်ဗျား ဆေးလိပ်လုံးလုံးဖြတ်လိုက်ဖို့ ကျွန်တော်အလေးအနက် ပြောချင်တယ်။ တကယ်လို့ ဆေးလိပ်ပြန်သောက်ဖို့ သွေးဆောင်မှုကို ခင်ဗျား မခံနိုင်တော့ဘူးဆိုရင် ချက်ချင်းလာခဲ့ပါ။ သွေးဆောင်မှုကိုကျော်လွှားနိုင်ဖို့ ပစ္စည်းတစ်ခု ခင်ဗျားကို ကျွန်တော်ပေးလိုက်မယ်" အသေအချာမှာလိုက်သည်။

ကျွန်ုပ်တို့အတွက်လည်းထိုနည်းတူပင်ဖြစ်သည်။ ဘုရားသခင်၏အဆုံးအဖြတ်မှာ မိမိအပြစ်မှနောင်တရခြင်းသည် အရေးကြီးသောအရာဖြစ်သော်လည်း ထို နောင်တက ကျွန်ုပ်တို့ကိုမကယ်တင်နိုင်သည့်အခြေအနေတွင် ကျွန်ုပ်တို့ရောက်နေကြသည်။ ကျွန်ုပ်တို့၌လိုအပ်နေသည့်အချက်မှာ လုံးလုံးနောင်တရခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ အပြစ်များအတွက်သာမက ကျွန်ုပ်တို့ကိုယ်တိုင်အတွက် ဘုရားသခင်၏အဆုံးအဖြတ်ကို ကျွန်ုပ်တို့လက်ခံရန်လိုအပ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့ပြုခဲ့သောအရာ အတွက်သာမက ကျွန်ုပ်တို့ဖြစ်နေသောအခြေအနေနှင့်ဆိုင်သည့်ပြဿနာဖြစ်သည်။ ဘုရားသခင်၏အဆုံးအဖြတ်မှာ ကျွန်ုပ်တို့သည် အတိတ်တွင် အပြစ်များကျူးလွန်ခဲ့ပြီး ယခုလည်း သန့်ရှင်းခြင်းစံချိန်နှင့် လွဲနေကြသည်(ရော ၃း၂၃)ဆိုသည့်အချက်သာမဟုတ်ဘဲ ကျွန်ုပ်တို့၏သဘာဝအားဖြင့် ကျွန်ုပ်တို့သည် "*အမျက်တော်ခံရသောသူများ*" (ဧဖက် ၂း၁-၁၃) ဖြစ်ကြသည်ဟူ၍ဖြစ်သည်။ ကျွန်ုပ်တို့၏သဘာဝမှာ အပြစ်ရှိ၍ ဘုရားသခင်၏

စိတ်တော်နှင့်မတွေ့နိုင်သည့်သဘာဝဖြစ်သည်။ ကျွန်ုပ်တို့၏အစိတ်အပိုင်းအားလုံးသည် ဆိုးနိုင်သမျှဆိုးနေပြီဟု ဆိုလိုခြင်းမဟုတ်ဘဲ အပြစ်ကြောင့် ကျွန်ုပ်တို့၏အစိတ်အပိုင်းအားလုံးသည် ပျက်စီးနေပြီဟုဆိုလိုသည်။

အပင်တစ်ပင်သည် ပန်းသီးသီးသောကြောင့် ပန်းသီးပင်ဖြစ်သည်မဟုတ်။ နဂိုသဘာဝအားဖြင့်ပန်းသီးပင်ဖြစ်နေသောကြောင့် ပန်းသီးသီးခြင်းဖြစ်သည်။ အပင်ပေါ်မှ ပန်းသီးရှိသမျှကိုခူးလိုက်လျှင်လည်း ပန်းသီးပင်သာဖြစ်နေမည်ဖြစ်သည်။ အနည်းငယ်ဖြစ်စေ၊ များစွာဖြစ်စေ အချို့သောကျွန်ုပ်တို့အပြစ်များအတွက် ကျွန်ုပ်တို့နောင်တရခြင်းသည် ပန်းသီးများကို အပင်ပေါ်မှချွေချခြင်းနှင့်သာတူသည်။ ၎င်းသည် ကျွန်ုပ်တို့၏သဘာဝကြောင့်ဖြစ်လာသောပြဿနာများကို ဖြေရှင်းနိုင်ခြင်းမရှိပေ။ ကျွန်ုပ်တို့သည် နှစ်ခြင်းဆရာယောဟန်ဖေါ်ပြခဲ့သည့်အတိုင်း ခုတ်ဖြတ်၍မီးထဲပစ်ချခြင်းခံသင့်သည့် “*မကောင်းသောအပင်များ*”သာဖြစ်ကြသည် (မ ၃း၁၀)။

သို့သော် ဤအဆင့်တွင် လူများစွာတို့သည် ဘုရားသခင်၏အဆုံးအဖြတ်ကို လက်ခံရန်ငြင်းဆန်ကြသည်။ နောင်တရရန် သူတို့ငြင်းဆန်ကြသည်။ သူတို့အမှားများပြုလုပ်ခဲ့မိကြောင်း သူတို့ဝန်ခံကြသည်။ သူတို့၏ကိုယ်ကျင့်တရားပိုင်းတွင် မှောင်နေသည့်ကဏ္ဍရှိသည်ဟုလည်း သူတို့ဝန်ခံကောင်းဝန်ခံနိုင်သည်။ သို့သော် သူတို့အတွက် လိုအပ်နေသည်မှာ သူတို့အတိတ်ကပြုခဲ့သောအပြစ်များကို နောင်တရလျက် ထိုအပြစ်များကို စွန့်လွှတ်နိုင်ရန်အတွက် ဘုရားသခင်ထံအကူအညီယူဖို့သာဖြစ်သည်ဟူသည့်အတွေးကို သူတို့မြဲမြဲစွဲကိုင်ထားကြသည်။ ထိုသို့ပြုလျှင် သူတို့သည် ဘုရားသခင်၏ကောင်းကင်ဘုံအတွက် လိုအပ်သည့်အရည်အချင်းနှင့်ဆိုင်သည့်အခွင့်ကောင်းတစ်ခုကိုရရှိလျက် အခြေခံအားဖြင့် လူကောင်းများဖြစ်ကြမည်ဟု သူတို့မျှော်လင့်ကြသည်။

သို့သော် ခရစ်တော်ကိုယ်တိုင်က ဤပုံဥပမာကို မိန့်တော်မူခဲ့သည်။

“*မကောင်းသောအသီးကိုသီးသောအပင်ကား၊ ကောင်းသောအပင်မဟုတ်။ ကောင်းသောအသီးကိုသီးသောအပင်ကား၊ မကောင်းသောအပင်မဟုတ်။ အသီးကိုထောက်၍ အပင်၏သဘောကိုသိရ၏။ ဆူးပင်၌ သင်္ဘောသဖန်းသီးကို မဆွတ်တတ်။ တောချုံ၌ စပျစ်သီးကိုမဆွတ်တတ်*” (လု ၆း၄၃-၄၄)။

ဆူးပင်က "ကျွန်တော့်ဆီက ဆူးတစ်ချို့ထွက်နေတာတော့ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က ဆူးပင်မဟုတ်ပါဘူးဗျာ။ တကယ်တော့၊ ကျွန်တော်က သဖန်းပင်ပါ" ဟု ဆိုလာလျှင် အရာမဝင်နိုင်ပါ။

ထို့ကြောင့် လုံးလုံးနောင်တရခြင်းသည် မိမိကိုယ်ကိုခန့်မှန်းချက်ကို စွန့်လွှတ်လျက် အပြစ်တစ်ချို့မှနောင်တရခြင်းသည် ကျွန်ုပ်တို့ကိုမကယ်တင်နိုင်ကြောင်း ဘုရားသခင်၏အဆုံးအဖြတ်ကို သဘောတူခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ထံမှ မဟုတ်သော အခြားအရင်းအမြစ်တစ်ခုမှ အသစ်သောဝိညာဉ်အသက်ကိုလိုအပ်နေကြသည်။ ထိုအရင်းအမြစ်မှာ ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်ရန် အသေခံတော်မူလျက် ယခုအသက်ရှင်တော်မူသော ခရစ်တော်ပင်ဖြစ်သည်။

အကြောင်းမှာ ဤအချက်သည် ခရစ်ယာန်ဗတ္တိဇံမင်္ဂလာ၏ လူ့သမိုင်းဆိုင်ရာထူးခြားချက်ဖြစ်သည်။ ဓမ္မသစ်ကျမ်း၏ရှင်းပြချက်အရ (ရော ၆း၃-၄) ဗတ္တိဇံမင်္ဂလာသည် သင်္ဂြိုဟ်ခြင်း၏ပုံဆောင်ချက်ဖြစ်၍ မိမိသည်ကွပ်မျက်ခြင်းနှင့်သင်္ဂြိုဟ်ခြင်းတို့နှင့်သာထိုက်တန်ကြောင်း ဘုရားသခင်၏အဆုံးအဖြတ်ကိုလက်ခံကြောင်း လူအများရှေ့တွင် ဝန်ခံခြင်းဖြစ်သည်။ ၎င်းသည် လူတစ်ဦး၏ကိုယ်ကျင့်စရိုက်မှ မကောင်းသောအပိုင်းများကို ဆေးကြောဖယ်ရှားလျက် ကောင်းသောအပိုင်းများကို ကြီးထွားရန်နှင့်ရှင်သန်ရန် ချန်ထားခြင်းသည့် မျက်လှည့်ဆန်သည့်ခွဲစိတ်မှုမဟုတ်ပါ။ ရုပ်လောကတွင် လူတစ်ယောက်ကို လူသတ်မှုအတွက် သေဒဏ်ပေးသည့်အခါ သူ၏ဆိုးသောစိတ်တစ်ခုတည်း သို့မဟုတ် သူ့အားလူသတ်မှုကျူးလွန်စေသည့် မနာလိုဝန်တိုစိတ်ကိုသာမဟုတ်ဘဲ လူတစ်ယောက်လုံးကိုသေဒဏ်ပေးလျက် တစ်ကိုယ်လုံးကို မြှုပ်နှံသင်္ဂြိုဟ်သကဲ့သို့ ဗတ္တိဇံမင်္ဂလာတွင် တစ်ကိုယ်လုံးကိုသင်္ဂြိုဟ်ခြင်းဖြစ်သည်။ ထိုနည်းတူ လူတစ်ဦးသည် လူသတ်မှုအတွက် ကွပ်မျက်ခံရသည့်အခါ ထိုသေခြင်းသည် သူ့ဘဝတစ်ခုလုံးကို အဆုံးသတ်စေသည်။ သူ့အတိတ်ဘဝကို ဖယ်ရှားလျက် ကျန်သေးသည့် ဘဝအသက်တာကို အကောင်းဆုံးအသက်ရှင်နေထိုင်နိုင်ရန် ချန်ထားပေးခြင်းမရှိပေ။ ထို့သို့ ကွပ်မျက်ခံခြင်းသည် သူ့အတွက် နောက်ဆုံးဖြစ်ကာ သူ့ဘဝအသက်တာတစ်ခုလုံး အဆုံးသတ်သွားပြီဖြစ်သည်။ သေခြင်းကို နောက်တစ်ကြော့ပြန်သေရန် မလိုပါ။ နောက်တစ်ကြော့ပြန်သေ၍လည်း မရနိုင်ပေ။

ထို့ကြောင့် ကျွန်ုပ်တို့၏အပြစ်များအတွက် ခရစ်တော်အသေခံတော်မူသောအခါ တစ်ကြိမ်အသေခံတော်မူခဲ့သည်။ နောက်ထပ်အသေခံဦးမည်မဟုတ်။ အဘယ့်

ကြောင့်ဆိုသော် နောက်တစ်ကြိမ်အသေခံရန်မလိုအပ်တော့ပေ (ရောမ ၆း၈-၁၁ ကိုကြည့်ပါ)။ သူတစ်ခါအသေခံခြင်းအားဖြင့် သူ့ကိုကယ်တင်ရှင်အဖြစ်လက်ခံသောသူရှိသမျှတို့၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂါတ် သူတို့ဘဝတစ်လျှောက်လုံးမှ အပြစ်များအတွက် ပေးဆပ်ရမည့်အပြစ်ဒဏ်ကို ပေးဆပ်တော်မူခဲ့သည်။ ထို့ကြောင့် လူတစ်ဦး ဗတ္တိဇံမင်္ဂလာခံယူသောအခါ ခရစ်တော်သည် သူ့အတွက် ဘုရားသခင်ပြင်ဆင်ပေးသော အစားထိုးပေးသူနှင့်ကယ်တင်ရှင်အဖြစ်လက်ခံကြောင်းနှင့် ယောက်ျားနှင့်မိန်းမတို့ လက်ထပ်ထိမ်းမြားကြသည့်အခါ တစ်ဦးတည်းဖြစ်လာကြသကဲ့သို့ (၁ကော ၆း၁၅-၁၇) သူသည်ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်သွားကြောင်း တစ်ပြိုင်တည်း ကြေငြာခြင်းလည်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏အမြင်တွင် ခရစ်တော်အသေခံသောအခါ ယုံကြည်သူလည်းသေလျက် ခရစ်တော်သင်္ဂြိုဟ်ခံရသည့်အခါ ယုံကြည်သူလည်း သင်္ဂြိုဟ်ခံရကာ ထိုယုံကြည်သူ၏အပြစ်ရှိခြင်းသည် အဆုံးသတ်သွားသည်။ ယုံကြည်သူပြောနေသည်မှာ ရှင်ပေါလုပြောထားသကဲ့သို့ "ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ" (ဂလာ ၂း၁၉-၂၁) ဟူ၍ဖြစ်သည်။

ထို့ကြောင့် ဗတ္တိဇံမင်္ဂလာသည် ရှင်ပြန်ထမြောက်ခြင်း၏သက်တလည်းဖြစ်သည်။ ၎င်းက ဘုရားသခင်သည် ခရစ်တော်ကို သေသောသူတို့ထဲမှ ထမြောက်စေတော်မူသကဲ့သို့ ခရစ်တော်ကိုလက်ခံသောသူရှိသမျှတို့ကိုလည်း အသစ်သောဝိညာဉ်ရေးအသက်ကိုပေးတော်မူသည်ဟု ထူးခြားစွာထင်ဟပ်ပြသည်။ ထိုအသက်သည် ယခင်က အသက်ဟောင်းကို တိုးတက်ကောင်းမွန်အောင်ပြုပြင်ထားသည့်အသက် မဟုတ်ဘဲသူ ယခင်က လုံးဝမရခဲ့ဖူးသောအသက်သစ်ဖြစ်သည်။ ထိုအသက်သည် ခရစ်တော်၏အသက်ပင်ဖြစ်သည်။ ထို့ကြောင့် ယုံကြည်သူအမှန်တကယ်ပြောနိုင်သည်မှာ

> *ထိုမှတပါး၊ ငါသည် ဘုရားသခင်နှင့်ဆိုင်သောအရာ၌ အသက်ရှင်မည်အကြောင်း၊ ပညတ်တရားနှင့်ဆိုင်သောအရာ၌ ထိုပညတ်တရားအားဖြင့်သေလျက်နေ၏။ ငါသည်ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခုငါရှင်သော အသက်သည် ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဘို့ ကိုယ်ကိုစွန့်တော်မူ၏* (ဂလာ ၂း၁၉-၂၁)။

ဗတ္တိဇံမင်္ဂလာသည် ပုံဆောင်မှုဖြစ်ကြောင်း အထူးပြောစရာမလိုပါ။ ၎င်းသည် ၎င်းကပုံဆောင်သော သေခြင်းနှင့် ထမြောက်ခြင်းတို့အပေါ် အကျိုးသက်ရောက်မှုမရှိပါ။ ၎င်းသည် လက်ထပ်လက်စွပ်နှင့်တူသည်။ လက်မထပ်ရသေးသော အမျိုးသမီးတစ်ဦးကလည်း ထိုလက်စွပ်ကိုစွပ်ထားနိုင်ပါသည်။ သို့သော် သူသည် ထိုလက်စွပ်ကိုစွပ်လိုက်သည်နှင့် လက်ထပ်ပြီးသားဖြစ်မသွားပါ။ သူသည် ယောကျ်ားတစ်ဦးကို မိမိ၏ခင်ပွန်းသည် အဖြစ်လက်ခံရန် သဘောတူပြီးမှသာ ထိုလက်စွပ်သည် သူ့အတွက်ထူးခြားမှုကိုဖြစ်စေမည်ဖြစ်သည်။ ထို့ကြောင့် လူတစ်ဦးသည် ဗတ္တိဇံမင်္ဂလာမခံမီ ကျွန်ုပ်တို့ဆွေးနွေးခဲ့ပြီးသည့်အတိုင်း အပြည့်အဝနောင်တရလျက် ခရစ်တော်ကို မိမိကယ်တင်ပိုင်ရှင်အဖြစ် လက်ခံရမည်ဖြစ်သည်။ သို့မဟုတ်ပါက သူခံယူသည့်ဗတ္တိဇံမင်္ဂလာသည် အကျိုးမဲ့ပုံဆောင်မှုတစ်ခုဖြစ်ကာ အစစ်အမှန်မဟုတ်သောအရာ၏တင်ပြချက် တစ်ခုသာဖြစ်မည်။

၃။ ကျွန်ုပ်တို့နောင်တရရန်ဖိတ်ခေါ်သည့် အခြားသောကဏ္ဍတစ်ခုမှာ **ကျွန်ုပ်တို့အပြစ်များနှင့်ဆက်နွယ်ပတ်သက်မှု**ဖြစ်သည်။ အပြည့်အဝနောင်တရလျက် ခရစ်တော်ကိုလက်ခံသောသူသည် တရားဝင်လွတ်လပ်သောသူဖြစ်သည်။ သူသည် ဘုရားသခင်၏လက်ခံမှုကိုရရှိရန်အတွက် မိမိကိုယ်ကို ပိုမိုကောင်းမွန်အောင်ပြုပြင်ရာ၌ရုန်းကန်နေ စရာမလိုတော့ပါ။ သူသည် လက်ခံခြင်းကိုခံရပြီးသွားပြီဖြစ်သည်။ သို့သော် ဘုရားသခင်သည် ခရစ်တော်ပြုသောအမှုကြောင့် သူ့ကိုလက်ခံခြင်းဖြစ်၍ သူသည် စစ်မှန်သောခရစ်ယာန်အသက်တာကို ကြီးထွားတိုးတက်စေလိမ့်မည်ဟု မျှော်လင့်ခြင်းခံရမည်ဖြစ်သည်။ ဆိုလိုသည်မှာ သူသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဖတ်လျက် ဘုရားသခင်က အပြစ်ရှိသည်ဟုယူဆသောစိတ်သဘောထားများနှင့် လုပ်ဆောင်မှုများကို ရှာဖွေကာ ၎င်းတို့အတွက်နောင်တရလျက် ၎င်းတို့ကိုဖယ်ရှားရန်အတွက် ခရစ်တော်၏တန်ခိုးနှင့်စွမ်းအားကို ရယူခြင်းဖြစ်သည်။ ထို့အပြင် သူသည် အားနည်းမှုနှင့်စုံစမ်းသွေးဆောင်ခြင်းကို တစ်ချိန်ပြီးတစ်ချိန်ခံရသည့်အခါ ဘုရားသခင် ထံဝန်ခံရန်လိုအပ်မည်ဖြစ်သည်။ ကတိတော်မှာ *"ကိုယ်အပြစ်တို့ကို ဘော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့်၎င်း၊ ဖြောင့်မတ်ခြင်းတရားနှင့်၎င်း ပြည့်စုံတော်မူ၏"* (၁ယော ၁း၉)။ ဤကဲ့သို့သောနောင်တမျိုးသည် တစ်ဘဝလုံးလိုအပ်သည့် နောင်တမျိုးဖြစ်သည်။ ထိုသို့ နေ့စဉ်ပြုရန်လိုအပ်မည်ဖြစ်သည် (ဗျာ ၂း၅၊ ၁၆၊ ၂၁။ ၃း၃)။

## စစ်မှန်သောနောင်တ၏အခြားသောသွင်ပြင်လက္ခဏာများ

၁။ နောင်တရခြင်းသည် စကားလုံးနှင့်သာဆိုင်သောကိစ္စမဟုတ်ပါ။ စစ်မှန်သောနောင်တဖြစ်ကြောင်း အပြုအမူများအားဖြင့် သက်သေပြရန်လိုအပ်မည်ဖြစ်သည်။ နှစ်ခြင်းဆရာယောဟန်က "*နောင်တရခြင်းနှင့် ထိုက်တန်သောအကျင့်ကိုကျင့်ကြလော့*" (မ ၃း၈)ဟု ပြောခဲ့သည်။

၂။ တစ်ချိန်တည်းမှာပင် နောင်တသက်သက်သည် ကယ်တင်ခြင်းနှင့်မတန်သို့မဟုတ် ကယ်တင်ခြင်းကို မရစေပါ။ အပြစ်အတွက်ခွင့်လွှတ်ခံရခြင်းသည် အပြစ်အတွက် ကျွန်ုပ်တို့ဝမ်းနည်းသည့်ဝမ်းနည်းမှု၏အတိုင်းအတာအပေါ်မမူတည်သကဲ့သို့ ထိုခွင့်လွှတ်ခြင်းကို မည်သည့်အာပတ်ဖြေခြင်းအလုပ်သက်သက်နှင့်မျှ မရနိုင်ပါ။ ခွင့်လွှတ်ခြင်းသည် ဘာမျှမတတ်နိုင်သောအပြစ်သားများကို ယုံကြည်ခြင်းသက်သက်အားဖြင့် လုံးလုံးလျားလျားအခမဲ့ပေးသောလက်ဆောင်ဖြစ်သည်။ ထို့ကြောင့် "ဘုရားသခင်၏ရှေ့တော်၌ နောင်တရခြင်း"သည် "ငါတို့သခင်ယေရှုခရစ်ကို ယုံကြည်ခြင်း"နှင့်တွဲနေရန် လိုအပ်နေခြင်းဖြစ်၏ (တ ၂၀း၂၁)။

၃။ နောင်တရခြင်းသည် အဆောတလျှင်လုပ်သောကိစ္စဖြစ်သည်။ "*ဘုရားသခင်သည် မိုက်မဲသောအချိန်ကာလတို့ကို အမှုမထားဘူးသော်လည်း၊ ယခုမှာ ကိုယ်အပြစ်ကိုမြင်၍ နောင်တရကြလော့ဟု ခပ်သိမ်းသောအရပ်တို့၌ရှိသောလူအပေါင်းတို့အား ပညတ်တော်မူ၏*" (တ ၁၇း၃၀-၃၁)။ ခရစ်တော်ကိုယ်တိုင်က ကျွန်ုပ်တို့အား "*သင်တို့ရှိသမျှသည်လည်း နောင်တမရလျှင် ပျက်စီးခြင်းသို့ ရောက်ကြ လိမ့်မည်*" (လု ၁၃း၃၊ ၅)ဟု သတိပေးထားသည်။

# ၉
# ယုံကြည်ခြင်း
## *မမြင်မကမ်းခြေစုံပစ်ဝင်ခြင်းမဟုတ်*

ပြီးခဲ့သည့်အခန်းတွင် ဘုရားသခင်လုပ်ဆောင်ပေးသောအရာအားလုံးတို့ထံမှ အကျိုးကျေးဇူးရရှိရန်အတွက် လူတို့လုပ်ဆောင်စရာများအနက် ပထဆုံးခြေလှမ်းမှာ ဘုရားသခင်ထံတော်သို့*နောင်တရခြင်း*ဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့ရှိခဲ့ကြသည်။ ဒုတိယမှာ သခင်ယေရှုခရစ်တော်အပေါ်*ယုံကြည်ခြင်း*ဖြစ်သည် (တ ၂၀း၂၁)။

ဓမ္မသစ်ကျမ်းအရ ကယ်တင်ခြင်း၏အခြေအနေများမှာ-

က) *သင်သည် သခင်ယေရှုကိုနှုတ်ဖြင့်ဝန်ခံ၍* (တစ်နည်းအားဖြင့်-*'ယေရှုသည်သခင်ဖြစ်သည်ဟုနှုတ်ဖြင့်ဝန်ခံ၍)* -[ဓမ္မဓိဌာန်ကျကျဆိုလျှင် ဘုရားသခင်၏သားတော်အဖြစ်၊ ပုဂ္ဂလဓိဌာန်ကျကျဆိုလျှင် သင်၏ကယ်တင်ရှင်အဖြစ်ဝန်ခံခြင်း]နှင့်

ခ) *ဘုရားသခင်သည် သူ့ကိုသေခြင်းမှထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ရောက်လိမ့်မည်* (ရော ၁၀း၉) - တို့ဖြစ်သည်။

ထိုအခါ ချက်ချင်းပေါ်လာသည့်မေးခွန်းမှာ 'ထိုကဲ့သို့သောယုံကြည်ခြင်းသည် မည်ကဲ့သို့ရောက်ရှိလာမည်နည်း'။

### ယုံကြည်ခြင်းနှင့်ပတ်သက်သည့်အခက်အခဲများ- ယုံကြည်ခြင်းနှင့်သိပ္ပံပညာ

ယခုခေတ်တွင် လူများစွာတို့ကြားရတတ်သည့်မှတ်ချက်မှာ "ကျွန်တော်တို့ ဘုရားသခင်နှင့်ခရစ်တော်ကို ယုံကြည်ချင်ပါတယ်။ ဒါပေမဲ့ ဘုရားမဲ့ဝါဒကို နှစ်ပေါင်းများစွာသွပ်သွင်းခံရပြီးတဲ့နောက်ပိုင်း ကျွန်တော်တို့အတွက် ယုံကြည်ဖို့ခက်နေတယ်။ ကျွန်တော်တို့အတွက် ယုံကြည်ခြင်းက ထင်ရာမြင်ရာလုပ်ခြင်းတစ်မျိုးလိုဖြစ်နေတယ်။ သိပ္ပံပညာမှာ သက်သေအထောက်အထားတွေရှိတယ်- ယုံကြည်ခြင်းမလိုဘူး။ ဒါပေမဲ့ ခရစ်ယာန်ယုံကြည်မှုမှာ သက်သေအထောက်အထားဘာမှမရှိဘဲယုံကြည်ဖို့ ဆုံးဖြတ်ချက် သေချာရတယ်။ ဒါက မှောင်မည်းနေတဲ့ညအချိန်မှာ မထိမခိုက်ဘဲ မြေကြီးပေါ်

တစ်နေရာရာရောက်သွားလိမ့်မည်လို့ယုံကြည်ပြီး ပြုတင်းပေါက်ကနေခုန်ချတာနှင့်တူနေတယ်” ဟူသောမှတ်ချက်မျိုးဖြစ်သည်။

အချို့ကလည်း ယုံကြည်ခြင်းသည် ရသခံစားမှုတစ်ခုဖြစ်သည်ဟု ခံစားကြသည်။ ‘ခင်ဗျားမှာ ယုံကြည်ခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အဲဒီယုံကြည်ခြင်းနှင့် ခင်ဗျားဘာမှလုပ်လို့မရဘူး’ ခံယူကြသည်။

ဤအမြင်များတစ်ခုမျှမမှန်ပါ။ ထို့အပြင် သိပ္ပံပညာတွင် ယုံကြည်ခြင်းမပါဟူသောခံယူချက်သည်လည်း မှားယွင်းပါသည်။ တကယ်တမ်းဆိုရလျှင် သိပ္ပံပညာနှင့်ဆိုင်သည့်ကြိုးစားအားထုတ်မှုများအတွက် အခြေခံမှာ ယုံကြည်ခြင်းဖြစ်သည်။ အိုင်စတိုင်း (Albert Einstein) က “တည်ရှိနေကြတဲ့စကြဝဠာကို လူရဲ့ဆင်ခြင်တုံတရားနှင့်နားလည်နိုင်တယ် လို့ယုံကြည်မှုနှင့် ၎င်းအတွက်ကျိုးကြောင်းညီညွတ်မှုနိယာမတွေဟာ ဆင်ခြင်စဉ်းစားမှုနှင့်ဆိုင်တယ်ဆိုတဲ့ယုံကြည်မှုတွေဟာ ဘာသာတရားရဲ့နယ်ပယ်နှင့်ဆိုင်တယ်။ ဒီနက်ရှိုင်းတဲ့ယုံကြည်မှုကို မျှဝေခံစားမှုမရှိတဲ့ တကယ့် သိပ္ပံပညာရှင်တစ်ဦးကို ကျွန်တော်စဉ်းစားလို့မရဘူး”ဟု ပြောခဲ့သည်။

သိပ္ပံပညာရှင်များထုတ်ဖေါ်ပြောဆိုရန် ယုံကြည်ဖွင့်ဟသည့် စကြဝဠာမျိုးတကယ်ရှိမရှိ မေးခွန်းထုတ်သည့် သိပ္ပံပညာရှင်များနှင့် အတွေးအခေါ်ပညာရှင်များအမှန်တကယ်ရှိပါသည်။ ဤစကြဝဠာမျိုးသည် သိပ္ပံပညာရှင်များကိုယ်တိုင်၏စိတ်နှင့် ပုံသေနည်းများထဲတွင်သာရှိသည်ဟု သူတို့၏ခံယူချက်ကိုတင်ပြကြပါသည်။ သိပ္ပံပညာရှင်တို့၏ အယူအဆသီအိုရီသည် ဓမ္မဓိဋ္ဌာန်ကျကျစစ်မှန်သည့်အရာမဟုတ်ပါဟု သူတို့ဆိုကြသည်။ သို့သော် ၎င်းသည် အလွန်နည်းပါးသောလူနည်းစုလေးသာဖြစ်ကြောင်း သိနိုင်ပါသည်။

များစွာသောအများစုတို့က တိုက်ရိုက်ဖြစ်စေ၊ သူတို့၏စက်ကရိယာများဖြင့်ဖြစ်စေ သူတို့စုံစမ်းသိရှိထားသော စကြဝဠာတကယ်ရှိသည်ဟု ယုံကြည်ကြသည်။ ၎င်းကို သူတို့၏အကဲ့ခတ်လေ့လာမှုများ၊ အနုမာနအဆိုများ၊ သီအိုရီများ၊ လက်တွေ့စမ်းသပ်မှုများနှင့် အနက်ဖွင့်မှုများမှ သူတို့ဖန်တီးယူခြင်းမဟုတ်ပါ။ ၎င်း၏တည်ရှိနေမှုကို ပေးထားချက်တစ်ခုအဖြစ် သူတို့လက်ခံထားခြင်းဖြစ်သည်။ ရှိသည်ဟုသူတို့မသိခဲ့သော ဒြပ်စင်အမှုန်များကဲ့သို့သောအရာများကို သူတို့အသေး စိတ်လေ့လာတွေ့ရှိခဲ့သည်မှန်ပါသည်။ သို့သော် သူတို့ရှာဖွေတွေ့ရှိမှုမတိုင်မီကပင် ထိုအရာများရှိပြီးသားဖြစ်သည်။ သိပ္ပံပညာရှင်က သူ၏လေ့လာမှုများဖြင့် စကြဝဠာကိုဖန်ဆင်း

သည်မဟုတ်။ ထိုစကြဝဠာကို နားလည်ရန် သူကြိုးစားနေခြင်းသာဖြစ်သည်။ သူသည် ထိုရည်ရွယ်ချက်အတွက် စကြဝဠာကဖေါ်ပြသောသက်သေအထောက်အထားများ၌ သူ့စိတ်ကိုအပ်နှံထားကာ သက်သေအထောက်အထားကိုရှင်းပြရန် လက်တွေ့စမ်းသပ်မှုကဖေါ်ပြလာနိုင်သည့် အရာများအတွက်လည်း သူ့စိတ်ကိုချဲ့ဖြန့်ထားရင်း သူ့သီအိုရီများနှင့်ဆိုင်သည့်အမှန်တရားကို သူဆုံးဖြတ်သည်။

ဘုရားသခင်ဖန်ဆင်းထားသောကြောင့် စကြဝဠာရှိခြင်းဖြစ်သည်ဟု သမ္မာကျမ်းစာက အခိုင်အမာဆိုထားသည်။ ဘုရားသခင်က ၎င်းကိုဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ ဖန်ဆင်းနိုင်စွမ်းရှိသော သူ၏နှုတ်ကပတ်တော်အားဖြင့်မိန့်တော်မူလျက် ၎င်းကို ဖန်ဆင်းခဲ့သည် (ကမ္ဘာဦးကျမ်း ၁၊ ယော ၁း ၁-၄၊ ဟေဗြဲ ၁၁း၃)။ ၎င်းသည် ဘုရားသခင်၏စိတ်တော်ကိုဖွင့်ပြတော်မူခြင်း၊ မိမိ၏ဖန်ဆင်းရှင်ဖြစ်ခြင်းနှင့်ဆိုင်သည့်စိတ်ကို ဖေါ်ပြတော်မူခြင်းဖြစ်သည်။ Kepler ပြောခဲ့သည့်အတိုင်းပင် သိပ္ပံပညာရှင်တစ်ဦးသည် ထိုဖွင့်ပြတော်မူချက်ကိုလေ့လာရင်း သူကိုယ်တိုင်သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ဘုရားသခင်နောက်လိုက်ကာ ဘုရားသခင်၏တွေးတောကြံစည်မှုများအတိုင်း တွေးတောကြံစည်သည်။

ထိုနည်းတူ ဖန်ဆင်းခြင်းအားဖြင့် မိမိကိုယ်ကိုဖွင့်ပြတော်မူသောဘုရားသခင်သည် မိမိသားတော် ယေရှုခရစ်အားဖြင့် ကျွန်ုပ်တို့အား မိမိကိုယ်ကိုဖွင့်ပြတော်မူသည်ဟု သမ္မာကျမ်းစာကအခိုင်အမာပြောထားပါသည်။ ခရစ်တော်သည် အသင်းတော်က ဖန်ဆင်းလိုက်သောအရှင်မဟုတ်၊ ဘာသာတရားနှင့် ဓမ္မအတွေးအခေါ်ဆိုင်ရာ စိတ်ကူး ယဉ်မှုများ၏ရလဒ်လည်း မဟုတ်ပေ။ သမ္မာကျမ်းစာထဲတွင် ထိုအရှင်ကို ဘုရားသခင်၏ နှုတ်ကပတ်တော်ဟုခေါ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် သူ၏ဖန်ဆင်းခြင်းအားဖြင့် ကျွန်ုပ်တို့အား မိမိကိုယ်ကိုဖေါ်ပြခဲ့သည်ထက် ထိုခရစ်တော်အားဖြင့် မိမိကိုယ်ကိုပိုမိုပြည့်စုံစွာနှင့် ပိုမိုရှင်းလင်းစွာ ဖေါ်ပြတော်မူသောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် ထိုနှုတ်ကပတ်တော်အားဖြင့် ရင်ဖွင့်တော်မူပြီဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏တာဝန်မှာ သိပ္ပံပညာရှင်သည် ဖန်ဆင်းခြင်းထဲ၌ ဘုရားသခင်က မိမိကိုယ်ကို ဖွင့်ပြတော်မူခြင်းဖြင့် ရရှိသော သက်သေအထောက်အထားများကို လေ့လာသင်ယူသကဲ့သို့ ခရစ်တော်အားဖြင့် မိမိကိုယ်ကိုဖွင့်ပြတော်မူလျက် ဘုရားသခင်ပြင်ဆင် ပေးသောသက်သေအထောက်အထားများကို လေ့လာရမည့်တာဝန်ဖြစ်သည်။

သိထားရမည့်အချက်မှာ သိပ္ပံပညာရှင်များသည် အပေါ်ယံကြောကျလွန်းသော သိပ္ပံပညာဆိုင်ရာရှင်းပြမှုများကို သတိထားကြသည်။ စကြဝဠာသည် ကျွန်ုပ်တို့မမျှော်လင့်ထားသောအရာနှင့် သာမန်အားဖြင့်အဓိပ္ပါယ်မရှိဟု ကျွန်ုပ်တို့ထင်သော ဝေါဟာရအားဖြင့်သာရှင်းပြနိုင်သည့် အဖြစ်အပျက်မျိုးကို ကျွန်ုပ်တို့အား စဉ်ဆက်မပြတ်ဖေါ်ပြနေကြောင်း အတွေ့အကြုံအားဖြင့် သူတို့သင်ယူခဲ့ကြပြီဖြစ်သည်။ သို့သော် ဤခက်ခဲသော ရှင်းပြချက်များကို သူတို့မငြင်းပယ်ကြပါ။ ၎င်းတို့သည် သာမန်အားဖြင့် အဓိပ္ပါယ်ရှိမရှိ သူတို့မကြည့်ဘဲ ၎င်းတို့ကိုယုံကြည်ရန် သူတို့ပြင်ဆင်ကြသည်။ သူတို့၏ ယုံကြည်မှုအပေါ် သူတို့၏အဆုံးစွန်သက်သေထူခြင်းသည် ၎င်းတို့၏အခြေခံအပေါ်မူတည်သည့် လက်တွေ့စမ်းသပ်ချက်များကို သူတို့ပုံစံဆွဲ၍ အလုပ်ဖြစ်သောအခါဖြစ်သည်။

ဘုရားသခင်သည် ယေရှုခရစ်တော်အားဖြင့် မိမိကိုယ်ကိုဖွင့်ပြတော်မူရာတွင်လည်း ထိုနည်းတူပင်ဖြစ်သည်။ ကျွန်ုပ်တို့သိသည့်အတိုင်း ခရစ်တော်သည် ဘုရားစင်စစ်နှင့်လူစင်စစ်ဖြစ်သည်ဟု ဓမ္မသစ်ကျမ်းကအခိုင်အမာပြောထားသည်။ ဤအခိုင်အမာပြောဆိုခြင်းသည် လူများစွာအတွက် အဓိပ္ပါယ်မရှိသလိုဖြစ်နေကြလျက်သမ္မာကျမ်းစာကိုယ်တိုင်ကလည်း ခရစ်တော်သည် တစ်ပြိုင်တည်းနှင့် ဘုရားစင်စစ်နှင့်လူစင်စစ်ဖြစ်နိုင်ကြောင်း သူတို့ကိုအပြည့်အစုံမရှင်းပြသည့်အခါ သူတို့သည် ၎င်းကိုရှေးခေတ် ဒဏ္ဍာရီတစ်ခုအဖြစ်ခေါင်းထဲမှ ထုတ်ပယ်ထားလိုကြသည်။ သို့သော် ဤသို့ပြုခြင်းသည် ယခုပင် ကျွန်ုပ်တို့တွေ့မြင်ခဲ့ပြီးသည့်အတိုင်း သိပ္ပံပညာဆန်သည့်ပြန်လည် တုန့်ပြန်မှုမျိုးမဟုတ်ပါ။

ယေရှုခရစ်တော်ဤကမ္ဘာလောကပေါ်၌ရှိစဉ် သူနှင့်တွေ့ဆုံခဲ့ရသောသူတို့သည် ပထမဆုံးအကြိမ်၌ပင် ကိုယ်တော်သည် လူသားစင်စစ်ဖြစ်ကြောင်း သိရှိခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် ကိုယ်တော်သည် လူသားတစ်ဦးထက်ထူးခြားကြောင်း ဖေါ်ပြနေသည့် ငြင်း၍မရသောအဖြစ်အပျက်များကို သူပြသနေကြောင်းလည်း သူတို့တွေ့ခဲ့ရသည်။ ခရစ်တော်၏ရှင်းပြချက်မှာ သူသည် တစ်ချိန်တည်းမှာပင် ဘုရားသခင်နှင့် လူသားဖြစ်သည်ဟူ၍ဖြစ်သည်။ ကျွန်ုပ်တို့ ဤရှင်းပြချက်ကိုယုံကြည်မည်ဟု မည်သို့မျှော်လင့်နိုင်သနည်းဟု ကျွန်ုပ်တို့မေးကြသည်ဆိုလျှင် ဤရှင်းပြချက်မှန်ကန်ကြောင်း ကျွန်ုပ်တို့ကိုသက်သေထူရန် ကျွန်ုပ်တို့စမ်းသပ်စစ်ဆေးနိုင်သည့် စုံစမ်းမှုများနှင့် လက်တွေ့စမ်းသပ်မှုများကို ဓမ္မသစ်ကျမ်းက ကျွန်ုပ်တို့အားဖေါ်ပြ

ပေးမည်ဖြစ်သည် (ယော ၇း၁၆-၁၇၊ ၂၀း ၃၀၃၁)။ အမှန်စင်စစ် ဓမ္မသစ်ကျမ်းက ယေရှုခရစ်သည် လူ့သမိုင်းတွင် အမှန်တကယ်ရှိခဲ့ရုံမက ကျွန်ုပ်တို့နှင့်လည်း ဆက်သွယ်နိုင်သည့် အသက်ရှင်သောပုဂ္ဂိုလ်ဖြစ်သည်ဟု အခိုင်အမာပြောထားပါသည်။

## ဓမ္မသစ်ကျမ်းကိုအဘယ်ကြောင့်ဖတ်ရသနည်း

သို့သော် ဤနေရာတွင် တစ်ယောက်ယောက်က "ကျွန်တော်/ကျွန်မ ဓမ္မသစ်ကျမ်းဖတ်တာအသုံးမဝင်ပါဘူး။ ဘာလို့လဲဆိုတော့ ဓမ္မသစ်ကျမ်းက ကျွန်တော့်/ကျွန်မကို ဘာမှအကောင်းမလုပ်ပေးဘူး။ ဒါကိုမဖတ်ခင် ဒါမှန်တယ်ဆိုတာ အရင်ယုံကြည်ဖို့လိုတာပေါ့။ ကျွန်တော်/ကျွန်မက ဒါမှန်တယ်လို့မယုံကြည်ဘူးဆိုတော့ ဒါကိုဖတ်ရင်လည်း ဘာမှရမှာမဟုတ်ဘူး"ဟု ကန့်ကွက်လာသောသူလည်းရှိနိုင်ပါသည်။ သို့သော် ဤကဲ့သို့သောကန့်ကွက်ချက်သည် နားလည်မှုမှားခြင်းကြောင့်ဖြစ်သည်။ လူတစ်ဦးသည် ဓမ္မသစ်ကျမ်းကိုမဖတ်သေးဘဲ ၎င်းကိုမှန်သည်ဟုယုံစရာမလိုပါ။ တစ်နည်းဆိုရလျှင် သင်သည် ဓမ္မသစ်ကျမ်းကို လေးလေးနက်နက်မဖတ်သေးဘဲ ၎င်းကိုမှားနေသည်ဟု ရိုးရိုးသားသားနှင့် သိပ္ပံနည်းကျကျကြိုတင်၍မသိနိုင်ပါ။ သင်သည် သတင်းစာများနှင့် ပတ်သက်၍ ထိုသို့ဆိုမည်၊ သဘောထားမည်မဟုတ်။ သတင်းစာများစွာကို ဖတ်ခြင်းအားဖြင့် သတင်းစာများတွင် မမှန်သောအရာများပါနိုင်ကြောင်း သင်သိသည်။

သို့သော် ထိုသို့ဖြစ်သောကြောင့် သတင်းစားများကိုဖတ်ရန် သင်မငြင်းပါ။ အမှားနှင့်အမှန်ကိုသင်ရွေးနိုင်သည်ဟု သင်စိတ်ချလျက် သတင်းစာများကို သင်ဖတ်သည်။ သင်သည် ထိုသို့မပြုနိုင်သည့်အခါ သင်၏စီရင်ဆုံးဖြတ်မှုကို ခေတ္တသင်ရပ်ဆိုင်းထားသည်။ ဓမ္မသစ်ကျမ်းကိုလည်း ထိုနည်းတူဖတ်ပါ။ သင်ဖတ်ပြီးမှသာ ယေရှုသည် သမ္မာတရားများကို မိန့်တော်မူခဲ့ခြင်းရှိမရှိဆုံးဖြတ်ပါ။ ယေရှုမိန့်တော်မူသောအရာများကို နားမထောင်ဘဲ သူ့ကိုယုံကြည်ရန်မဖြစ်နိုင်ပါ။ သူ့ကို နားထောင်ကြည့်ရန်ပင် သင်ငြင်းဆိုလျှင် ၎င်းသည် အသိတရားဆိုင်ရာလိမ္မာမှုမဟုတ်ပါ။ အသိတရားတိုးပွားမှုကိုပိတ်ပင် ခြင်းသာဖြစ်သည်။

ချိန်ခွင်လျှာပေါ်တွင်ရှိနေသောအကြောင်းကိစ္စများသည် သတင်းစာတစ်ခုထဲမှ သတင်းတစ်ခုဖတ်ခြင်းထက် အများကြီးပိုသည်မှန်၏။ အမှန်စင်စစ် အစပိုင်းတွင် ကျွန်ုပ်တို့တွေ့ခဲ့သည့်အတိုင်း ဓမ္မသစ်ကျမ်းကခင်းပြထားသည့် ကယ်တင်ခြင်းအတွက်

ပထမအခြေအနေမှာ ယေရှုကိုသခင်အဖြစ်ဝန်ခံခြင်းဖြစ်သည်။ ယေရှုကို မိမိ၏အရှင်သခင်အဖြစ်လက်ခံ၍ ကမ္ဘာလောကရှေ့တွင် ကိုယ်တော်ကိုထိုသို့ဝန်ခံရန်ပြင်ဆင်နေခြင်းဖြစ်သည်။ သို့သော် ထိုမျှမကသေးပါ။ ဓမ္မဟောင်းကျမ်းတွင်ဘုရားသခင်က "*ငါတပါးသည် ထာဝရဘုရားဖြစ်၍၊ ငါမှတပါးကယ်တင်သောသခင်မရှိ*"ဟု မိန့်တော်မူထားပါသည် (ဟေရှာ ၄၃း၁၁)။ "ထာဝရဘုရား"သည် ဖန်ဆင်းရှင်ဘုရားသခင်နှင့် ကြောင်းတူသံကွဲစကားလုံးဖြစ်သည်။ ယေရှုသည် ထာဝရဘုရားမဟုတ်လျှင်၊ သူသည် လူ့ဇာတိခံသောဘုရားသခင်မဟုတ်လျှင် သူသည်မည်သူ့ကိုမျှ မကယ်တင်နိုင်ပါ။ အခိုင်အမာပြောဆိုမှုသည် အံ့မခန်းဖွယ်ရာဖြစ်၍ဓမ္မသစ် ကျမ်းသည် ကျွန်ုပ်တို့ယုံကြည်နိုင်ရန် သက်သေအထောက်အထားမပေးဘဲငင်းကို ယုံကြည်ရန် ကျွန်ုပ်တို့ကို တောင်းဆိုလိမ့်မည်မဟုတ်။ ထို့ကြောင့် မေးခွန်းမှာ-မည်သည့်သက်သေအထောက်အထားက ယေရှုသည် သခင်ဖြစ်တော်မူကြောင်းကျွန်ုပ်တို့ယုံကြည်နိုင်ရန် အထောက်အကူဖြစ်မည်နည်း-ဆိုသည့်မေးခွန်းဖြစ်သည်။

## ခရစ်တော်ကိုယ်တိုင်၏ဖေါ်ပြချက်များထဲမှ သက်သေအထောက်အထား

ပထမတွင် ပြောတိုင်းယုံသည့်ပုံစံမျိုးဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့သော်ယေရှုသည် ဘုရားသခင်၏သားတော် ဖြစ်သည်ဟုယုံကြည်ခြင်းမှာ ယေရှုကိုယ်တိုင်ကသူသည် ဘုရားသခင်၏သားတော်ဖြစ်သည်ဟု မိန့်တော်မူသောကြောင့်ဖြစ်သည်။ သူ၏မှန်ကန်မှုနှင့်ပတ်သက်သည့်မေးခွန်း ချက်ချင်းထွက်လာပါသည်။ ထိုသို့ဖြစ်နိုင်ပါသည်။ ကိုယ်တော်၏ ဘုရားဖြစ်ခြင်းကို ထင်ထင်ရှားရှားထောက်ပြသော သက်သေအားလုံးရှိသည့်အခါ၌ပင် ယေရှုခရစ်တော်နှင့်တွေ့ရသည့်အခါ လူ့စိတ်ကဆုံးဖြတ်ရမည့်မေးခွန်းမှာ "သူသည် မှန်ပါသလား။ သူသည် အမှန်ကိုပြောပါသလား" ဆိုသည့်မေးခွန်းဖြစ်သည်။ ကိုယ်တော်မကြာခဏမိန့်တော်မူသည့် "ငါအမှန်အကန်ဆိုသည်ကား" ဆိုသည့်စကားအပေါ်မည်သည့်တန်ဖိုး ကျွန်ုပ်တို့ထားကြမည်နည်း။ ဘုရားသခင်နှင့် ပတ်သက်၍လည်းထိုနည်းတူပင်ဖြစ်သည်။ နောက်ဆုံးမေးခွန်းမှာ "ဘုရားသခင် ရှိပါသလား"ဆိုသည့်မေးခွန်းမဟုတ်ဘဲ "ဘုရားသခင် မှန်ပါသလား။ သူ့ကို ယုံကြည်စိတ်ချရပါမည်လား"ဆိုသည့်မေးခွန်းဖြစ်သည်။ တမန်တော်ယာကုပ်ကနတ်ဆိုးများပင် ဘုရားသခင်ရှိသည်ဟုယုံကြသည်ဟု ခနဲ့သံပါသည့်မှတ်ချက်မျိုးချခဲ့သည် (ယာကုပ် ၂း၁၉)။ သို့သော် သူတို့သည် ဘုရားသခင်ကို မယုံကြည်ကြ၊

နားလည်းမထောင်ကြပေ။ များစွာသောလူတို့သည်လည်း ဘုရားသခင်ရှိသည်ဟုယုံကြသော်လည်း ဘုရားသခင်ကိုယုံကြည်ခြင်းမရှိကြသကဲ့သို့ မိမိတို့အသက်တာကို ဤနေရာ၌ဖြစ်စေ၊ လာမည့်ကမ္ဘာ၌ဖြစ်စေ ဘုရားသခင့်နှုတ်ကပတ်တော်၏မှန်ကန်မှုအပေါ် ပုံအပ်ရန် ပြင်ဆင်မှုမရှိကြပေ။ သူတို့လုပ်နိုင်မည်မဟုတ်ဟု သူတို့ခံစားကြသည်။

လူတစ်ယောက်က "ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ယုံကြည်ဖို့ ကျွန်တော်တို့ကို ခင်ဗျားမျှော်လင့်လို့မရဘူး။ ဘာလို့လဲဆိုတာ ရိုးရိုးလေး ပြောရရင် သူ့ကိုသူ ဒီလိုပြောတာကိုး။ ဒါကလက်တွေ့မကျဘူး"ဟုပြောသည်။ ယေရှု လောကတွင် လူ့ဇာတိနှင့်ရှိစဉ် သူနှင့်အတူရှိခဲ့သူများကလည်း ထိုမေးခွန်းမျိုး မေးခဲ့ကြသည်။ သူတို့က "သင်သည် ကိုယ်အကြောင်းကို သက်သေခံ၏"ဟုဆိုကာ "သင်၏သက်သေမတည်"ဟု ကောက်ချက်ချကြသည် (ယော ၈း၁၃)။

ခရစ်တော်သည် အကြောင်းခိုင်လုံမှုမရှိသော ထိုကောက်ချက်ချမှုကို "*ငါသည် ကိုယ်အကြောင်းကို သက်သေခံသော်လည်း ငါ့သက်သေတည်၏။ အကြောင်းမူကား၊ ငါသည်အဘယ်အရပ်ကလာသည်ကိုငှင်း၊ အဘယ်အရပ်သို့သွားသည်ကိုငှင်း ငါသိ၏။ သင်တို့မူကား မသိကြ*"ဟု ချက်ချင်းပြန်၍ မိန့်တော်မူခဲ့သည် (ယော ၈း၁၄)။ ကိုယ်တော်က သူထွက်လာခဲ့သည်နေရာနှင့် မကြာမီသူပြန်သွားမည့်နေရာအဖြစ် ကောင်းကင်ကိုရည်ညွှန်းခြင်းဖြစ်သည်။ ကိုယ်တော်သည် မိမိတွေ့ကြုံခံစားနေရသော အခွင့်အာဏာဖြင့် မိန့်တော်မူခဲ့သည်။ ထိုကဲ့သို့ ကောက်ချက်ချရန် ကျိုးကြောင်းခိုင်လုံမှု လုံးလုံးမရှိပါ။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်သည် ဤအရာများကို၊ သူ၏သက်သေတည်မတည်၊ ပြောနိုင်သည့် တစ်ပါးတည်းသော ပုဂ္ဂိုလ်ဖြစ်သောကြောင့်ဖြစ်သည်။

အလားသဏ္ဍာန်တူသည့်အချက်ကို အသုံးပြုကြပါစို့။ လွန်ခဲ့သည့်နှစ်ပေါင်းသုံးထောင်က အရှေ့အလယ်ပိုင်းချိုင့်ဝှမ်းဒေသတွင်နေထိုင်သောလူတို့အတွက် နေ့လည်နေကို မျက်နှာမူလျက်ရပ်နေလျှင် နေထွက်လာခဲ့သောအရပ်သည် လက်ဝဲဘက်ဖြစ်လျက် လက်ယာဖက်သည် နေဝင်ရာအရပ်ဖြစ်သည်ဆိုသည့် အချက်သည် စောဒကမတက်နိုင်သော အချက်ဖြစ်ခဲ့သည်။ တစ်နေ့တွင် တောင်အာဖရိကမှလူတစ်ဦးသည် သူတစ်ယောက်တည်း ထိုအရှေ့အလယ်ပိုင်း ချိုင့်ဝှမ်းဒေသသို့အလည်ရောက်လာသည် ဆိုပါစို့။ သူ့တိုင်းပြည်တွင် နေ့လည်နေကို မျက်နှာမူလျက်ရပ်နေပါက နေထွက်ရာအရပ်သည် လက်ယာဘက်ဖြစ်လျက်

လက်ဝဲဘက်သို့နေဝင်သွားသည်ဆိုသည့်အချက်သည် စောဒကမတက်နိုင်သော အချက်ဖြစ်သည်ဟု ဆိုပေလိမ့်မည်။ မေးခွန်းမှာ အရှေ့အလယ်ပိုင်းဒေသခံများ အတွက် သူ့ကိုယုံကြည်လျှင် မှန်ပါမည်လား။ သူပြောနေသည့်အရာသည် သူတို့ အမြဲကြုံတွေ့လာသည့်အချက်နှင့် ပြောင်းပြန်ဖြစ်နေပြီး သူတို့၏လတ်တလော သိပ္ပံပညာနှင့် စကြဝဠာဗေဒတို့ ဆန့်ကျင်ဘက်ဖြစ်နေသည်။ "ခင်ဗျားတစ်ယောက်ဘဲ ဒီလိုမျိုး ငါတို့ကိုပြောဖူးတယ်။ ခင်ဗျားဒီလိုပြောရုံနှင့်တော့ ကျွန်တော်တို့ မယုံနိုင်ဘူး။ ခင်ဗျားရဲ့သက်သေခံချက်က ကျိုးကြောင်းညီညွတ်မှုမရှိဘူး။ နေက ခင်ဗျားပြောတဲ့ အတိုင်းသွားတဲ့တိုင်းပြည်တော့မရှိနိုင်ပါဘူး"ဟု သူတို့ပြန်ပြောခဲ့ကြပေလိမ့်မည်။

ထိုအခါ သူက "ခင်ဗျားတို့ကို ဒီလိုပြောဖူးတာ ကျွန်တော်တစ်ယောက်တည်း မှန်ပေမဲ့ ကျွန်တော့်သက်သေခံချက်က ကျိုးကြောင်းညီညွတ်တယ်။ ကျွန်တော် မကြာခင် ပြန်သွားမဲ့ကျွန်တော့်တိုင်းပြည်ကို ကျွန်တော်သိတယ်။ အဲဒီတိုင်းပြည်ကို ခင်ဗျားတို့ မသိကြဘူး"ဟု ပြန်ဖြေလျှင် သူမှန်ပေလိမ့်မည်။ သူ့သက်သေခံချက် သည်လည်း ကျိုးကြောင်းခိုင်လုံခဲ့သည်ဖြစ်၍ သူတို့သူ့ကိုယုံကြည်လျှင် သူတို့သည် မှန်ကန်သော အချက်ကို ယုံကြည်သူများဖြစ်ကြပေလိမ့်မည်။

အရှေ့အလယ်ပိုင်းသားများအတွက်လည်း တောင်အာဖရိကမှ လူစိမ်း တစ်ဦးကို ယုံကြည်ရန်ခက်ခဲပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာစွန်းအထိ ရောက်ခဲ့၍ ထူးဆန်းအံ့သြဖွယ်ရများတွေ့ကြုံခဲ့ရသည်ဆိုသော သူတို့အကြောင်း ပြောသည့် 'ခရီးသွားပုံပြင်'များလည်း များစွာရှိနေသည်။ ၎င်းတို့အနက် တစ်ခုမှမမှန်ပါ။ ၎င်းတို့ အားလုံးသည် စိတ်ကူးသက်သက်များသာဖြစ်ကြသည်။ ထိုသို့ဆိုလျှင် သူတို့သည် ထိုခရီးသွားပုံပြင်များနှင့် ထိုတောင်အာဖရိကတိုက်သားပြောသည့် အချက်တို့ကို မည်ကဲ့သို့ ခွဲခြားနိုင်ကြမည်နည်း။ ကျွန်ုပ်တို့သည်လည်း အယူသီးသော ဘာသာတရားဆိုင်ရာထုံးတမ်းပုံပြင်များနှင့် ခရစ်တော်မိန့်တော်မူသောအရာတို့ကို မည်ကဲ့သို့ခွဲခြားနိုင်သနည်း။

ထိုကဲ့သို့သောမေးခွန်းကို ခရစ်တော်ကိုယ်တိုင်ကဖြေကြားတော်မူလျက် ကိုယ်တော်၏ဖော်ပြချက်များကိုယ်တိုင်သည် အကျိုးအကြောင်းခိုင်လုံသော်လည်း ၎င်းတို့ကို အတည်ပြုထောက်ခံပေးသည့် အထောက်အထားလည်းရှိ၍ ၎င်းမှာ အံ့ဘွယ်နိမိတ်လက္ခဏာများဖြစ်သည်ဟု ကိုယ်တော်ထောက်ပြတော်မူခဲ့သည် (ယော ၅း၃၆)။ အခိုင်အမာမိန့်တော်မူခဲ့သည့်အတိုင်း ကိုယ်တော်ပြုတော်မူသော အမှုများကို

ပြုခဲ့သောသူ အခြားသူတစ်ဦးမျှမရှိခဲ့ဖူးချေ (ယော ၁၅း၂၄)။ ထိုအကြောင်းအရာများ ဆီရောက်နိုင်ရန် နောက်အခန်းသို့ ကျွန်ုပ်သို့ကူးသွားရမည်ဖြစ်သည်။

# ၁၀

# ယုံကြည်ခြင်း

## *ထင်ရှားသောသက်သေကို တုန့်ပြန်ခြင်း (အပိုင်း ၁)*

ခရစ်တော်၏ဖော်ပြတော်မူချက်များကို သူပြုတော်မူသောအံ့သြဘွယ်ရာ နမိတ်လက္ခဏာများက အတည်ပြုထောက်ခံပေးကြောင်းဆွေးနွေးခြင်းဖြင့် ပြီးသွားသည့်အခန်းကို ကျွန်ုပ်တို့အဆုံးသတ်ခဲ့ကြသည်။ ဓမ္မသစ်ကျမ်းက ၎င်းအံ့ဘွယ်အမှုများကို လက္ခဏာများဟုခေါ်ခြင်းမှာ ၎င်းတို့သည် ကိုယ်တော်က သူသည် ဘုရားသခင်၏သားတော်ဖြစ်သည်ဟုမိန့်တော်မူသည့်သမ္မာတရားကို ညွှန်ပြပေးနေကြသောကြောင့်ဖြစ်သည်။

*ဤကျမ်းစာ၌ ရေး၍မထားသောအခြားနိမိတ်လက္ခဏာအများတို့ကိုလည်း ယေရှုသည် တပည့်တော်တို့မျက်မှောက်၌ ပြတော်မူ၏။ ယေရှုသည် ခရစ်တော်တည်းဟူသောဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို သင်တို့သည် ယုံမည်အကြောင်း၊ ထိုသို့ယုံ၍ နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း၊ ဤမျှလောက် ရေးထားလျက်ရှိသတည်း။* (ယော ၂၀း ၃၀-၃၁)

တစ်စုံတစ်ယောက်က "ဟုတ်ပါပြီ၊ ဒါပေမဲ့ ခရစ်ဝင်ကျမ်းတွေမှာမှတ်တမ်းတင်ထားတဲ့ အံ့သြဘွယ်နိမိတ်လက္ခဏာတွေ အမှန်တကယ်ဖြစ်ပျက်ခဲ့ကြတယ်ဆိုတာ ဘာအထောက်အထားရှိသလဲ။ အဲဒါတွေဖြစ်ပျက်နေတာကိုမြင်ရဖို့ အဲဒီနေရာမှာ ကျွန်တော်တို့မရှိခဲ့ကြဘူး။ ဒီမှတ်တမ်းတင်မှုတွေမှန်တယ်လို့ ကျွန်တော်တို့ဘယ်လို အသေအချာ သိနိုင်မလဲ။ ပြီးတော့ ဘာဘဲဖြစ်ဖြစ် ဒီလက္ခဏာတွေရဲ့အဓိကအချက်ကဘာလဲ။ ဧလိယကဲ့သို့သော အခြားသူများလည်း အံ့သြဘွယ်နိမိတ်များပြုခဲ့ကြတယ်လို့ သမ္မာကျမ်းစာက ဖော်ပြထားတယ်မဟုတ်လား။ ဒါပေမဲ့ ဒီလိုလုပ်နိုင်

တာက သူတို့ တစ်ယောက်ကိုမှ ဘုရားသခင်ရဲ့သားတော်လို့ သက်သေမပြခဲ့ပါဘူး။ ယေရှုကျတော့ ဒီလိုပြုတာဟာ ဘုရားသခင်ရဲ့သားတော်ဖြစ်ခြင်းကို သက်သေပြတာ ဖြစ်တယ်လို့ ဘယ်လိုပြောနိုင်မလဲ”ဟု ပြောလာပါသည်။

ခရစ်တော်က အံ့ဖွယ်နိမိတ်လက္ခာများ အမှန်ပြုတော်မူခဲ့ကြောင်း သမိုင်းဆိုင်ရာ အထောက်အထားများအဖြစ် ခရစ်ယာန်တမန်တော်များ၏သက်သေခံချက်များကို ကွန်ုပ်တို့အမှီပြုကြပါသည်။ ၎င်းတို့ကိုမယုံကြည်ရန် အတင်းအကြောင်းပြသည့် ထင်မြင်မှုအပေါ် အခြေခံသည့်အကြောင်းပြချက်မျိုး ကွန်ုပ်တို့၌မရှိပါ။ အဘယ်ကြောင့်ဆိုသော် အံ့ဩဘွယ်နိမိတ်လက္ခဏာများသည် မဖြစ်နိုင်သောအရာများ ဖြစ်သည်ဟု သိပ္ပံပညာကို သက်သေမပြခဲ့ပါ။ ဤအချက်သည် လောကအမြင်များထဲမှ (အားလုံး မဟုတ်ဘဲ) တစ်ခုဖြစ်သည့် ရှင်းပြစရာမလိုဘဲမှန်နေသော နဂိုမှန်အဆိုတစ်ခုဖြစ်သည်။

သိပ္ပံပညာမဆန်သော်လည်း သမိုင်းကြောင်းနှင့်ဆိုင်သည့် နောက်မေးခွန်းတစ်ခုမှာ- တမန်တော်များ၏သက်သေခံချက်သည် ယုံကြည်ထိုက်ပါသလားဆိုသည့် မေးခွန်းဖြစ်သည်။

အဦးဆုံးအနေဖြင့် တမန်တော်များသည် သိလေဟန်ဖြင့် တမင်တကာလိမ်ညာသူများတော့ မဟုတ်သည်မှာသေချာသည်။ တမန်တော်ရှင်ယောဟန်က ၎င်းကို ရှင်းစရာမလိုဘဲမှန်နေသည့်အချက်တစ်ခုအဖြစ် “*မုသာရှိသမျှတို့သည် သမ္မာတရားနှင့် မစပ်ဆိုင်*”ဟု ဖေါ်ပြထားပါသည် (၁ယော ၂း၂၁)။ သူ၏ယူဆချက်အရ ပိုမိုလေးနက်သောသမ္မာတရားကို ဖြန့်ဝေသည့်အမှုကိစ္စအတွက်လည်း လိမ်လည်မှုများသည် လက်ခံနိုင်စရာများမဟုတ်။ ထို့အပြင် လိမ်ညာမှုများသည် မိမိကိုယ်တိုင် သမ္မာတရားဖြစ်သည်ဟု အခိုင်အမာမိန့်တော်မူလျက် (ယော ၁၄း၆) လိမ်လည်သောသက်သေခံချက်ရှိသမျှကို တင်းတင်းကျပ်ကျပ်တားမြစ်သော(မ ၅း၃၃-၃၇)ပုဂ္ဂိုလ်နှင့် လုံးဝသဟဇာတမဖြစ်ပေ။ ထို့ကြောင့် ယေရှုသည် အံ့ဩဘွယ်ရာနိမိတ်လက္ခဏာများကို သူနှင့်အခြားသော တမန်တော်များရှေ့တွင်ပင် ပြုတော်မူခဲ့ကြောင်း ကွန်ုပ်တို့အား ပြောပြသည့်အခါ သူသည် လူ့သမိုင်းတွင်အမှန်ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်များကို မှတ်တမ်းတင်နေကြောင်း သူရှင်းလင်းစွာယုံကြည်နေမည်ဖြစ်သည်။

ဒုတိယအချက်အနေဖြင့် ရှင်ယောဟန်သည် ယေရှုပြုတော်မူသော အံ့ဩဘွယ်နိမိတ်လက္ခဏာများကိုမှတ်တမ်းတင်သောအခါ တစ်ဆင့်စကားကိုသာ

ပြန်ပြောပြနေခြင်းမဟုတ်ကြောင်း သူ၏အခိုင်အမာပြောဆိုမှုကို ကျွန်ုပ်တို့သတိပြုရမည်ဖြစ်သည်။ သူနှင့်အခြားသောတပည့်တော်တို့သည် မျက်မြင်သက်သေများဖြစ်ကြသည်။ သူပြောပြသည့်နိမိတ်လက္ခဏာများကို *"တပည့်တော်တို့မျက်မှောက်၌"* ပြတော်မူခဲ့ခြင်းဖြစ်သည်။

သို့သော် တတိယနှင့်အရေးအကြီးဆုံးအချက်မှာ ခရစ်တော်ပြုတော်မူသောနိမိတ်လက္ခဏာများ၏သဘောသဘာဝကို ကျွန်ုပ်တို့သတိပြုသင့်သည်။ ၎င်းသည် လူ့သမိုင်း၌အမှန်ဖြစ်ပျက်ခဲ့ရုံသက်သက်မဟုတ်ပေ။ ၎င်းတို့သည် လူ့သမိုင်းကိုကျော်လွန်နေကြောင်း ယနေ့လတ်တလော၌ပင် ကျွန်ုပ်တို့ကိုစိန်ခေါ်နေသည့် အခြားသော သက်သေတစ်ခုကိုလည်း ကျွန်ုပ်တို့အားဖော်ပြပေးသည်။ ဂရိဓမ္မသစ်ကျမ်းက ကျွန်ုပ်တို့ကို ဤသို့သတိပေးနေသည်။ ဂရိဓမ္မသစ်ကျမ်းအရ ၎င်းသည် အထူးတန်ခိုးဖြင့် လုပ်ဆောင်သောအရာများ ( ဂရိစကားအားဖြင့်- *teras*) သာမဟုတ်။ လူတို့၏အာရုံကိုဖမ်းနိုင်သည့် အလွန်အံ့သြစရာကောင်းသောအရာများ ( ဂရိစကားအားဖြင့်- *dunamis*) သက်သက်လည်းမဟုတ်ဘဲ ရုပ်ပိုင်းဆိုင်ရာအံ့သြဖွယ်ရာဖြစ်ခြင်းထက် ပိုအရေးကြီးသည့်အရာကိုညွှန်ပြနေသည့် နိမိတ်လက္ခဏာများ (ဂရိစကားအားဖြင့်- *semeion*) လည်းဖြစ်သည်။

လူငါးထောင်အား အစာကျွေးတော်မူသည့် အံ့သြဘွယ်နိမိတ်လက္ခဏာကို (ယော ၆) နမူနာယူကြည့်ပါ။ ၎င်း၏ထူးခြားမှုအဆင့်တစ်တွင် ၎င်းသည် ခန္ဓာပိုင်း၌ဆာငတ်နေသောလူတို့ကို သနားတော်မူသောကြောင့် ခရစ်တော်ပြုတော်မူသောအံ့သြဘွယ်နိမိတ်လက္ခဏာဖြစ်သည်။ သို့သော် ထိုအဆင့်သည် ဤနိမိတ်လက္ခဏာ၏အဓိကရည်ရွယ်ချက်မဟုတ်သေးပါ။ လူတို့သည် နောက်နေ့တွင်လည်း ပြန်ဆာအုံးမည်ဖြစ်သည်။ လူတို့သည် ထိုအံ့သြဘွယ်နိမိတ် လက္ခဏာများကြောင့် ကျွတ်ကျွတ်ညံအောင် ယေရှုနောက်လိုက်ကြကြောင်း မှတ်တမ်းကိုယ်တိုင်က ဖော်ပြနေသည်။ ယေရှုသည် ထိုနည်းတူ ပြန်လုပ်ရန် ငြင်းဆိုတော်မူခဲ့သည်။ အဘယ်ကြောင့်နည်း။ သူဤသို့ပြုနိုင်လျှင် ဆာငတ်မှုသည် ဤကမ္ဘာပေါ်မှပျောက်ကွယ်သွားသည့်အထိ နေ့စဉ်ရက်ဆက် အဘယ်ကြောင့်မပြုခဲ့သနည်း။ ထို့အပြင် ယနေ့လည်း အဘယ်ကြောင့်ဤအမှုမျိုးမပြုသနည်း။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်မိန့်တော်မူခဲ့သည့်နည်းတူ လူတို့သည် ပိုအရေးကြီးသောရည်ရွယ်ချက်ဖြစ်သည့် အံ့သြဘွယ်ရာနိမိတ်လက္ခဏာဖြစ်ခြင်းထူးခြားမှုကို မမြင်ကြ၊ သို့မဟုတ် တမင်သက်သက်ဥပေက္ခာပြုခဲ့ကြ

သောကြောင့်ဖြစ်သည် (ယော ၆း၂၆)။ ထိုနိမိတ်လက္ခဏာက ယေရှုသည် သူတို့၏ ရုပ်ပိုင်းဆိုင်ရာဖန်ဆင်းရှင်ဖြစ်သည်သာမက သူတို့၏ဝိညာဉ်ပိုင်းဆိုင်ရာဆာငတ်မှု အတွက် အသက်မုန့်အဖြစ် မိမိကိုယ်ကိုပေးအပ်ရန် ကောင်းကင်မှကြွဆင်းလာတော်မူ ကြောင်း လူတို့အားသတိပေးနှိုးဆော်ရန်ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာတစ်ခုဖြစ်သည့် လူ့အစာအိမ်သည် ရုပ်ပစ္စည်းတစ်ခုခုဖြင့် ကျေနပ်မှုခံစားနိုင်သည်။ သို့သော် နံဝိညာဉ် ဖြစ်တော်မူသောဘုရား သခင်ထံမှလာသည့် လူ့ဝိညာဉ်သည် ရုပ်ပစ္စည်းဖြင့် အပြည့် အဝကျေနပ်မှုမရနိုင်သကဲ့သို့ အလှရသခံစားမှု သို့မဟုတ် အသိတရားဆိုင်ရာပျော်ရွှင်မှု တို့ဖြင့်လည်း ပြည့်စုံသောကျေနပ်မှုမရနိုင်ပေ။ ထိုဝိညာဉ်သည် မိမိ၏ဖန်ဆင်းရှင် ဖြစ်သည့် ပုဂ္ဂိုလ်တစ်ဦးနှင့် မိသဟာရဖွဲ့ရန်လိုအပ်သည်။ ထိုဖန်ဆင်းရှင်မပါပါက လူ့ဝိညာဉ်သည် ထောင်ချီသောရုပ်ပိုင်းဆိုင်ရာ အံ့သြဘွယ်အရာများဖြင့်လည်း ဆန္ဒမပြေနိုင်ဘဲ စဉ်ဆက်မပြတ်ဆာငတ်လျက် ပျက်စီးကိန်းနှင့်ကြုံနေရသည်။

## အံ့သြဘွယ်နိမိတ်လက္ခဏာများ၏မှန်ကန်မှုကိုစမ်းသပ်ခြင်း

ကျွန်ုပ်တို့သည် ဤအဆင့်တွင် အံ့သြဘွယ်အဖြစ်အပျက်များ၏မှန်ကန်မှုကို ကျွန်ုပ်တို့ကိုယ်တိုင်စမ်းသပ်နိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤသို့အားဖြင့် လူသားတို့၏လိုအပ်ချက်ကို ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်သည်။ မည်သည့်အရာကို သို့မဟုတ် မည်သူကို တောင့်တဆာငတ်နေမှန်း သတိထားမိလျက်ဖြစ်စေ၊ သတိမထား မိဘဲဖြစ်စေ ကျွန်ုပ်တို့၌ ဝိညာဉ်ရေးဆာငတ်မှုရှိနေကြောင်း ၎င်းကဖော်ပြနေသည်။ မှန်ပါသလား။ ကျွန်ုပ်တို့၏စိတ်နှလုံးကို ကျွန်ုပ်တို့သိသည်။ ကျွန်ုပ်တို့တစ်ဦးစီသည် ဤစစ်ဆေးတွေ့ရှိမှုမှန်မမှန် ဆုံးဖြတ်နိုင်ကြသည်။

သေချာသည်မှာ လူများစွာတို့သည် မိမိတို့၏ဝိညာဉ်ရေးရာဆာငတ်မှုကို ချုပ်ထိန်းထားရန် သွန်သင်ပေးခြင်း၊ လေ့ကျင့်ပေးခြင်းခံရကြသည်။ အချို့တို့ သည်လည်း အောင်မြင်မှုရလျက် မည်သည့်ဝိညာဉ်ရေးရာဆာငတ်မှုကိုမျှမခံစား ရကြောင်း ရိုးသားစွာပြောဆိုကြသည်။ သို့သော် ၎င်းအခြေအနေသည် သတိပေးသည့်အရိပ်လက္ခဏာဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာတွင်လည်း လူတို့သည် အစာမစားရဘဲ ငတ်ပြတ်သည့်အခါ အစပိုင်းတွင်း များစွာခံစားရပြီး သေခါနီးအချိန် နှင့်မလွဲမသွေသေရမည့်အခြေအနေအထိ ထိုခံစားမှုသည် ခေတ္တပျောက်ကွယ်သွား တတ်သည်ဟု လူတို့ပြောကြသည်။ ဝိညာဉ်ရေးအစာငတ်ပြတ်မှုတွင်လည်း

ထိုနည်းတူဖြစ်၍ ထိုသို့မခံစားရတော့ခြင်းသည် ဒုတိယသေခြင်း၏နောက်ဆုံး အဆင့်ဖြစ်နိုင်သည်။

သို့သော် မိမိ၏ဝိညာဉ်ရေးဆာငတ်မှုကိုသိသောသူတို့အတွက် ခရစ်တော်သည် မိမိကိုယ်ကို အသက်မုန့်အဖြစ် ပေးတော်မူသည်။ သူတို့သည် ဤလောကတွင် အစပြုကာ သချိုင်းကိုကျော်၍ ဘုရားသခင်၏ကောင်းကင်ဘုံသို့ရောက်သော ဘုရားသခင်နှင့်ထာဝရမိတ်သဟာရဖွဲ့ခြင်းဖြစ်သည့် ဘဝအသက်တာ၏ဝိညာဉ်ရေးကဏ္ဍကို တောင့်တကြပါသလား။ ခရစ်တော်က ၎င်းကို သူပေးနိုင်ကြောင်း အာမခံထားပါသည် (ယော ၆း၂၈-၅၈)။ သူတို့သည် လိပ်ပြာမလုံခြင်း၏အရိပ်မဲနှင့် အပြစ်တရား၏ချုပ်နှောင်မှုမှ လွတ်မြောက်လိုကြပါသလား။ ၎င်းကိုလည်း ခရစ်တော်၏အသေခံတော်မူခြင်းအားဖြင့် သူတို့ရရှိနိုင်ပါသည်(ယော၈း၃၁-၃၆)။

ထိုသို့ဆိုလျှင် သူသည် မှန်ကန်ကြောင်းနှင့် သူသည် သူအခိုင်အမာပြောသည့် အတိုင်း လူ့ဇာတိခံသောဖန်ဆင်းရှင်ဖြစ်ကြောင်း ကျွန်ုပ်တို့မည်ကဲ့သို့သိနိုင်ပါမည်နည်း။ ရုပ်ပစ္စည်းဖြစ်သောပေါင်မုန့်သည် ကျွန်ုပ်တို့၏ရုပ်ပိုင်းဆိုင်ရာဆာလောင်မှုကို အမှန်ပြေစေကြောင်း ကျွန်ုပ်တို့သိနိုင်သည့်နည်းလမ်းနှင့် အတူတူပင်ဖြစ်ပါသည်။ ၎င်းဆီသို့လာလျက်၊ ၎င်းကိုယုံကြည်စိတ်ချလျက်၊ ၎င်းကိုယူလျက် ၎င်းကိုစားဖို့ဖြစ်သည်။ မိမိတို့၏ဝိညာဉ်ရေးရာဆာငတ်မှုကို စစ်ဆေးတွေ့ရှိသည့် အမှန်တရားကို အသိအမှတ်ပြုသော သူတို့အား ခရစ်တော်က "*ငါသည် အသက်မုန့်ဖြစ်၏။ ငါ့ထံသို့လာသောသူသည် နောက်တဖန် အဆာအမွတ်မခံရ။ ငါကိုယုံကြည်သောသူသည် နောက်တဖန် ရေမငတ်ရ*" (*ယော ၆း၃၅*)ဟု မိန့်တော်မူပါသည်။ သူထံသို့လာလျက် သူ့ကိုယုံကြည် သောသူတို့သည် သူမှန်ကန်ကြောင်း တွေ့ရှိသွားကြသည်။

သို့သော် အခုထပ်၍ ခရစ်တော်၏အံ့ဩဘွယ်နိမိတ်လက္ခဏာများကပေးသောသက်သေနှင့် အနည်းငယ်ကွာခြားသည့်အခြားသောအထောက်အထားတစ်ခုဘက်သို့ လှည့်ကြပါစို့။

### ခ။ ခရစ်တော်၏အသေခံခြင်းကပေးသောသက်သေအထောက်အထား

ဓမ္မသစ်ကျမ်းအရ ခရစ်တော်အပေါ်ကျွန်ုပ်တို့ယုံကြည်ရန်အတွက် တွန်းပို့ပေးရန် ဘုရားသခင်ကြံရွယ်သောအရာများမှာ ခရစ်တော်ပြုသောအံ့ဩဘွယ်နိမိတ်

လက္ခဏာများသာမဟုတ်သကဲ့သို့ ၎င်းတို့သည် အဓိကလည်းမဟုတ်ပါ။ တကယ်တမ်းတွင် အဓိကသည် လက်ဝါးကပ်တိုင်ပေါ် ခရစ်တော်၏အသေခံခြင်းပင်ဖြစ်သည်။

"*ယုဒလူတို့သည် နိမိတ်လက္ခဏာကို တောင်းတတ်ကြ၏။ ဟေလလူတို့သည် ပညာကို ရှာတတ်ကြသည်၏။ငါတို့မူကား၊ လက်ဝါးကပ်တိုင်မှာအသေခံတော်မူသော ခရစ်တော်၏အကြောင်းအရာကို ဟောပြောကြ၏။ အကြောင်းမူကား၊ ယေရှုခရစ်တည်းဟူသောလက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော သခင်မှတစ်ပါး၊ အဘယ်အရာကိုမျှ သင်တို့တွင် ငါမသိမမှတ်ဟု ငါစိတ်ပြဋ္ဌာန်းခြင်းရှိ၏။. . . သင်တို့၏ ယုံကြည်ခြင်းသည် လူပညာအားဖြင့်မတည်၊ ဘုရားသခင်၏တန်ခိုးတော်အားဖြင့်တည်စေခြင်းငှာ၊. . အကြောင်းမူကား၊ ဆုံးရှုံးခြင်းသို့ရောက်သော သူတို့၌ ထိုတရားသည် ဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏*" (၁ကော ၁း၂၂-၂၃. . . ၁း၁၈)။

ခရစ်တော်သည် လူ့ဇာတိခံသော ကျွန်ုပ်တို့၏ဖန်ဆင်းရှင်ဖြစ်ကြောင်း၊ အသက်ရှင်သောဘုရားသခင်၏သားတော်ဖြစ်ကြောင်း ကျွန်ုပ်တို့ယုံကြည်ရန် လက်ဝါးကပ်တိုင်ပေါ် သူ၏အသေခံခြင်းက ကျွန်ုပ်တို့ကို မည်ကဲ့သို့တွန်းပို့ပေးသနည်း။ ဤသို့ဖြစ်ရသည်မှာ ဘုရားသားတော်၏လက်ဝါးကပ်တိုင်သည် ဘုရားသခင်မည်သည့်အရာကို အမှန်တကယ်နှစ်သက်တော်မူကြောင်း ဖွင့်ပြပေးသောကြောင့်ဖြစ်သည်။

ကျွန်ုပ်တို့သည် ဘုရားသခင်ကို ယုံကြည်တော့မည်၊ ချစ်တော့မည်၊ စိတ်ချတော့မည်ဆိုလျှင် ဘုရားသခင်၏နှလုံးသားသည် ဘာနှင့်တူကြောင်းကို ဦးစွာသိထားရန်လိုသည်။ အတွေးအခေါ်ပညာမှ ကျွန်ုပ်တို့အား ၎င်းအကြောင်း မပြောပြနိုင်ပါ။ ထိုပညာက ဘုရားသခင်အကြောင်းကို မှန်းဆလျက်စဉ်းစားတွေးခေါ်နိုင်ပါသည်။ သို့သော် ဘုရားသခင်၏ စိတ်နှလုံးထဲတွင် ဘာရှိသည်ကို ၎င်းက မပြောနိုင်ပါ။ (၎င်းပညာက ဘေးအိမ်တွင်ရှိသောလူတစ်ဦး၏စိတ်နှလုံးထဲ၌ ဘာဖြစ်လာမည်ကိုပင် မပြောနိုင်ပါ။) ဘုရားသခင်၏ဖန်ဆင်းခြင်းကလည်း ကျွန်ုပ်တို့ကိုမပြောပြနိုင်ပါ။ ထိုဖန်ဆင်းခြင်းက ဘုရားသခင်၏တန်ခိုးတော်ကို မြင်စေနိုင်ပါသည်။ သို့သော် သူ့စိတ်နှလုံးကိုမူ တိတိကျကျမမြင်စေနိုင်ပါ။ ကျွန်ုပ်တို့အပေါ် ဘုရားသခင်၏စိတ်သဘော

ဘယ်လိုရှိသည်ကို ကျွန်ုပ်တို့သိရတော့မည်ဆိုလျှင် ဘုရားသခင်ကအစပြုလျက် လူတို့နားလည်နိုင်သောဝေါဟာရ များအားဖြင့် မိမိကိုယ်ကို ဖွင့်ပြပေးရမည်ဖြစ်သည်။ ထို့ကြောင့် လူ့ဇာတိခံခြင်း၊ ဘုရား သခင်၏နှုတ်ကပတ်တော်သည် အသွေးအသားကို ခံယူရခြင်းဖြစ်သည်။

သို့သော် ဤနေရာတွင် ဘုရားသခင်အတွက်ပြဿနာရှိခဲ့သည်ဟု ပြောရပေမည်။ ထိုပြဿနာသည် ခရစ်တော်က မိမိနှင့်ခေတ်ပြိုင်ပုဂ္ဂိုလ်များအား ထောက်ပြသည့်ပြဿနာပင်ဖြစ်သည်။ သူတို့သည် အပြစ်မြင်သည့်သဘောဖြင့် သူသည် လူထု၏ယုံကြည်မှု နှင့်ထောက်ခံမှုကိုရရှိရန်အတွက် အမြင့်မားဆုံးကျော်ကြားမှုရရှိအောင်လုပ်ဆောင်လျက် ကြီးမားသောအံ့ဩဖွယ်နိမိတ်လက္ခဏာများကို ဆက်တိုက်ပြသပေး သင့်သည်ဟု သူတို့အကြံပြုခဲ့ကြသည်။ သို့သော် အဓိကအခြေခံ အခက်အခဲကို သူတို့ထည့်မတွက်ခဲ့ကြပေ။ *"လောကီသားတို့သည် သင်တို့ကို မမုန်းနိုင်။ ငါ့ကိုမုန်းကြ၏။ အကြောင်းမူကား၊ ငါသည်သူတို့၏အကျင့်ဆိုးညစ်ကြောင်းကို သက်သေခံ၏"* (ယော ၇း၁-၇)။ ကိုယ်တော်၏ သက်သေခံချက်သည် မိမိကိုယ်ကိုဖြောင့်မတ်သူဟူသော မာနမှထွက်ပေါ်လာခြင်းမဟုတ်သကဲ့သို့ ဘာသာတရားအရ လူ့အသိုင်းအဝိုင်းကို ရှောင်ကြဉ်သည့် ကျဉ်းမြောင်းသောစိတ်မှ ပေါ်လာခြင်းလည်းမဟုတ်။ ကိုယ်တော်သည် ဘုရားသခင်၏ပြည့်စုံသောဖေါ်ပြချက်၊ လူ့တို့၏ဝေါဟာရဖြင့် ဘုရားသခင်၏မိမိကိုယ်ကို ဆက်သွယ်အသိပေးမှုဖြစ်သည်။ ထို့ကြောင့် သေချာသည်မှာ ကိုယ်တော်သည် ဘုရားသခင်၏သန့်ရှင်းတော်မူခြင်းကို မကြုံစဖူးအတိုင်းအတာအထိ ဖွင့်ပြတော်မူခဲ့၍ ဤသို့ပို၍ဖွင့်ပြလေ လူတို့၏ အပြစ်ရှိခြင်းသည် ပို၍ထင်ရှားလာလေဖြစ်ကာ လူတို့သည် ပို၍မကျေမချမ်းဖြစ်လေ ဖြစ်လာလျက် ကိုယ်တော်၏ဘုရားသားဖြစ်ကြောင်း ပြောဆိုမှုသည်လည်း ပို၍ခုခံတိုက်ခိုက်မှုခံရလေဖြစ်ခဲ့သည်။

ထိုသို့ဖြစ်လည်းဖြစ်သင့်ပါသည်။ အကယ်၍ သင်၏သူငယ်ချင်းတစ်ဦးက သင်လုပ်ခဲ့သည့်အရာတစ်ခုခုကို ဆိုးရွားသောအရာ၊ စက်ဆုပ်ဖွယ်သောအရာ ဖြစ်သည်ဟုဆိုလာလျှင် သင်သည်ပထမတွင် မကျေမနပ်ဖြစ်မိပေလိမ့်မည်။ နောက်မှ ဒါကသူ့အမြင်ဖြစ်မှာပေါ့လေဟု သင်သည် မိမိကိုယ်ကို နှစ်သိမ့်မိပေလိမ့်မည်။ ထို့ကြောင့် သင်သည် သူ့စကားကိုဥပေက္ခာပြုလျက် သူငယ်ချင်းအဖြစ်ဆက်လက် ပေါင်းသင်းသွားမည်ဖြစ်သည်။ သို့သော် တစ်စုံတစ်ဦးက သင်သည်ဘုရားသခင်၏

တရားစီရင်ခြင်းနှင့် ထိုက်တန်သည့်အပြစ်သားဖြစ်သည်ဟုပြောဆိုလျက် "ခင်ဗျားကို ဒီလိုပြောနေတဲ့ ငါကတော့ ဘုရားသားဖြစ်တယ်"ဟုဆိုလာလျှင် သင်၏သဘာဝ အတိုင်းတုန့်ပြန်မှုများ ဘုရားသားဖြစ်သည်ဆိုသော သူ့ပြောဆိုမှုအပေါ် လှောင်ပြောင် မိပေလိမ့်မည်။ သို့သော် သူသည် ဤသို့ဆက်၍ပြောနေသည်ဆိုလျှင် သင်သည် အင်နှင့်အားနှင့်ခုခံပြောဆိုမိမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူမှန်ခဲ့လျှင် သင်သည် အပြစ်ရှိသည်ဟု စီရင်ခံရသောကြောင့်ဖြစ်သည်။

ရှေးလက်တင်ကဗျာဆရာ Lucretius သည် မိမိနှင့်လူမျိုးတူသည့် ရောမတို့အတွက် ကနဦးဂရိအနုမြူသီအိုရီနှင့် ဆင့်ကဲဖြစ်ပွားခြင်းနှင့်ဆိုင်သော လက်ရှိသီအိုရီတို့ကို ထည်ထည်ဝါဝါနှင့်ရှည်လျားစွာရှင်းပြခဲ့သည်။ ဤသီအိုရီများ သူ့ကို လွှမ်းမိုးဆွဲဆောင်နိုင်သည့်အကြောင်းရင်းကိုလည်း နိဒါန်းတွင် ဝန်ခံဖော်ပြ ထားသည် (*De Rerum Natura*, Book I)။ ပထမအနေဖြင့် ၎င်းသီအိုရီများက သူ့အား သေခြင်းတရားသည် အရာရာတိုင်းကို အဆုံးသတ်စေသည့်ပုံမျိုး သက်သေပြ ကြဟန်ရှိသည်။ သေပြီးသည့်နောက်ပိုင်း မည်သည့်ဘဝမျှမရှိတော့ဟု ၎င်းတို့က ဆိုသဖြင့် နောင်ဘဝတွင် သူ့အပြစ်များကြောင့် ပြစ်ဒဏ်ခံရရန်ကြောက်ရွံ့ခြင်းနှင့် အလားအလာရှိသမျှတို့မှ သူ့ကိုသက်သာလွတ်ကင်းစေသလိုဖြစ်သည်။ ထို့ကြောင့် သူသည် ဤသီအိုရီများကို စိတ်အားထက်သန်မှုအပြည့်အဝဖြင့် လိုက်လံ ဟောပြောခဲ့သည်။

ယနေ့လည်း လူများစွာတို့ ထိုနည်းတူပြုနေကြဆဲဖြစ်သည်။ ခရစ်တော်က သူသည် ဘုရားသခင်၏သားတော်ဖြစ်သည်ဟုမိန့်တော်မူခြင်းကိုဝန်ခံပါက သူတို့သည် ထိုဝန်ခံမှုနှင့်အတူ သန့်ရှင်းတော်မူသောဘုရားသခင်ကိုလည်းကောင်း၊ နောက်ဆုံး သော တရားစီရင်ခြင်းကိုလည်းကောင်း၊ အပြစ်အတွက်ဒဏ်စီရင်ခြင်းကိုလည်းကောင်း ကြောက်ရွံ့သည့်စိတ် သူတို့ခံစားရသည်။ ထို့ကြောင့် သူတို့သည် ထိုမိန့်တော်မူချက်ကို ခုခံ၍ မယုံကြည်ရန်ဆုံးဖြတ်ကြသည်။ သို့ဖြစ်သောကြောင့် ခရစ်တော်အတွက်လည်း သဘာဝလွန်တန်ခိုးကို ရိုးရိုးပြသလျက် အံ့သြဘွယ်နိမိတ်လက္ခဏာများကို ဆက်တိုက် ပြုမည်ဆိုလျှင် လူတို့၏ကြောက်ရွံ့မှုကို တိုးလာစေကာ သူတို့၏ခုခံမှုကိုအားပေးသလို ဖြစ်နေသဖြင့် ခရစ်တော်၏တန်ခိုးတော်ကို အခြားနည်းလမ်းဖြင့်ရှင်းပြနိုင်ရန် ကြိုးစား စေရာကျမည်ဖြစ်သည်။ ထို့ကြောင့်လည်း ဘုရားသခင်သည် လူတို့၏စိတ်နှလုံး ကိုရရှိရန်အတွက် ခရစ်တော်ပြုသောနိမိတ်လက္ခဏာများကို အဓိကအားမကိုးဘဲ

ခရစ်တော်၏လက်ဝါးကပ်တိုင်ကိုသာ အဓိကထားတော်မူခဲ့သည်။ ခရစ်တော်ကိုယ်တိုင်ကလည်း သူတို့၏အပြစ်ရှိခြင်းကို ထင်ရှားစေသဖြင့် ဒေါသထွက်လျက် သူ့အပေါ်ရန်လိုနေကြသူများကို ဖြေသိမ့်တော်မူလျက် "*သင်တို့သည် လူသားကိုမြှောက်ထားသောအခါ* (လက်ဝါးကပ်တိုင်ပေါ်တင်သတ်ခြင်းကိုဆိုလိုသည်)၊ *ငါသည် ဤမည်သောသူ* (သင်တို့၏ဘုရား၊ ဖန်ဆင်းရှင်နှင့်ထာဝရဘုရား)*ဖြစ်သည်ကိုငှင်း၊ ငါသည် ကိုယ်အလိုအလျောက် အဘယ်အမှုကိုမျှမပြုဘဲ၊ ငါ့ခမည်းတော်သည် ငါ့အား နည်းပေးတော်မူသည်အတိုင်း ငါဟောပြောသည်ကိုငှင်း သင်တို့သည် သိကြလိမ့်မည်*" ဟုမိန့်တော်မူခဲ့သည် (ယော ၈း၂၈)။

ဘုရားသခင်သည် သားတော်၏လက်ဝါးကပ်တိုင်အားဖြင့် ကျွန်ုပ်တို့၏အပြစ်ကိုဖော်ပြတော်မူခဲ့သည်။ ထိုသို့ပြုတော်မူရာတွင် အပြစ်ကိုဖော်ပြရုံမဟုတ်ဘဲ စကြဝဠာတစ်ခုလုံးရှေ့တွင်ထင်ရှားစေတော်မူခဲ့သည်။ ၎င်းမှာ ဘုရားသခင်သည် လူ့ဇာတိခံတော်မူလျက် လူ့နှလုံးသား၏ခပ်တန်းတန်းခပ်ခွာခွာဖြစ်ခြင်းနှင့်ပုန်ကန်ခြင်းတို့အား ဘုရားကို လက်ဝါးကပ်တိုင်ပေါ်တင်ခွင့်ရသည့်အထိ အခွင့်အရေးပေးလိုက်ခြင်းပင်ဖြစ်သည်။ လူတို့သည် အမှန်တကယ်လည်း မိမိတို့၏ဖန်ဆင်းရှင်ကို လက်ဝါးကပ်တိုင်ပေါ်တင်ခဲ့ကြသည်။ ဘုရားသခင်သည် သားတော်၏လက်ဝါးကပ်တိုင်တော်အားဖြင့် မိမိ၏အလျော့အတင်းလုပ်၍မရသောသန့်ရှင်းခြင်းကိုလည်း ပြသခဲ့သည်။ အပြစ်သည် ဘုရားသခင်၏မနှစ်သက်ခြင်းကိုသာဖြစ်စေခဲ့သောကြောင့် မဖြစ်မနေပြစ်ဒဏ်ခံရမည်ဖြစ်သည်။

သို့သော် တစ်ပြိုင်တည်းမှာပင် ဘုရားသခင်သည် မိမိသားတော်၏အသေခံတော်မူခြင်းအားဖြင့် အခြားအရာများထက် မိမိ၏နှလုံးသားကို မိမိဖန်ဆင်းထားသောသတ္တဝါများအား ရင်ဖွင့်တော်မူခဲ့သည်။ သူတို့သည် စာတန်၏လှည့်ဖြားခြင်းကိုခံရလျက် သူတို့သည် အပြစ်ကြောင့် သူ့ရန်သူများဖြစ်သွားကြသော်လည်း ဘုရားသခင်သည် သူတို့အပေါ်သစ္စာရှိတော်မူသည်။ သူသည် ဖန်ဆင်းရှင်ကသာမိမိဖန်ဆင်းထားသောအရာများအပေါ်ချစ်နိုင်သည့် ချစ်ခြင်းမေတ္တာအားဖြင့် သူတို့ကို ချစ်တော်မူသည်။ သူတို့အထဲမှ မည်သူမျှပျက်စီးခြင်းသို့မရောက်ဘဲ အားလုံးတို့သည် နောင်တရကြရန်သာ သူအလိုရှိတော်မူသည် (၂ပေ ၃း၉)။ သူတို့သည် အပြစ်အတွက် ပြစ်ဒဏ်ခံလျက် ပျက်စီးကြမည့်အစား မိမိ၏ဘုရားသားတော်ကိုယ်တိုင် ထိုပြစ်ဒဏ်ကို ဝေဒနာများစွာနှင့်ပေးဆပ်လျက် ပြည့်စုံ၍ထာဝရဖြစ်သောရွေးနှုတ်ကယ်တင်ခြင်းကို သူတို့အား ခံစားစေရန် အလိုရှိတော်မူသည်။

လူသားအားလုံးကယ်တင်ခြင်းခံရရန်နှင့် ဘုရားသခင်သည် မည်သူဖြစ်ကြောင်း၊ လူ့သားတို့အပေါ် မည်သို့စိတ်ထားရှိလျက် မည်သို့ခံစားတော်မူကြောင်း သိခြင်းဖြစ်သည့် သမ္မာတရားနှင့်ဆိုင်သောအသိကိုရကြရန် ဘုရားသခင်အလိုရှိတော်မူကြောင်းကို လက်ဝါးကပ်တိုင်ကကြွေးကြော်အသိပေးနေသည်။ လောကအပေါ် ခမည်းတော်၏စိတ်သဘောထားကိုပြသရန်နှင့် ဘုရားသခင်အလိုရှိတော်မူသောအရာကို ပြည့်ဝဖြစ်ပေါ်လာစေရန် သားတော်သည် မိမိကိုယ်ကို အားလုံးအတွက် ရွေးနှုတ်စရာအဖိုးအခအဖြစ် ပေးအပ်တော်မူခဲ့သည် (၁တိ ၂း၃-၆)။ ကိုယ်တော်၏ ပြည့်စုံသောချစ်ခြင်းမေတ္တာတော်သည် ကျွန်ုပ်တို့၏ကြောက်ရွံ့ခြင်းရှိသမျှကိုဖယ်ရှားရန် အလိုရှိတော်မူသည် (၁ယော ၄း၁၈)။

ထို့ကြောင့် ခရစ်တော်၏လက်ဝါးကပ်တိုင်သည် အစဉ်အမြဲတည်ခဲ့ပြီး သကဲ့သို့ အစဉ်အမြဲတည်နေဦးမည်ဖြစ်သော ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို အပြည့်ဝဆုံးဖော်ပြခြင်းပင်ဖြစ်သည်။ ကောင်းကင်ဝမ်းမြောက် ပျော်ရွှင်ခြင်းအပါအဝင် အခြားမည်သည့်အရာကမျှ ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို ကရာနီကုန်းပေါ်တွင် မိမိသားတော်ကဖော်ပြသကဲ့သို့ ပြည့်စုံအောင်ဖော်ပြနိုင်မည်မဟုတ်ပေ။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်ချစ်ခြင်းကို ရရှိနိုင်ရန် သားတော်၏ လက်ဝါးကပ်တိုင်ထက် ပို၍တန်ခိုးကြီးသော၊ ပို၍ဘုန်းတော်ထင်ရှားသောအရာမရှိတော့ကြောင်း ဘုရားသခင်၏ နောက်ဆုံးသတင်းစကားဖြစ်သည်။ မေးခွန်းမှာ ၎င်းကိုကျွန်ုပ်တို့မြင်တွေ့သောအခါ ကျွန်ုပ်တို့သည် ဘုရားသခင်၏မေတ္တာတော်ကို အသိအမှတ်ပြုနိုင်ပါမည်လားဆိုသည့် မေးခွန်းဖြစ်သည်။ နှိမ့်ချတတ်သော သတ္တဝါဖြစ်သောသိုးသည် သိုးထိန်းကောင်း၏ မေတ္တာနှင့်ကရုစိုက်ခြင်းကိုခံစားရသည့်အခါ ၎င်းကိုအလိုအလျောက် အသိအမှတ်ပြုနိုင်သည်။ “*ငါသည် ကောင်းသောသိုးထိန်းလည်းဖြစ်၏။ ကောင်းသောသိုးထိန်းသည် သိုးတို့အဘို့အလိုငှာ မိမိအသက်ကိုစွန့်တတ်၏*” (ယော ၁၀း၁၁)။ တမန်တော် ယောဟန်က “*ခရစ်တော်သည် ငါတို့အဖို့အလိုငှာ အသက်တော်ကို စွန့်တော်မူသည်အရာကို ငါတို့သည်ထောက်၍၊ မေတ္တာတော်ကို သိရကြပြီ*”(၁ယော ၃း၁၆)ဟု ပြောခဲ့သည်။ “*ငါသည် ကောင်းသောသိုးထိန်းဖြစ်၏။ ခမည်းတော်သည် ငါ့ကိုသိတော်မူ၍၊ ငါသည်လည်း ခမည်းတော်ကို သိသကဲ့သို့ ငါ၏သိုးတို့ကို ငါသိ၏။ ငါ့သိုးတို့သည်လည်း ငါ့ကိုသိကြ၏။ ငါသည် ကိုယ်အသက်ကို သိုးတို့အဘို့အလိုငှာစွန့်၏။ ဤသိုးခြံသို့မဝင်သောအခြား*

*သိုးတို့ကိုလည်း ငါပိုင်သေး၏။ ထိုသိုးတို့ကို ငါဆောင်ခဲ့ရမည်။ သူတို့သည်လည်း ငါ့စကားသံကို နားထောင်သဖြင့်၊ သိုးခြံတစ်ခု သိုးထိန်းတစ်ပါးတည်း ရှိရလိမ့်မည်။ ငါသည် ကိုယ်အသက်ကိုစွန့်၍ နောက်တဖန် ယူဦးမည်ဖြစ်သောကြောင့်၊ ငါ့ခမည်းတော်သည် ငါ့ကိုချစ်တော်မူ၏"* (ယောဟန် ၁၀း၁၄-၁၇)။

ထို့ကြောင့် မေးခွန်းမှာ - "(သူ၏ပြောဆိုချက်အရ) ကျွန်ုပ်တို့အတွက် လက်ဝါးကပ်တိုင်ပေါ်အသေခံသော ဤယေရှုသည် ဘုရားသခင်၏သားတော်ယေရှု ဟုတ်ပါသလား"။ ထူးခြားသည့်မေးခွန်းဖြစ်သည်။ အခြားဘာသာရေးခေါင်းဆောင် သို့မဟုတ် ကမ္ဘာ့ဘာသာတရားတစ်ခုခုကိုစတင်တည်ထောင်သူ တစ်ဦးတစ်ယောက်ကမျှ သင့်ရှေ့တွင်ရပ်ကာ သင့်စိတ်နှလုံးကို ဦးတည်လျက် "ငါသည် ဖန်ဆင်းရှင်ဖြစ်သည်။ ငါသည်ဖန်ဆင်းရှင်ဖြစ်သောကြောင့် သင်၌အပြစ်ရှိလျက်နှင့်ပင် သင်ဖြစ်နေသည့်အတိုင်း သင့်ကိုငါချစ်၏။ ထိုအတွက် သက်သေအဖြစ် ငါကိုယ်တိုင်သည် သင့်အတွက်အသေခံမည်" ဟု ပြောမည်မဟုတ်ပေ။

ခရစ်တော်၏အခိုင်အမာပြောဆိုချက်သည် အံ့မခန်းဖွယ်ရာဖြစ်သည်။ သို့သော် ဤအချက်မှန်ကန်ကြောင်းပြသရန် အခြားသက်သေရှိသေးသည်။ ထိုသက်သေသည် မည်သည့်သက်သေဖြစ်ကြောင်းကို နောက်အခန်းတွင် ကျွန်ုပ်တို့ဆင်ခြင်နှလုံးသွင်းကြမည်ဖြစ်သည်။

# ၁၁
# ယုံကြည်ခြင်း
## *ထင်ရှားသောသက်သေကို တုန့်ပြန်ခြင်း (အပိုင်း ၂)*

### ၈။ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းကပေးသော သက်သေအထောက်အထား

ယေရှုခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် ခရစ်ယာန်ယုံကြည်မှု၏ ဗဟိုချက်ဖြစ်ကြောင်း လူအများကသိထားကြသည်။ ထို့အပြင် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်သို့ပြန်လည်တက်ကြွတော်မူခြင်းတို့သည် ကနဦးခရစ်ယာန်များအတွက် ယုံကြည်ရန်ခက်ခဲသည့်ဓမ္မသွန်သင်မှုတစ်ခုမဟုတ်ခဲ့ကြောင်း ဓမ္မသစ်ကျမ်းအားဖြင့် ထင်ရှားလျက်ရှိသည်။ ကြောက်ရွံ့နေသောလူများဖြစ်ခဲ့ကြသည့် ကနဦးတပည့်တော်များကို မဟောမပြောဘဲမနေနိုင်သည့် ကောင်းမြတ်သောသတင်းဟောပြောသူများဖြစ်လာစေသည့် တန်ခိုးကိုပေါ်ထွက်လာစေသည့် အဖြစ်အပျက်နှစ်ရပ်ရှိသည်။ သူတို့၏ယုံကြည်ခြင်းအားအင်ကုန်ခန်းနေမည့်အစား ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် သူတို့၏ယုံကြည်ခြင်းကို အဆထောင်ပေါင်းများစွာ တိုးပွားစေခဲ့သည်။ ဤရှင်ပြန်ထမြောက်ခြင်းအားဖြင့် သူတို့သည် ယခင်ကသူတို့မသိခဲ့သော အသက်ရှင်တော်မူသည့်ဘုရားသခင်၏စစ်မှန်မှုကို လက်တွေ့ခံစားကြရသည်။ သူတို့၏သက်သေခံချက်ကို နားထောင်ကြည့်ပါ။

> *သင်တို့သည် ဘုရားသခင်ကို ထောက်လျက်ယုံခြင်းအကြောင်း၊ မျှော်လင့်ခြင်းရှိစေခြင်းငှာ၊ ထိုသခင်ကိုဘုရား သခင်သည် သေခြင်းမှထမြောက်စေ၍ ဘုန်းအသရေကို ပေးသနားတော်မူပြီ* (၁ပေ ၁း၂၁)။

သူတို့၏မျှော်လင့်ခြင်းသည်လည်း အလွန်ကြီးထွားလာခဲ့သည်။ ဘုရားသခင်မပါလျှင် သေခြင်းသည် မျှော်လင့်ချက်အားလုံး၏နိဂုံး၊ ကိုယ်ခန္ဓာ၏နောက်ဆုံးသိက္ခာကျခြင်းနှင့် ရယ်ဖွယ်ကောင်းခြင်း၊ စိတ်ပျက်ခြင်းတို့၏အဆုံးဖြစ်သကဲ့သို့

တိုးတက်မှုအတွက်ရုန်းကန်မှုရှိသမျှတို့၏အဆုံးသတ်လည်းဖြစ်သည်။ သို့သော် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းက ၎င်းတို့အားလုံးကို ပြောင်းလဲစေသည်။ တမန်တော် ပေတရုကအောက်ပါအတိုင်းပြောထားသည်။

> *အသက်ရှင်ခြင်းနှင့်စပ်ဆိုင်သော မြော်လင့်ခြင်းအကြောင်းရှိစေခြင်းငှာ၊ ဖောက်ပြန်ခြင်း၊ ညစ်စွန်းခြင်း၊ ညှိုးနွမ်းခြင်းနှင့် ကင်းစင်သောအမွေတော်ကို ငါတို့သည် ခံရစေမည်အကြောင်း၊ ယေရှုခရစ်ကို သေခြင်းမှထမြောက်စေတော်မူသောအားဖြင့်၊ ကြီးစွာသောကရုဏာတော်နှင့်အညီ ငါတို့ကို တစ်ဖန်ဖြစ်ဘွားစေတော်မူသော၊ ငါတို့သခင်ယေရှုခရစ်၏ခမည်းတော် ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။ ထိုအမွေတော်သည်ကား၊ နောက်ဆုံးသောကာလ၌ ထင်ရှားစေခြင်းငှာပြင်ဆင်သော ကယ်တင်ခြင်းသို့ ရောက်စေမည်အကြောင်း၊ ယုံကြည်ခြင်းအားဖြင့်ဘုရားသခင်၏ တန်ခိုးတော်သည် စောင့်ရှောက်တော်မူသော သင်တို့အဘို့ ကောင်းကင်ဘုံ၌ သိုထားလျက်ရှိသောအမွေတည်း (၁ပေ ၁း၃-၅)။*

လူသားယေရှုခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် ရွေးနှုတ်ကယ်တင်ခြင်းခံရသော လူအားလုံးတို့အတွက် ထာဝရဘုန်းတော်သို့ ဝင်စားရန်တံခါးဖွင့်ပေးကြောင်း မကြာမီအတွင်းမှာပင် ခရစ်ယာန်တို့တွေ့မြင်ခဲ့ကြသည်။ ထို့ကြောင့် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် သူတို့ကိုယ်တိုင်၏ရှင်ပြန်ထမြောက်ခြင်းအတွက် ရှေ့ပြေးပုံစံနှင့်ကတိတော်ဖြစ်ခဲ့သည် (၁ကော ၁၅း၂၀-၂၃)။

ထို့အပြင် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် မှတ်သားဖွယ်အဖြစ်အပျက်တစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။ ယေရှုကို ရုပ်ခန္ဓာဖြင့်တစ်ခါမျှမတွေ့ဖူးသော ကနဦးခရစ်ယာန်များလည်း ယေရှုကိုအမှန်ချစ်ခဲ့ကြသည်။ သူတို့ပြောဆိုသည့်အရာကို နားထောင်ကြည့်ပါ။

> *ထိုသခင်(ယေရှုခရစ်)ကို သင်တို့သည် မမြင်ဘူးသော်လည်းချစ်ကြ၏။ ယခုမှာလည်း မမြင်ဘဲလျက်၊ ယုံကြည်သောအားဖြင့်ဘုန်းအသရေနှင့် စပ်ဆိုင်သော၊ ပြော၍မမှီနိုင်သောရွှင်လန်းခြင်းစိတ်နှင့် ဝမ်းမြောက်ကြသည်. . . . (၁ပေ ၁း၈)။*

အကယ်၍ တစ်စုံတစ်ယောက်က "ကျွန်တော် Tchaikovsky ကိုကြိုက်တယ်"ဟုဆိုလာလျှင် သူသည် "ကျွန်တော် Tchaikovsky ဆိုတဲ့ပုဂ္ဂိုလ်ကိုကြိုက်တယ်" ဟူ၍ဆိုလိုခြင်းမဟုတ်ဘဲ "ကျွန်တော် Tchaikovsky ရဲ့သီချင်းတွေကိုကြိုက်တယ်"ဟူ၍ သူဆိုလိုခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့သတ်မှတ်ကြမည်ဖြစ်သည်။ မည်သူကမျှ "ကျွန်တော် Tchaikovsky ဆိုတဲ့ပုဂ္ဂိုလ်ကိုကြိုက်တယ်"ဟု ပြောမည်မဟုတ်။ ထိုသို့ပြောလျှင် အဓိပ္ပါယ်မဲ့နေပေလိမ့်မည်။ Tchaikovskyသည်သေပြီဖြစ်၍ မည်သူကမျှလူသေကို မကြိုက်နိုင်ပေ။ မုဆိုးမတစ်ဦးက သာမန်အားဖြင့် "ကျွန်မခင်ပွန်းကို ကျွန်မသိပ်ချစ်နေတာ" ဟု မပြောဘဲ "ကျွန်မခင်ပွန်းကို ကျွန်မသိပ်ချစ်ခဲ့တာ" ဟူ၍သာပြောမည်ဖြစ်သည်။

သို့သော် ခရစ်ယာန်အားလုံးတို့ ခရစ်တော်အကြောင်းပြောရာတွင်လည်း ထိုနည်းတူပင်ဖြစ်သည်။ သူတို့အတွက် ယေရှုသည် လူ့သမိုင်းတွင် အမှန်ရှိခဲ့သည့် အတိတ်က လူ့ကျင့်ဝတ်ပိုင်းသွန်သင်ပေးခဲ့သူတစ်ဦးသာမဟုတ်ဘဲ အသက်ရှင်နေသောပုဂ္ဂိုလ်ဖြစ်သည်။ သူတို့သည် ယေရှုကိုတစ်ခါမျှမမြင်ဖူးကြသော်လည်း သူ့ကိုချစ်ကြသည်၊ (ဆုတောင်းခြင်းဖြင့်) စကားပြောကြသည်၊ (သမ္မာကျမ်းစာအားဖြင့်) သူတို့တစ်ဦးချင်းအား စကားပြောနေသည်ကို နားထောင်ကြသည်၊ သူ့ကိုသီချင်းဆိုလျက် ချီးမွမ်းကြသည်၊ သူ့ကိုကိုးကွယ်ကြသည်၊ သူ၏တန်ခိုးတော်အားဖြင့် သူ့စိတ်တော်နှင့်တွေ့အောင် အသက်ရှင်ကြသည်။ ၎င်းသည် ရှင်ပြန်ထမြောက်ခြင်း၏စစ်မှန်မှုအားဖြင့်ရရှိသောရလဒ်ဖြစ်သော ယုံကြည်ခြင်းပင်ဖြစ်သည်။

တစ်စုံတစ်ယောက်က "ဒါပေမဲ့ ဒါက သေချာပေါက် အစစ်အမှန်တစ်ခုမဟုတ်ပါဘူး။ ခရစ်တော်ရဲ့ရှင်ပြန်ထမြောက်ခြင်းက သမိုင်းမှာအမှန်ဖြစ်ပျက်ခဲ့တဲ့အရာလို့ ပထမဆုံးယုံကြည်မိတဲ့လူတွေမှာ ဒီအတွေ့အကြုံအားလုံး ဖြစ်ပျက်ခံစားရတာဘဲ။ သူတို့ကို မိမိတို့ကိုယ်ကို ယေရှုဟာအသက်ရှင်နေတယ်ဆိုတာကို ယုံကြည်စေကြတယ်။ စံထားဖို့စိတ်ကူးရုပ်ပုံဖော်ကြတယ်။ ပြီးတော့အဲဒီရုပ်ကို ချစ်မြတ်နိုးကြတယ်။ ဒါကအမှန်မဟုတ်တဲ့ စိတ်ကူးယဉ်သက်သက်ပါ။ ဘယ်သက်သေက ယေရှုဟာ သေတဲ့လူတွေထဲကနေ တကယ်ထမြောက်ခဲ့တဲ့အကြောင်း ဓမ္မဓိဌာန်ကျကျ သမိုင်းကြောင်းနှင့်ညီအောင်သက်သေထူနိုင်သလဲ" ဟုပြောသည်။

အဖြေမှာ - အရင်းအမြစ်များစွာမှ အမျိုးမျိုးသောသက်သေအထောက်အထားတို့သည် အားအင်အပြည့်ဖြင့် တစ်ဖြေးဖြေးများပြားလာလျက်ရှိနေသည်။ ကျွန်ုပ်တို့သည် ဤနေရာတွင် နမူနာအချို့ကိုသာဖော်ပြနိုင်ပါသည်။

**၁။ ဘာမှမရှိသောသင်္ချိုင်းဂူ။** ခရစ်တော်ကိုသင်္ဂြိုဟ်ပြီးနောက် တနင်္ဂနွေနေ့တွင် ခရစ်တော်၏သင်္ချိုင်းဂူသို့သွားခဲ့ကြသောသူတို့သည် သင်္ချိုင်းဂူထဲတွင် ကိုယ်တော်၏အလောင်းတော်ရှိနေဦးမည်ဟုမျှော်လင့်ခဲ့ကြကြောင်း ဓမ္မသစ်ကျမ်းက ရှင်းရှင်းလင်းလင်းမှတ်တမ်းတင်ထားသည်။ သူတို့သည် ကိုယ်တော်၏အလောင်းတော်ကိုလိမ်းကျံရန် နံ့သာဆီမွှေးကိုယူဆောင်လာခဲ့ကြသည်။ သူတို့၏ရည်ရွယ်ချက်မှာ အလောင်းတော်ကို သူတို့တတ်နိုင်သမျှကြာကြာခံအောင်စီရင်ရန်ဖြစ်သည်။ သင်္ချိုင်းဂူထဲ၌ ဘာမျှမရှိတော့ကြောင်း တမန်တော်များအား သတင်းပို့ကြသောအခါ တမန်တော်များသည် အလွန်အံ့အားသင့်ခဲ့ကြသည်။ ယောဟန်နှင့်ပေတရုတို့သည် အမှန်မည်သို့ ဖြစ်ပျက်ခဲ့ကြောင်းသိမြင်ရန်အတွက် သင်္ချိုင်းဆီသို့ ချက်ချင်းပြေးသွားခဲ့ကြသည် (ယော ၂၀း၁-၁၀)။ သူတို့သည် သူတို့တွေ့ခဲ့သောအရာတို့ကို ကျွန်ုပ်တို့အား ပြန်ပြောပြကြသည်။ သင်္ချိုင်းဂူသည် လုံးဝဥဿုံဘာမျှမရှိသည်တော့မဟုတ်။ ဂျူးလူမျိုးတို့၏ထုံးစံအတိုင်း အလောင်းကိုရစ်ပတ်ထားသောပိတ်စသည် ပုံစံမပျက်ရှိနေသည်။ သို့သော် ရုပ်အလောင်းမရှိတော့သောကြောင့် အလောင်းပုံစံမဟုတ်တော့ဘဲ ပြားပြန့်နေသည်။ ခေါင်းကိုပတ်စည်းထားသောအဝတ်သည် အခြားအဝတ်များမှ သီးသန့်ဖြစ်နေလျက် အလောင်း၏ခေါင်းကိုခုပေးသောအရာပေါ်တွင်တင်နေရစ်သည်။

ဤတမန်တော်နှစ်ပါးက ယေရှုသည် သေသောသူတို့ထဲမှထမြောက်တော်မူကြောင်း သူတို့ကိုပထမဆုံးယုံကြည်စေသည့်အထောက်အထားမှာ ဤအထောက်အထားပင်ဖြစ်သည်ဟု ကျွန်ုပ်တို့အားပြောပြကြသည်- ကိုယ်ခန္ဓာသည် ကိုယ်ကိုပတ်ထားသောအဝတ်ကို ဤအတိုင်းထားခဲ့ပြီး ၎င်းထဲမှ ထွက်လာခဲ့သည်။ အခြားမည်သည့်ရှင်းပြချက်ရှိနိုင်မည်နည်း။ အခြားတမန်တော်တစ်ဦးကမျှ အလောင်းတော်ကို သယ်ရွှေ့ခြင်းမပြုကြောင်းနှင့် အလောင်းကိုခိုးယူပြီး ရှင်ပြန်ထမြောက်သယောင်လုပ်မည်ကို ကာကွယ်ရန်အတွက် အာဏာပိုင်တို့က အစောင့်များချထားသည်ဖြစ်၍ အခြားမည်သူကမျှလည်း အလောင်းတော်ကိုသယ်ရွှေ့နိုင်မည်မဟုတ်ကြောင်း သူတို့သိကြသည်။

အလောင်းတော်မရှိတော့ကြောင်း တွေ့မြင်ကြသောအခါ သူတို့အိပ်ပျော်နေခိုက် တပည့်တော်များလာလျက် အလောင်းကိုခိုးယူသွားကြသည်ဟု ကောလဟာလဖြန့်သူများမှာ စစ်သားများပင်ဖြစ်သည် (မ ၂၇း၆၂-၆၆၊ ၂၈း၁၁-၁၅)။ သို့သော် ဤပြောဆိုချက်သည် ယုံကြည်နိုင်စရာမရှိပါ- သူတို့အိပ်နေကြသည်ဆိုလျှင် ဖြစ်ပျက်

ခဲ့သည့်အရာကို သူတို့မည်ကဲ့သို့မြင်နိုင်ကြမည်နည်း။ သို့သော် သည့်ထက်ပို၍ မယုံနိုင်စရာကောင်းသည်မှာ - အချို့တပည့်တော်များသည် အစောင့်များကို ဖြတ်သွားကာ သင်္ချိုင်းဂူဝပိတ်ထားသည့်လေးလံလှသောကျောက်တုန်းကြီးကို ဖယ်ရှားကာ အလောင်းတော်ကိုခိုး လျက် အခြားနေရာ၌ဝှက်ထားပြီး ယေရှုသေရာမှ ထမြောက်ပြီဟု လုပ်ဇာတ်ခင်းသည်ဆိုသည့်အချက်ဖြစ်သည်။ ဤအချက်ကို ယုံကြည်ရန်ခက်ခဲရခြင်းမှာ အောက်ပါအကြောင်းရင်းနှစ်ရပ်ကြောင့်ဖြစ်သည်။

**၂။ ဖိစီးမှုများအောက်ရောက်နေကြသည့်တပည့်တော်များ၏အပြုအမူ။**

Charles Colson သည် မိမိနိုင်ငံရေးပြိုင်ဖက်များ၏အဆောက်အအုံနှင့်ဥပစာထဲ အငိုက်ဖမ်းဝင်ရောက်ခဲ့သည် Watergate အရေးအခင်းဟုခေါ်တွင်ကြသော သမ္မတ၏ရာဇဝတ်မှုကို ဖုံးအုပ်ပေးရန် လိမ်လည်လျက် လုပ်ဇာတ်ခင်းကာ သမ္မတ Nixon ကို နောက်ဆုံးကူညီပံ့ပိုးသူများထဲမှတစ်ဦးအပါအဝင်ဖြစ်သည်။ ပထမပိုင်းတွင် ဤအမာခံပုဂ္ဂိုလ်များသည် မိမိတို့ဇာတ်လမ်းကို အခိုင်အမာကာကွယ်ခဲ့ကြသည်။ သို့သော် ဖိအားပေးမှုများပြင်းထန်လာလျက် ပြင်းထန်သည့်ပြစ်ဒဏ်များနှင့်ခြိမ်းခြောက် ခံရသည့်အခါ ဤပုဂ္ဂိုလ်များသည် တစ်ယောက်ပြီးတစ်ယောက် မိမိတို့အပေါင်း အသင်းများကိုသစ္စာဖေါက်ကာ အမှန်ကိုဝန်ခံလာကြသည်။ သူတို့ဖန်တီးထားသည့် လိမ်လည်မှုတစ်ခုအတွက် သူတို့ဆင်းရဲဒုက္ခမခံနိုင်ကြောင်း သူတို့တွေ့ရှိလာကြသည်။

Colson က မိမိ၏ကိုယ်ပိုင်အတွေ့အကြုံမှ ဤသို့ကောက်ချက်ချခဲ့သည်။ တပည့်တော်များသည် နိုင်ငံရေးနှင့် သံတမန်ရေးအရ ပါးနပ်သူများမဟုတ်ကြပေ။ ရှင်ပြန်ထမြောက်ခြင်းအဖြစ်အပျက်သည် သူတို့ဖန်တီးလုပ်ယူထားသည့်အရာဖြစ် ခဲ့လျှင် ကြောက်မက်စရာဖိအားပေးမှုများကြုံကြသည့်အခါ သူတို့တစ်ယောက်တစ်မျိုးစီ ဖြစ်လာကာ စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းနိုင်ခဲ့ကြမည်မဟုတ်ပေ။ တစ်ဦးမဟုတ် တစ်ဦးက အားလုံးသည် လိမ်လည်မှုဖြစ်ကြောင်း ဝန်ခံမိခဲ့မည်ဖြစ်သည်။ သူတို့ပြောဆို နေသည့် ရှင်ပြန်ထမြောက်ခြင်းအဖြစ်ပျက်ကိုယုံကြည်သူများစွာတို့ နှိပ်စက်ခံရလျက် အသေသတ်ခံနေရကြောင်း တွေ့မြင်နေရသည်သာမက သူတို့လည်း ထိုအဖြစ်အပျက် အတွက် အာဇာနည်များဖြစ်ခဲ့ကြသည့်အထိ သူတို့ထဲမှ တစ်ဦးတစ်လေကမျှ လိမ်လည်မှုဖြစ်ပါသည်ဟု မပြောခဲ့ပေ။

သူတို့သည် ဖိအားပေးမှုများအောက်၌ပင် သူတို့၏စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းနိုင်ခဲ့ကြသည်ဟုပင်ဆိုကြပါစို့။ တာရှုမြို့သား ရှောလုကဲ့သို့သောပုဂ္ဂိုလ်က သူတို့ပြောဆိုသည့်အဖြစ်အပျက်ကို အဘယ်ကြောင့်ယုံကြည်ခဲ့သနည်း။

၃။ **တာရှုမြို့သားရှောလု၏သက်သေခံချက်။** ခရစ်ယာန်များထံမှထွက်လာသောအချက်အလက်အားလုံးတို့ကြောင့် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းအထောက်အထားသည် အားနည်းသွားရသည်ဟု လူတို့မကြာခဏပြောလေ့ရှိကြသည်။ ခရစ်ယန်မဟုတ်သူများထဲတွင် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းကို သက်သေခံသူရှိခဲ့ဖူးပါသလား။ ဟုတ်ပါသည်- မရှိခဲ့ပါ။ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းကို ယုံကြည်လာသောခရစ်ယာန်မဟုတ်သူအားလုံးသည် ခရစ်ယာန်ဖြစ်လာခဲ့ကြသည်။ သို့သော် သိထားရမည့်အချက်မှာ သူတို့သည် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းကို မယုံကြည်မီ ခရစ်ယာန်မဟုတ်ခဲ့ကြသကဲ့သို့ သူတို့ကိုယုံကြည်လာစေသည့်အချက်မှာလည်း ထိုရှင်ပြန်ထမြောက်ခြင်းပင်ဖြစ်သည်။

ဤအချက်နှင့်ပတ်သက်၍ ထင်ရှားသည့်အကြောင်းအရာမှာ တာရှုမြို့သားရှောလုအကြောင်းဖြစ်သည်။ သူမပြောင်းလဲမီတွင် သူသည် ယေရှုနှင့်ယေရှု၏ရှင်ပြန်ထမြောက်ခြင်းကို ယုံကြည်ရန်ငြင်းပယ်ရုံမက ယုံကြည်သောသူ အားလုံးကိုလည်း အပြင်းအထန်ညှဉ်းဆဲနှိပ်စက်ခဲ့သည်။ ယခုတွင်မူ တာရှုမြို့သားရှောလု၏နောက်ဆုံးပြောင်းလဲခြင်းသည် သမိုင်းကြောင်းတွင် အမှန်ဖြစ်ပျက်ခဲ့သည်မှာ မေးခွန်းထုတ်စရာပင်မလိုတော့ပါ။ သူ့ပြောင်းလဲမှု၏အမှတ်လက္ခဏာများသည် ကမ္ဘာပေါ်ထင်ရှားနေဆဲဖြစ်သည်။ ထိုသို့ဆိုလျှင် သူ့ပြောင်းလဲမှုကို ဘာကဖြစ်စေခဲ့သနည်း။ သေသွား၍ သင်္ဂြိုဟ်ခံရပြီဟု သူထင်ခဲ့သောထမြောက်လျက် အသက်ရှင်နေသည့်ခရစ်တော်သည် ဒမာသက်မြို့သို့သွားရာလမ်းတွင် သူနှင့်ဆုံတွေ့ခဲ့သောကြောင့်ဖြစ်သည်ဟု ရှောလုက ပြောထားသည် (တမန်တော်ဝတ္ထု ၉)။

၄။ **ကနဦးခရစ်ယာန်အမျိုးသမီးများ၏အပြုအမူ။** ခရစ်တော်၏သင်္ချိုင်းဂူသို့ သုံးရက်မြောက်သောနေ့တွင် ပထမဆုံးရောက်ရှိလာသောသူများမှာ အလောင်းတော်ကို နံ့သာဆီမွှေးဖြင့်စီရင်ရန်ရောက်လာကြသော ကနဦးခရစ်ယာန်အမျိုးသမီးများပင်ဖြစ်သည်။ သူတို့ဘက်ကစဉ်းစားလျှင် အခြားဘာသာရေးခေါင်းဆောင်ကြီးများအတွက် လူတို့လုပ်ပေးနေကြအတိုင်း သူတို့သည် ထိုသင်္ချိုင်းဂူကို ဘာသာရေးနှင့်ဆိုင်သောဂူဗိမာန်တစ်ခု၊ ဘုရားဖူးတို့အတွက် နေရာတစ်နေရာအဖြစ် အသေအချာပြောင်းလဲခဲ့ကြပေလိမ့်မည်- နောက်ပိုင်းတွင် ခရစ်ယာန်လောကမှ အချို့အယူသီးမျိုးဆက်များက ထိုသို့လုပ်ကြသည်။ သို့သော် ထိုအမျိုးသမီးများ ထိုသို့မလုပ်ခဲ့ကြပေ။ ကနဦးခရစ်ယာန်အားလုံးတို့သည် ထိုသင်္ချိုင်းကို စွန့်ခွာခဲ့ကြသည်ဟု ပြောရမလောက်ဖြစ်ခဲ့သည်။

အဘယ်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် သူတို့သည် သင်္ချိုင်းထဲတွင် ဘာမျှမတွေ့ကြတော့ဘဲ နောက်ပိုင်းတွင် သေသောသူတို့ထဲမှထမြောက်သော သခင်ယေရှုကိုယ်တော်တိုင်နှင့် တွေ့ဆုံခဲ့ကြသောကြောင့်ဖြစ်သည်။ အသက်ရှင်နေသောသူ၏ဘေးနားတွင် မည်သူကမျှ အထွတ်အမြတ်ဂူဗိမာန်မလုပ်ပေးပါ (မ ၂၈း၁-၁၀၊ ယော ၂၀း၁၁-၁၈)။

**၅။ မျက်မြင်သက်သေများ၏သက်သေခံချက်။** ကောရိန္သုမြို့သားများထံ ပထမရေးသားသောဩဝါဒစာသည် ရှင်ပေါလု၏အစောပိုင်းဩဝါဒစာများအနက် တစ်ခုဖြစ်သည်။ အခန်းကြီး ၁၅ (အပိုဒ်ငယ် ၃-၈) တွင် ကောင်းမြတ်သောသတင်းကို သူအကျဉ်းချုပ်လျက်ဖော်ပြထားသည်။ သူက ခရစ်တော်သည် သုံးရက်မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်တော်မူသည်ဟု ကြေငြာသည်သာမက ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းနောက်ပိုင်းတွင် ခရစ်တော်ကိုအမှန်တွေ့မြင်ခဲ့ကြသည့် မျက်မြင်သက်သေများ၏စာရင်းကိုလည်းဖော်ပြထားသည်။ ဤစာရင်းသည် ပြည့်စုံစေ့စပ်သောစာရင်းတော့မဟုတ်ပါ။ သို့သော် မတူညီသည့်ပင်ကိုယ်စရိုက်အမျိုးမျိုးတို့မှ လူပုဂ္ဂိုလ်များသည် မျက်မြင်သက်သေများဖြစ်ကြသည်။ ထမြောက်တော်မူသောခရစ်တော်ကို သူတို့တွေ့မြင်ရသည့်အခြေအနေများသည်လည်း မတူညီကြပါ။ အချို့တို့သည် တစ်ဦးချင်း၊ အချို့တို့သည် အုပ်စုငယ်လိုက်နှင့် အချို့တို့သည် လူ ၅၀၀ ထက်ကျော်သည့်လူအုပ်ကြီးနှင့်အတူ ထမြောက်သောခရစ်တော်ကို တွေ့မြင်ကြရသည်။ အခြားနေရာများတွင်လည်း ခရစ်တော်သည် လူအချို့တို့ထံ ညနေပိုင်းတွင် တံခါးပိတ်ထားသောအခန်းထဲ၌လည်းကောင်း (ယော ၂၀း ၁၉-၂၃)၊ အချို့သူတို့ထံ တောင်ကုန်းဘေးနား၌ နေ့ခင်းပိုင်းတွင်လည်းကောင်း (မ ၂၈း၁၆-၂၀)၊ အချို့သူတို့ထံ နံနက်ပိုင်း ပင်လယ်ကမ်းစပ်၌ ငါးဖမ်းလှေပေါ်တွင်လည်းကောင်း (ယော ၂၁)၊ အချို့သူတို့ထံ ခရီးသွားစဉ်တွင်လည်းကောင်း ထင်ရှားတော်မူခဲ့သည်။

အမျိုးမျိုးသောပင်ကိုယ်စရိုက်ရှိကြသည့် ဤလူအားလုံးတို့သည် စိတ်ချောက်ချားခြင်း သို့မဟုတ် စိတ်ညို့ပညာ၏ သားကောင်ဖြစ်ကြရသည်ဟု ပြောရန်ခက်ပါသည်။

ယခုအခါ လူ့သမိုင်း၌အမှန်ဖြစ်ပျက်ခဲ့သည့် ထိုကဲ့သို့သောကိုးကားစရာအထောက်အထားများ ဤထက်ပင်ရှိပါသေးသည်။ သို့သော် "ဓမ္မသစ်ကျမ်းကိုကြည့်တဲ့အခါ တမန်တော်တွေက ခရစ်တော်ရဲ့ရှင်ပြန်ထမြောက်ခြင်းကို ယုံကြည်ဖို့မပြင်ဆင်

မီမှာ ထမြောက်တဲ့ခရစ်တော်ကို ရုပ်ခန္ဓာနှင့်ထိတွေ့ခွင့်ရခဲ့ကြတယ်။ ကျွန်တော်က ဒီလို ထိတွေ့ခွင့်မရဘဲ ကျွန်တော်ယုံကြည်နိုင်မယ်လို့ ဘာကြောင့်မျှော်လင့်နေတာလဲ" ဆိုသည့် အခြားကန့်ကွက်ချက်တစ်ခုကို ကျွန်ုပ်တို့စဉ်းစားသင့်ပါသည်။

ဤကန့်ကွက်ချက်သည် နားလည်ပေး၍ရသည့်ကန့်ကွက်ချက်မျိုးဖြစ်ပါသည်။ သို့သော် အစဉ်ထင်သလောက်တော့ အကျိုးအကြောင်းညီညွတ်မှုမရှိပါ။ ခိုင်းနှိုင်းမှုတစ်ခုကိုအသုံးပြုကြပါစို့။ ကျွန်ုပ်သည် လျှပ်စစ်မီးကိုတစ်ခါမျှမမြင်ဖူးသော အလွန်ရှေးကျတောကျသည့်နေရာမှလာခဲ့သည်ဆိုကြပါစို့။ သင့်တိုက်ခန်းသို့ ကျွန်ုပ်အလည်ရောက်လာသောအခါ သင်က "ခင်ဗျားအခန်းထဲက နံရံပေါ်မှာရှိတဲ့ မီးခလုတ်ကို နှိပ်လိုက်ပါ။ မီးလင်းလာလိမ့်မယ်" ဟု ကျွန်ုပ်ကို ပြောသည်။ ကျွန်ုပ်က "အဲဒါဘယ်လိုဖြစ်နိုင်တာလဲ"ဟု ပြန်မေးသည်။ ထိုအခါ သင်က "မီးလင်းလာတာက မိုင်နှင့်ချီဝေးတဲ့ နေရာမှာရှိတဲ့ လျှပ်စစ်စက်ရုံကနေလာတဲ့ လျှပ်စစ်ဓါတ်အားကြောင့် ဖြစ်တယ်"ဟု ရှင်းပြသည်။ ကျွန်ုပ်က "အဲဒီလျှပ်စစ်ဓါတ်အားကို မြင်ဖူးသလား"ဟု ပြန်မေးသည်။ "မမြင်ဖူးဘူး"ဟု သင်ဖြေသည့်အခါ "ဒါဆို လျှပ်စစ်စက်ရုံကိုကော မြင်ဖူးသလား" ဟု ကျွန်ုပ်ပြန်မေးသည်။ "အဲဒီနေရာကို တစ်ခါမှ မရောက်ဖူးဘူး"ဟု သင်ဝန်ခံသည်။ ထိုအခါ ကျွန်ုပ်က "ဒါဆို ဘာလို့ အဲဒီလျှပ်စစ်စက်ရုံနှင့်လျှပ်စစ်ဓါတ်အားကို ယုံကြည်ရတာလဲ"ဟု ကျွန်ုပ်က ပြန်စူးစမ်းပြန်သည်။ သင်က စိတ်ရှည်စွာနှင့် "ကျွန်တော်တို့ ဒီတိုက်ခန်းကို စပြောင်းလာတုန်းက လျှပ်စစ်စက်ရုံက လူကြီးတစ်ဦး ကျွန်တော်တို့ဆီလာပြီး အစက ကျွန်တော်တို့တိုက်ခန်းတွေ လျှပ်စစ်မသွယ်ထားတဲ့အကြောင်း၊ ဒါပေမဲ့ သူစက်ရုံကိုပြန်သွားပြီး ဒီတိုက်ခန်းတွေကို လျှပ်စစ်ဓါတ်အားသွယ်လိုက်ပြီဖြစ်ကြောင်း ကျွန်တော်တို့ကို ရှင်းပြတယ်။ အခု လျှပ်စစ်စီးနေပြီဖြစ်လို့ ခလုတ်နှိပ်လိုက်ရင် မီးလင်းမှာဖြစ်ကြောင်း ပြောပြတယ်။ ကျွန်တော်တို့က သူ့စကားကို နားထောင်ပြီးလိုက်လုပ်တော့ မီးလင်းလာတယ်။ ခင်ဗျားလည်း ခင်ဗျားအခန်းထဲပြန်သွားပြီး မီးခလုတ်နှိပ်လိုက်ပါ။ မီးလင်းလာလိမ့်မယ်"ဟု ရှင်းပြသည်။

ထိုအခါ ကျွန်ုပ်က "မနှိပ်နိုင်ဖူးဗျာ။ အဲလိုလုပ်ဖို့ မပြင်ဆင်ထားဖူး။ မီးလင်း လာတယ်လို့ထင်ပြီး ကိုယ့်ကိုယ်ကို လိမ်ညာမိသွားနိုင်တယ်။ ခင်ဗျား မီးခလုတ်မဖွင့်ခင် လျှပ်စစ်စက်ရုံကလူကြီးကို တွေ့ခဲ့သလိုမျိုး ကျွန်တော်လည်း သူ့ကို အရင်ဆုံး တွေ့ဖို့ဘဲ မရမကတောင်းဆိုချင်တယ်"ဟု ပြန်ပြောသည်ဆိုကြပါစို့။

သူရူးများရူးနေသလားဟု သင်စဉ်းစားမိနိုင်ပါသည်။

ယေရှုသည် သူတို့ထံမှ ထွက်ခွာတော်မူမည်ဖြစ်ကြောင်းကို အသေမခံမီတွင်လည်းကောင်း၊ သေသောသူ တို့ထဲမှထမြောက်ပြီးမှသော်လည်းကောင်း သူတို့အား မိန့်မှာထားခဲ့သည်ဟု တမန်တော်များက ကျွန်ုပ်တို့ကိုပြောပြကြသည်။ သူတို့ထံသို့ သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်ရန်အတွက် သူလာရာသူ့ခမည်းတော်ထံသို့ ယေရှုပြန်သွားခဲ့ခြင်းဖြစ်သည် (ယော ၁၆း၇-၁၄၊ ၂၈)။ သူတို့သည် ထိုသန့်ရှင်းသော ဝိညာဉ်တော်ကိုရရှိရန် ဂျေရုဆလင်မြို့၌စောင့်နေရမည်ဖြစ်သည်။ ထို့နောက် ကိုယ်တော်သည် သူတို့ထံမှ ကောင်းကင်သို့ပြန်တက်ကြွသွားခဲ့သည် (တ ၁း၄-၉)။ တမန်တော်တို့သည်လည်း ကိုယ်တော်၏စကားကိုနားထောင်လျက် သူတို့ကို ပြောထားသည့်အတိုင်း စောင့်နေခဲ့ကြ၏။ ထို့သို့ဖြစ် သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိကြလျက် ထိုဝိညာဉ်တော်နှင့်အတူ ဘုရားသခင်နှင့်နေ့စဉ်မိတ်သဟာရဖွဲ့သည့် အသက်တာကို အသက်ရှင်ရန်အတွက် အလင်းတရား၊ ငြိမ်သက်ခြင်းနှင့်တန်ခိုးတို့ ကိုလည်း ရရှိခဲ့ကြသည်။

ထို့နောက် သူတို့နှင့်အသက်ရှင်နေထိုင်ခဲ့သူတို့အား သူတို့သည်လည်း မိမိတို့ အပြစ်မှနောင်တရလျက် ခရစ်တော်ကိုယုံကြည်လက်ခံကြလျှင် သန့်ရှင်းသော ဝိညာဉ်တော်ကို ရရှိကြမည်ဖြစ်ကြောင်း ပြောပြခဲ့ကြသည် (တ ၂း၃၈)။ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို တွေ့ရမည်မဟုတ်၊ တွေ့နိုင်မည်လည်းမဟုတ်။ သို့သော် သူတို့သည် အလင်းနှင့်တန်ခိုးကိုခံစားကြရမည်ဖြစ်သည်။ ယနေ့လည်း တမန်တော် များက ကျွန်ုပ်တို့အား ထိုနည်းတူပင်ပြောနေပါသည်။ ရှင်ပြန်ထမြောက်သော ယေရှုသည် သူတို့နှင့်အတူသုံးနှစ်တာအတွင်း အသက်ရှင်သွားလာခဲ့သည့် ယေရှုပင် ဖြစ်ကြောင်း ကမ္ဘာလောကကို သူတို့သေချာစေနိုင်ရန်အတွက် ထမြောက်သောခရစ် တော်ကို သူတို့ကိုယ်တိုင်တွေ့မြင်ဖို့ သူတို့အတွက် လိုအပ်ခဲ့သည် (တ ၁း၂၁-၂၂)။ သို့သော် ကျွန်ုပ်တို့အတွက် မီးအလင်းရောင်ရနိုင်ရန်အတွက် “လျှပ်စစ်စက်ရုံမှလူ”ကို တွေ့ဖို့မလိုပါ။ သူ့ကိုမတွေ့ဘဲ သူအမှန်တကယ် အသက်ရှင်နေကြောင်း ကျွန်ုပ်တွေ့ သိရှိနိုင်ပါသည်။ နောင်တနှင့်ယုံကြည်ခြင်း ခလုတ်ကိုနှိပ်လိုက်ပါ။ ထိုအခါ သူ၏ သန့်ရှင်းသောဝိညာဉ်တော်၏အလင်းသည် ကျွန်ုပ်တို့၏စိတ်နှလုံးထဲသို့ ရောက်ရှိလာ မည်ဖြစ်သည်။

အသိအမြင်ဟူသမျှသည် ခံစားမှုပေါ်တွင်အခြေခံသည်ဆိုသည့် အဖွဲ့တွင်က ဝါဒ၏အန္တရာယ်အတွက် အခြားဘေးဆီးရန်ကာတစ်ခု ကျွန်ုပ်တို့အတွက်ရှိပါသည်။

ယေရှု၏ရှင်ပြန်ထမြောက်ခြင်းသည် လူတစ်ဦးဦး၏ရှင်ပြန်ထမြောက်ခြင်း သက်သက် မဟုတ်ပါ။ ဓမ္မဟောင်းကျမ်းမှ ကျမ်းချက်များသည် ကယ်တင်ရှင် ဤလောကသို့ကြွ လာတော်မူသောအခါ ဘယ်အရာများကိုပြုမည်ဟု လူတို့မျှော်လင့်ရမည်ကို လူတို့အား ပြောပြသော ဘုရားသခင်၏ကျမ်းစာမှ ညွှန်ကြားချက်များဖြစ်ကြသည်။ ကိုယ်တော်သည် ဤလောက၏အပြစ်အတွက် ဘုရားသခင်ခန့်အပ်ထားသောယဇ်အဖြစ် ပထမ အသေခံရမည်ဖြစ်သည်။ ဘုရားသခင်သည် သူ့ကို သေသောသူတို့ထဲမှ ထမြောက် စေခြင်းဖြင့် ထိုယဇ်ကို တရားဝင်အောင်လုပ်ဆောင်တော်မူမည်ဖြစ်သည် (ဟေရှာ ၅၃း၄-၆၊ ၁၀-၁၂)။ ယေရှုက သူသည် ထိုကယ်တင်ရှင်ဖြစ်သည်ဟု အခိုင်အမာ ပြောဆိုပါသည်။ ထို့ကြောင့် ခရစ်ယာန်သတင်းကောင်းသည် ခရစ်တော်အသေခံ လျက်ရှင်ပြန်ထမြောက်သည်ဆိုသည့်သတင်းသာမဟုတ်ပေ။ "*ခရစ်တော်သည်* ***ကျမ်းစာလာသည်အတိုင်း*** *ငါတို့အပြစ်ကြောင့် အသေခံတော်မူ၏။ သင်္ဂြိုဟ်ပြီးမှ၊* ***ကျမ်းစာလာသည်အတိုင်း*** *သုံးရက်မြောက်သောနေ့၌ ထမြောက်တော်မူ၏*"။ (၁ကော ၁၅း၃-၄)။ ဤကျမ်းချက်များကိုဖတ်လျက် ဤကောင်းမြတ်သော သတင်းသည် မှန်ကန်ကြောင်းကို လျော်ကန်သင့်မြတ်သော လက်တွေ့လုပ်ဆောင် ချက်အားဖြင့် သက်သေထူပါ။

၁၂
# ယုံကြည်ခြင်း
## *သင်မည်သူ့ကိုယုံကြည်စိတ်ချသနည်းဆိုသည့်မေးခွန်း*

ယခုအထိ ယုံကြည်ခြင်းအကြောင်းဆွေးနွေးသည့်အခန်းများတွင် ယေရှုသည် ခရစ်တော်နှင့်ဘုရားသခင်၏သားတော်ဖြစ်တော်မူကြောင်း ယုံကြည်ရန်အတွက် ဖိတ်ခေါ်ရာတွင်အခြေပြုသည့် အခြေခံအချက်များအကြောင်းကို ကျွန်ုပ်တို့ဆင်ခြင်စဉ်းစားခဲ့ကြသည်။ ဤအချက်အပေါ်ယုံကြည်ခြင်းတွင် ဘေးဒုက္ခအတော်အတန်ပါဝင်နိုင်ကြောင်း သမ္မာကျမ်းစာက ကျွန်ုပ်တို့ကို ရိုးရိုးသားသားသတိပေးထားသည်။ သို့ဖြစ်၍ ယုံကြည်ခြင်းသည် တိတိကျကျယုံကြည်သည့်အရာဆီသို့ ရှင်းရှင်းလင်းလင်းဦးတည်နေဖို့လိုသည်။ ယေရှုသည် စကြဝဠာကိုပိုင်သောအရှင်၊ အရာခပ်သိမ်းကိုဖန်ဆင်းပိုင်သတော်မူသောအရှင်ဖြစ်တော်မူသည့် ဘုရားသခင်၏သားတော်မှန်လျှင် သူ့ကြောင့်ကျွန်ုပ်တို့ခံစားရသည့် ဒုက္ခဝေဒနာ သို့မဟုတ် ဆုံးရှုံးမှုသည် သူ့အားဖြင့် ကျွန်ုပ်တို့ရရှိသည့်အရာနှင့်နှိုင်းလျှင် မပြောပလောက်ပါ။ သို့သော် သူသည် ဘုရားသခင်၏သားတော်မဟုတ်လျှင် သူ့အတွက် ဒုက္ခဝေဒနာ သို့မဟုတ် ဆုံးရှုံးမှု တစ်ခုခုခံစားလျှင် မိုက်မဲရာသာကျမည်ဖြစ်သည်။

ထို့အပြင် အချို့လူတို့က "ကျွန်တော်တို့ကတော့ ခရစ်တော်ကိုရော အခြားဘာသာတရားအားလုံးကိုပါ ယုံကြည်ပါတယ်"ဟု ပြောလာမည်ဆိုကြပါစို့။ သို့သော် ထိုသို့သော် စိတ်သဘောထားကြီးမှုသည် အန္တရာယ်ရှိ၍ ယုတ္တိမရှိပါ။ ဓမ္မသစ်ကျမ်းအရ ခရစ်တော်ကိုယုံကြည်ခြင်းသည် "*ဘုရားသခင်တဆူတည်းရှိတော်မူ၏။ ဘုရားသခင်နှင့်လူတို့၏စပ်ကြားမှာ၊ လူဖြစ်သော ယေရှုခရစ်တည်းဟူသော အာမခံတစ်ဦးတည်းရှိ၏။ ထိုအာမခံသည် လူအပေါင်းတို့ကို ရွေးအံ့သောငှာကိုယ်ကိုကိုယ်စွန့်တော်မူပြီ။ ကာလအချိန်တန်မှ သက်သေခံခြင်းရှိ၏*" (၁တိ ၂း၅-၆) ။ ဆိုလိုသည်မှာ "*ထိုသခင်၏နာမတော်မှတပါး ငါတို့ကို ကယ်တင်နိုင်သော နာမတစ်စုံတစ်ခုမျှကောင်းကင်အောက်*

*လူတို့တွင်မပေါ်မရှိ"* (တ ၄း၁၂)ဟုယုံကြည်ခြင်းဖြစ်သည်။ ယေရှုကိုလည်း ကယ်တင်ရှင်အဖြစ်ယုံကြည်၍ အခြားသောသူကိုလည်း ကယ်တင်ရှင်အဖြစ်ယုံကြည်သည် ဆိုခြင်းမှာ မယုံကြည်ခြင်းသာဖြစ်သည်။

သို့သော် ခရစ်ယာန်ယုံကြည်မှုသည် အချက်အလက်တစ်စုံတစ်ခုကိုယုံကြည်ရုံသက်သက်မဟုတ်ပါ။ သခင်ယေရှုခရစ်တော်ဖြစ်သောပုဂ္ဂိုလ်ကို ယုံကြည်စိတ်ချလျက် မိမိကိုယ်ကိုဆက်ကပ်အပ်နှံခြင်းလည်းပါသည်။ အကြောင်းမလှစွာနှင့် ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းနှင့် ဤလောက၏ကယ်တင်ရှင်ဖြစ်ကြောင်း ယုံကြည်သော်လည်း မိမိကိုကယ်တင်ရန် မိမိအသက်တာတစ်ခုလုံးမအပ်နှံနိုင်သည့် လူများစွာရှိကြသည်။ အံ့ဩစရာကောင်းသည်မှာ ဤအခြေအနေမျိုးသည် (သူတို့သာမဟုတ်သော်လည်း) ဘာသာရေးသမားများအတွက် စုံစမ်းသွေးဆောင်မှု ဖြစ်တတ်သည်။

အချို့တို့ကမူ သူတို့အတွက် ခရစ်တော်ထံမိမိကိုယ်ကိုဆက်ကပ်ရန် မလိုဟုထင်ကြသည်။ ဘုရားသခင်၏ပညတ် တရားကိုလိုက်နာရန် သူတို့စောင့်ထိန်းခြင်းနှင့် အသင်းတော်၏ဓမ္မမင်္ဂလာအမှုများပုံမှန်ပြုလုပ်ခြင်းအပေါ် သူတို့ယုံကြည်စိတ်ချကြသည်။ ပညတ်တရားအပေါ်ရပ်တည်သောသူတို့သည် ကျိန်ခြင်းခံရသူများဖြစ်သည်ဟူသော ဘုရားသခင်၏ တင်းကျပ်သည့်သတိပေးချက်ကို သူတို့သတိမမူမိဟန်ရှိသည်။ (ဂလာ ၃း၁၀-၁၁)

အချို့တို့သည်လည်း ကယ်တင်ခြင်းအတွက် ခရစ်တော်ထံလုံးလုံးဆက်ကပ်လိုက်ရန် ကြောက်နေကြသည်။ ခရစ်တော်သည် သူ့အပိုင်းကိုသူလုပ်သွားပြီဖြစ်သော်လည်း ကျွန်ုပ်တို့သည်လည်း မိမိကိုယ်ကိုကယ်တင်ရန် အတော်အတန်လုပ်စရာများရှိသည်ဟု သူတို့ခံစားကြသည်။ တော်တော်ကြိုးစားရမည်ဖြစ်ကြောင်းနှင့် အဆုံးတွင် မိမိကိုယ်ကိုကယ်တင်နိုင်ရန် စိတ်ချရသည့်အထိ မည်သည့်အခါ၌မျှမပြီးပြတ်နိုင်ကြောင်း သူတို့သိရှိသွားကြသည်။ ဓမ္မသစ်ကျမ်း၏လွတ်မြောက်ခြင်းတရားကို သူတို့ပြန်နားထောင်ရန်လိုသည်။

> "*ထို့ကြောင့်လူမည်သည်ကား၊ ပညတ်တရား၏အကျင့်မရှိဘဲ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်တက်သည်*(မူရင်းကျမ်းအရ-ဖြောင့်မတ်သည်ဟု အသိအမှတ်ပြုခြင်းခံရ၏) *ဟုယူဆရ၏။. . . . . . အကျင့်မရှိသောသူမည်သည်ကား၊ မတရားသောသူ၏အပြစ်ကို ဖြေသောသူကို*

*ယုံကြည်လျှင်၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မှတ်ခြင်းကဲ့သို့မှတ်လျက်ရှိ၏"* (ရော ၃း၂၈၊ ၄း၅)။

ရေနစ်တော့မည့်အန္တရာယ်နှင့်ကြုံနေရသူကို ကယ်တင်မည့်အသက်ကယ်ရေကူးသမားသည် သူ့ထံအမြန် ရေကူးလာနိုင်သူကို ကယ်တင်ဖို့ကြိုးစားရန်မလိုပေ။ အကြောင်းမှာ ကြောက်စိတ်မွှန်နေသေးသောသူသည် မိမိကိုယ်ကို ကယ်တင်ရန် ရုံးကန်နိုင်သေးသူဖြစ်၍ သူ့ကိုသွားကယ်ပါက လာကယ်သူကိုဖမ်းဆုပ်ထားသောကြောင့် ကယ်ဆယ်မှုမအောင်မြင်ဘဲဖြစ်သွားနိုင်သည်။ ထို့ကြောင့် ကယ်ဆယ်မည့်သူသည် ခပ်လှမ်းလှမ်းသို့သာကူးသွားလျက် ထိုသူခြေကုန်လက်ပန်းကျလျက် မိမိကိုယ်ကို ကယ်တင်ရန်ရုန်းကန်မှုကို လက်လျှော့သည့်အချိန်ထိ စောင့်နေရန်လိုသည်။ ထိုအချိန်ရောက်လာလျှင် ကယ်ဆယ်သူသည် ထိုသူအနီးသို့သွား၍ လိုအပ်သမျှ လုပ်ဆောင်ကယ်တင်ရမည်ဖြစ်သည်။ ခရစ်တော်လည်း မကြာခဏထိုနည်းတူ လုပ်ဆောင်ရသည်။ လူတို့သည် မိမိတို့ကိုယ်ကိုကယ်တင်ရန် နည်းလမ်းမရှိတော့ကြောင်းသိရှိသွားသည့်တိုင်အောင်စောင့်ရသည်။ ပြီးမှသာ ကယ်တင်ခြင်းလုပ်ငန်း အလုံးစုံကိုလုပ်ဆောင်ပေးသည့်ကယ်တင်ရှင်အဖြစ် ထိုသူတို့အား မိမိကိုယ်ကို လက်ဆောင်ပေးတော်မူသည်။

အခြားသောသူတို့တွင်လည်း အခြားသောပြဿနာရှိသည်။ ကယ်တင်ခြင်းသည် ယုံကြည်ခြင်းအားဖြင့်ဖြစ်ကြောင်း သိကြသည့်အခါ ယုံကြည်ရန်ကြိုးစားကြသည်။ သို့သော် သူတို့သည် ယုံကြည်ရန်တတ်နိုင်သမျှကြိုးစားရင်း သူတို့၏ယုံကြည်ခြင်းသည် လုံလောက်မှုမရှိဟုခံစားကာ ကယ်တင်ခြင်းအတွက် စိတ်မချဖြစ်ရပြန်သည်။ သူတို့၏အမှားမှာ- သူတို့သည် မသိစိတ်ဖြင့်ဖြစ်စေ၊ သိစိတ်ဖြင့်ဖြစ်စေ ယုံကြည်ခြင်းကို လုံလောက်မှုရှိမှသာကယ်တင်ခြင်းအတွက် အဆင့်မီမည့် ချီးမွမ်းထိုက် သောလုပ်ဆောင်ချက်တစ်ခုဟု မှတ်ယူနေကြခြင်းဖြစ်သည်။ သို့သော် ကယ်တင်ခြင်းသည် လက်ဆောင်သက်သက်ဖြစ်သည်။ ယုံကြည်ခြင်းကို ၎င်းကို မထူးခြားစေပါ။ ယုံကြည်ခြင်းသည် မိမိနှင့်မထိုက်တန်သော၊ မိမိမရထိုက်သော လက်ဆောင်ကို လှမ်းယူနေသည့် သူတောင်းစား၏တုန်ရင်နေသည့် လက်သာဖြစ်သည် (ဧဖက် ၂း၈-၉)။

ကလေးငယ်တစ်ဦးသည် သူ့ကိုပွေ့ချီထားသောသူ့အမေ၏လက်ပေါ်တွင် စိတ်ချလက်ချပျော်ရွှင်စွာအိပ်ပျော်မည်ဖြစ်သည်။ သူ့မိခင်အပေါ်ကလေးငယ်၏

ယုံကြည်မှုကြောင့် မိခင်၏ဂရုစိုက်စောင့်ရှောက်မှုခံရသည်မဟုတ်။ မိခင်မေတ္တာဖြင့် သူ့ကိုကာကွယ်သည့် လက်ဆောင်ကိုရရှိရန် ကလေးငယ်သည် ကြိုးစားနေစရာလည်း မလိုပါ။

အခြားတစ်ဘက်တွင် ယုံကြည်ခြင်းသည် မိမိကိုယ်ကိုစိတ်ချခြင်း သက်သက်လည်းမဟုတ်ပါ။ ဥပမာ။ ။အချို့က "ကျွန်တော်တတ်နိုင်သမျှ အကောင်း ဆုံးလုပ်ရင် နောက်ဆုံးဘုရားသခင်က ကျွန်တော့်အပေါ်ဂရုဏာထားပြီး ကျွန်တော့်ကို ကယ်တယ်လိမ့်မယ်လို့ ကျွန်တော်ကောင်းကောင်းယုံကြည်တယ်"ဟူ၍ ပြောပါလိမ့်မည်။ သို့သော် ထိုသို့သောယုံကြည်ခြင်းမျိုးသည် ဓမ္မသစ်ကျမ်းကဖေါ်ပြသည့် ယုံကြည်ခြင်း မျိုးမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုယုံကြည်ခြင်းသည် ဘုရားသခင်နှင့် ဘုရားသခင်မိန့်တော်မူသောအရာပေါ်မူမတည်ဘဲ ပြောသောသူ၏ကိုယ်ပိုင်အယူအဆ ပေါ်၌သာမူတည်သောကြောင့်ဖြစ်သည်။ အမှန်စင်စစ် ထိုသို့သောယုံကြည်ခြင်းသည် အန္တရာယ်ရှိ၍ ထားသည့်နေရာမှားနေသော ယုံကြည်ခြင်းမျိုးဖြစ်သည်။

မိခင်တစ်ဦးသည် မိမိကလေးငယ်အတွက် ဆေးဝယ်သည်ဆိုကြပါစို့။ ဆေးကို အပြင်ပိုင်းလိမ်းရန်အတွက်သာ အသုံးပြုရမည်ဖြစ်ပြီး သောက်မိပါက အဆိပ်ဖြစ်မည်ဖြစ်ကြောင်း ရေးသားသတိပေးထားသည်။ သို့သော် မိခင်သည် ထိုဆေးညွှန်းသတိပေးချက်ကိုမဖတ်ဘဲ မိမိကလေးငယ်အား ဇွန်းကြီးတစ်ဇွန်းနှင့် အပြည့်တိုက်လိုက်၏။ ထိုဆေးသည် သူ့ကလေးအတွက်ကောင်းကျိုးပေးလိမ့်မည် ဟု သူသေသေချာချာယုံကြည်သည်။ သို့သော် ထိုအတိုင်းဖြစ်ပါမည်လား။ လုံးဝဖြစ် မည်မဟုတ်။ ထိုကလေးငယ် သေသွားနိုင်ပါသည်။ ယုံကြည်စိတ်ချမှုသည် ဘုရား သခင်နှင့် ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ်အခြေပြုမှသာ ကျိုးကြောင်း ညီညွတ်နိုင်မည်ဖြစ်သည်။

ထို့အပြင် အခြားအရေးကြီးသော ထူးခြားမှုတစ်ခုမှာ ယုံကြည်ခြင်းသည် စိတ်ခံစားမှုများမဟုတ်ပါ။ လူတိုင်းမဟုတ်သော်လည်း လူများစွာတို့သည် ခရစ်တော်ကို ယုံကြည်လက်ခံလျက် အပြစ်များမှခွင့်လွှတ်ခြင်း ပထမဆုံးခံစားရကာ ကယ်တင်ခြင်း စိတ်ချမှုရရှိသည့်အချိန်တွင် ကြီးမားသည့်စိတ်ပိုင်းဆိုင်ရာ သက်သာမှုနှင့် ရွှင်လန်း ဝမ်းမြောက်မှုကိုခံစားမိကြသည်။ ကောင်းပါသည်။ သို့သော် ဤခံစားမှုသည် မကြာမီအတွင်း အလိုအလျောက်လျော့နည်းသွားမည်ဖြစ်သည်။ ထိုအချိန်မျိုးတွင် သူတို့၏ယုံကြည်ခြင်းကို ခရစ်တော်အပေါ်မထားဘဲ ခံစားမှုအပေါ်ထားခဲ့လျှင်

သူတို့၏ကယ်တင်ခြင်းပျောက်များပျောက်ကွယ်သွားပြီလား သို့မဟုတ် ကယ်တင်ခြင်း မရခဲ့ခြင်းဖြစ်မည်လားဟု သူတို့စဉ်းစားလာနိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ယုံကြည်ခြင်းနှင့် ခံစားမှုတို့ကို မရောထွေးစေရန်လိုသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏မှားယွင်းသောအပြုအမူများနှင့် ၎င်းတို့ကဖြစ်စေသောပျက်စီးဆုံးရှုံးမှုတို့ကို ကျွန်ုပ်တို့အားဖေါ်ပြလာသောအခါ သို့မဟုတ် ကျွန်ုပ်တို့ ငွေရှာရာ၌ မသမာသောလုပ်ဆောင်မှုများကိုစွန့်လွှတ်ရန် ဘုရားသခင်အလိုရှိကြောင်း သိသည့်အခါ သို့မဟုတ် ယုံကြည်သူဖြစ်ခြင်းကြောင့် နှိပ်စက်ခြင်းခံရသည့်အခါမျိုးတွင် ဘုရားသခင်အပေါ် ယုံကြည်ခြင်းကြောင့် မိမိပြုခဲ့သည့်ထိုအပြစ်တစ်ခုခုအတွက် စိတ်မကောင်းဖြစ်ခြင်းနှင့် နာကျင်ခြင်းတို့ကို ခံစားရနိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏လမ်းပြသည် ကျွန်ုပ်တို့၏စိတ်ခံစားမှုမဟုတ်ဘဲ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ရမည်ဖြစ်သည်။

အမျိုးသမီးတစ်ဦးသည် အဆောက်အဦးတစ်ခု၏ ၅လွှာတွင်ရှိသော တိုက်ခန်းတစ်ခန်းတွင် နေသည်ဆိုကြပါစို့။ သူ့တိုက်ခန်းကို မီးစွဲလောင်သွားရာ မီးသတ်သမားတစ်ဦးသည် ရှည်လျားမြင့်မားသောလှေခါးထိပ်မှ သူ့ပြူတင်းပေါက် အပြင်ဘက်တွင်ပေါ်လာသည်။ သူသည် တိုက်ခန်းထဲသို့ဝင်လာလျက် သူမကို လှေခါးမှတစ်ဆင့် အောက်သို့သယ်သွားမည်ဟု သူမအားဆိုလာသည်။ သူမသည် သူ့ကိုယုံကြည်စိတ်ချလျက် မိမိကိုယ်ကိုအပ်နှံလိုက်သည်။ သို့သော် သူမသည် အောက်သို့ ငုံ့ကြည့်လိုက်၍ မြေပြင်နှင့်အများကြီးဝေးနေသည်ကိုမြင်သောအခါ ကြောက်စိတ်များ ခံစားမိလာသည်။ သို့သော် သူမ၏ကြောက်ရွံ့မှုက သူမကိုလုံခြုံစေသည်မဟုတ်။ မီးသတ်သမားသည် သူမကိုအခိုင်အမာကိုင်ထားကာ အောက်သို့လုံခြုံစွာခေါ်သွားသည်။ ထို့ကြောင့် ခရစ်တော်ကိုကျွန်ုပ်တို့ ယုံကြည်လက်ခံလျက် မိမိကိုယ်ကို အပ်နှံကြသောအခါ ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် အာမခံချက်သည် ခရစ်တော်၏ခွန်အားနှင့်သစ္စာရှိခြင်းတို့ဖြစ်သည်။ ကျွန်ုပ်တို့၏စိတ်ခံစားမှုသည် ကျွန်ုပ်တို့၏လုံခြုံမှုနှင့် မသက်ဆိုင်ပါ။

ယုံကြည်ခြင်းတွင် ကိုယ်ကျင့်တရားနှင့်ဆိုင်သည့်စီရင်ဆုံးဖြတ်မှုပါသည်။

တစ်စုံတစ်ယောက်က 'ခရစ်တော်က ကျွန်တော့်ကို ထာဝရအသက်အတွက် လုံခြုံမှုပေးတယ်ဆိုတာ ကျွန်တော်ယုံကြည်ရင် အဲဒါကိုရမရ ကျွန်တော်ဘယ်လို သိနိုင်မလဲ”ဟု ပြောနိုင်ပါသည်။ ဤမေးခွန်းအတွက် ဓမ္မသစ်ကျမ်း၏ အဖြေမှာ-

*"လူ၏သက်သေကိုယုံရလျှင်၊ ဘုရားသခင်၏ သက်သေတော်ကိုသာ၍ ယုံဘွယ်ရာအကြောင်းရှိ၏။ ယခုဆိုခဲ့ပြီးသော သက်သေကား၊ ဘုရားသခင်သည် မိမိသားတော်၏အကြောင်းကို သက်သေခံတော်မူချက်ဖြစ်သတည်း။ ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူသည်၊ မိမိအထဲ၌ ထိုသက်သေကိုရ၏။ ဘုရားသခင်ကိုမယုံကြည်သောသူမူကား၊ ဘုရားသခင်ကို မုသာအပြစ်တင်၏။ အဘယ်သို့နည်းဟူမူကား၊ ဘုရားသခင်သည် မိမိသားတော်၏အကြောင်းမှာ သက်သေခံတော်မူသောစကားတော်ကို ထိုသူသည် မယုံဘဲနေ၏။ သက်သေခံတော်မူချက်ဟူမူကား၊ ဘုရားသခင်သည် ငါတို့အား ထာဝရအသက်ကိုပေးတော်မူ၍၊ ထိုအသက်သည်လည်း သားတော် ၌ပါ၏။ သားတော်ကိုရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏ သားတော်ကိုမရသောသူမူကား အသက်ကိုမရ။ ဘုရားသခင်၏သားတော် ကိုယုံကြည်သောသင်တို့သည် ထာဝရအသက်ကို ကိုယ်တိုင်ရသည်ဟုသိစေခြင်းငှာ၊ ဤအရာများကို သင်တို့အား ငါရေး၍ပေးလိုက်၏"* (၁ယော ၅း၉-၁၃)။

ဘုရားသခင်ကိုယ်တော်တိုင်မိန့်တော်မူသည့် ဤကျမ်းပိုဒ်က ခရစ်တော်ကို ယုံကြည်သူများသည် အခြေခံအချက်နှစ်ချက်ပေါ်မူတည်လျက် ထာဝရအသက်ရရှိကြောင်း အကြွင်းမဲ့သေချာမှုရှိနိုင်သည်ဟု ဆိုထားသည်။

**၁။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်က ထိုသို့မိန့်တော်မူသောကြောင့်ဖြစ်သည်။** ဘုရားသခင်က ကျွန်ုပ်တို့အားတစ်စုံတစ်ခုမိန့်တော်မူ၍ ကျွန်ုပ်တို့မယုံကြည်ခြင်းသည် သူ့ကိုလိမ်ညာသူဟုဆိုလိုသည့်သဘောဖြစ်သွားသည်။

ဘုရားသခင်၏မိန့်တော်မူချက်သည် မကွယ်မထောင့်ရိုးရှင်း၍ နားလည်ရန်လွယ်ကူသည်။

*သက်သေခံတော်မူချက်ဟူမူကား၊ ဘုရားသခင်သည် ငါတို့အား ထာဝရအသက်ကိုပေးတော်မူ၍၊ ထိုအသက်သည်လည်း သားတော်၌ပါ၏။ သားတော်ကိုရသောသူသည် အသက်ကိုရ၏။*

၎င်းက ယုံကြည်သူအားလုံးကို စိတ်ချမှုပေးသင့်ပါသည်။

သင့်ကို ကျွန်ုပ်စတွေ့သည့်အခါ သင့်နာမည် မည်သူဖြစ်ကြောင်းကျွန်ုပ် မေး၍ သင်က 'ဇလီဇဘက်'ဟု ဖြေခဲ့သည်ဆိုကြပါစို့။ ထိုအချိန်မှာပင် လူတစ်ယောက် ရောက်လာလျက် ကျွန်ုပ်အား 'သူ့နာမည်ဘယ်လိုခေါ်သလဲ'ဟု မေးလာ၍ "ကျွန်တော် မသိဘူး။ သူကတော့ ဇလီဇဘက်လို့တော့ပြောတာဘဲ။ ဒါပေမဲ့မသေချာပါဘူး"ဟု ကျွန်ုပ်ဆိုလျှင် သင်မည်သို့ခံစားရမည်နည်း။ သင်ကျွန်ုပ်ကို ပြောပြသောအရာကို ကျွန်ုပ်က ယုံကြည်ရန်ငြင်းပယ်သောကြောင့် သင်စိတ်ဆိုးမိမည်ဖြစ်သည်။ သင်သည်လိမ်ညာသူ တစ်ဦးဖြစ်သည်ဟု ကျွန်ုပ်ဆိုလိုသည့်သဘောမျိုးဖြစ်သွားပေမည်။ သင်၏ကိုယ်ကျင့်တရားကို ကျွန်ုပ်သံသယရှိနေသည့်ပုံမျိုးဖြစ်သွားမည်ဖြစ်သည်။ ၎င်းသည် အလေးအနက်ထားရမည့်အရာဖြစ်သည်။ သို့သော် အလွန်အလေးအနက် ထားရမည့်အရာမှာ ဘုရားသခင်ပြောသည့်အရာကိုလက်ခံယုံကြည်ရန် ငြင်းပယ်လျက် ဘုရားသခင်၏အကျင့်စရိုက်ကိုသံသယရှိခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်ကို ယုံကြည်ခြင်းတွင် ဘုရားသခင်သည် ယုံကြည်ထိုက်သောသူဖြစ်သလား၊ သူသည် သမ္မာတရားကိုပြောပါသလားဆိုသည့် ဘုရားသခင်၏ကိုယ်ကျင့်တရားကို စီရင်ဆုံးဖြတ်ခြင်းပါဝင်သည်။

လူ၏ဒုက္ခဆင်းရဲခြင်းရှိသမျှသည် ဧဒင်ဥယျာဉ်ထဲတွင် စာတန်၏ပါးနပ်စွာ လှည့်ဖြားမှုကြောင့် ဘုရားသခင်၏ မိန့်မှာတော်မူချက်ကို မေးခွန်းထုတ်ကာ သံသယရှိလာသည့်အချိန်၌ အစပြုခဲ့သည်။ ဤသို့အားဖြင့် ဘုရားသခင်နှင့် ကင်းကွာခြင်းလည်း အစပြုခဲ့ရသည် (က ၃း၁-၇)။ လူတစ်ဦးသည် နောင်တရလျက် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် လိမ်ညာခြင်းမပြုနိုင်သောဘုရားသခင်၏အကျင့်စရိုက်အပေါ် သူ၏ယုံကြည်ခြင်းဖြင့်အပြည့်အဝယုံကြည်စိတ်ချသောအခါ ထိုကင်းကွာခြင်းသည် ဖယ်ရှားခြင်းခံရသည်။

၂။ **"ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူသည် မိမိအထဲ၌ ထိုသက်သေကိုရ"သောကြောင့် ဖြစ်သည် (၁ယော ၅း၁၀)။** သင်သည် နာမကျန်း ဖြစ်သောကြောင့် ဆရာဝန်သည် သင့်ကိုဆေးပေးလျက် "ဒီဆေးကို သောက်လိုက်ပါ။ ဒါဆိုသက်သာသွားလိမ့်မယ်"ဟုပြောသည်ဆိုပါစို့။ သူအရည်အချင်းရှိပါသလား။ သူပေးသည့်အရာသည် အဆိပ်မဟုတ်ဘဲ ဆေးကောင်းမှန်ပါသလား၊ စသည်ဖြင့် သူ့ကို ယုံရန်မယုံရန် သင်ဦးစွာဆုံးဖြတ်ရမည်ဖြစ်သည်။ သို့သော် သူသည် အရည်အချင်းပြည့်မီသော ဆရာဝန်တစ်ဦးဖြစ်လျက် ကိုယ်ကျင့်တရားပိုင်း၌

ယုံကြည်စိတ်ချရသူဖြစ်သည်ဟု သင်ဆုံးဖြတ်ထားသည်ဆိုပါစို့။ ထိုအခါ သင်သည် ဆေးကိုသောက်၍ ဆေး၏အာနိသင်ကြောင့် သင်ကျန်းမာသွားသည်ဆိုလျှင် ဆရာဝန်သည် မှန်ကန်၍ဆေးသည် ကောင်းမွန်သောဆေးဝါးဖြစ်ကြောင်း သင့်အထဲ၌ သက်သေကိုရရှိမည်ဖြစ်သည်။

ဘုရားသခင်သည် ဤနည်းအတိုင်း ထာဝရအသက်ကို ကျွန်ုပ်တို့အား လက်ဆောင်အဖြစ်ပေးတော်မူသည်။ ကျွန်ုပ်တို့ယုံကြည်လျှင် ဤလက်ဆောင်ကို ကျွန်ုပ်တို့ရရှိကြောင်း သိသွားမည်ဖြစ်သည်။ ပထမမှာ ဘုရားသခင်က ကျွန်ုပ်တို့အား ထိုအတိုင်းမိန့်တော်မူသောကြောင့်ဖြစ်သည်။ ထို့အပြင် ကျွန်ုပ်တို့အထဲ၌လည်း အမှန်တကယ်ပြောင်းလဲမှုများရှိလာသောကြောင့်ဖြစ်သည်။

## ယုံကြည်ခြင်း၏အသက်

ကယ်တင်ခြင်းရရှိမှုနှင့်ပတ်သက်လာလျှင် ယုံကြည်ခြင်းသည် အကျင့်နှင့် ဆန့်ကျင်ဖက်ဖြစ်နေကြောင်း ဤအခန်း၏အစပိုင်းတွင် ကျွန်ုပ်တို့လေ့လာခဲ့ကြသည်- '*ယုံကြည်ခြင်းအားဖြင့်*' ဆိုလျှင် '*အကျင့်အားဖြင့်မဟုတ်*' ဟု အဓိပ္ပါယ်ရသည်။ ယခုတွင် စစ်မှန်သောယုံကြည်ခြင်းသည် အကျင့်ဟုခေါ်သည့် လက်တွေ့လုပ်ဆောင်ချက်ကို ဖြစ်စေကြောင်း၊ တစ်နည်းအားဖြင့် လက်တွေ့လုပ်ဆောင်ချက်ဆီသို့ ဦးတည်သွားကြောင်း ကျွန်ုပ်တို့လေ့လာကြမည်ဖြစ်သည်။ အမှန်စင်စစ် လက်တွေ့လုပ်ဆောင်ချက်ကို မဖြစ်ပေါ်စေသောယုံကြည်ခြင်းသည် ယုံကြည်ခြင်းအစစ်မဟုတ်ပေ။ ဖော်ပြချက်များ တစ်ခုနှင့်တစ်ခုဆန့်ကျင်ဖက်လိုဖြစ်နေလျှင် အောက်ပါဥပမာကို စဉ်းစားကြည့်ပါ။

လယ်သမားတစ်ဦး၏နှလုံးသည် ဆက်၍အလုပ်မလုပ်နိုင်အောင် အားနည်းနေသည်။ သူ့သူငယ်ချင်း ဆရာဝန်တစ်ဦးက နှလုံးအစားထိုးအခမဲ့ခွဲစိတ်ကုသပေးမည်ဟု သူ့ကိုကမ်းလှမ်းလာသည်။ ခွဲစိတ်ကုသခြင်းနှင့် နှလုံးအသစ်တို့သည် အခမဲ့လက်ဆောင်များဖြစ်မည်။ လယ်သမားကြီးသည် ဆရာဝန်ကိုယုံကြည်စိတ်ချလျက် သူ့ကိုသူ ပုံအပ်လိုက်သည်။ ခွဲစိတ်ကုသမှုအောင်မြင်၍ နှလုံးအသစ်ကိုလည်း ကောင်းစွာအစားထိုးနိုင်သည်။ ရလဒ်အဖြစ် လူသမားကြီးသည် ပြည့်ဝသည့်အသက်တာအသစ်နှင့်စွမ်းအင်များကိုရရှိကာ ဝမ်းမြောက်စွာနှင့်အလုပ်လုပ်ကိုင်ခဲ့သည်။ သူအလုပ်လုပ်သည်မှာ နှလုံးအသစ်ကိုရရန်မဟုတ်ဘဲ နှလုံးအသစ်ကိုရသောကြောင့် ဖြစ်သည်။

ထိုနည်းတူပင် ဘုရားသခင်သည် ယုံကြည်သောသူတစ်ဦးစီတို့အား စိတ်နှလုံး အသစ်ကိုပေးတော်မူသည်။ ထိုသို့ ပေးတော်မူခြင်းမှာ ရရှိသူ၏လုပ်ဆောင်ချက် ကြောင့်မဟုတ်ဘဲ လက်ဆောင်သက်သက်ဖြစ်သည်။ သို့သော် ထိုစိတ်နှလုံး အသစ် ရရှိသောသူသည် ခရစ်တော်၏အမှုတော်ကို ဝမ်းမြောက်စွာထမ်းဆောင်ရန် အသက်တာအသစ်၊ စွမ်းအား၊ ပန်းတိုင်များ၊ လှုပ်ဆော်မှုများနှင့် စိတ်ဆန္ဒများကို ရရှိလာသည် (ယေဇ ၁၁း၁၉-၂၀ ကိုကြည့်ပါ)။ ဤသည်မှာ သူ့အားဖြင့် ပြောင်းလဲလာ သူများအား ရှင်ပေါလုထောက်ပြသည့်အတိုင်း ကယ်တင်ခြင်း၏ရည်ရွယ်ချက်ပင် ဖြစ်သည်။ သူတို့ကယ် တင်ခြင်းခံရသည်မှာ သူတို့၏လုပ်ဆောင်ချက်များကြောင့် မဟုတ်ကြောင်း သူတို့ကိုသတိပေးသည့်ကျမ်းပိုဒ်များနောက်တွင် လိုက်လာသည့် ကျမ်းပိုဒ်များက သူတို့အား *"အဘယ်ကြောင့်နည်းဟူမူကား၊ ငါတို့သည် ကောင်းသော အကျင့်ကို ကျင့်ရမည်အကြောင်း၊ ယေရှုခရစ်၌ပြုပြင်၍ဖန်ဆင်းတော်မူရာဖြစ်ကြ၏။ ထိုကောင်းသောအကျင့်တို့၌ ငါတို့သည်ကျင်လည်မည့်အကြောင်း ဘုရားသခင်သည် ငါတို့ကိုပြင်ဆင်တော်မူနှင့်ပြီ"* (ဧဖက် ၂း၈-၁၀) ဟု ပြောထားသည်။

ထို့အပြင် ဘုရားသခင်သည် ယုံကြည်ခြင်းကို စစ်ဆေးခံခွင့်ပေးမည်ဖြစ် သည်။ စစ်မှန်ကြောင်းပြသနိုင်ရန်အတွက် တစ်ခါတစ်ရံတွင် ပြင်းထန်နိုင်ပါသည်။ ရွှေကို မီးနှင့်စစ်လျက် ပို၍လှပတောက်ပြောင်ကာ ပို၍တန်ဖိုးရှိသောရွှေဖြစ် စေခြင်းနှင့်တူသည် (၁ပေ ၁း၆-၇)။ သို့သော် ယုံကြည်သူကိုသေချာစေသည့်အရာမှာ သူမခံနိုင်သော စုံစမ်းခြင်းနှင့်ကြုံတွေ့ရန် ဘုရားသခင်သည် အခွင့်ပေးမည်မဟုတ် (၁ ကော ၁၀း၁၃)။ ခရစ်တော်သည်လည်း မိမိ၏ကြားဝင်တောင်းလျှောက်ခြင်းအားဖြင့် ထိုယုံကြည်သူ၏ ယုံကြည်ခြင်းကို ထိန်းသိမ်းပေးမည်ဖြစ်သည်။ အကယ်၍ ယုံကြည်ခြင်းယိမ်းယိုင်ခဲ့လျှင် ယခင်က ပေတရု၏ယုံကြည်ခြင်းကို ပြန်လည်တည်ဆောက်ပေးသကဲ့သို့ တည်ဆောက် ပေးမည်ဖြစ်သည် (လု ၂၂း၃၁-၃၂၊ ဟေဗြ ၇း၂၅)။

ထို့အတူ ယုံကြည်ခြင်းသည် ဓမ္မသစ်ကျမ်းက 'ယုံကြည်ခြင်း'ဟု ခေါ်သော ခရစ်ယာန်ယုံကြည်မှု၏အခြေခံသွန် သင်မှုများကို ခိုင်မြဲစွာစွဲကိုင်ထားရန် ခွန်အားပေး မည်ဖြစ်သည်။ ရှင်ပေါလုရေးသားထားသကဲ့သို့ ကျွန်ုပ်တို့သည် 'ယုံကြည်ခြင်းနှင့် ဆိုင်၍ ကောင်းသောတိုက်လှန်ခြင်း"ကို ကျွန်ုပ်တို့ပြုရမည်ဖြစ်သည် (၁တိ ၆း၁၂၁၆)။ ထို့အပြင် ယုံကြည်ခြင်းသည် ၎င်း၏နောက်ဆုံးဆုလဒ်ကို ဆွတ်ခူးရမည် သေချာလှ ပါသည်။

*ကောင်းစွာသော တိုက်လှန်ခြင်းကို ငါပြုပြီ။ ပြေးရသောလမ်းကို အဆုံးတိုင်အောင်ပြေးပြီ။ ယုံကြည်ခြင်းတရားကို စောင့်ရှောက်ပြီ။ ယခုမှစ၍မေ့ သရဖူသည် ငါ့အဘို့သိုထားလျက်ရှိ၏။ ထိုနေ့ရက်၌ တရားသဖြင့် စီရင်သောသူတည်းဟူသောသခင်ဘုရားသည် ထိုသရဖူကို ငါ၌အပ်ပေးတော်မူမည်။ ထိုမျှမက၊ ပေါ်ထွန်းတော်မူခြင်းကို တောင့်တသောသူအပေါင်းတို့၌လည်း အပ်ပေးတော်မူမည်။* ( ၂ တိ ၄း၇-၈ )

# ၁၃
# သန့်ရှင်းစင်ကြယ်ခြင်း
### *ဖအေတူသား*

ကျွန်ုပ်တို့သည် ဤအခန်းတွင် *သန့်ရှင်းစင်ကြယ်ခြင်း*ဆိုသည့်ဝေါဟာရကို လေ့လာကြမည်ဖြစ်သည်။ ဤဝေါဟာရသည် ဘုရားသခင်က အပြစ်သားများကို သန့်ရှင်းသူများဖြစ်စေသည့်ဖြစ်စဉ်ကို ရည်ညွှန်းသည်။ ဓမ္မသစ်ကျမ်းသည် ယေဘုယျအားဖြင့် ၎င်းနှင့်မရင်းနှီးသူများအတွက် အံ့အားသင့်စရာများနှင့်ပြည့်နေသည်။ သို့သော် မည်သည့်နေရာ၌မျှ သန့်ရှင်းသူများဆိုသည့်စကားလုံးကို အသုံးပြုပုံလောက် အံ့အားသင့်စရာမရှိပါ။ အများသိသည့် ဂုဏ်ပုဒ်တစ်ခုမှာ စိန့်ပီတာ၊ စိန့်ပေါလ်၊ စသည်ဖြင့် တမန်တော်ကြီးများအား ဂုဏ်ပြုမှည့်ခေါ်သည့် သန့်ရှင်းသူဟုအနက်ရှိသော 'စိန့်' ဆိုသည့် ဂုဏ်ပုဒ်ဖြစ်သည်။ မိမိတို့အသက်ရှင်စဉ်တွင် ထူးထူးခြားခြားသန့်ရှင်းသည့်အဆင့်ဖြင့် အသက်ရှင်နေထိုင်ခဲ့ကြသော ပုဂ္ဂိုလ်ကြီးများကိုလည်း ဤဂုဏ်ပုဒ်မျိုး ပေးကြသည်- ဥပမာ။ စိန့်ဆိုဖီယာ(St. Sophia)။

သို့သော် ဓမ္မသစ်ကျမ်းကအသုံးပြုပုံမှာ ဤအသုံးပြုပုံနှင့် သိသိသာသာ ကွာခြားပါသည်။ (တမန်တော်များ နှင့်ပရောဖက်များကို တစ်ခါတစ်ရံတွင် (ဧဖက် ၃း၅၊ ၂ပေ ၃း၂) *သန့်ရှင်းသောတမန်တော်တို့နှင့်ပရောဖက်တို့*ဟု ရည်ညွှန်းဖော်ပြသော်လည်း) မည်သည့်မူရင်းကျမ်း၌မျှ တမန်တော်ပေတရုကို စိန့်ပေတရု သို့မဟုတ် တမန်တော် ပေါလုကို စိန့်ပေါလု စသည်ဖြင့် မဖော်ပြပါ။ တစ်ဘက်တွင် ခြွင်းချက်မရှိ ခရစ်ယာန်အားလုံးကို သန့်ရှင်းစင်ကြယ်သူများဟု ရည်ညွှန်းဖော်ပြထားသည်။ ဥပမာ။ ။ တမန်တော်ဝတ္ထု ၉း၃၂ တွင် "*ပေတရုသည် . . . . သန့်ရှင်းသူတို့ရှိရာ လုဒမြို့သို့ရောက်လေ၏*" ဟု ဖော်ပြသည့်အခါ ရွေးချယ်ထားသည့်ခရစ်ယာန်အနည်းငယ်ကိုသာပြောခြင်း မဟုတ်ပါ။ ဓမ္မသစ်ကျမ်းက 'သန့်ရှင်းသူများ'ဟု ဆိုသည့်အခါ နေရာဒေသတစ်ခုမှ ခရစ်ယာန်အားလုံးကိုဆိုလိုသည်။

ပို၍ပင်အံ့အားသင့်စရာကောင်းသည်မှာ ကောရိန္သုအသင်းတော်ထံ ပေါလု ရေးသားသည့်စာက ၎င်း၏အသင်းသားများ၏အပြုအမူသည် တင့်တယ်မှုမရှိလှ

ကြောင်း ဖော်ပြနေသည်။ သို့သော် စာ၏နိဒါန်းပိုင်းတွင် အသင်းသားအားလုံးတို့အား "*ယေရှုခရစ်အားဖြင့်အပြစ်နှင့်ကင်းစင်၍ သန့်ရှင်းသူအရာ၌ ခန့်ထားသောသူတည်းဟူသော၊ ကောရိန္သုမြို့၌ရှိသော ဘုရားသခင်၏အသင်းတော်မှစ၍ ခပ်သိမ်းသောအရပ်၌ ငါတို့သခင်ယေရှုခရစ်ကို ပဋ္ဌနာပြုသောသူအပေါင်းတို့ကို ကြားလိုက်ပါ၏*"ဟု လိပ်စာတပ်ထားသည်ကိုတွေ့ရသည် (၁ကော ၁း၂)။

သို့သော် ထိုသို့သောစကားလုံးသည် အပေါ်ယံလိမ္မာပါးနပ်သောမြောက်ပင့်သည့်စကားမဟုတ်ပေ။ ကောင်းမြတ်သောသတင်း၏အနှစ်သာရထဲမှ ပေါ်ထွက်လာသောစကားဖြစ်သည်။ အားလုံးတို့သည် အပြစ်နှင့်မကင်းကြသော်လည်း ကောရိန္သုအသင်းသားအချို့တိုကိုယ်ကျင့်တရားပိုင်း၌အလွန်ပင် ယိုယွင်းနေကြသည်။ သူတို့ထဲမှများစွာတို့သည် ဝိညာဉ်ရေးအားနည်းလျက် ရင့်ကျက်မှုမရှိသူများဖြစ်ကြသည်။ သို့သော် ပေါလုက '*အထက်ကသင်တို့တွင် အချို့သောသူတို့သည် ထိုသို့သောသူဖြစ်ကြသော်လည်း၊ ယခုတွင်သခင်ယေရှု၏နာမတော်အားဖြင့်၎င်း၊ ငါတို့ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့်၎င်း၊ ဆေးကြောသန့်ရှင်း၍ ဖြောင့်မတ်ရာသို့ရောက်ကြပြီ*' (၁ကော ၆း၁၁)။ ဓမ္မသစ်ကျမ်းက ဤသို့ဆိုခြင်းအားဖြင့် ထိုသို့သန့်ရှင်းစင်ကြယ်စေခြင်းကိုခံရလျက် သန့်ရှင်းသူများဖြစ်ပြီးသောသူတို့သည် သန့်ရှင်းမှုထဲတွင် ဆက်လက်ကြီးထွား နေစရာမလိုဟု ဆိုလိုခြင်းမဟုတ်ပါ။ ထိုသို့သန့်ရှင်းသူများဖြစ်ခြင်းမှာ ခရစ်တော်၏ ယဇ်ပူဇော်ခြင်းအားဖြင့် သူ့ကိုယုံကြည်သမျှသောသူတို့သည် သန့်ခြင်းစေခြင်းကိုခံရသည်ဖြစ်၍ သန့်ရှင်းသူများဟု အခေါ်ခံထိုက်ကြောင်း ဘုရားသခင်ကအသိအမှတ်ပြု ကြေငြာလိုက်သောကြောင့်ဖြစ်သည်။

မည်သို့မည်ပုံဖြင့် ဤသို့ဖြစ်နိုင်ကြောင်း သိမြင်နိုင်ရန် 'သန့်ရှင်းခြင်း'၏အဓိပ္ပါယ်ဖွင့်ဆိုချက်အားဖြင့် အစပြုကြပါစို့။ သန့်ရှင်းစင်ကြယ်ခြင်းတွင် မျက်နှာပြင်နှစ်ဘက်ရှိသည်။ တစ်ဘက်သည် အပေါင်းလက္ခဏာဆောင်၍ တစ်ဘက်သည် အနှုတ်လက္ခဏာဆောင်သည်။

၁။ အနှုတ်လက္ခဏာအရ ၎င်းတွင် မသန့်ရှင်းမှုနှင့်မစင်ကြယ်ခြင်းတို့မှ သီးခြားဖြစ်ခြင်းပါဝင်သည်။ အခြားစကားလုံးဖြင့် သန့်စင်ထားခြင်း။
၂။ အပေါင်းလက္ခဏာအရ ၎င်းသည် ဘုရားသခင်နှင့်သူ၏အမှုတော်အတွက် သီးသန့်ဖြစ်ခြင်းကိုဆိုလိုသည်။ အခြားစကားလုံးအားဖြင့် ဆက်ကပ်ထားခြင်း။

ဤလက္ခဏာနှစ်ရပ်လုံးကို ဟေဗြဲ ၉း၁၃-၁၄ တွင် ကောင်းစွာထင်ရှားပေါ်လွင်အောင်ဖေါ်ပြထားသည်။ ဤနေရာတွင် ကျမ်းရေးသူက သန့်ရှင်းစင်ကြယ်ခြင်းအပေါ် ရှေးဂျူးလူမျိုးတို့နားလည်ပုံနှင့် ခရစ်ယာန်ယုံကြည်မှုကပြောသော သန့်ရှင်းစင်ကြယ်ခြင်းတို့၏ခြားနားမှုကို ဖေါ်ပြထားသည်။ သူက သန့်ရှင်းစင်ကြယ်ခြင်းကို ညစ်ညမ်းခြင်းမှ သန့်စင်ခြင်းနှင့် ဘုရားသခင်၏အမှုတော်အတွက် ဆက်ကပ်ခြင်းတို့ဖြင့် ယှဉ်တွဲထားသည်ကိုတွေ့ရသည်။

*အကြောင်းမူကား၊ အညစ်အကြေးရှိသော သူတို့အပေါ်၌ဖြန်းသော နွားအသွေး၊ ဆိတ်အသွေး၊ နွားမကလေး၏ပြာသည်၊ သူတို့ကိုယ်ခန္ဓာ၌ စင်ကြယ်ခြင်းကို ပြုနိုင်သည်မှန်လျှင်၊ ထိုမျှမက၊ အပြစ်ကင်းသော ကိုယ်တော်ကို၊ ထာဝရဝိညာဉ်တော်အားဖြင့်၊ ဘုရားသခင့်ရှေ့၌ တင်လှူပူဇော်သော ခရစ်တော်၏အသွေးသည်၊ သေခြင်းနှင့် စပ်ဆိုင်သောအကျင့်ကို ပယ်ရှင်း၍၊ သင်တို့သည် အသက်ရှင်တော်မူသော ဘုရားသခင်ကို ဝတ်ပြုမည့်အကြောင်း၊ သင်တို့၌ ကိုယ်ကိုကိုယ်သိသောစိတ်ကို စင်ကြယ်စေခြင်းငှာ၊ သာ၍တတ်နိုင်တော်မူသည်မဟုတ်လော* (ဟေဗြဲ ၉း၁၃-၁၄)။

နောက်ထပ် ကျွန်ုပ်တို့မှတ်သားရမည့်အရာမှာ ဓမ္မသစ်ကျမ်းတွင် သန့်ရှင်းစင်ကြယ်ခြင်းကို ကနဦးအဆင့်၊ တိုးတက်သောအဆင့်နှင့် နောက်ဆုံးအဆင့်ဟူ၍ အဆင့်သုံးဆင့်ဖြင့် စွမ်းဆောင်ရမည်ဖြစ်ကြောင်း ပြောထားသည်။

## ကနဦးသန့်ရှင်းစင်ကြယ်ခြင်း

ပထမအနေဖြင့် ကနဦးသန့်ရှင်းစင်ကြယ်ခြင်းကို မည်သို့ဖေါ်ပြထားကြောင်း သတိပြုပါ။

### ၁။ ခရစ်တော်၏ကိုယ်ခန္ဓာတော်ကိုပူဇော်ခြင်းအားဖြင့်

*ထို့ကြောင့်၊ ခရစ်တော်သည် ဤလောကသို့ ကြွလာသောအခါ၊ အိုဘုရားသခင်၊ ကိုယ်တော်သည်ယဇ်နှင့်ပူဇော်သက္ကာကို အလိုတော်မရှိသည်ဖြစ်၍၊ အကျွန်ုပ်အဘို့ကိုယ်ခန္ဓာကိုပြင်ဆင်တော်မူပြီ။. . ဟုလျှောက်ဆို၏။. . . ထိုအလိုတော်နှင့်အညီ ယေရှုခရစ်၏ ကိုယ်တော်ကို တစ်ခါတည်းပူဇော်သောအားဖြင့်၊ ငါတို့သည် စင်ကြယ်ခြင်းသို့ ရောက်ကြ၏* (ဟေဗြဲ ၁၀း၅၊ ၇၊ ၁၀)။

ဘုရားသခင်၏ပညတ်တော်ကို ကျွန်ုပ်တို့၏ကိုယ်ပိုင်ကြိုးစားအားထုတ်မှုဖြင့် စောင့်ထိမ်းရန်မဟုတ်သကဲ့သို့ ကျွန်ုပ်တို့ကိုကျွန်ုပ်တို့သန့်ရှင်းသူဖြစ်စေရန်အတွက် ကျွန်ုပ်တို့၏ကိုယ်ပိုင်ကြိုးစားအားထုတ်မှုဖြင့် သူ့အလိုတော်ကို ဆောင်ရွက်ရန်မဟုတ်ပါ။ ကျွန်ုပ်တို့၏ကိုယ်ပိုင်ကြိုးစားမှုအားဖြင့်ဆိုလျှင် ဘုရားသခင်၏တောင်းဆိုမှုအတွက် မပြည့်ဝသောစင်ကြယ်ခြင်း၊ သန့်ရှင်းခြင်းနှင့်ဆက်ကပ်ခြင်းတို့ကိုသာ ရရှိမည်ဖြစ်သည်။ ကောင်းမြတ်သောသတင်းမှာ ကျွန်ုပ်တို့သည် ခရစ်တော်ဟုခေါ်သောသူ၏ လုပ်ဆောင်ပေးခြင်းအားဖြင့် ဘုရားသခင်လက်ခံနိုင်သည့် သန့်ရှင်းခြင်းကိုရရှိကြသည်ဟူ၍ ဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ကိုယ်စား မိမိကိုယ်ခန္ဓာကို အပြစ်မဲ့သော ယဇ်အဖြစ်ပူဇော်ရန်မှာ ဘုရားသခင်၏အလိုတော်ပင်ဖြစ်၍ သူသည် မိမိကိုယ်ကို လက်ဝါးကပ်တိုင်ပေါ်တွင် ဘုရားသခင်ထံပေးအပ်လိုက်သောအခါ ထိုအမှုကို တစ်ခါတည်းနှင့်အပြီးပြုတော်မူခဲ့သည်။ ဘုရားသခင်ကလက်ခံ၍ရခြင်းမှာ ဆုံးရှုံးမှုကိုသာဖြစ်စေသည့် ကျွန်ုပ်တို့၏ကြိုးစားအားထုတ်မှုကြောင့်မဟုတ်ဘဲ ခရစ်တော်ပေးအပ်သောထိုယဇ်ကြောင့်ပင်ဖြစ်သည်။

**၂။ ခရစ်တော်၏သွေးတော်။** (ဟေဗြဲ ၉း၁၃-၁၄ ကိုကြည့်ပါ)။ မည်သူမျှ မိမိ၏ကောင်းမကောင်းပိုင်းခြားစိတ်သည် လိပ်ပြာမလုံခြင်းနှင့်စွန်းထင်းနေသည့် အချိန်တွင် အသက်ရှင်တော်မူသောဘုရားသခင်လက်ခံနိုင်သည့်အမှုတော်ကို မဆောင်နိုင်ပါ။ အပြစ်စွဲစိတ်သည် ပျက်စီးယိုယွင်းခြင်း၏အရိပ်နှင့်လက္ခဏာရောင်ဝါကိုပြလျက် လူတစ်ဦးလုံးနှင့်သူ၏လုပ်ဆောင်သမျှတို့အပေါ် အနိဋ္ဌာရုံစွဲလမ်းမှုကို ဖြစ်စေသည်။ ထိုညစ်ညမ်းစွန်းထင်းမှုကို မည်သည့်ဘာသာတရားလုပ်ဆောင်မှုများကမျှ မလွင့်ပြယ်စေနိုင်ပါ။ မည်သည့်ဘာသာတရားထုံးတမ်းစဉ်လာလိုက်နာမှုများကမျှ မလွင့်ပြယ်စေနိုင်ပါ (မဿဲ ၁၅ ကိုကြည့်ပါ)။ သို့သော် ကျွန်ုပ်တို့မလုပ်နိုင်သောအရာကို ခရစ်တော်၏အသွေးတော်ကို လုပ်ဆောင်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် *'ဘုရားသခင်သည်အလင်း၌ရှိတော်မူသကဲ့သို့၊ ငါတို့သည် အလင်း၌ ကျင်လည်လျှင်၊ အချင်းချင်းမိဿဟာယဖွဲ့ခြင်း ရှိကြသည်ဖြစ်၍၊ ဘုရားသခင်၏သားတော်ယေရှုခရစ်၏ အသွေးတော်သည်၊ ငါတို့အပြစ်ရှိသမျှကိုဆေးကြောတော်မူ၏'* (၁ယော ၁း၇)။ ထိုသွေးက ကျွန်ုပ်တို့၏ကောင်းမကောင်းပိုင်းခြားစိတ်ကို ကြည်လင်သန့်ရှင်းစေလျက် အသက်ရှင်သောဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရန်အတွက် ကျွန်ုပ်တို့ကို လွတ်မြောက်စေပါသည်။

ခရစ်တော်၏အသွေးတော်သည် ကျွန်ုပ်တို့က သန့်ရှင်းစင်ကြယ်ခြင်း၏ အနှုတ်လက္ခဏာဆောင်သောအရာဟုခေါ်သည့် စွန်းထင်းမှုမှသန့်စင်စေခြင်းအပေါ် အကျိုးသက်ရောက်မှုရှိသည်။ ၎င်းသည် သန့်ရှင်းစင်ကြယ်ခြင်း၏ အပေါင်းလက္ခဏာ ဆောင်သောအရာဖြစ်သည့် ဘုရားသခင်ထံဆက်ကပ်ခြင်းအပေါ် မည်သည့်အကျိုး သက်ရောက်မှုရှိသနည်း။

ဘုရားသခင်ဘက်တွင် ကျွန်ုပ်တို့အား အပြစ်ကိုသိမြင်စေခြင်း၊ ကယ်တင်ရှင်ထံသို့ နီးကပ်စေခြင်း၊ ဘုရားသခင်၏ကယ်တင်ခြင်းနည်းလမ်းကိုဖော်ပြပေးခြင်းနှင့် သူ၏အသစ်မွေးဖွားစေနိုင်သောတန်ခိုးတော်အားဖြင့် သန့်ရှင်းသောအသက်တာကို အသက်ရှင်နိုင်ရန်အတွက် လိုအပ်သောအတည်စွမ်းအင်ရှိသမျှနှင့်အတူ ဘုရားသခင်၏ အသက်ကို ကျွန်ုပ်တို့အထဲ၌ တည်စေခြင်းစသည့် ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ သန့်ရှင်း သောဝိညာဉ်တော်၏လုပ်ဆောင်ချက်များအားဖြင့် အကျိုးသက်ရောက်မှုရှိပါသည်။

*ငါတို့ကျင့်သော ဖြောင့်မတ်ခြင်းအကျင့်အားဖြင့်မဟုတ်ဘဲ၊ မိမိသနားခြင်း ကရုဏာတော်နှင့်အညီဒုတိယမွေးခြင်းနှင့်ဆိုင်သော ဆေးကြောခြင်း အားဖြင့်၎င်း၊ သန့်ရှင်းသောဝိညာဉ်တော်၏အသစ်ပြုပြင်ခြင်းအားဖြင့်၎င်း၊ ငါတို့ကို ကယ်တင်တော်မူ၏။* (တိတု ၃း၅)

*ယေရှုခရစ်၏ တမန်တော်ပေတရုသည်၊ နားထောင်ခြင်းကျေးဇူး၊ ယေရှုခရစ်၏ အသွေးတော်နှင့်ဖြန်းခြင်း ကျေးဇူးကိုခံရမည်အကြောင်း၊ ဝိညာဉ်တော်အားဖြင့်သန့်ရှင်းခြင်းသို့ရောက်၍၊ ခမည်းတော်ဘုရားသခင်၏ အနာဂတံသဉာဏ်တော်အတိုင်း ရွေးကောက်တော်မူတော်မူသောသူတို့ ကြားလိုက်ပါ၏. .* (၁ပေ ၁း၂)

အခြားတစ်ဘက်တွင်လည်း သန့်ရှင်းစင်ကြယ်ခြင်း၏ အပေါင်းလက္ခဏာနှင့် အနှုတ်လက္ခဏာဆောင်သောအရာအားလုံးတို့သည် ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့ ၏စိတ်နှလုံးအပေါ် အကျိုးသက်ရောက်မှုရှိကြသည်။

*စိတ်နှလုံးကို သိတော်မူသော ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ် တော်ကို ငါတို့အားပေးသည်နည်းတူ သူတို့အားပေးသဖြင့်၊ သူတို့ဘက်၌ သက်သေခံတော်မူ၏။ ယုံကြည်ခြင်းအားဖြင့်လည်း သူတို့၏စိတ်နှလုံးကို စင်ကြယ်စေ၍ ငါတို့ကို ခြားနားစေတော်မမူ* (တ ၁၅း၈-၉)။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏နှလုံးသားများ၌ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကိုတုန့်ပြန်လျက် ကယ်တင်ခြင်းအတွက် မိမိကိုယ်ကိုယုံကြည်မှုကို စွန့်လွှတ်ကာ ကျွန်ုပ်တို့၏ယုံကြည်စိတ်ချမှုကို ဘုရားသခင်နှင့် ခရစ်တော် ပူဇော်သော ယဇ်တို့အပေါ် လုံးလုံးပုံအပ်ထားသောအခါ ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ အခြေခံ ပြောင်းလဲမှုကိုဖြစ်ပေါ်စေသည်။ ဘုရားသခင်နှင့်ကင်းကွာခြင်း၊ ဘုရားသခင်နှင့်ရန်သူ ဖြစ်ခြင်းတို့သည် လွန်သွားကြပြီဖြစ်သည်။ ဘုရားသခင်အပေါ်အားမကိုးခြင်းနှင့် ဘုရားသခင်ကိုအသိအမှတ်မပြုခြင်းတို့သည်လည်း လွန်သွားကြပြီဖြစ်သည်။ ၎င်းတို့၏ နေရာတွင် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်အပေါ်ဘုရားသခင်၏ ချစ်ခြင်း မေတ္တာတော်ကို သိရှိခံစားစေသည်- '*ဘုရားသခင်၏ မေတ္တာတော်ကို ငါတို့စိတ်နှလုံး ထဲသို့ သွန်းလောင်းတော်မူ၏*' (ရော ၅း၅)။ ကျွန်ုပ်တို့သည် ဘုရားသခင်၏သားသမီးများ ဖြစ်လာကြလျက် ကျွန်ုပ်တို့အဖဘုရား၏အသက်နှင့်သဘောသဘာဝကို မျှဝေခံစားကြ ကြောင်းကို ကျွန်ုပ်တို့အား သိစေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အလိုအလျောက် သဘာဝအတိုင်း ဘုရားသခင်ကို အဘာဟုခေါ်ကြသည် (ရော ၈း၁၄-၁၇)။ ကျွန်ုပ်တို့ အဘသည် သန့်ရှင်းတော်မူသကဲ့သို့ ကျွန်ုပ်တို့သန့်ရှင်းနိုင်ကြောင်းနှင့် ထိုသို့သန့်ရှင်း ရန်လည်းတာဝန်ရှိကြောင်း ကျွန်ုပ်တို့ကို သိရှိစေတော်မူသည် (၁ပေ ၁း၁၄-၁၆)။

တစ်ချိန်တည်းမှာပင် '*ထိုသို့ ခရစ်တော်အားဖြင့်ငါတို့နှစ်ဦး (*ဂျူးနှင့် တပါးအမျိုးသားများ*)သည် စိတ်ဝိညာဉ် တလုံးတဝတည်းဖြစ်၍၊ ခမည်းတော်ထံသို့ တိုးဝင်ရမည့်အခွင့်ကိုရကြပြီ*'(ဧဖက် ၂း၁၈)ဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့ရှိရသည်။ ထိုကဲ့သို့အမြဲမဖြစ်သည်တော့သေချာသည်။ ခရစ်တော်မမွေးဖွားမီ၊ အသေမခံမီ ရာစုနှစ်နှင့်ချီလျက် အစ္စရေးတို့ သူတို့အပြစ်အတွက် ပူဇော်လာခဲ့သောယဇ်သည် သင်္ကေတသာဖြစ်ကြသည်။ ထိုယဇ်ကောင်တို့က သူတို့အပြစ်ဒဏ်များအတွက် အမှန်မပေးဆပ်နိုင်သောကြောင့် သူတို့အပြစ်များသည် ဖယ်ရှားခြင်းမခံခဲ့ရပေ။ ထို့ကြောင့် သာမန်အစ္စရေးလူမျိုးတစ်ဦးသည် မြေကြီးပေါ်ရှိ ဘုရားသခင်၏တဲတော် သို့မဟုတ် ဗိမာန်တော်ထဲတွင် ပို၍အပြင်ကျသည့်နေရာအထိသာ ဝင်ရောက်ခွင့်ရှိခဲ့ကြသည်။ ယဇ်ပုရောဟိတ်များသည် သန့်ရှင်းရာဌာနအထိဝင်ခွင့်ရှိကြသည်။ သို့သော် ထိုထက် ဝင်ခွင့်မရှိကြ။ ယဇ်ပုရောဟိတ်မင်း သာလျှင် ဘုရားသခင်၏ပလ္လင်ရှိရာ အသန့်ရှင်းဆုံး နေရာအထိ ဝင်ခွင့်ရကြသည်။

သို့သော် ခရစ်တော်ကြွလာလျက်အပြစ်အတွက် ပြည့်စုံသောယဇ်ကိုပူဇော်ပြီး သောအခါ အားလုံးပြောင်းလဲသွားပြီဖြစ်သည်။ သန့်ရှင်းစေခြင်းကိုခံရသောသူတို့ကို

ခရစ်တော်က အစဉ်အမြဲပြည့်စုံစေပြီဖြစ်သည် (ဟေဗြဲ ၁၀း၁၄)။ ထို့ကြောင့် သိက္ခာတင်ခံရသည့် လူနည်းစုသာမဟုတ်ဘဲ ယုံကြည်သူအားလုံးတို့သည် ယခုဤလောက၌ပင် ကောင်းကင်ဘုံရှိဘုရားသခင်၏ အသန့်ရှင်းဆုံးနေရာသို့ ဝိညာဉ်အားဖြင့် ရဲရင့်စွာ တိုးဝင်ခွင့်ရကြသည်။ မည်သို့မည်ပုံဤသို့ဖြစ်နိုင်ကြောင်းကို ဟေဗြဲ ၁၀း၁၉-၂၂ က ရှင်းပြထားသည်။ ယေရှုသည် သူတို့အတွက်လမ်းကို မိမိ၏အသွေးတော်အားဖြင့် ဖွင့်ပေးပြီဖြစ်သည်။ ပုံနှိုင်းပြောဆိုရလျှင် ကိုယ်ခန္ဓာကို သန့်ရှင်းသောရေဖြင့် ဆေးကြောသကဲ့သို့ ယုံကြည်သူအားလုံး၏စိတ်နှလုံးသည် ထိုအသွေးတော်အားဖြင့် ပက်ဖြန်းဆေးကြောခြင်းကိုခံရလျက် အပြစ်စွဲစိတ်နှင့်ကင်းရှင်းကြပြီဖြစ်သည် (ယော ၁၃း၆-၁၁ နှင့်နှိုင်းယှဉ်ကြည့်ပါ)။

ယုံကြည်သူများသည် ဘုရားသခင်၏ရှေ့တော်သို့တိုးဝင်ခြင်း၌ အစဉ်မပြတ်မွေ့လျော်လာကြသည့်အခါ သူတို့အားလုံးကို ခရစ်တော်၏အသွေးတော်အားဖြင့် ဘုရားသခင်ထံတော်ဝင်ရသည့် ယဇ်ပုရောဟိတ်များဖြစ်စေကြောင်းနှင့် ဘုရားသခင်၏ အမှုတော်အတွက် ခန့်အပ်ထားကြောင်း သူတို့သတိထားမိလာကြသည် (ဗျာ ၁း၅-၆၊ ၅း၉-၁၀)။ ထို့ကြောင့် တမန်တော် ရှင်ပေတရုက သူနှင့်အတူ ယုံကြည်သူအားလုံးတို့အား ဤသို့အသိပေးခဲ့သည်-

> *အသက်ကျောက်များကဲ့သို့ အဆင့်ဆင့်အထပ်ထပ်တည်ဆောက်လျက်ရှိသဖြင့် ဓမ္မတိုက်ဖြစ်ကြ၏။ယေရှုခရစ်အားဖြင့် ဘုရားသခင်နှစ်သက်တော်မူရာ ဓမ္မယဇ်ကိုပူဇော်ရသော သန့်ရှင်းသောယဇ်ပုရောဟိတ်မျိုးလည်း ဖြစ်ကြ၏။ . . . သင်တို့မူကား၊ မှောင်မိုက်ထဲမှ အံ့ဘွယ်သောအလင်းတော်သို့ ခေါ်သွင်းတော်မူသော သူ၏ဂုဏ်ကျေးဇူးကို ဖေါ်ပြစေခြင်းငှာ၊ ရွေးချယ်တော်မူသော အမျိုးဖြစ်ကြ၏။ မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသော လူမျိုး၊ ပိုင်ထိုက်တော်မူသော အပေါင်းအသင်းဖြစ်ကြ၏။ အထက်က အပေါင်းအသင်းမဟုတ်၊ ယခုတွင် ဘုရားသခင်အပေါင်းအသင်းဖြစ်ကြ၏။ ကရုဏာကျေးဇူး တော်ကို အထက်ကမခံရသော်လည်း ယခုတွင်ခံရကြ၏* (၁ပေ ၂း၅၊ ၉-၁၀)။

ထိုက်သင့်သည့်အားလျော်စွာ ဤအရာအားလုံးက ယုံကြည်သူ၏အထဲတွင် ဘုရားသခင်အပေါ်နက်ရှိုင်းစွာချစ်သည့် မေတ္တာကိုဖြစ်ပေါ်စေသည်။ တမန်တော်

ရှင်ယောဟန်က *"ဘုရားသခင်သည် ငါတို့ကိုရှေးဦးစွာချစ်တော်မူသောကြောင့် ငါတို့သည် ဘုရားသခင်ကိုချစ်ကြ၏"*ဟုဖေါ်ပြောထားသည် (၁ယော ၄း၁၉)။ သူတို့သည် ဤမေတ္တာကြောင့် မိမိတို့အသက်တာများကို အိမ်၌ဖြစ်စေ၊ ကျောင်း၌ဖြစ်စေ၊ စက်ရုံ၌ဖြစ်စေ၊ ရုံး၌ဖြစ်စေ၊ လယ်ယာထဲ၌ဖြစ်စေ ဘုရားသခင်၏အမှုတော်အတွက် ဝမ်းမြောက်စွာအသက်ရှင်ဆက်ကပ်ရန် လှုပ်ဆော်မှုကိုခံစားကြသည်။ *"ညီအကိုတို့၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူဘွယ်သောလက္ခဏာနှင့် ပြည့်စုံသောယဇ်ကို သင်တို့သည်ပူဇော်၍၊ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား ဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ်သောဝတ်ကိုပြုမည်အကြောင်း၊ ဘုရားသခင်၏ ကရုဏာတော်ကို ထောက်ထား၍ သင်တို့ကို ငါတိုက်တွန်းနှိုးဆော်ပေ၏။ သင်တို့သည် လောကီပုံသဏ္ဍာန်ကို မဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဘွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင်အလိုတော်ရှိသောအရာသည် အဘယ်အရာဖြစ်သည်ကို သင်နိုင်မည်အကြောင်း၊ စိတ်နှလုံးကို အသစ်ပြင်ဆင်၍ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ ရောက်ကြလော့"*(ရော ၁၂း၁-၂)။

ဤသို့သော အနူးအညွတ်မေတ္တာရပ်ခံချက်သည် ရှောင်လွှဲ၍မရသော ယုတ္တိရှိသည်ဆင်ခြင်မှုတစ်ခုပေါ်တွင် အခြေခံသည်။ ဓမ္မသစ်ကျမ်းထဲမှ ကျမ်းချက်များစွာတို့သည် ဤသဘောကိုဆောင်နေကြသည်။ ဥပမာတစ်ခုမှာ-

> *အကြောင်းမူကား၊ တစ်ယောက်သောသူသည် လူအပေါင်းတို့အတွက်ကြောင့် အသေခံသည်မှန်လျှင်၊ လူအပေါင်းတို့သည် သေလျက်နေကြသည်ဟူ၍၎င်း၊ အသက်ရှင်သောသူတို့သည် တဖန်ကိုယ့်အလိုသို့လိုက်၍မရှင်၊ သူတို့အတွက်ကြောင့် အသေခံပြီးမှ ထမြောက်တော်မူသောသူတို့၏အလိုသို့လိုက်၍ ရှင်စေမည်အကြောင်း၊ လူအပေါင်းတို့အတွက်ကြောင့် အသေခံတော်မူသည်ဟူ၍၎င်း၊ ငါတို့သည်သဘောထားလျက်၊ ခရစ်တော်၏ ချစ်ခြင်းမေတ္တာတော်သည် ငါတို့ကို အနိုင်အထက်သွေးဆောင်၏* (၂ကော ၅း၁၄-၁၅)။

အခြားသောကျမ်းပိုဒ်တစ်ပိုဒ်ကလည်း သန့်ရှင်းသောအသက်တာအသက်ရှင်ရန်အတွက် အခြားသောလှုပ်ဆော်မှုကို ထပ်ဖြည့်ပေးပါသည်။

> *အဘယ်သို့နည်း။ သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသောဝိညာဉ်တော်တည်းဟူသော၊ သင်တို့အထဲ၌ ကျိန်းဝပ်၍ သန့်ရှင်းသောဝိညာဉ်*

*တော်၏ ဗိမာန်ဖြစ်ကြောင်းကိုငှင်း၊ မိမိတို့ကို မိမိတို့မပိုင်ကြောင်းကိုငှင်း၊ မသိကြလော။ သင်တို့သည် အဘိုးနှင့်ဝယ်တော်မူသောသူဖြစ်သောကြောင့်၊ ဘုရားသခင်ပိုင်တော်မူသောသင်တို့၏ ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကို ထင်ရှားစေကြလော့* (၁ကော ၆း၁၉-၂၀)။

ဤနေရာတွင်လည်း ရှေ့၌နည်းတူယုတ္တိရှိသောအချက်တစ်ခုကို ကျွန်ုပ်တို့ တွေ့ရပါသည်။ ခရစ်တော်၏အသွေးတော်၏အဖိုးအခကြောင့် ယုံကြည်သူသည် ရွေးနှုတ်ကယ်တင်ခြင်းကိုခံရပြီဖြစ်သည်။ ယခုမှစ၍ ယုံကြည်သူရော သူ၏ကိုယ်ခန္ဓာကိုပါ သူမပိုင်တော့ပါ။ နှစ်ခုလုံးကို ခရစ်တော်ပိုင်တော်မူသည်။ ထိုထက်မက ခရစ်တော်၏ရွေးနှုတ်ကယ်တင်ခြင်းအားဖြင့် ယုံကြည်သူ၏ကိုယ်ခန္ဓာသည် သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်တော်ဖြစ်သွားသည်။ အဘယ့်ကြောင့်ဆိုသော် သူယုံကြည်သောအခါ ဘုရားသခင်သည် သူ့အထဲ၌ ဝိညာဉ်တော်ကိုထည့်ပေးသည်။ ထို့ကြောင့် ယုံကြည်သူ၏ကိုယ်ခန္ဓာ၌ သန့်ရှင်းသောဝိညာဉ်တော်၏ကိန်းဝပ်တော်မူခြင်းသည် ထိုခန္ဓာကို သန့်ရှင်းစေလျက် ဘုရားသခင်ကိန်းဝပ်တော်မူရာနေရာဖြစ်စေသည်။ ဤအချက်အားဖြင့် ယုံကြည်သူ၌ရှိသည့်အလေးအနက်ထားရမည့်ဝတ္တရားမှာ မိမိ၏ကိုယ်ခန္ဓာအားဖြင့် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေရန်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်ကို ညစ်ညူးစေခြင်းမှ ရှောင်ကျဉ်ရန်ဖြစ်သည်။

ဤနေရာတွင် ဖြစ်ပျက်သည့်အဖြစ်အပျက်များ၏အစီအစဉ်သည် သိသာထင်ရှားသကဲ့သို့ အမြင်ကိုလည်းဖွင့်ပေးသည်။ ယုံကြည်သူသည် မိမိအသက်တာကို ပြည့်ပြည့်ဝဝသန့်ရှင်းစင်ကြယ်စေလျှင် သန့်ရှင်းသောဝိညာဉ်တော်သည် မတုမတန်သော်လည်း နှိမ့်ချလျက် ထိုယုံကြည်သူ၏ကိုယ်ခန္ဓာကို မိမိ၏ဗိမာန်တော်ဖြစ်စေကောင်းဖြစ်စေလိမ့်မည်ဟု ယုံကြည်သူကိုမပြောထားပါ။ ခရစ်တော်သည် မိမိ၏ယဇ်နှင့်အသွေးတော်အားဖြင့် ယုံကြည်သူ၏ကိုယ်ခန္ဓာကိုစယ်ကြယ်စေကာ သန့်ရှင်းစေလျက် သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်ဖြစ်စေပြီးပြီဖြစ်သည်။ ထို့ကြောင့် ယုံကြည်သူ၌တာဝန်ရှိလျက် နှိုးဆော်ခံရသည့်အချက်မှာ မိမိကိုယ်ခန္ဓာကိုညစ်ညူးစေမည့်အပြုအမူမျိုးကို ရှောင်ကျဉ်ရန်ဖြစ်သည်။

ကျွန်ုပ်တို့လေ့လာခဲ့သောအရာများကို ပြန်၍အကျဉ်းချုပ်ကြပါစို့။ ကျွန်ုပ်တို့ ခေါ်တွင်ခဲ့ပြီးသည့်အတိုင်း ကနဦးသန့်ရှင်းစယ်ကြယ်ခြင်းသည် သန့်ရှင်းသော အသက်တာကို ကျွန်ုပ်တို့၏ကိုယ်ပိုင်ကြိုးစားအားထုတ်မှုအားဖြင့်ရရှိခြင်း၊ ပြီးမြောက်

အောင်ဆောင်ရွက်ခြင်းမဟုတ်ပါ။ ထိုခရစ်တော်ကို ကျွန်ုပ်ယုံကြည်လိုက်သည့် တခဏချင်းတွင် ကျွန်ုပ်တို့အား ဘုရားသခင်အပ်နှင်းလိုက်သည့်အရာဖြစ်သည်- '*ထိုဘုရားသခင်အားဖြင့်သင်တို့သည် ယေရှုခရစ်၌တည်နေကြ၏။ ထိုသခင်မူကား၊ ဘုရားသခင်စီရင်တော်မူသည်အတိုင်း၊ ငါတို့၌ ပညာမှစ၍ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနှုတ်ခြင်းဖြစ်တော်မူ၏*' (၁ကော ၁း၃၀)။ ဤကနဦးသန့်ရှင်းစင်ကြယ်ခြင်းက ယုံကြည်သူတိုင်းကို သန့်ရှင်းသူဖြစ်စေသည်။ ၎င်းက ယုံကြည်သူတိုင်းအား အဖဘုရားသခင်ထံသို့ ချက်ချင်းနှင့်တိုက်ရိုက် ဝင်ရောက်ခွင့်ပေးသည်။ ၎င်းက ယုံကြည်သူတိုင်းကို ဘုရားသခင်ထံ ဝိညာဉ်ရေးရာယဇ်များပူဇော်ရန်နှင့် အခြားသူတို့အား ဘုရားသခင်၏ရွေးနှုတ်ကယ်တင်တော်မူသည့် မေတ္တာတော်နှင့် ကျေးဇူးတော်တို့ကို ဟောပြောရန်အတွက် ဘုရားအမှုဆောင်ရွက်ရသော ယဇ်ပုရောဟိတ်ဖြစ်စေသည်။ ၎င်းက ယုံကြည်သူတိုင်း၏ကိုယ်ခန္ဓာကို ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်တော်မူရာဗိမာန်တော်ဖြစ်စေသည်။ ၎င်းက ယုံကြည်သူတိုင်းအား မိမိသည် ဘုရားသခင်၏သားသမီးဖြစ်ကြောင်း၊ မိမိအဖဘုရားသခင်၏အသက်ကို ရရှိထားကြောင်းနှင့် ထိုသို့အားဖြင့် သန့်ရှင်းတော်မူသော အဖဘုရားသခင်နည်းတူ သန့်ရှင်းနိုင်သည့် လိုအပ်သော စွမ်းရည်ရှိသမျှကိုလည်း ရရှိကြောင်း အလိုအလျောက် သိစိတ်ကို ဖန်တီးပေးစေသည်။ ထို့အပြင် ၎င်းသည် ယုံကြည်သူအားလုံးတို့၌ ဘုရားသခင်နှင့် ခရစ်တော်အပေါ် ချစ်၍ကျေးဇူးတင်သောစိတ်ကိုဖြစ်စေကာ ဘုရားသခင် အပေါ်ဆက်ကပ်သည့်အသက်တာမျိုးဖြင့်အသက်ရှင်ရန် နှိုးဆော်မှုကို ပေးသည်။ ဘုရားသခင်နှင့်ခရစ်တော်အပေါ် ချစ်သောမေတ္တာသာမကဘဲ မည်သည့် လူမျိုးမဆို မိမိကဲ့သို့ပင် ဘုရားသခင်ကိုအဖဟုခေါ်ခွင့်ရသောသူ အားလုံးကို ချစ်သောမေတ္တာကိုလည်း ဖြစ်ပေါ်စေသည် (၁ယော ၅း၁)။

သို့သော် ဤအချက်တွင် တစ်စုံတစ်ဦးက "ဒါလွယ်လွန်းနေသလို မဖြစ်ဘူးလား။ သမ္မာကျမ်းစာကဘဲ ခရစ်ယာန်အသက်တာဆိုတာ ကြိုးပမ်းရုန်းကန်ရတဲ့ အသက်တာ၊ စစ်ပွဲဆင်နွှဲရတဲ့အသက်တာလို့ ဖေါ်ပြထားတယ်မဟုတ်လား"ဟု ကန့်ကွက်လာနိုင်ပါသည်။ ဟုတ်ပါသည်။ သမ္မာကျမ်းစာက ထိုအတိုင်း ဖေါ်ပြထားပါသည်။ ထိုအကြောင်းကို နောက်အခန်းတွင် ကျွန်ုပ်တို့ ဆင်ခြင်စဉ်းစားကြပါမည်။

# ၁၄
# သန့်ရှင်းစင်ကြယ်ခြင်း
## *ကျေးကျွန်မဟုတ်၊ သားအရိုက်အရာ*

ကျွန်ုပ်တို့သည် ပြီးခဲ့သည့်အခန်းတွင် ကနဦးသန့်ရှင်းစင်ကြယ်ခြင်းအကြောင်းကိုလေ့လာခဲ့ကြသည်။ ယခု တိုးတက်နေသောသန့်ရှင်းစင်ကြယ်ခြင်းအားဖြင့် ဓမ္မသစ်ကျမ်းကဘာကိုဆိုလိုကြောင်းဦးစွာလေ့လာစစ်ဆေးကြပြီး နောက်ဆုံးသန့်ရှင်းစယ်ကြယ်ခြင်းအကြောင်းကို ဆက်၍လေ့လာကြမည်ဖြစ်သည်။

### တိုးတက်နေသောသန့်ရှင်းစင်ကြယ်ခြင်း

ဤနေရာ၌ ကျွန်ုပ်တို့သတိပြုရမည့်အချက်မှာ ရိုးရှင်းသောအချက်ဖြစ်သည်- လူတို့သည် ခရစ်တော်ကို ယုံကြည်လက်ခံကြသည့်တခဏချင်းတွင် သန့်ရှင်းစေခြင်းကိုခံရလျက် စစ်မှန်သောသန့်ရှင်းသူများဖြစ်သွားစဉ်မှာပင် သူတို့သည် စဉ်ဆက်မပြတ်ဆက်၍ "*ကိုယ်ခန္ဓာ၏ အညစ်အကြေး၊ စိတ်ဝိညာဉ်၏အညစ်အကြေးရှိသမျှတို့နှင့် ကိုယ်ကိုကိုယ်ကင်းစင်စေလျက်၊ ဘုရားသခင်ကို ကြောက်ရွံ့၍သန့်ရှင်းခြင်း ပါရမီနှင့်ပြည့်စုံကြ*" (၂ကော ၇း၁) ရမည်ဟု သမ္မာကျမ်းစာက အခိုင်အမာပြောထားပါသည်။ ကျွန်ုပ်တို့သည် ဤအချက်ကို သတိပြုမိခြင်းက ကျွန်ုပ်တို့ကို လူတို့မှားလေ့မှားထရှိသည့်အမှားမျိုးမှ ကယ်တင်မည်ဖြစ်သည်။ လူသည် မိမိအကျင့်အားဖြင့်သို့မဟုတ် မပြောင်းလဲမီဖြစ်စေ၊ ပြောင်းလဲပြီးမှဖြစ်စေ ဝိညာဉ်ရေးအောင်မြင်မှုများအားဖြင့်မဟုတ်ဘဲ (ရော ၃း၁၉-၂၈) ဘုရားသခင်၏ကျေးဇူးတော်သက်သက်ကြောင့် ယုံကြည်သောအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ကြောင်း သမ္မာကျမ်းစာက အမှန်ပင်သွန်သင်ထားပါသည်။ သို့သော် ၎င်းသည် လူများစွာတို့ မှားယွင်းစွာယူဆနေကြသကဲ့သို့ လူသည် ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်သည်ဟု တစ်ခါအသိအမှတ်ပြုခံရပြီးသည့်အခါ အပြစ်သင့်သောအသက်တာဖြင့်အသက်

ရှင်ရန် လွတ်လပ်သွားပြီဟု မဆိုလိုပါ။ ပေါလု၏နှစ်ထပ်သောကန့်ကွက်ချက်ကို နားထောင်ကြည့်ပါ- " *ထိုသို့မှန်လျှင်၊ အဘယ်သို့ ပြောရမည်နည်း။ ကျေးဇူးတော် ပွားများစေခြင်းငှာ အပြစ်တရားကိုကျင့်၍ နေရာမည်လော။ ထိုသို့မနေရ။ အပြစ်တရားမှ စုတေသောသူတို့သည် ထိုတရား၌ အဘယ်သို့ရှင်ရဦးမည်နည်း။ . . . ထိုသို့ဖြစ်လျှင် အဘယ်သို့နည်း။ ငါတို့သည် ပညတ်တရားလက်၌ရှိသောကြောင့်၊ ဒုစရိုက်ကို ပြုရမည်လော။ ထိုသို့မပြုရ*" (ရော ၆း၁-၂၊ ၁၅)။

ထို့အပြင် ခရစ်တော်သည် ကျွန်ုပ်တို့ကိုကယ်တင်ရန်အတွက် တာဝန်ယူသောအခါ သူသည် ကျွန်ုပ်တို့၏ အပြစ်များကို ခွင့်လွှတ်တော်မူခဲ့သည်သာမက ကျွန်ုပ်တို့ကို ပို၍ပို၍သန့်ရှင်းကြရန် အမြဲလုပ်ဆောင်ပေးလျက်ရှိကြောင်းကို ရှင်ပေါလုက စောဒကမတက်နိုင်အောင်ရှင်းရှင်းလင်းလင်းဖော်ပြထားသည်။ ထို့ကြောင့် သူ့အားဖြင့်ပြောင်းလဲလာသူများ အား (ဧဖက် ၄း၁၇-၂၄) စစ်မှန်သော ပြောင်းလဲခြင်းတွင်လူတစ်ယောက်၏ အပြစ်သင့်သောအသက်ရှင်နေထိုင်မှုပုံစံဖြစ်သည့် "*လူဟောင်းကိုချွတ်ပယ်၍*" ဘုရားသခင်က မိမိနှင့်သင့်မြတ်ပြီးသောသူများ အတွက် ပုံစံထွင်ပေးထားသည့် အသက်ရှင်မှုပုံစံဖြစ်သည့် '*လူသစ်ကိုယူတင်ဝတ်ဆောင်ရန်*' ခရစ်တော်နှင့်သဘောတူခြင်းလည်းပါဝင်ကြောင်း သတိပြန်ပေးထားသည်။ ၎င်းက ကျွန်ုပ်တို့သည် ကျန်ရှိသည့်အသက်တာတွင် ချွတ်ပယ်ခြင်းနှင့် ဝတ်ဆင်ခြင်းအမှုကို စဉ်ဆက်မပြတ်လုပ်ဆောင်နေရမည်ဖြစ်ကြောင်း ဖော်ပြလိုခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် မိမိ၏လုပ်ဆောင်မှုများကြောင့်မဟုတ်ဘဲ ကျေးဇူးတော်သက်သက်ကြောင့် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်သည်ဟုသတ်မှတ်ခံရသော သူအတွက် တိုးတက်နေသောသန့်ရှင်းစင်ကြယ်ခြင်းသည် ကြိုက်မှလက်ခံရမည့်အရာမဟုတ်ပါ။ ဓမ္မသစ်အရ ၎င်းသည် မလုပ်မနေရတာဝန်ဖြစ်သည်။ အမှန်စင်စစ် ဤတာဝန်ကိုငြင်းပယ်သောသူသည် စစ်မှန်သောခရစ်ယာန်တစ်ဦးမဟုတ်ပေ။

သို့သော် ဤတိုးတက်နေသောသန့်ရှင်းစင်ကြယ်မှုကို မည်သည့်နည်းလမ်းဖြင့် စွမ်းဆောင်ရမည်ကို ယခုသတိပြုစေလိုပါသည်။

အခြေခံအားဖြင့် နည်းလမ်းနှစ်ခုရှိပါသည်။ နှစ်ခုလုံးတွင် ကျွန်ုပ်တို့ဘက်မှ တိကျပြတ်သားသောလုပ်ဆောင်ချက်နှင့်စွဲမြဲမှုတို့ ပါဝင်ပါသည်။ သို့သော် နည်းလမ်းတစ်ခုသည် မှားသောနည်းလမ်းဖြစ်လက် တစ်ခုသည်မှန်ကန်သောနည်းလမ်း ဖြစ်သည်။ နည်းလမ်းတစ်ခုသည် ကျွန်တစ်ဦးအတွက်နည်းလမ်းဖြစ်ပြီး

ထိရောက်မှုမရှိဘဲ စိတ်ပျက်ခြင်းနှင့်မျှော်လင့်ချက် ပျက်သုဉ်းခြင်းဆီသို့ ဦးတည်သည် (ရော ၇း၇-၂၅)။

အခြားနည်းလမ်းသည် လွတ်လပ်သူအဖြစ်မွေးဖွားလာသော ဘုရားသခင်၏သားသမီးများအတွက်ဖြစ်၍ မိမိတို့၏ဖခင်နှင့် နက်ရှိုင်းသောမိတ်သဟာရဆီသို့ လည်းကောင်း၊ ထိုဖခင်တွေးခေါ်ပြုမူပုံနှင့် ပို၍ပို၍လိုက်လျောညီထွေ ဖြစ်ခြင်းဆီသို့ လည်းကောင်း ဦးတည်သည် (မဿဲ ၅း၄၃-၃၈ ကိုကြည့်ပါ)။ ၎င်းကို ရောမ ၈း၁၃-၁၇ တွင် ကောင်းစွာအကျဉ်းချုပ်ထားသည်-

*သင်တို့သည် ဇာတိပကတိအတိုင်းအသက်ရှင်လျှင် သေရကြမည်။ ဝိညာဉ်တော်အားဖြင့် ကိုယ်ကာယ၏ အကျင့်တို့ကို သေစေလျှင် အသက်ရှက်ကြလိမ့်မည်။ ဘုရားသခင်၏ဝိညာဉ်တော် ဆုံးမပဲ့ပြင်တော်မူသမျှသောသူတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ အကြောင်းမူကား၊ သင်တို့သည် တဖန်ကြောက် ရွံ့တတ်သောကျွန်၏သဘောကို ရကြသည်မဟုတ်။ အဗ္ဗအဘဟုခေါ်ရသောအခွင့်နှင့် သားဖြစ်ခြင်း၏သဘောကို ရကြပြီ။ ငါတို့သည် ဘုရားသခင်၏သား ဖြစ်ကြသည်ဟု ဝိညာဉ်တော်သည် ငါတို့၏ ဝိညာဉ်နှင့်အတူသက်သေခံတော် မူ ၏။ သားမှန်လျှင် အမွေခံ၊ ဘုရားသခင်၏ အမွေခံဖြစ်ကြ၏။ ခရစ်တော်နှင့်အတူ ဘုန်းဝင်စားမည်အကြောင်း၊ ထိုသခင်နှင့်အတူ ဆင်းရဲဒုက္ခကို ခံရလျှင်၊ ထိုသခင်နှင့် ဆက်ဆံသောအမွေခံလည်းဖြစ်ကြ၏။*

မှားယွင်းသောနည်းလမ်းကြောင့်ဖြစ်လာသည့် ပြဿနာမှာ ဤသို့ဖြစ်သည်- ဘုရားသခင်၏ပညတ်တော်သည် သန့်ရှင်းသည်၊ တရားမျှတသည်၊ ကောင်းမြတ်သည်၊ ကျိုးကြောင်းခိုင်လုံမှုရှိသည်၊ ပညတ်တရားကို ပြည့်စုံစေခြင်း အားဖြင့်ရရှိလာသော အကျိုးရလဒ်သည်လည်း လိုလားအပ်သောအရာပင်ဖြစ်သည်ဟု ၎င်းက မြင်သည် (ရော ၇း၁၂)။ သို့သော် ၎င်းသည် ထိုအမြင်မှနေ၍ တိုးတက်နေသော သန့်ရှင်းစင်ကြယ်ခြင်းအတွက်ဓမ္မသစ်ကျမ်း၏နည်းလမ်းမှာ "ဒီမှာ၊ ရော့၊ ဘုရားသခင်ရဲ့ပညတ်တရား။ ပညတ်တော်ဆယ်ပါးက ဒီမှာ၊ ခရစ်တော်ရဲ့ တောင်ပေါ်ဒေသနာက ဒီမှာ၊ စိတ်ဆုံးဖြတ်လိုက်ပါ။ ခင်ဗျားရဲ့ဆန္ဒကိုထိန်းထားပါ။ အဲဒါတွေကို အကောင်းဆုံးကြိုးစားပြီး စောင့်ရှောက်ပါ။ ဒါဆိုရင် ပိုပိုပြီး

သန့်ရှင်းလာလိမ့်မယ်”ဟူ၍ရိုးရိုးလေးသာ ဖြစ်သည်ဆိုသော နောက်ဆုံးကောက်ချက်ချခြင်းသို့ ခုန်ကျော်သွားသည်။

သို့သော် ဤအမြင်က အရေးကြီးသည့်အချက်သုံးချက်ကို ကျော်သွားပါသည်။

၁။ လူတို့သည် အပြစ်ကြောင့် အလွန်ပျက်စီးနေကာ ချိနဲ့လျက် အကျင့်စာရိတ္တများပျက်ပြားကုန်ပြီဖြစ်သည်။ သူတို့သည် အလိုရှိ၍ကြိုးစားကြသော်လည်း ဘုရားသခင်၏ပညတ်တရားကို မစောင့်ထိန်းနိုင်ကြပေ။ သူတို့သည် တစ်ခါကကြိုးစားခဲ့ဖူးသည်ဟု ရှင်ပေါလုဝန်ခံထားသကဲ့သို့ (ရော ၇း၂၂၊ ၂၅၊ ၁၅၊ ၁၈-၁၉) ဘုရားသခင်၏ပညတ်တရား၌ပျော်မွေ့လျက် အသိတရားအားဖြင့် ထိုပညတ်တရားကို အစေခံကာ ရှိသမျှအစွမ်းသတ္တိဖြင့်ကြိုးစားစောင့်ထိန်းရန် သူတို့ဆုံးဖြတ်နိုင်ပါသည်။ သို့သော် သူတို့သည် ရှင်ပေါလုကဲ့သို့ပင် ထိုပညတ်တရားကို အပြည့်အဝကျင့်ဆောင်နိုင်ရန် ကြိုးစားမှုသည် အစဉ်သဖြင့်ဆုံးရှုံးမှုနှင့်ရင်ဆိုင်နေရကြောင်း သူတို့တွေ့ရှိလာမည်ဖြစ်သည်။ အမှန်စင်စစ် အပြစ်တရား၏ အုပ်စိုးမှုကို အစွမ်းကုန်ထိန်းသိမ်းနေသည့် စွမ်းအားတစ်ခုသည် ဘုရားသခင်၏ပညတ်တရားကိုစောင့်ရှောက်ခြင်းအပေါ် ဆန့်ကျင်နေသောအရာ သူတို့အထဲတွင်ရှိနေကြောင်း သူတို့တွေ့မြင်သွားကြမည်ဖြစ်သည် (ရော ၇း၂၃)။

၂။ ဤအခြေအနေတွင် မိမိအထဲ၌မိမိကိုယ်ကိုကောင်းမြတ်သော ဘုရားသခင်၏ပညတ်တရားသည် လူတစ်ဦးကို အကူအညီမပေးနိုင်ပေ။ ၎င်းသည် သမ္မာကျမ်းစာကဖော်ပြသည့်အတိုင်း အသွေးအသား၏အားနည်းမှုကြောင့် အောင်မြင်မှုမရနိုင်ပေ (ရော ၈း၃)။ ၎င်းသည် လူတစ်ဦး၏စိတ်ကို သူ၏အပြစ်ပြုတတ်မှုအပေါ် အာရုံစိုက်စေခြင်းအားဖြင့် အပြစ်ပြုတတ်ရန် တွန်းအားပေးလျက် (ရော ၇း၇-၈) လူတစ်ဦးအား သူ၏အစဉ်ရှုံးနိမ့်နေမှုကို အလေးပေးစဉ်းစားစေခြင်းအားဖြင့် ထိုရှုံးနိမ့်မှုတို့ကိုအောင်မြင်ကျော်လွှားရမည့်ခွန်အားကို အားနည်းစေတတ်သည် (ရော ၇း၂၁-၂၄)။

၃။ ထို့နောက် ကျွန်ုပ်တို့အလွယ်တကူမေ့နေတတ်သည့် တတိယအချက်ရှိပါသည်။ ဘုရားသခင်၏ပညတ်တရားသည် ကျွန်ုပ်တို့အား မည်သို့ပြုမူနေထိုင်ရမည်ကို သွန်သင်ပေးသည်သာမကဘဲ မနာခံမှု သို့မဟုတ် ဆုံးရှုံးမှုအတွက် ပြစ်ဒဏ်ကိုပါ ပေါင်းထည့်ပေးသည်။ ၎င်း၏နောက်ဆုံးပြစ်ဒဏ်မှာ ဘုရားသခင်၏

ငြင်းပယ်ခြင်းဖြစ်သည်။ လူတစ်ဦးသည် တစ်ခါဆုံးရှုံးမိသည်နှင့် အောင်မြင်မှုမည်မျှပင်ရစေကာမူ ထိုဆုံးရှုံးမှုကိုပြန်မထေနိုင် သို့မဟုတ် အပြစ်ဒဏ်ကိုမပယ် ဖျက်နိုင်ပေ။ တောင်းဆိုမှုသည် အစဉ်အမြဲပြည့်စုံနေခြင်းကိုတောင်းဆိုသည့် စနစ်တစ်ခုထဲတွင် မပြည့်စုံမှုတစ်ခုခုကို ပြန်ဖြည့်ပေးနိုင်သည့်ကောင်းမြတ်ခြင်းမရှိနိုင်ပေ။

ၵင်း၏လက်တွေ့ပါဝင်ပတ်သက်မှုကို နားလည်နိုင်ရန်အတွက် ခိုင်းနှိုင်းမှုတစ်ခုကို ပြန်အသုံးပြုကြပါစို့။ တီဘီရောဂါခံစားသူများအတွက် နာလန်ထဆေးကုဌာနသည် အလှမ်းဝေးသည် တောင်ကြားတစ်ခုတွင် ရှိနေသည်ဆိုကြပါစို့။ ထိုတောင်ကြား၏အဆုံးတစ်ဘက်တွင် အနုမြူစွမ်းအင်စက်ရုံရှိကာ အနုမြူဓါတ်များ ယိုစိမ့်နေပြီး သေစေနိုင်သည့် ရေဒီယိုသတ္တိကြွခြင်းဖြစ်နေ၏။ ထို့ကြောင့် အစိုးရက လူနာများအား ထိုနာလန်ထဆေးကုဌာနမှထွက်ပြေးကြရန် အကြံပြုထား၏။ အကြောင်းမလှစွာနှင့် တစ်ခုတည်းသောထွက်ပေါက်မှာ ပေ ၁၂၀၀၀ မြင့်သော တောင်လေးခုကို ကျော်ဖြတ်ရမည်ဖြစ်ပြီး ထိုတောင်အားလုံးကို ကျော်ဖြတ်ပြီးမှသာ ရေဒီယိုသတ္တိကြွခြင်း၏ အန္တရာယ်နှင့်ကင်းဝေးနိုင်မည်ဟု အစိုးရကသတိပေးထားသည်။

အစိုးရ၏အကြံပြုချက်သည် မှန်ကန်ပါသည်။ နားလည်တတ်သောသူမည်သူမဆိုၵင်းကိုလိုက်နာမည်ဖြစ်သည်။ သို့သော် အစိုးရသည် လူနာများအား မည်သည့်အကူအညီမျှမပေး တောင်တန်းများဖြတ်ကျော်ရန် မည်သည့်ရဟတ်ယဉ်၊ မည်သည့်ကား၊ မည်သည့်မြင်းမျှမပေး။ လူနာများသည် ချေကျင်အားဖြင့် မိမိတို့တတ်နိုင်သမျှလမ်းလျှောက်ကြရမည်ဖြစ်သည်။ သေစေသည့်ရေဒီယိုသတ္တိကြွခြင်းကို ကြောက်သောကြောင့် လွတ်မြောက်နိုင်ရန် စွန့်စားကြပေလိမ့်မည်။ သို့သော် သူတို့၏ နာမကျန်းဖြစ်ခြင်းက သူတို့၏ခရီးပေါက်မြောက်မှုကို သနားစရာနှေးကွေးစေသောကြောင့် မိမိတို့၏မူလရောဂါကြောင့်ဖြစ်စေ၊ ရေဒီယိုသတ္တိကြွခြင်း၏ အကျိုးသက်ရောက်မှုကြောင့်ဖြစ်စေ အသက်မသေဘဲ တောင်များကို ကျော်ရန်မဖြစ်နိုင်ကြောင်း သူတို့တွေ့မြင်လာကြသည်။

သို့သော် အစိုးရက သူတို့သည် တောင်လေးလုံးစလုံးကို သုံးရက်အတွင်း ဖြတ်ကျော်ရမည်။ ထိုထက်ပို၍ကြာမြင့်သောသူသည် ရေဒီယိုသတ္တိကြွခြင်း၏ဘေးကို အလွန်ဆိုးဝါးစွာခံရလျက် အခြားသူတို့အတွက်လည်း အန္တရာယ်ရှိနိုင်သည်ဟု ထည့်သွင်းပြောဆိုခဲ့သည်ဆိုကြပါစို့။ သူတို့၏အားအင်ချိနဲ့နေသောအခြေအနေကြောင့် ပထမတောင်နှစ်လုံးကို ကျော်ဖြတ်ရသည့်အချိန်ပင် ခွင့်ပြုထားသည့်သုံးရက်

ထက်ပိုနေကြောင်း သူတို့တွေ့လာကြမည်ဖြစ်သည်။ အခြားသောတောင်နှစ်လုံးကို ကျော်ဖြတ်ရန် သူတို့၏ကြိုးစားခဲ့လျှင်ပင် နောက်ဆုံးတွင် သူတို့၏ကြိုးစားမှုများအစား သေခြင်းနှင့်သာ သူတို့ကြုံတွေ့ကြသည်ဆိုလျှင် ထိုတောင်တို့ကိုကျော်ရန် သူတို့၏ ကြိုးစားမှုကို ကျွန်ုပ်တို့မည်သို့ပြောကြမည်နည်း။

ဘုရားသခင်သည် ဤကဲ့သို့ပြုတော်မမူကြောင်း ကျွန်ုပ်တို့အထဲမှရှိရှိ သမျှတို့က ကန့်ကွက်ကြပါသည်။ အမှန်ပင် ဘုရားသခင်သည် ထိုကဲ့သို့မဟုတ်ပါ။ တိုးတက်နေသောသန့်ရှင်းစင်ကြယ်ခြင်းကို စွမ်းဆောင်စေသည့် ဘုရားသခင်၏ နည်းစနစ်မှာ လူတို့အား မိမိ၏ပညတ်ချက်များကိုပေးလျက် ၎င်းတို့ကို အကောင်းဆုံး ကြိုးစား လိုက်နာရန် အမိန့်ပေးခြင်းသက်သက်မဟုတ်ပါ။ ထိုသို့သာဖြစ်ခဲ့လျှင် လူတို့၏ အတိဒုက္ခသည် ထိုလူနာများနှင့် ဘာမျှကွာခြားလိမ့်မည်မဟုတ်ပေ။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်နှင့် အရှိအရှိတိုင်းလက်ခံတော်မူခြင်းတို့က ဘုရားသခင်အား အခြားသောနည်းလမ်းကို ပြင်ဆင်စေပါသည်။

လူတို့အသက်တာ၌ အပြစ်တရားက ခြေကုပ်ယူထားမှုများကို ဖယ်ရှားရန် အတွက် ဘုရားသခင်၏ပထမဆုံးခြေလှမ်းမှာ မိမိ၏ပညတ်တရားကို အပြည့်အစုံ လိုက်နာရန်မတတ်စွမ်းနိုင်မှုအတွက် ခံရမည့်ပြစ်ဒဏ်ကို လူတို့ထံမှ အစဉ်အမြဲ ဖယ်ရှားပေးလိုက်ခြင်းပင်ဖြစ်သည်။ "*ကိုယ်အင်္ဂါများကိုလည်း သုစရိုက်လက်နက် ဖြစ်စေ၍၊ ဘုရားသခင်အားဆက်ကြလော့။ သင်တို့သည် ပညတ်တရားလက်၌မရှိ၊ ကျေးဇူးတရားလက်၌ရှိသောကြောင့် အပြစ်တရားသည်သင်တို့ကို မအုပ်စိုးရ*"(ရော ၆း၁၄)။ သူတို့သည် 'ပညတ်တရားလက်၌ရှိနေဆဲ'ဖြစ်ပြီး ၎င်းအပြစ်ဒဏ်ကိုခံရန်လို သေးသည်ဆိုလျှင် အမှားတစ်ခု သို့မဟုတ် အပြစ်တစ်ခုသည် ပြစ်ဒဏ်ခံရန်အတွက် လုံလောက်နေဦးမည်ဖြစ်သည်။ ထိုသို့ဆိုလျှင် သန့်ရှင်းစင်ကြယ်ခြင်း၌ တိုးတက်နေ အောင်ကြိုးစားမှုရှိသမျှသည် အဓိပ္ပါယ်မဲ့ဖြစ်နေမည်ဖြစ်သည်။ ထိုအခါ အပြစ်သည် ၎င်းအုပ်စိုးမှုမှလွတ်မြောက်ရန် သူတို့၏ကြိုးစားမှုကို အနိုင်ရလျက် ဖျက်လိုဖျက်ဆီး လုပ်နိုင်မည်ဖြစ်သည်။

သို့သော် ယခုတွင် ထိုကြိုးစားအားထုတ်မှုသည် အဓိပ္ပါယ်မဲ့မဟုတ်ပါ။ သူတို့သည် ကြိုးစားနေရင်း အပြစ်ပြုမိလျက် ကျရှုံးခဲ့မည်ဆိုလျှင် သူတို့သည် မိမိတို့ အပြစ်ကို ဘုရားသခင်ထံဝန်ခံနိုင်ပါသည်။ ထို့အခါ "*ကိုယ်အပြစ်တို့ကို ဘော်ပြ တောင်းပန်လျှင်၊ ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှာ*

*ဘုရားသခင်သည် သစ္စာတရားနှင့်၎င်း၊ ဖြောင့်မတ်ခြင်းတရားနှင့်၎င်း ပြည့်စုံတော်မူ၏*" (၁ယော ၁း၉)။ ထိုသို့ဖြင့် သူတို့သည် ယခုဖြစ်စေ၊ အနာဂါတ်၌ဖြစ်စေ ပြစ်ဒဏ်ကိုမခံရတော့ဘဲ ပြန်၍မတ်တတ်ရပ်ကာ တိုးတက်နေသောသန့်ရှင်းခြင်းလမ်းခရီးကို ဆက်နှင်နိုင်မည်ဖြစ်သည်။

အပြစ်၏စိုးမိုးမှုကို ချေဖျက်ရန်အတွက် ဘုရားသခင်၏ဒုတိယခြေလှမ်းမှာ ပညတ်တရားက လုံးဝမပေးခဲ့သော အကူအညီနှင့်ခွန်အားတို့ဖြင့် ကူညီထောက်ပံ့ပေးရန်ဖြစ်သည်။ "*ထိုနည်းတူ၊ ငါ့ညီအစ်ကိုတို့၊ သင်တို့သည် အခြားသောသူတည်းဟူသော၊ သေခြင်းမှထမြောက်တော်မူသောသူ၏ မယားဖြစ်၍၊ ဘုရားသခင်၏အလိုတော်နှင့်အညီတိုးပွားမည်အကြောင်း၊ ခရစ်တော်၏ ကိုယ်ခန္ဓာအားဖြင့်သေ၍၊ ပညတ်တရားနှင့်ကွာကြ၏*" (ရော ၇း၄)။ ထပ်ပြောရလျှင် ဘုရားသခင်၏ပညတ်တရားသည် မကောင်းသည်မဟုတ်။ ၎င်း၏တောင်းဆိုချက်များကိုလည်း ဥပေက္ခာပြု၍မရပါ။ ဘုရားသခင်၏ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့သည် ၎င်းတို့ကို ပြည့်စုံစေရန်ဖြစ်သည် (ရော ၈း၄)။ သို့သော် ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သောခွန်အားတန်ခိုးကို ထိုပညတ်တရားက ကျွန်ုပ်တို့အားမပေးနိုင်ချေ။ ထို့ကြောင့် ဤပြဿနာအတွက် ဓမ္မသစ်ကျမ်း၏အဖြေမှာ တင်စားပြောဆိုရလျှင် "ခရစ်တော်နှင့်လက်ထပ်ခြင်း" သို့မဟုတ် ၁ကော ၆း၁၆-၁၇ တွင် ကျွန်ုပ်တို့တွေ့ရသည့်အတိုင်း "အခြားသူကို မှီဝဲခြင်း"ပင်ဖြစ်သည်။

အမျိုးသမီးတစ်ဦးသည် အလွန်များစွာသော ဇီဝကမ္မဗေဒစာအုပ်များကို ဖတ်လျက် သားသမီးကိုလိုချင်သည်ဆိုလျှင် လင်ယောကျ်ားမရှိပါက သားသမီးရရန်မျှော်လင့်၍မရနိုင်ပါ။ ထို့ကြောင့် သေခြင်းမှထမြောက်တော်မူသောခရစ်တော်သည် သူ့ကိုယုံကြည်လက်ခံသောသူတို့သည် တိုးတက်နေသောသန့်ရှင်းစင်ကြယ်ခြင်းထဲ၌ "ဘုရားသခင်၏အလိုတော်နှင့်အညီ တိုးပွားမည်အကြောင်း" ထိုခရစ်တော်သည် ထိုသူတို့အတွက် အသက်ရှင်လျက်ချစ်မြတ်နိုးသည့် ခင်ပွန်းဖြစ်လာကာ လိုအပ်သောအသက်နှင့်တန်ခိုးစွမ်းရည်ကို ထောက်ပံ့ပေးသည်။

ဓမ္မသစ်ကျမ်းကဤသို့ဖော်ပြရာတွင် အမျိုးသမီးတစ်ဦးက ယောကျ်ားတစ်ဦးကို လက်ထပ်လိုက်၍ စက်ရုပ်တစ်ခုလိုဖြစ်သွားရသည့်ပုံစံမျိုး၊ ယုံကြည်သူ၏ ကိုယ်ရေးကိုယ်တာပင်ကိုယ်အရည်အသွေးအပေါ် ထိန်းချုပ်နိုင်သည့်ဆက်ဆံမှုမျိုးကို မဆိုလိုပါ။ ယုံကြည်သူတစ်ဦးသည် တာဝန်ရှိသောလူတစ်ဦးအနေဖြင့် ဆက်လက်ရှိနေဦးမည်ဖြစ်

သည်။ ဆိုလိုသည်မှာ ယုံကြည်သူသည် သန့်ရှင်းခြင်း၌ တိုးတက်ကြီးထွားနေရန် အတွက် ကြိုးစားမှုရှိရမည် (၂ပေ ၁း၁-၁၁)၊ ဘုရားသခင်၏စိတ်တော်နှင့်တွေ့လျက် အမှုတော်မြတ်၌ပါဝင်သောသူဖြစ်ရမည်။ သို့သော် ကျမ်းတစ်စောင်၌ သို့မဟုတ် ပညတ်တော်ဆယ်ပါးကဲ့သို့ ကျောက်ပြားပေါ်၌ ရေးထားသည့်ညွှန်ကြားချက်များကို ဖတ်လျက် ၎င်းတို့ကို လိုက်နာကြိုးစားခြင်းသက်သက်မဟုတ်ပါ။ ထိုသို့သာဆိုလျှင် အောက်ပါကျမ်းပိုဒ်ကပြောသည့် "တရားဟောင်းကိုမှီခြင်း"သာ ဖြစ်နေပေလိမ့်မည်။

*ယခုမူကား၊ ကျမ်းစာ၌ပါသော တရားဟောင်းကိုမမှီဘဲ၊ ဝိညာဉ်တော် တရားသစ်ကိုမှီ၍ အမှုဆောင်ရွက်ခြင်းအလို့ငှာ၊ ငါတို့သည်သေသဖြင့် အုပ်ချုပ်သောပညတ်တရား၏လက်မှလွတ်ခြင်းသို့ရောက်ကြပြီ* (ရောမ ၇း၆)။

ဘုရားသခင်၏သန့်ရှင်းသောဂုဏ်အင်္ဂါလက္ခဏာများအတွက် ဖော်ပြချက် တစ်ခုအဖြစ် ဘုရားသခင်၏ပညတ် ချက်များကို သမ္မာကျမ်းစာထဲ၌ရေးသားခဲ့သော ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်သည် ယခုအခါ ယုံကြည်သူများထဲ၌ လည်းကောင်း၊ ယုံကြည်သူများအားဖြင့်လည်းကောင်း ပုဂ္ဂိုလ်တစ်ဦးအဖြစ်အသက်ရှင် တော်မူသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူတစ်ဦး၏အထဲ၌ သူ၏ စိတ်ကိုအသစ်ဖြစ်စေရန်၊ သူ၏သဘောထားအမြင်ကိုပြောင်းလဲစေရန်၊ သူ၏တန်ဖိုး များကိုသိရှိလာစေရန်၊ သူစိတ်ဆန္ဒကို တန်ခိုးပေးရန်၊ သူ့ရည်ရွယ်ချက်၏ဦးတည် ချက်ကို ပြန်လည်တည့်မတ်စေရန်နှင့် သူ၏မှားယွင်းသောအလိုဆန္ဒများကို ဆန့်ကျင် ရန် အမှုပြုတော်မူသည်။ "*ဝိညာဉ်ပကတိအတိုင်း ကျင့်ကြလော့။ ထိုသို့ကျင့်လျှင် ဇာတိပကတိ၏အလိုသို့ မလိုက်ဘဲနေကြလိမ့်မည်။ အကြောင်းမူကား၊ ဇာတိပကတိ နှင့်ဝိညာဉ်ပကတိသည် တပါးနှင့်တပါးဆန့်ကျင်ဘက်သော အလိုရှိကြ၏. . .*" (ဂလာ ၅း၁၆-၂၄)။

သို့သော် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ယုံကြည်သူနှင့်ခရစ်တော်တို့၏ ဆက်ဆံရေးသည် မထင်မရှား၊ ဝိုးတိုးဝါးတား၊ နားလည်ရန်ခက်ခဲသောကိစ္စ မဟုတ်သကဲ့သို့ ပြောမပြတတ်အောင်ဖြစ်သောရူပါရုံလည်းမဟုတ်ပါ။ ခရစ်တော်သည် မိမိလူတို့၏စိတ်ကို ဘုရားသခင်၏နှုတ်ကပတ်တော်ထံသို့ အစဉ်မပြတ်လမ်းပြ ပေးနေသည်။ ခရစ်တော်သည် မိမိ၏တပည့်တော်များ၏ တိုးတက်နေသော သန့်ရှင်း စင်ကြယ်ခြင်းအတွက် ခမည်းတော်ထံ "*ကိုယ်တော်၏သမ္မာတရားအားဖြင့် သူတို့ကို*

*သန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏နှုတ်ကပတ်သည် သမ္မာတရားဖြစ်ပါ၏*"ဟု (ယော ၁၇း၁၇)ဆုတောင်းပေးကြောင်း ဓမ္မသစ်ကျမ်းကို မှတ်တမ်းတင်ထားသည်။ သေချာသည်မှာ ယုံကြည်သူတစ်ဦးသည် "*ဇာတိပကတိ၌မျိုးစေ့ကြဲ*"ရန် သို့မဟုတ် "*ဝိညာဉ်ပကတိ၌မျိုးစေ့ကြဲ*"ရန် ရွေးချယ်ပိုင်ခွင့်ရှိသေးသည် (ဂလာ ၆း၈)။ သို့သော် သူသည် သူ၏ရွေးချယ်မှုတွင် ကျာပွတ်အောက်၌ရှိနေသည့် ကျွန်တစ်ဦးကဲ့သို့ ဘုရားသခင်၏ပညတ်တရားကပေးသောအပြစ်ဒဏ်ဖြင့် မောင်းနှင်ခြင်းမခံရပါ။ သန့်ရှင်းသောဝိညာဉ်တော်ကသာ သူသည်ဘုရားသခင်၏သားသမီးဖြစ်ကြောင်း သူ့အထဲ၌ရှိနေသည့် ဖခင်၏မေတ္တာ၊ အသက်နှင့် သဘာဝတို့အားဖြင့် သူ့ကို အစဉ်အမြဲသတိထားမိစေမည်ဖြစ်သည် (ရော ၈း၁၄-၁၇)။ ထို့အပြင် (gyro-compass) ဟုခေါ်သည့် လေယဉ်ကို မလူးအောင်ထိန်းသည့်ကိရိယာမှထွက်လာသောစွမ်းအင်ဖြင့် လေယာဉ်တစ်စီးကို မိမိလမ်းကြောင်းမှ မလွဲသွားအောင်ထိန်းသကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်၏ကြားဝင်ဆောင်ရွက်မှုများသည် ယုံကြည်သူ၏ အတွင်းစိတ်ဆန္ဒများနှင့်ယှဉ်တွဲလျက် သူ့အတွက် ဘုရားသခင်ကြံစည်ထားသော လမ်းကြောင်းဖြစ်သည့် သူခံရသည့်ရွေးကောက်ခေါ်ခြင်းနှင့်ဖြောင့်မတ်သည်ဟု အသိအမှတ်ပြုခံရခြင်းတို့မှတစ်ဆင့် နောက်ဆုံးပန်းတိုင်ဖြစ်သည့် ဘုန်းထင်ရှားခြင်း အထိစောင့်ထိန်းတော်မူမည်ဖြစ်သည် (ရော ၈း၂၆-၃၀)။

ဤလမ်းကြောင်းတစ်လျှောက် ရှေ့သို့တိုးတက်သွားရာတွင် အစဉ်အမြဲ ချောမွေ့နေလိမ့်မည်ဟု သမ္မာကျမ်းစာက မပြောထားပါ။ ဘုရားသခင်၏သားသမီး တစ်ဦးဦးသည် တစ်စုံတစ်ခုကြောင့် လမ်းကြောင်းမှသွေဖည်သွားသည့်အခါ ဘုရားသခင်သည် ဖခင်တစ်ဦးအနေဖြင့် ထိုသားသမီးကို အချိန်မဆွဲဘဲဆုံးမမည်ဖြစ်သည်။ ထိုဆုံးမပဲ့ပြင်မှုသည် နာကျင်မှုရှိနိုင်ပါသည်။ သို့သော် ဤသို့ပြုတော်မူ ခြင်းသည် ဖခင်၏ချစ်ခြင်းမေတ္တာနှင့်ဉာဏ်ပညာအားဖြင့်ဖြစ်လျက် ယုံကြည်သူသည် ဖခင်၏ သန့်ရှင်းခြင်းကို အကောင်းဆုံးမျှဝေနိုင်ရန်အတွက်ဖြစ်သည် (ဟေဗြဲ ၁၂း၁-၁၃)။ ပန်းတိုင်သည် သေချာမှုနှင့်လုံခြုံမှုရှိသည်။ ပြေးလမ်းကြောင်း၏ အစကတည်းကစ၍ ယုံကြည်သူသည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခံရ ကြောင်းနှင့် သူသည် ဘုရားသခင်၏ဘုန်းတော်ကို ရယူနိုင်လိမ့်မည်ဟု သေချာ စိတ်ချမှုရှိသည် (ရော ၅း၁-၂)။

## နောက်ဆုံးသန့်ရှင်းစင်ကြယ်ခြင်း

တစ်ချိန်ပြီးတစ်ချိန် လူအချို့တို့က ခရစ်ယာန်တစ်ဦးသည် ဤအသက်တာ၌ အပြစ်မဲ့လျက်ပြည့်စုံသောသူဖြစ်နိုင်သည်ဟု ထင်မြင်ယူဆကြသည်။ ဤထင်မြင်ယူဆချက်ကို သမ္မာကျမ်းစာကလက်မခံပါ။ ကျွန်ုပ်တို့အားလုံးသည် ဤလောကတွင် အသက်ရှင်နေသ၍ ရှင်ပေါလုနှင့်အတူ အောက်ပါအတိုင်းဝန်ခံကြရမည်ဖြစ်သည်။

*ထိုသို့ဆိုသော်အကျိုးကိုခံရပြီ၊ စုံလင်ခြင်းသို့ရောက်ရပြီဟု ငါမဆိုလို၊ အကြင်အကျိုးကိုခံရပြီး၊ စုံလင်ခြင်းသို့ရောက်ရပြီဟုငါမဆိုလို၊ အကြင်အကျိုးကိုပေးခြင်းငှာ ခရစ်တော်သည် ငါ့ကိုကိုင်ဘမ်းတော်မူ၏။ ထိုအကျိုးကို ကိုင်မိခြင်းငှာ ငါပြေးလိုက်သေး၏။* (ဖိ ၃း၁၂)။

ယုံကြည်သူတို့၏သန့်ရှင်းစင်ကြယ်ခြင်းသည် ခရစ်တော်၏ဒုတိယအကြိမ်ကြွလာတော်မူခြင်းအချိန်တွင် ပြည့်စုံသွားမည်ဖြစ်သည်။ ထိုအချိန်တွင် ယုံကြည်သူသည် ရုပ်ပိုင်း၊ ကိုယ်ကျင့်တရားပိုင်းနှင့် ဝိညာဉ်ရေးတို့တွင် ခရစ်တော်နှင့်လိုက်လျောညီထွေဖြစ်သွားမည်ဖြစ်သည်။ မည်သို့ဖြစ်မည်ကို သမ္မာကျမ်းစာက ကျွန်ုပ်တို့အားပြောပြထားပါသည်-

*ချစ်သူတို့၊ယခုတွင်ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ နောက်မှအဘယ်သို့သောသူဖြစ်မည်ဟု မထင်ရှားသေး။ သို့သော်လည်း ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည် ကိုယ်တော်နှင့်တူကြလတံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ ကိုယ်တော်ဖြစ်တော်မူသည်အတိုင်းကို ငါတို့သည် မြင်ရကြလတံ့။* (၁ယော ၃း၂)။

၁၅

# နောက်ဆုံးတရားစီရင်ခြင်း

## *တရားမျှတမှု၏တောင်းဆိုချက်များ*

### တရားမျှတမှုနှင့်ဆိုင်သည့်အလိုအလျောက်သိစိတ်

ကလေးငယ်များသည် ငယ်ရွယ်သည့်အချိန်၌ပင် တရားမျှတမှုရှိသည့်အရာနှင့် မျှတမှုမရှိသည့်အရာများအတွက် ကောင်းစွာခံစားတတ်ကြသည်ဆိုသည့်အချက်သည် အလွန်စိတ်ဝင်စားဖွယ်ကောင်းပါသည်။ မိမိညီငယ်က မိမိအရုပ်ကိုလုယူလျက် ထိုအရုပ်နှင့်ဆော့ကစားနေသည်ကို မိဘများကဘာမှမပြောသည့်အခါ "ဒါ မတရားဘူး" ဟု သူတို့ပြောတတ်ကြသည်။ မိမိမလုပ်သောအရာတစ်ခုအတွက် ဆရာမက အပြစ်တင်လျက် ပြစ်ဒဏ်ပေးခံရသည့် ကျောင်းသားက "ဒါ မတရားဘူး"ဟု ပြောတတ်သည်။

ကျွန်ုပ်တို့အသက်အရွယ်ရလာသည်နှင့် မတရားမှုအပေါ် ကျွန်ုပ်တို့၏ မခံမရပ်နိုင်ဖြစ်ခြင်းသည် အားနည်းသွားနိုင်ပါသည်။ ဤသို့ဖြစ်ရသည်မှာ ကျွန်ုပ်တို့သည် ထိုသို့သောအရာမျိုးများစွာကို ရင်ဆိုင်လာခဲ့ကြပြီး နောက်ဆုံးတွင် ခံနိုင်ရည်ရှိလာကာ ပြောလည်းမထူးဟုသာမြင်လာကြသောကြောင့်ဖြစ်နိုင်ပါသည်။ သို့သော် လူတစ်ဦးဦးက အများပြည်သူပိုင်ပစ္စည်းများကိုရောင်းချလျက် ရရှိသောငွေကို သူ့အိတ်ထဲထည့်ကာ အလွန်ချမ်းသာသွားသည့်အဖြစ်မျိုးကို ကျွန်ုပ်တို့မြင်ရသည့်အခါတွင်မူ ကျွန်ုပ်အလွန်ဒေါသထွက်မိကြပါသေးသည်။ ကျွန်ုပ်တို့ကိုယ်တိုင် ထိုမတရားမှုများအတွက် ဘာမှမလုပ်နိုင်ဟု ကိုယ့်ကိုယ်ကိုအားလျှော့သည့်အဖြစ်မျိုး ဖြစ်နိုင်ပါသည်။ သို့သော် "ဒါ မတရားဘူး"ဟု ကျွန်ုပ်တို့ ကန့်ကွက်နေကြဆဲဖြစ်သည်။ ကျွန်ုပ်တို့ နှုတ်ဖြင့်ပြောသည်ဖြစ်စေ၊ မပြောသည်ဖြစ်စေ တစ်စုံတစ်ယောက်က ဤမတရားမှုများအတွက် တစ်ခုခုလုပ်ရန် ကျွန်ုပ်တို့အလိုရှိကြသည်။ မတရားမှုကို ဆက်၍ခွင့်မပြုသင့်ဟု ကျွန်ုပ်တို့ခံစားကြသည်။ ခိုးယူမှုများ၊ လိမ်ညာမှုများ၊ လူသတ်မှုများနှင့် အခြားမကောင်းမှုကျူးလွန်သူများကို အရေးမယူဘဲမထားသင့်ဟု ကျွန်ုပ်တို့ခံစားကြဆဲဖြစ်သည်။

သို့သော် သမိုင်းတွင်ဖြစ်စေ၊ မကြာသေးမီကတွေ့ရသည့် ကျွန်ုပ်တို့၏ အတွေ့အကြုံအရဖြစ်စေ ထိုသို့သာ ထင်ထင်ရှားရှားဖြစ်ပျက်နေသည်ကို တွေ့ရပါသည်။ ရာဇဝတ်သားများကို ပြစ်ဒဏ်ပေးရန်တာဝန်ရှိသောအစိုးရ၌ပင် အကျင့်ပျက်ခြစားမှုများ မကြာခဏဖြစ်ပွားနေကာ တစ်ခါတစ်ရံဆိုလျှင် ကြီးမားသည့် ရာဇဝတ်မှုများပင် ဖြစ်ပျက်လျက်ရှိသည်။ ဥပဒေအတွင်းနေထိုင်သူများအတွက် ဖြစ်စေ၊ ဥပဒေချိုးဖောက်သူများအတွက်ဖြစ်စေ၊ သန့်ရှင်းသူများအတွက်ဖြစ်စေ၊ အပြစ်သားများအတွက်ဖြစ်စေ နောက်ဆုံးတွင် သေခြင်းတရားက စဉ်းစားချင့်ချိန်ခြင်း မရှိဘဲ ဖယ်ရှားလိုက်သည့်ပုံမျိုးဖြစ်နေသည်။ ထိုသို့ဆိုလျှင် ရာဇဝတ်မှုများနှင့် အပြစ်များ၊ မတရားမှုအကြီးအသေး အားလုံးတို့သည် မည်သည့်အခါမှ ပြစ်ဒဏ်ခံ ရမည်မဟုတ်၊ အမှားအမှန်ခွဲခြားတတ်သည့် ကျွန်ုပ်တို့၏အသိစိတ်သည်လည်း ပြောင်လျောင်ခံရသည့် အယုံမှားတစ်ခုဖြစ်ကာ တရားမျှတမှုအတွက် ကျွန်ုပ်တို့၏ မျှော်လင့်ခြင်းသည်လည်း အစဉ်အမြဲနှောင့်ယှက် ခံနေရမည်ဟူ၍သာ ကျွန်ုပ်တို့ ကောက်ချက်ချကြမည်လား။

ထိုသို့မဟုတ်ပါ။ သမ္မာကျမ်းစာအရ ကျွန်ုပ်တို့အမှားအမှန်သိသောစိတ် သည် ဘုရားသခင်ထံမှဖြစ်သည်။ ဖန်ဆင်းရှင်သည် သူ၏တရားဥပဒေကို ကျွန်ုပ်တို့ ၏စိတ်နှလုံးထဲတွင် ရေးသားထားသည် (ရော ၂း၁၄-၁၅)။ အကောင်း အဆိုးပိုင်း ခြားစိတ်သည်လည်း ဥပဒေကိုကျွန်ုပ်တို့ချိုးဖောက်သည့်အခါနှင့် ကျွန်ုပ်တို့အမှားလုပ်မိ သည့်အခါ ကျွန်ုပ်တို့ကိုသက်သေခံလျက် ကျွန်ုပ်တို့ကိုသတိပေးရန် ကျွန်ုပ်တို့အထဲ၌ ဘုရားသခင်ပေးထားသည့် စောင့်ကြည့်စစ်ဆေးနေသောအရာဖြစ်သည်။ ကျွန်ုပ်တို့ သည် မကောင်းသောအမှုအရာတစ်ခုခုလုပ်မိသည့်အခါ ၎င်းက အပြစ်ရှိသည်ဟုခံစား မိသောစိတ်ကို ကျွန်ုပ်တို့အထဲ၌ထည့်ပေးလိုက်သည်။

ဘုရားသခင်သည် တစ်နေ့သောအခါ မိမိ၏ပညတ်တော်ကို သက်သေထူ လိမ့်မည်ဟု ဓမ္မသစ်ကျမ်းက အသေအချာပြောထားပါသည်။ ဤအခန်း၏ခေါင်းစဉ် ဖြစ်သော နောက်ဆုံးတရားစီရင်ခြင်းသည် ရောက်လာမည်ဖြစ်သည်။ ဤအရာနှင့် ဆက်စပ်လျက်ရှိသည့် 'ဒုတိယသေခြင်း'ဆိုသည့်ဝေါဟာရကိုလည်း သုံးထားပါသည်။ နောက်ဆုံးတရားစီရင်ခြင်း၌ အပြစ်ရှိသည်ဟုစီရင်ခြင်းခံရမည့်သူများခံစားရမည့် ထာဝရအခြေအနေကို ဤဝေါဟာရကရည်ညွှန်းပါသည်။

*တစ်ဖန်တုံ၊ ဖြူသောပလ္လင်ကြီးကိုငှင်း၊ ပလ္လင်ပေါ်မှာ ထိုင်တော်မူသောသူကိုငှင်း ငါမြင်၏။ ကောင်းကင်နှင့်မြေကြီးသည် မျက်နှာတော်ရှေ့မှာပြေးလွင့်၍ သူတို့နေစရာအရပ်မရှိ။ သေလွန်သောသူအကြီးအငယ်တို့သည် ပလ္လင်တော် ရှေ့မှာရပ်နေကြသည်ကို ငါမြင်၏။ စာစောင်များကို ဖွင့်ထား၏။ အသက်စာစောင်တည်းဟူသော အခြားတစ်ပါးသော စာစောင်ကိုလည်းဖွင့် လေ၏။ သေလွန်သောသူတို့သည် မိမိတို့အကျင့်အတိုင်း၊ စာစောင်တို့၌ ရေးထားချက်များနှင့်အညီ တရားစီရင်ခြင်းကိုခံရကြ၏။ သမုဒ္ဒရာသည် မိမိ၌ရှိသော လူသေတို့ကို အပ်ပေးကြ၏။ မရဏာနှင့်မရဏာနိုင်ငံသည်လည်း မိမိတို့၌ ရှိသောလူသေတို့ကို အပ်ပေးကြ၏။ လူအသီးအသီးတို့သည် မိမိတို့အကျင့်အတိုင်း တရားစီရင်ခြင်းကို ခံရကြ၏။ ထိုအခါမရဏာနှင့် မရဏာနိုင်ငံကို မီးအိုင်ထဲသို့ချပစ်လေ၏။ ထိုသေခြင်းကား ဒုတိယသေ ခြင်းဖြစ်သတည်း။ အသက်စာစောင်၌စာရင်း မဝင်သောသူရှိသမျှတို့ကို လည်းမီးအိုင်ထဲသို့ ချပစ်လေ၏ (ဗျာ ၂၀း၁၁-၁၅)။*

## နောက်ဆုံးတရားစီရင်မည့်အချိန်

လူတစ်ဦးစီနှင့်ပတ်သက်၍ တရားစီရင်မှုသည် သေပြီးမှကြုံရမည်ဖြစ်သည်- (ဟေဗြဲ ၉း၂၇)။ သို့သော် လူတစ်ဦးသေပြီး မည်မျှကြာသည့်အခါ နောက်ဆုံးတရား စီရင်ခြင်းဖြစ်မည်နည်းဟု ကျွန်ုပ်တို့မေးမည်ဆိုလျှင် အဖြေမှာ - နောက်ဆုံးတရားစီ ရင်ခြင်းသည် ကောင်းကင်နှင့်မြေကြီး အဝေးသို့ရောက်သွားသည့်အခါ သို့မဟုတ် ကမ္ဘာကြီး၏အဆုံးတွင် ဖြစ်ပေါ်လာမည်ဖြစ်သည်။

အဘယ်ကြောင့် ထိုသို့ဖြစ်ရသည်ကို ယခုသိမြင်ရန်လွယ်ကူပါသည်။ တစ်ခါ ကျူးလွန်မိသောအပြစ်သည် ကျူးလွန်သူသေဆုံးပြီးသည့်အထိ သူ့အပေါ် နောက်ဆက် တွဲအကျိုးဆက်များသက်ရောက်စေပါသည်။ ဥပမာအနေဖြင့် ဖခင်တစ်ဦးသည် သူ၏ကြမ်းတမ်းလျက် မေတ္တာကင်းမဲ့သောလုပ်ဆောင်မှုအားဖြင့် မိမိ၏ငယ်ရွယ်သော သားငယ်ကို စိတ်ပိုင်းဆိုင်ရာအနာတရဖြစ်စေနိုင်ပါသည်။ စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှုများ ဖြင့် ကြီးထွားလာသောထိုသားသည် မိမိ၏ဇနီးမယား၊ သားသမီး၊ ဆွေးမျိုး၊ လုပ်ဖော် ဆောင်ဖက်များကို နာကျင်စေသည့်အပြုအမူမျိုးပြုမူနိုင်သည်။ ထိုသူတို့သည်လည်း ၎င်း၏ရလဒ်အဖြင့် တဖန်ပြန်၍ ပြစ်တင်ရှုတ်ချထိုက်သောတုန့်ပြန်မှုများဖြင့် တုန့်ပြန် လာနိုင်သည်။

ထိုနည်းတူ အာဏာရှင်ကြီးများက သန်းပေါင်းများစွာသောလူတို့အပေါ်ပြုခဲ့သည့် ဖျက်ဆီးမှုများနှင့်မတရားမှုများသည် ထိုအာဏာရှင်ကြီးများသေဆုံးသည့်နောက်ပိုင်းအထိ အဆုံးမသတ်ခဲ့ကြပေ။ ၎င်းတို့သည် ရေကန်ထဲမှလှိုင်းကယက်ကဲ့သို့ ပြန့်နှံ့ခဲ့သည်။ လူ့သမိုင်း၏ရှုပ်ထွေးနေသောအမျှင်တန်းတစ်ခုလုံးကို ကမ္ဘာမြေ၏အဆုံး၌ ရက်ကန်းစင်မှ မဖြုတ်တောက်မီအထိ မည်သည့်အပြစ်တစ်ခု၏ထူးခြားမှုကိုမျှ ပြည့်ပြည့်ဝဝနှင့်မှန်မှန်ကန်ကန်ခန့်မှန်းရန် မဖြစ်နိုင်သေးပေ။

## တရားစီရင်ခြင်း၏စေ့စပ်သေချာမှု

အပေါ်တွင် ကျွန်ုပ်တို့ကိုးကားထားသော ဓမ္မသစ်၏ကျမ်းပိုဒ်က "*စာစောင်များကို ဖွင့်ထား၏။ . . . သေလွန်သောသူတို့သည် မိမိတို့အကျင့်အတိုင်း၊ စာစောင်တို့၌ ရေးထားချက်များနှင့်အညီ တရားစီရင်ခြင်းကိုခံရကြ၏* "ဟုပြောထားသည်။ ဘုရားသခင်မှတ်တမ်းတင်အသုံးပြုသည့် စာစောင်သည် ဤလောကမှစာအုပ်စာစောင်များနှင့် တစ်ထေရာတည်းတူလိမ့်မည်ဟု ကျွန်ုပ်တို့ယူဆစရာမလိုပါ။ ဤနေရာ၌ 'စာစောင်'ဟု ဖေါ်ပြခြင်းမှာ တင်စားမှုတစ်ခုသာဖြစ်သည်။ သို့သော် လူတိုင်းတို့ စဉ်းစား၊ ပြောဆို၊ လုပ်ကိုင်လေသမျှကို ဘုရားသခင်မှတ်သားထားသည် ဆိုသည့်အချက်ကို ၎င်းက သတိပေးနေသည်။ ထိုသို့သောမှတ်တမ်းမျိုးကိုထားနိုင်သော ဘုရားသခင်၏အရည်အချင်းသည် မယုံကြည်နိုင်လောက်အောင်ဖြစ်သည်ဟု မထင်ပါနှင့်။ ယခုခေတ်တွင် ရေတွက်မရနိုင်အောင်များပြားသော အချက်အလက်များကို သိမ်းနိုင်သည့်မှတ်ဉာဏ်များရှိသောကွန်ပျူတာကို လူတို့ကိုယ်တိုင်ပင် တီထွင်ခဲ့ကြပြီဖြစ်သည်။

ဓမ္မသစ်ကျမ်းက လူသည် သေပြီးသည့်နောက်ပိုင်းတွင်လည်း ဆက်လက်ရှိနေအုံးမည့်အပြင် အတိတ်က အသက်တာများကိုလည်း သတိရနေကြမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ကိုသတိပေးထားသည်။ ထိုသို့သတိပြန်ရရာတွင် ယခုလက်ရှိဘဝ၌ အတိတ်ကိုသတိရနိုင်သည်ထက်ပင် ပိုသတိရနိုင်ကောင်းရနိုင်သည် (လု ၁၆း၂၅)။ ဘုရားသခင်သည် လူတို့၏အပြင်ပန်းလုပ်ဆောင်မှုများအပြင် အတွင်းလျှို့ဝှက်ချက်များကိုလည်း တရားစီရင်မည်ဖြစ်သည် (ရော ၂း၁၆)။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏လုပ်ဆောင်ချက်များကို ဗီဒီယိုရိုက်ကူးထားပြီး နောက်နှစ်ပေါင်းများစွာကြာသည့်အခါ လွန်ခဲ့သောနှစ်များစွာက ကျွန်ုပ်တို့လုပ်ခဲ့၊ ပြောခဲ့သည့်အရာများကို ပြန်ကြည့်နိုင်ပါသည်။ ထို့ကြောင့် ဘုရားသခင်သည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာအကြာက

(ရာစုနှစ်များစွာကြာသည့်အခါပင်ဖြစ်နိုင်သည်)လူတို့လုပ်ဆောင်ခဲ့သည့်အရာများကို လူတို့ရှေ့မှောက်တွင် ပြန်လည်ပြသနိုင်မည်ဖြစ်သည်။

လူတိုင်းသည် သူ၏လုပ်ဆောင်ချက်များနှင့်အညီ တရားစီရင်ခြင်းခံရမည်ဟု ကျမ်းစာကပြောထားသည်ဖြစ်၍ ထိုတရားစီရင်ခြင်းသည် အတိမ်းအစောင်းမရှိ တရားမျှတမည်ဖြစ်သည်။ အခြားသူတစ်ဦးဦး၏လုပ်ဆောင်ချက်ကြောင့် မည်သူမျှ အပြစ်ပေးခံရမည်မဟုတ်သကဲ့သို့ ဆုလဒ်ချီးမြှင့်ခြင်းလည်းခံရလိမ့်မည်မဟုတ်။

ထို့အပြင် တရားသူကြီး (သခင်ယေရှုခရစ်တော်မှလွဲ၍ အခြားမည်သူမျှ မဖြစ်နိုင်- ယော ၅း၂၂၊ ၂၇-၂၉ ကိုကြည့်ပါ) သည် လူတို့၌ရှိသည့် သို့မဟုတ် မရှိသည့် အမှားအမှန်ခွဲခြားသိရှိမှုကို ထည့်သွင်းစဉ်းစားလိမ့်မည်ဖြစ်သည်။ ဤအကြောင်းနှင့်ပတ်သက်၍ ကိုယ်တော်ကိုယ်တိုင်က အောက်ပါအတိုင်းမိန့်တော်မူထားသည်-

> *အကြင်ကျွန်သည်မိမိသခင်၏ အလိုကိုသိလျက်နှင့်အသင့်မနေ၊ သခင်၏ အလိုကိုမဆောင်၊ ထိုကျွန်သည် များစွာသောဒဏ်ကိုခံရ၏။ သခင်၏အလိုကို မသိဘဲလျက်၊ ဒဏ်ခံထိုက်သောအမှုကို ပြုမိသောသူမူကား၊ အနည်းငယ်သော ဒဏ်ကိုသာခံရ၏။* (လု ၁၂း၄၇-၄၈)။

ပတ်ဝန်းကျင်မှအခြားသောအမျိုးများကို သတ်ဖြတ်ခြင်းသည် ကောင်း၍ ဂုဏ်ယူထိုက်သောအရာဖြစ်သည်ဟု မိမိငယ်စဉ်ကလေးဘဝမှစ၍ သင်ကြားသွန်သင် ခြင်းခံရသော လူအရိုင်းအစိုင်းတစ်ယောက်က ရိုးရိုးလေးနှင့်သတ်ဖြတ်မှု ကိုကျူးလွန် နိုင်ပါသည်။ ထိုသို့သောသူပြုသည့်အမှုသည် ဘုရားသခင်ရှေ့တော်၌ အပြစ်ရှိသော အမှုဖြစ်ပါသည်။ သို့သော် လူသတ်မှုသည် အပြစ်ဖြစ်ကြောင်း ကောင်းစွာသိရှိ သော်လည်း မိမိပြိုင်ဖက် မူးယစ်ဆေးဝါးဂိုဏ်းဝင်များကို တမင်ရည်ရွယ်လျက်သတ်ဖြတ် နေသော မူးယစ်ဆေးဝါးလုပ်ငန်းချုပ်ကိုင်ထားသောသူတစ်ဦးက ပြစ်ဒဏ်ပြန်ခံရ သလောက် ထိုလူရိုင်းခံရမည်မဟုတ်ပေ။

ထို့အပြင် တရားသူကြီးက သူ၏တရားစီရင်ခြင်းအတွက် လမ်းညွှန်အဖြစ် အခြားသောနိယာမတစ်ခုကိုလည်း ရှင်းလင်းပြတ်သားစွာဖော်ပြထားပါသည်။

> *အကြင်သူသည် များစွာသောကျေးဇူးကိုခံ၏။ ထိုသူသည်အများကို ဆပ်ရ၏။ အကြင်သူ၌များစွာသောဥစ္စာကို အပ်နှင်း၏။ထိုသူကို များစွာတောင်းလိမ့်မည်* (လု ၁၂း၄၈)။

ထက်မြက်သောဦးနှောက်နှင့် ကြံ့ခိုင်သောကိုယ်ကာယကျန်းမာခြင်းရှိသော သူတစ်ဦးသည် ဆင်းရဲသားတို့၏ ဝေဒနာများကို ဥပေက္ခာပြုလျက် မိမိဝန်းကျင်၌ရှိသောသူကို မိမိကဲ့သို့ချစ်ရန်မကြိုးစားဘဲ မိမိ၏အရည်အချင်းများကို မိမိတစ်ဦးတည်းအတွက်အသုံးပြုလျက် စည်းစိမ်ဥစ္စာများကိုစုဆောင်းသောသူသည် ဆင်းရဲလျက် ဉာဏ်ပညာကင်းမဲ့ကာ မိမိ၏ဆင်းရဲခွမ်းပါးမှုကြောင့် မိမိအနီးအနား၌ရှိသောသူတို့ကို မကူညီနိုင်သောသူထက် ပို၍စစ်ဆေးတောင်းဆိုခြင်းကို ခံရမည်ဖြစ်သည် (လု ၁၆း၁၉-၃၁)။

## နောင်တမရ၊ ယုံကြည်ခြင်းလည်းမရှိသောသူတို့၏ ဘုံဦးတည်ရာ

ပြစ်ဒဏ်ခံရပုံခြင်းတစ်ဦးနှင့်တစ်ဦးတူကြမည်မဟုတ်။ အခြားတစ်ဘက်တွင်မူ နောင်တမရသောသူအားလုံးနှင့် မယုံကြည်သောသူအားလုံးတို့၏ ဦးတည်ရာသည် တူနေမည်ဖြစ်သည်။ သူတို့ဦးတည်နေသည့်နေရာကို ဓမ္မသစ်ကျမ်းက (ဗျာ ၂၀း၁၁-၁၅) 'ဒုတိယသေခြင်း'ဟုလည်းကောင်း၊ 'မီးအိုင်'ဟုလည်းကောင်း ဖေါ်ပြထားသည်။

**က) ဒုတိယသေခြင်း။** ဤလောက၌ကျွန်ုပ်တို့သိသည့် ကိုယ်ခန္ဓာသေခြင်းနှင့် ခွဲခြားသိရှိနိုင်ရန် ဒုတိယသေခြင်းဟု ခေါ်တွင်ခြင်းဖြစ်သည်။ ရုပ်ခန္ဓာသေခြင်းသည် ကျမ်းပိုဒ်ထဲတွင် မရဏာနိုင်ငံခေါ်သည့် (ကျွန်ုပ်တို့အတွက်) မမြင်ရသောလောကသို့ ဝင်သွားရာတခါးပေါက်ဖြစ်သည် (မရဏာနိုင်ငံဆိုသောစကားလုံး၏ မူရင်းဂရိစကားလုံးသည် 'မမြင်ရသော'ဟု အဓိပ္ပါယ်ရှိသည်)။ ဤလောကတွင် ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီး၍ တရားသူကြီးရှေ့၌ တရားမစီရင်မီ အချုပ်ခန်းထဲပို့ရသကဲ့သို့ (တရား ၆ နှင့်နှိုင်းယှဉ်ကြည့်ပါ) နောင်တမရသောသူများ၊ မယုံကြည်သောသူများသည် နောက်တရားစီရင်ခြင်းအတွက် ဤမမြင်ရသောလောကတွင် ခေတ္တချုပ်ထားခြင်းခံရကြသည်။

ဝိညာဉ်များကို နောက်ဆုံးတရားစီရင်ခြင်းအတွက်ပြင်ဆင်ရန် ရှင်ပြန်ထမြောက်ခြင်းကဦးစွာလာရမည်ဖြစ်သည်။ ဝိညာဉ်များသည် ခေတ္တချုပ်နှောင်ခံရသည့်နေရာမှ လွှတ်ပေးခြင်းခံရကာ ရှင်ပြန်ထမြောက်သည့်ကိုယ်ခန္ဓာနှင့်ပြန်လည်စုစည်းကြမည်ဖြစ်သည်။ ဤအချက်သည် ဗျာ ၂၀း၁၃က "*သမုဒ္ဒရာသည်မိမိ၌ရှိသောလူသေတို့ကိုအပ်နှင်း၏။ မရဏာနှင့်မရဏာနိုင်ငံသည်လည်း မိမိတို့၌ရှိသောလူသေတို့ကို အပ်ပေးကြ၏။ လူအသီးသီးတို့သည် မိမိတို့အကျင့်အတိုင်း*

*တရားစီရင်ခြင်းခံရကြ၏"* ဟု ရည်ညွှန်းထားသောအချက်ပင်ဖြစ်သည်။ ပင်လယ်ထဲ နစ်မြုပ်သေဆုံးသူများ (သို့မဟုတ် မိမိကိုယ်ခန္ဓာမီးရှို့သည့်ပြာများ လှိုင်းများပေါ် ကြဲဖြန့်ခံရသူများ)၏ ကိုယ်ခန္ဓာများလည်း ရှင်ပြန်ထမြောက်လိမ့်မည်ဖြစ်သည်။ သူတို့၏ဝိညာဉ်များသည် ခေတ္တချုပ်ထားခံရရာမှလွတ်ခြင်းခံရကာ မိမိတို့ကိုယ်ခန္ဓာနှင့် ပြန်လည်ပေါင်းစည်းကြမည်ဖြစ်သည်။ ဤဖော်ပြချက်သည် ပုံစံအမျိုးမျိုးဖြင့် နေရာအမျိုးမျိုး၌ သေဆုံးသူများအတွက် ဥပမာတစ်ခုသာဖြစ်ပါသည်။

နောက်ဆုံးတရားစီရင်ခြင်းတွင် အပြစ်ရှိသည်ဟုစီရင်ခံရသူများ မည်သို့ဖြစ်သွားကြမည်နည်း။ သူတို့သည် ရုပ်ခန္ဓာသေသည့်ပြစ်ဒဏ်မျိုးကို ထပ်၍ခံရကြမည်လား။ မခံရတော့ပါ။ လက်ရှိလောကမှ မမြင်ရသသည့်လောကသို့ရောက်သွားစေသည့် ရုပ်ခန္ဓာသေခြင်းသည် နောက်ထပ်ထမ်းဆောင်စရာတာဝန်မရှိတော့ပါ။ ၎င်းကို ကျမ်းပိုဒ်က ဒုတိယသေခြင်းဟုခေါ်သည့် အခြားသောသေခြင်းက အစားထိုးမည်ဖြစ်သည်။ ထိုသို့ဆိုလျှင် ထိုသေခြင်းသည် မည်ကဲ့သို့သောသေခြင်းမျိုးဖြစ်မည်နည်း။

၁။ တစ်ဦးစီအတွက် ၎င်းသည် ကိုယ်ကျင့်တရားနှင့်ဝိညာဉ်ရေးရာ သေခြင်းဖြစ်မည်။ ပြီးခဲ့သည့်အခန်းတွင် ကျွန်ုပ်တို့လေ့လာခဲ့သည့်အရာကို ပြန်ကြည့်ပါ။ ဓမ္မသစ်ကျမ်းက ဒုတိယအကြိမ်မွေးဖွားခြင်းမရှိသောသူသည် ဤဘဝ၌ပင် အသေဖြစ်လျက် ပိုင်းခြားနားလည်ခြင်းတွင် အမှောင်ဖုံးကာ စိတ်နှလုံးမာကြောသည်ဖြစ်၍ ဘုရားသခင်၏အသက်နှင့် ကင်းကွာသည်ဟု ဖော်ပြထားသည်။ ထိုသို့သော သူတို့သည် ဝိညာဉ်ရေး၌အသေဖြစ်လျက် အသိတရားပိုင်းတွင်အမှောင်ဖုံးကာ စိတ်ပိုင်းဆိုင်ရာ ထုံထိုင်းမှုန်ဝါးနေကြသည် (ဧဖက် ၂း၁-၃၊ ၄း၁၇-၁၉)။ ဤမြေကြီးပေါ် ရှင်သော အသက်က နောင်တရရန်၊ ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ရန်၊ ဝိညာဉ်ရေး၌အသစ်ပြန်လည်မွေးဖွားရန်နှင့် ယခုဘဝနောင်ဘဝအတွက် ဘုရားသခင်၏အသက်ကို မျှဝေခံယူရန်တို့အတွက် အခွင့်အရေးပေးထားသည်။ သို့သော် လူတစ်ဦးသည် ဤအခွင့်အရေးကို စွန့်လွှတ်ကာ ရုပ်ခန္ဓာသေခြင်းအားဖြင့် ထာဝရလောကထဲသို့ ဝင်သွားလျက် နောက်ဆုံးတရားစီရင်ခြင်းတွင် အပြစ်ရှိ သည်ဟုစီရင်ခံရပါက ဒုတိယသေခြင်းသည် သူ့ကိုဘုရားသခင်၏အသက်နှင့်ထာဝရကင်းကွာစေမည်ဖြစ်သည်။ ဤအခြေအနေသည် လုံးဝအမြစ်ဖြတ်ချေမှုန်းဖယ်ရှားလိုက်ခြင်းမဟုတ်ပါ။ သို့သော် အသက်ပေးနိုင်သောဘုရားသခင်၏ကရုဏာတော်နှင့် သို့မဟုတ် ပိုမိုကောင်းမွန်စေသောမျှော်လင့်ခြင်း

အားဖြင့် ဖြေလွှတ်ပေး၍မရတော့သော ထာဝရဝိညာဉ်ရေး အနိဋ္ဌာရုံ၌ရှိနေရသည့် အခြေအနေဖြစ်သည်။

၂။ သို့သော် တစ်ဦးစီအတွက်သာ ဝိညာဉ်သေခြင်းဖြစ်မည်မဟုတ်။ ထိုသူရှိနေသည့်အသိုင်းအဝိုင်းတစ်ခုလုံးအတွက်ဖြစ်မည်ဖြစ်သည်။ အပြစ်သည် တစ်ဦးတစ်ယောက်အား အခြားအပြစ်သားများထံမှ သီးခြားခံစားစေသည့် ဝိညာည်ရေးရောဂါသက်သက်မဟုတ်ပေ။ အခြားသူတို့အပေါ် လူတစ်ဦး၏စိတ်သဘောထားနှင့်အပြုအမူတို့တွင် ထိုအပြစ်သည် ဖော်ပြခြင်းခံရသည်။ ဤဘဝတွင် လူတို့အပေါ်မနာလိုဝန်တိုခြင်း၊ တပ်မက်ခြင်း၊ လှည့်ဖြားခြင်း၊ ကြမ်းကြုတ်ခြင်း၊ မာနကြီးခြင်း၊ ရန်လိုခြင်း ရှိသောသူသည် ရုပ်ခန္ဓာသေသည်နှင့် သန့်ရှင်းသူအဖြစ်ချက်ချင်းပြောင်းလဲသွားကာ နောက်ဆုံးတရားစီရင်ခြင်းသို့ ပေါ်လာမည်မဟုတ်။ သေခြင်းသည် မျက်လှည့်လို အလုပ်မလုပ်ပါ။ သမ္မာကျမ်းစာက ဖော်ပြသည့် နောင်လာမည့်ကမ္ဘာအကြောင်းသည် နတ်သမီးပုံပြင်နှင့်မတူပါ။ တစ်ခါက သူတို့ရရှိခံစားခွင့်ရှိသော်လည်း ယခုသူတို့နောက်ဆုံးအနေဖြင့် ထာဝရငြင်းပယ်လိုက်ပြီဖြစ်သည့် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ဖြေသိမ့်ခြင်း မရှိတော့သည့် ထိုကဲ့သို့သော ဝိညာဉ်ရေးနှင့်ကိုယ်ကျင့်တရားရောဂါများနှင့်အကျိတ်အခဲဖြစ်နေ ရာအသိုင်းအဝိုင်းတွင် နေထိုင်ရခြင်းသည် မည်ကဲ့သို့ဖြစ်မည်ကို စိတ်ကူးကြည့်ပါ။

ဘုရားသခင်နှင့်အတူနေရလျက် ကောင်းကင်၌ ရွေးနှုတ်ကယ်တင်ခြင်းခံရသည့် အသက်တာကခံစားရသောကောင်းချီးမင်္ဂလာနှင့် ၎င်း၏အပြင်ဘက်တွင်ရှိနေသည့် ၎င်းနှင့်ဆန့်ကျင်ဖက်ဖြစ်နေသည့်အခြေအနေတို့ကို ဓမ္မသစ်ကျမ်းကထောက်ပြထားပါသည်။

> *အသက်ပင်နှင့်ဆိုင်၍၊ မြို့တံခါးအတွင်းသို့ ဝင်အံ့သောပညတ်တော်တို့ကိုကျင့်သောသူတို့သည် မင်္ဂလာရှိကြ၏။ ပြင်၌ကား၊ ခွေးဖြစ်သောသူ၊ ပြုစားတတ်သောသူ၊ မတရားသောမေထုန်၌ မှီဝဲသောသူ၊ လူအသက်သတ်သောသူ၊ ရုပ်တုကိုးကွယ်သောသူ၊ သစ္စာပျက်ခြင်းကိုနှစ်သက်၍ပြုသောသူအပေါင်းတို့သည်ရှိကြ၏* (ဗျာ ၂၂:၁၄-၁၅)။

**ခ) မီးအိုင်။** နောင်တမရသောသူတို့နှင့် မယုံကြည်သောသူတို့၏ လမ်းဆုံးသည် မီးအိုင်ဖြစ်သည်ဟုလည်း ဖေါ်ပြထားသည်။ ဤဝေါဟာရများသည် စာသားအဓိပ္ပါယ်အတိုင်း အနက်ယူရန်မဟုတ်သည့် တင်စားမှုများသာဖြစ်သည်ဟု ကျွန်ုပ်တို့ယူဆလျှင်ပင် ထိုဝေါဟာရကိုပြောပြနိုင်သည့်အခြေအနေထက်ပင် ပိုမိုဆိုးဝါးသည့်အခြေအနေမှန်ကို ထောက်ပြနေခြင်းဖြစ်သည်ကိုမူ ကျွန်ုပ်တို့ငြင်း၍မရပါ။

ပထမအနေဖြင့် ထိုနေရာတွင် ဘုရားသခင်၏မနှစ်သက်မှုအခြေအနေအောက်၌ရှိနေရသည့် အသိစိတ်ဖြင့် နာကျင်ခံစားမှုရှိမည်ဖြစ်သည် (ရော ၂း၄-၆)။ ဒုတိယအနေဖြင့် အပြစ်ပါသောစိတ်သဘောထားများနှင့်အပြုအမူများ၏ နောက်ဆက်တွဲအကျိုးဆက်များနှင့်အပိုလုပ်ဆောင်မှုများကို သည်းခံရသည့်နာကျင်ခြင်းရှိမည်ဖြစ်သည် (ဂလာ ၆း၇-၈)။ တတိယအနေဖြင့် ထိုနေရာတွင် နောင်တရလျက်ဝမ်းနည်းကြေကွဲမှုကိုဖြစ်စေသည့်အပြစ်များအတွက် နောင်တရရန် ဆန္ဒလည်းမရှိ တတ်လည်းမတတ်နိုင်မှုများနှင့်ရောနှောနေသည့် ယူကျုံးမရဖြစ်သည့်နောင်တရခြင်းရှိမည်ဖြစ်သည် (ဟေဗြဲ ၆း၄-၈)။

ဤမီးသည် မြေကြီးပေါ်မှတကယ့်မီးကဲ့သို့ ၎င်းအထဲ၌ရှိသောသူတို့ကိုလောင်ကျွမ်းကုန်ဆုံးစေမည်မဟုတ်။ ကျွန်ုပ်တို့၏သခင်ယေရှုက ၎င်းကိုဤသို့ဖေါ်ပြထားသည်- *'ပိုးမသေ၊ မီးမငြိမ်းရာ၊ ငရဲအတွင်း မငြိမ်းနိုင်သောမီး'* (မာကု ၉း၄၇-၄၈)။ မီးသည် လောင်စရာမရှိတော့သည့်အခါ ငြိမ်းသွားသည်။ ပိုးသည် စားစရာမရှိတော့သည့်အခါ သေသွားသည်။ သို့သော် ထိုအချိန်တွင် ပျောက်ဆုံးနေသောသူတို့၏အပြစ်ရှိသောစိတ်သဘောထားတို့သည် မည်သည့်အခါမျှ ပြောင်းလဲမည်မဟုတ်သောကြောင့် ၎င်းတို့ကဖြစ်ပေါ်လာစေသည့် ဘုရားသခင်၏မနှစ်သက်မှုကြောင့်ခံစားရသောနာကျင်ခြင်းသည် မည်သည့်အခါမျှပျောက်ကင်းသွားနိုင်မည်မဟုတ်။ ယူကျုံးမရဖြစ်သည့်ပရိဒေဝမီးကိုမွေးပေးသော သတိရစရာများသည် မည်သည့်အခါမျှ ငြိမ်းနိုင်ကြလိမ့်မည်မဟုတ်ပေ။

အခြားတစ်ဘက်တွင် ဆားသည် အသားထဲမှယိုယွင်းပျက်စီးမှုကိုရပ်တန့်စေသကဲ့သို့ ထာဝရမီးသည် ပျောက်ဆုံးသူတို့၏ကိုယ်ကျင့်တရားနှင့်ဝိညာဉ်ရေးယိုယွင်းပျက်စီးမှုများကို ဆက်လက်မတိုးပွားလာစေရန် ရပ်တန့်စေမည်ဖြစ်သည် (မာကု ၉း၄၈-၄၉)။ C. S. Lewis က ၎င်းနှင့်ပတ်သက်၍ "ဘုရားသခင်သည် မိမိ၏ကရုဏာတော်အားဖြင့် ငရဲနှင့်ဆိုင်သည့်ဝေဒနာများကို ပုံသေသတ်မှတ်ထားသည်။ ထိုဝေဒနာ

သည် တိုးလာခြင်းမရှိရ။ ဘုရားသခင်သည် မိမိ၏ကရုဏာတော်အားဖြင့် ထာဝရ ဘောင်များကိုခတ်ထားသည်။ ၎င်း၏လှိုင်းများကို ဆက်၍မကျယ်ပြန့်လာစေရန် တားထားသည်”ဟု ဖေါ်ပြခဲ့သည်။ လူတစ်ဦးစီတို့၏ကိုယ်ကျင့်တရားနှင့်ဝိညာဉ်ရေး ယိုယွင်းပျက်စီးမှုများသည် တိုးပွားလာခွင့်ရမည်မဟုတ်။ ဘုရားသခင်၏ကရုဏာတော် အားဖြင့် ၎င်းတို့သည် နောက်ဆုံးတရားစီရင်ခြင်း၌ရှိသည့် အခြေအနေအတိုင်း ဆက်ရှိနေကြမည်ဖြစ်သည်။ “မီး”သည် နောက်ထပ်တိုးပွားမှုရှိသမျှကို ထိန်းချုပ်ထား မည်ဖြစ်သည်။

## ၁၆

# *နောက်ဆုံးတရားစီရင်ခြင်း*

## *ဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့်အုပ်စိုးပိုင်သတော်မူခြင်း*

နောက်ဆုံးတွင် တရားမျှတမှုကို ဆောင်ကျဉ်းလျက် မှားယွင်းသူများ ပြစ်ဒဏ်ပေးခြင်းခံရကြမည်ဆိုသောအတွေးက စိတ်ဓါတ်မှန်ကန်သောသူတိုင်းကို ဂုဏ်ယူဝင့်ကြွားခြင်းမဟုတ်သည့်တိုင်အောင် အူလှိုက်အသည်းလှိုက်ကျေနပ်ခြင်းကို ဖြစ်စေနိုင်ပါသည်။ သမ္မာကျမ်းစာထဲမှရှေးကဗျာတစ်ပုဒ်က ဤသို့ဖေါ်ပြထားသည်။

*စောင်းတီး၍ ထာဝရဘုရားအားသီချင်းဆိုကြလော့။ . . . . ထာဝရဘုရား ရှေ့တော်၌ ပင်လယ်နှင့်ပင်လယ် တန်ဆာသည် အသံဗလံကိုပြုစေ။ လောကဓါတ်နှင့် လောကသားတို့သည်ထိုနည်းတူ၊ မြစ်တို့သည်လက်ခုပ် တီး၍၊ တောင်ရှိသမျှတို့သည်လည်း ရွှင်လန်းကြစေ။အကြောင်းမူကား၊ မြေကြီးသား တို့ကို တရားစီရင်ခြင်းငှာ ကြွလာတော်မူ၏။ လောကသားတို့ကို ဖြောင့်မတ်စွာ စီရင်၍၊ လူများကိုဟုတ်မှန်ခြင်းတရားအတိုင်း စီရင်ဆုံးဖြတ် တော်မူလတ့်* (ဆာလံ ၉၈း၅-၉)။

နောက်ဆုံးသောတရားစီရင်ခြင်းရှိလိမ့်မည်ဟု မယုံကြည်သောဘုရားမဲ့ဝါဒီ တစ်ဦးကပင် ထိုသို့သောတရားစီ ရင်ခြင်းမျိုးတစ်ခုရှိရန် အလိုရှိနိုင်ပါသည်။ တမရားမှု များကြောင့် ဆင်းရဲဝေဒနာခံစားလျက် မတရားသေဆုံးရသည့် သန်းနှင့် ချီသောသူ တို့သည် သူတို့၏သီအိုရီအရ တရားမျှတမှုကိုလုံးလုံးမခံစားရလျှင် သူတို့စိတ်ကောင်း နိုင်မည်မဟုတ်ပေ။

သို့သော် ဤအကြောင်းကိစ္စ၌ စဉ်းစားစရာအခြားတစ်ဘက်လည်း ရှိသေးသည်။ လူတိုင်းသည် တရားမျှတမှုဘက်၌ရှိလျက် ကျွန်ုပ်တို့၏လူ့ကျင့်ဝတ်နှင့် ဆိုင်သည့်စီရင်ဆုံးဖြတ်မှုက တရားမျှတမှုကိုဆောင်ကျဉ်းရမည်ဟုသဘော တူနေစဉ်မှာပင် လူ့နှလုံးသားသည် မည်သူမဆိုထာဝရတရားစီရင်ခြင်းကိုခံရမည်

ဆိုသည့်အတွေးအခေါ်အပေါ် ဆင်ခြင်စဉ်းစားကာ စိတ်ထဲ၌တွန့်ဆုတ်နေမိပြန်သည်။ ပြစ်ဒဏ်သည် မစဉ်းစားတတ်အောင်ကြီးမားပြင်းထန်ပြီး အချိုးအစားမကျသလို ဖြစ်နေပြန်သည်။ လူ၏ပင်ကိုအသိစိတ်ကပင် စည်းကမ်းတင်းကြပ်သောတရားမျှတမှု အပေါ် ကရုဏာတရားက အုပ်စိုးသင့်သည်ဟု အကြံပြုပြန်သည်။ ကျွန်ုပ်တို့ ထိုသို့ ခံစားမိကြသည်ဆိုလျှင် ဘုရားသခင်သည် ထိုကဲ့သို့ ပို၍ပင်မခံစားသင့်သလော။

ထို့အပြင် နောက်ဆုံးသောတရားစီရင်ခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့ တွန့်ဆုတ်တွန့်ဆုတ်ခံစားရသည့် အခြားသောအကြောင်းရင်းတစ်ခုလည်းရှိပါသည်။ ထိုအကြောင်းရင်းမှာ ဤသို့ဖြစ်သည်။ ကျွန်ုပ်တို့တစ်ဦးစီသည် မိမိ၌လည်း အပြစ်ရှိကြောင်းသိနေလျက် နာမည်ဆိုးနှင့်ကျော်ကြားနေသောအပြစ်သားများ၏အပြစ်သာမက မိမိတို့၏ထိုအပြစ်များသည်လည်း ပြစ်ဒဏ်ခံသင့်သည်ကိုလည်း သိရှိကြသည်။ လူတို့ထိုသို့သိကြသောအခါ ထာဝရပြစ်ဒဏ်ခံရခြင်းကဲ့သို့သောအရာသည် မဖြစ်နိုင်၊ ဖြစ်လာလိမ့်မည်လည်းမဟုတ်ကြောင်း မိမိကိုမိမိ သက်သေထူပြနိုင်ရန် အတွက် ကန့်ကွက်ချက်များကိုစတင်စဉ်းစားရန် ကြိုးစားလာသည်။

ဤကန့်ကွက်ချက်များထဲမှ အချို့တို့ကို စစ်ဆေးကြည့်ကြပါစို့။

## ကန့်ကွက်ချက် ၁

## "ချစ်ခြင်းမေတ္တာရှင်ဘုရားသခင်သည် မည်သူ့ကိုမျှအပြစ်ပေးမည်မဟုတ်"

**က) ပထမအဖြေ။** ၎င်းနှင့်လုံးလုံးဆန့်ကျင်သည့်အရာက မှန်သည်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာရှင် ဖြစ်တော်မူသောကြောင့် အပြစ်အတွက် ပြစ်ဒဏ်ပေးတော်မူခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးကိုဥပဒေမဲ့ရောင်းနေသော သူတစ်ဦးက သင့်သမီးအားမူးယစ်ဆေးဝါးစွဲအောင်လုပ်ဆောင်လျက် သင့်သမီး၏ဦးနှောက် အသိဉာဏ်ကို ဖျက်ဆီးပစ်မည်ဆိုလျှင် ဤကိစ္စကို အရေးမကြီးသောကိစ္စဟု ဘယ်သောအခါမျှ ဘုရားသခင်သတ်မှတ်လိမ့်မည်မဟုတ်ပါ။ ဘုရားသခင်သည် သင့်သမီးကိုချစ်တော်မူသည်။ သင့်သမီးအပေါ်သက်ရောက်လာသည့်အပြစ်ရှိသမျှတို့သည် ဘုရားသခင်၏အမျက်တော်ကို ဝင်ရောက်နှောင့်ယှက်ကြသည်။ အကယ်၍ ထိုမူးယစ်ဆေးဝါးရောင်းဝယ်သူသည် မည်သည့်အခါမျှ နောင်တမရခဲ့လျှင် ဘုရားသခင်သည်လည်း သူပြုသည့်ရာဇဝတ်မှုကို မည်သည့်အခါမျှမေ့မည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ထာဝရဖြစ်သောကြောင့်ဖြစ်သည်။ ၎င်းက

ဘုရားသခင်၏အမျက်တော်သည် ထိုမူးယစ်ဆေးဝါးရောင်းဝယ်သူအပေါ် ထာဝရ သက်ရောက်နေတော့မည်ဖြစ်ကြောင်း ဖေါ်ပြနေသည်။

**ခ) ဒုတိယအဖြေ။** ဘုရားသခင်သည် ချစ်ခြင်းမေတ္တာရှင်ဖြစ်တော်မူလျက် ထိုဘုရားသခင်၏မေတ္တာတော်အကြောင်းကို ယေရှုခရစ်တော်လောက် မည်သူကမျှ ကျွန်ုပ်တို့ကို မပြောပြဖူးပါ။ ကျွန်ုပ်တို့လက်တွေ့ခံစားရအောင်လည်း ယေရှုခရစ်တော် လောက် မည်သူကမျှမလုပ်ဆောင်ခဲ့ဖူးပါ။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော် အကြောင်း အကြီးမားဆုံးနှင့်အကျော်ကြားဆုံးဖော်ပြမှုမှာ "*ဘုရားသခင်၏ သားတော်ကို ယုံကြည်သောအပေါင်းတို့သည်၊ ပျက်စီးခြင်းသို့မရောက်၊ ထာဝရ အသက်ကိုရစေခြင်းငှာ၊ ဘုရားသခင်သည်မိမိ၌ တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားကို ချစ်တော်မူ၏*" (ယော ၃း၁၆) ဟူသောဖေါ်ပြမှုဖြစ်နိုင်ပါသည်။ သို့သော် ဤကျမ်းပိုဒ်တွင် ဘုရားသခင်၏မေတ္တာ တော်ကို လူတို့ပြစ်ဒဏ်မခံရစေရန်ကယ်တင်ခြင်းအတွက် အမှုပြုတော်မူသောအရာ အားဖြင့် အဆုံးစွန်ထိပြသတော်မူကြောင်းကို ကျွန်ုပ်တို့သတိပြုမိသင့်ပါသည်။ သူပေးနိုင်သည့်လက်ဆောင်ရှိသမျှတို့ထဲမှ အကြီးမြတ်ဆုံးသောလက်ဆောင်ဖြစ်သည့် မိမိဘုရားသခင်ကိုယ်တော်တိုင်၏သားတော်ကိုပေးတော်မူပြီဖြစ်သည်။ ဤလက် ဆောင်ကိုပေးတော်မူခြင်းမှာ ကျွန်ုပ်တို့ကဲ့သို့သောအပြစ်သားများသည် အပြစ်လွှတ် ခြင်းကိုခံရလျက် မိမိတို့အပြစ်များအတွက် ပြစ်ဒဏ်ခံရခြင်းမှလွတ်မြောက်နိုင်ရန် အတွက်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့ကိုကယ်တင်ရန်အတွက် ဤမျှလောက် အဆုံးစွန်သောအတိုင်းအတာအထိဘုရားသခင်ပြုတော်မူခြင်းမှာ ကျွန်ုပ်တို့ခံရမည့် ပြစ်ဒဏ်သည် မည်မျှအထိဆိုးဝါးသည့်ဝေဒနာဖြစ်နေသောကြောင့်နည်း ဆိုသည့်အချက်ကို ကျွန်ုပ်တို့အလေးအနက်ထားစဉ်းစားရမည်ဖြစ်သည်။

အလားတူ အလေးထားစရာအချက်ကို ခရစ်တော်၏ဤမိန့်တော်မူချက် ကလည်း ဖေါ်ပြပေးသည်-"*ငါ၏အမှန်အကန်ဆိုသည်ကား၊ ငါ၏စကားကိုနားထောင်၍ ငါ့ကိုစေလွှတ်တော်မူသောသူကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရသည် ဖြစ်၍ အပြစ်စီရင်ခြင်းကိုမခံရ။ သေခြင်းမှ အသက်ရှင်ခြင်းကို ကူးမြောက်သောသူ ဖြစ်၏*" (ယော ၅း၂၄)။ ဤနေရာ၌ ခရစ်တော်မေတ္တာရပ်ခံနေသည်မှာ ကျွန်ုပ်တို့သည် အပြစ်မရှိကြောင်းစီရင်ခြင်းခံရလျက် ထာဝရသေခြင်းမှကယ်တင်ခြင်းခံရရန်အတွက် ကျွန်ုပ်တို့ သူ့ကိုယုံကြည်ရန်ဖြစ်သည်။

သူသည် ဤသို့ပြောဆိုရန် သူ၌မည်သည့်အခွင့်အရေးရှိသနည်း၊ မည်သည့်အကြောင်းကြောင့် သူဤသို့မေတ္တာရပ်ခံရသနည်းဟု ကျွန်ုပ်တို့မေးတတ်ကြပါသည်။ အဖြေ၏ပထမအချက်မှာ နောက်ဆုံးသောတရားစီရင်ခြင်းတွင် တရားစီရင်တော်မူမည့်အရှင်အနေဖြင့် ဤသို့မိန့်တော်မူခြင်းဖြစ်သည်။ "*ခမည်းတော်သည်အဘယ်သူကိုမျှ မတရားစီရင်တော်မမူ။ တရားစီရင်ခြင်းအခွင့်ရှိသမျှကို သားတော်အားအပ်ပေးတော်မူ၏။ -----သားတော်သည် လူသားဖြစ်သောကြောင့် တရားစီရင်ခြင်းအခွင့်ကိုလည်း အပ်ပေးတော်မူ၏*" (ယော ၅း၂၃၊ ၂၇)။

ထို့နောက် ဒုတိယအချက်အနေဖြင့် နောက်ဆုံးသောတရားစီရင်ခြင်းတွင် တရားစီရင်တော်မူမည့်အရှင်သည် နောင်တရလျက်သူ့ကိုယုံကြည်လက်ခံသောသူတို့ မိမိတို့ခံရမည့်ပြစ်ဒဏ်များ မည်သည့်အခါမျှမခံရစေရန် ထိုသူအားလုံးကိုယ်စား ဘုရားသခင်၏ပညတ်တော်တရားတော်နှင့်ပြစ်ဒဏ်ကို လက်ဝါးကပ်တော်ပေါ်တွင် မိမိကိုယ်တိုင်ခံယူတော်မူသောအရှင်ဖြစ်သည်။ သို့သော် ဤနေရာ၌ ကြောင်းကျိုးဆက်စပ်ဆင်ခြင်၍ရသောအချက်မှာ နောင်တတရားနှင့် ယုံကြည်ခြင်းအတွက် ခရစ်တော်၏မေတ္တာရပ်ခံချက်ကို အလေးမထား၊ ဥပေက္ခာပြုသောသူသည် မြေကြီးလက်ခတ်မလွဲ မိမိအပြစ်အတွက်မိမိကိုယ်တိုင်ပြစ်ဒဏ်ခံရမည်ဖြစ်သည်။

ထို့ကြောင့် ဤအချက်နှင့်ပတ်သက်၍ ပြီးခဲ့သည့်အခန်းတွင် ကျွန်ုပ်တို့လေ့လာခဲ့ပြီးဖြစ်သောကျမ်းပိုဒ် (ဗျာ ၂၀း၁၁-၁၅)ကို ပြန်ကြည့်လျက် လူတစ်ဦးမီးအိုင်ထဲ၌ပစ်ချခြင်းခံသင့်မခံသင့်ဆုံးဖြတ်ရန်အတွက် မည်သည့်အချက်သည် အရေးပါသည့်အချက်ဖြစ်သည့်ဟု ၎င်းကပြောထားကြောင်း ကျွန်ုပ်တို့တိတိကျကျ မှတ်သားသင့်ပါသည်။

> *သေလွန်သောသူအကြီးအငယ်တို့သည် ပလ္လင်တော်ရှေ့မှာရပ်နေကြသည်ကို ငါမြင်၏။ စာစောင်များကို ဖွင့်ထား၏။ အသက်စာစောင်တည်းဟူသော အခြားတစ်ပါးသောစာစောင်ကိုလည်းဖွင့်လေ၏။ သေလွန်သောသူတို့သည် မိမိတို့အကျင့်အတိုင်း၊ စာစောင်တို့၌ရေးထားချက်များနှင့်အညီ တရားစီရင်ခြင်းကို ခံရကြ၏။ လူအသီးအသီးတို့သည် မိမိတို့အကျင့်အတိုင်း တရားစီရင်ခြင်းကိုခံရကြ၏။ . . . . . . . . အသက်စာစောင်၌စာရင်းမဝင်သောသူရှိသမျှတို့ကိုလည်းမီးအိုင်ထဲသို့ ချပစ်လေ၏။*

ဦးစွာ ဤကျမ်းပိုဒ်ကမပြောသည့်အရာကို မှတ်သားပါ။ ဆိုးဝါးသည့် အပြစ်များစွာကျူးလွန်ထားကြောင်းတွေ့ရှိရသောသူကို မီးအိုင်ထဲသို့ပစ်ချမည်ဟု မပြောထားသကဲ့သို့ အပြစ်အနည်းငယ်ကိုသာကျူးလွန်လျက် ကောင်းမှုများစွာပြု သောသူကို မီးအိုင်ထဲသို့ပစ်ချမည်မဟုတ်ဟုလည်းမပြောထားပါ။ ကျမ်းပိုဒ်အရ အဆုံးအဖြတ်ပေးသောအချက်မှာ *"အသက်စာစောင်၌စာရင်း မဝင်သောသူရှိသမျှတို့ ကိုလည်း မီးအိုင်ထဲသို့ ချပစ်လေ၏"* (ဗျာ ၂၀း၁၅) ဖြစ်သည်။

ဤအသက်စာစောင်သည် သိုးသူငယ်၏အသက်စာစောင်ဖြစ်သည် (ဗျာ ၂၁း၂၇ ကိုကြည့်ပါ)။ ထိုစာစောင်တွင် နောင်တရလျက် ဘုရားသခင်၏သိုးသငယ်ကို ယုံကြည်သောသူအားလုံး၏အမည်များကို ရေးသားထားသည်။ သိုးသူငယ်သည် သူတို့၏အပြစ်များအတွက် အပြစ်ဒဏ်ကိုခံခဲ့သောကြောင့် ဓမ္မသစ်ကျမ်းက ဂုဏ်အသရေရှိသည့် ဤစိတ်ချမှုကိုပေးထားပါသည်- *". . . ယေရှုခရစ်၌တည်--- သူတို့သည်အပြစ်စီရင်ခြင်းနှင့်လွတ်ကြ၏။ --ထိုသခင်အားဖြင့်အပြစ်ငရဲမှကယ်ချွတ် တော်မူခြင်းသို့ရောက်မည်--"*(ရော ၈း၁၊၅း၈-၉)။ ထို့အပြင် ခရစ်တော်သည် မိမိတို့ ကိုယ်စား အသေခံတော်မူသည့် မိမိတို့၏ကယ်တင်ရှင်ဖြစ်သည်ဟု ယုံကြည်လက်ခံ သောသူရှိသမျှတို့သည် မိမိတို့အမည်များကို အသက်စာစောင်တွင်ရေးထားကြောင်း ယခုဤဘဝ၌ပင် သိနိုင်ပါသည်။ တမန်တော်ပေါလုနှင့် သူ့မိတ်ဆွေများ သိခဲ့သကဲ့သို့ (ဖိ ၄း၃)ကျွန်ုပ်တို့လည်း သိနိုင်ပါသည်။

သို့သော် ဘုရားသခင်ပြင်ဆင်ပေးသောကယ်တင်ရှင်ကို ငြင်းပယ်သော သူတို့၏နာမည်များကို ထိုအသက်စာစောင်တွင် ရေးထားမည်မဟုတ်။ ထိုသို့ဆိုလျှင် ဘုရားသခင်သည် သူတို့ကိုကယ်တင်ရန် ဘာလုပ်နိုင်မည်နည်း။ သူတို့သည် မိမိတို့ အတွက် မိမိတို့ကိုယ်တိုင်ဆုံးဖြတ်ခဲ့ကြသည်။ သူတို့သည် မီးအိုင်ထဲသို့ မလွဲမသွေ ပစ်ချခံရလျက် မိမိတို့အပြစ်များအတွက် ပြစ်ဒဏ်နှင့်နောက်ဆက်တွဲရလဒ်များကို ခံစားကြရမည်ဖြစ်သည်။ သို့သော် ကိုယ့်ကိုယ်ကိုမှလွဲ၍ သူတို့၌အပြစ်တင်ရမည့်သူ ရှိမည်မဟုတ်။ သူတို့သည် ဤအတွက် ဘုရားသခင်ကိုဝေဖန်၍မရကြောင်း သေချာ သည်။ ကောင်းသောအရာတိုင်းသည် ဘုရားသခင်၌ပေါင်းရုံးကြသည်။ ဘုရားသခင်ကို ငြင်းပယ်သောသူတို့အတွက် အခြားပရဒိသုဘုံမရှိတော့ပါ။ ဘုရားသခင်သည်လည်း ကိုယ်ကျင့်တရားပိုင်းအရမဖြစ်နိုင်သောအရာကို မစတော်မူမည်မဟုတ်ပေ။ သူတို့ပြုသောအရာများသည် မကောင်းသောကြောင့် သူတို့သည် အလင်းထက်

အမှောင်ကို သာ၍နှစ်သက်ကြသည် (ယော ၃း၁၉)။ သူတို့ကိုယ်တိုင်ရွေးချယ်သော အရာကိုသာ သူတို့ကိုပေးမည်ဖြစ်သည်။

ယခု ဘုရားသခင်၏တရားမျှတခြင်း၌ရှိသည့် အခြားသောဂုဏ်အင်လက္ခဏာတစ်ခုကို မှတ်သားကြပါစို့။ ဘုရားသခင်၏ကယ်တင်ခြင်းကို ငြင်းပယ်သောသူအားလုံးတို့သည် မီးအိုင်ထဲချခြင်းခံရကြမည်ဖြစ်သည်။ သို့သော် သူတို့ခံစားရသည့်ပြစ်ဒဏ်၏ပြင်းထန်မှုသည် တစ်ဦးနှင့်တစ်ဦးမတူနိုင်ပါ။ ကျွန်ုပ်တို့၏ကျမ်းပိုဒ်က သူတို့သည် မိမိတို့ကျင့်သည့်အကျင့်(လုပ်ဆောင်မှု)အတိုင်း စီရင်ခြင်းခံရမည်ဟု ပြောထားသည်။ လူတို့၏တရားရုံးတွင်ပင် လူနှစ်ဦးသည် အမျိုးအစားတူသည့် ရာဇဝတ်မှုကျူးလွန်ကြောင်းထင်ရှား၍ပြစ်ဒဏ်ပေးစီရင်သည့်အခါ တစ်ဦးနှင့်တစ်ဦးပြစ်ဒဏ် မတူကြချေ။ အကြောင်းမှာ တစ်ဦးတွင် ပြစ်ဒဏ်လျှော့ပေါ့စရာအခြေအနေရှိပြီး ကျန်တစ်ဦးတွင် ထိုအခြေအနေမျိုးမရှိသောကြောင့်ဖြစ်သည်။ လူကုံထံအမျိုးသမီးကြီးတစ်ဦးသည် မိမိကိုယ်ကိုနှိမ့်ချလျက် နောင်တရကာ ကယ်တင်ရှင်ကိုလက်ခံရန်အတွက် မိမိမာနကိုမလျှော့နိုင်သောကြောင့် ထာဝရဆုံးရှုံးမှုကိုရင်ဆိုင်ရသော်လည်း သူ့လက်၌ သန်းနှင့်ချီသောလူတို့၏ သွေးစွန်းနေသော ဟစ်တလာနှင့်တူညီသောဝေဒနာကိုခံစားရမည်မဟုတ်ပေ။

ဘုရားသခင်သည် တရားမျှတမှုရှိကြောင်းတွေ့မြင်ရန် တရားစီရင်တော်မူခြင်း၏ အခြားသောဂုဏ်အင်လက္ခဏာတစ်ခုကို ဆက်ကြည့်ကြပါစို့။ ကယ်တင်ခြင်းအတွက် ခရစ်တော်ကိုယုံကြည်သောသူအားလုံးတို့သည် သူတို့၏လုပ်ဆောင်မှုအားဖြင့်မဟုတ်ဘဲ သူတို့၏ယုံကြည်ခြင်းအတွက် ထာဝရကယ်တင်ခြင်းခံရကြမည်ဖြစ်သည်။ တစ်ဖက်တွင် ပြောင်းလဲသည့်အချိန်မှစ၍ ဘုရားသခင်၏စိတ်တော်နှင့်တွေ့အောင်အသက်ရှင်သောသူတို့သည် သူတို့၏ကောင်းသောလုပ်ဆောင်ချက်များကြောင့် ဆုလာဒ်များရရှိကြမည်ဖြစ်သည်။ သို့သော် ခရစ်ယာန်အမှန်ဖြစ်သော်လည်း သတိတရားကင်းမဲ့စွာအသက်ရှင်လျက် စံချိန်အရည်အသွေးမမီသော လုပ်ဆောင်ချက်များကိုလုပ်ဆောင်လျှင်မူ ထိုလုပ်ဆောင်မှုများအတွက် အကျိုးရလာဒ်ခံစားရလိမ့်မည်မဟုတ်။ သူတို့ကိုယ်တိုင်သည် ကယ်တင်ခြင်းခံရသော်လည်း သူတို့၏ထိုက်တန်မှုမရှိသောလုပ်ဆောင်ချက်များသည် မီးအားဖြင့်စစ်ဆေးသည့်အခါ လောင်ကျွမ်းကုန်မည်ဖြစ်သည် (၁ကော ၃း၁၄-၁၅)။

## ကန့်ကွက်ချက် ၂
## “ ခရစ်တော်မပေါ်မီ ရာစုနှစ်၊ ထောင်စုနှစ်များစွာကတည်းက သန်းပေါင်းများစွာသောလူတို့ရှိခဲ့ကြပြီး သူတို့သည် ယေရှုအကြောင်းကို တစ်ခါမျှမကြားဖူးကြပါ။ သူတို့သည် ယေရှုကိုမယုံကြည်သောကြောင့် အပြစ်ရှိသည်ဟုစီရင်ခြင်းခံရလျှင် ဘုရားသခင်သည် မည်သို့တရားမျှတမှုရှိနိုင်မည်နည်း”

သို့သော် ဘုရားသခင်သည် ဤသို့မပြုပါ။ မိမိမကြားဖူးသည့်အရာကို မယုံကြည်သောသူအား အပြစ်ရှိသည်ဟု ဘုရားသခင်ကဘယ်သောအခါမျှ မသတ်မှတ်ပါ (ယော ၁၅း၂၂-၂၄)။ သို့သော် လူအားလုံးတို့သည် ဘုရားသခင်ရှိသည်ဟု မိမိတို့စိတ်နှလုံးတွင်သိနေကြသည်။ စကြဝဠာက ဘုရားသခင်ရှိတော်မူကြောင်း လုံလောက်သည့်သက်သေအထောက်အထားများပေးထားသည်။ ထို့အပြင် လူအားလုံးတို့သည် မိမိတို့၏ကောင်းမကောင်းပိုင်းခြားစိတ်၌ မိမိသည် ဘုရားသခင်ကို ဆန့်ကျင်လျက် အပြစ်ပြုမိကြောင်းသိကြသည် (ရော ၁း၁၈-၂း၁၆)။ မိမိအပြစ်တို့ကိုဝန်ခံလျက် ဘုရားသခင်၏ကရုဏာတော်ထံမိမိကိုယ်ကို အပ်နှံသောသူတို့သည် အပြစ်ခွင့်လွှတ်ခြင်းကို ခံစားကြသည်။ လက်ဝါးကပ်တိုင်ပေါ် ယေရှု၏အသေခံတော်မူခြင်းသည် ယေရှုအကြောင်း တစ်ခါမျှမကြားဖူးသောသူတို့၏အပြစ်များကို ဖြေလွှတ်ရန်အတွက်လည်း လုံလောက်မှုရှိပါသည် (ရော ၃း၂၅)။ ထို့ကြောင့် လူတို့သည် မိမိကြုံတွေ့ရသောအခြေအနေအပေါ် သူတို့၏တုန့်ပြန်မှုအားဖြင့်သာ စီရင်ခြင်းခံရကြမည်ဖြစ်သည်။ သူတို့မကြုံဖူးသောအခြေအနေပေါ်မူတည်၍ သူတို့ကိုစီရင်မည်မဟုတ်ပေ။

သို့သော် ဤဆောင်းပါးကိုဖတ်ပြီးသောသူအားလုံးတို့သည် ယေရှုအကြောင်းကို ကြားကြပြီဖြစ်၍ တစ်ဦးစီတို့ ၌ရှိနေသည့်အခြေအနေနှင့် သမ္မာတရားကို သိရှိယုံကြည်ရန်ရရှိသည့်အခွင့်အရေးတို့ပေါ်မူတည်၍ နောက်ဆုံးသောတရားစီရင်ခြင်းတွင် တိကျမှန်ကန်အောင် ဂရုစိုက်မည်ဖြစ်ကြောင်း သတိပေးခံရရန်လိုသည်။ ခရစ်တော်၏မိန့်တော်မူချက်အရ အခြေအနေပိုကောင်းသောသူတို့သည် သေချာပေါက်မှန်ကန်စွာ တုန့်ပြန်သူများမဟုတ်ကြပါ။ ခရစ်တော်နှင့်အတူ သက်ရှိထင်ရှားရှိလျက် ယဉ်ကျေးမှုလည်းတူညီသောသူတို့သည် ထာဝရဘုရားကို မသိခဲ့ကြသည့် အခြားသောလူမျိုးတို့လောက် နောင်တရလျက်ယုံကြည်ရန် ဆန္ဒမရှိခဲ့ကြပေ (လု ၁၁း၂၉-၃၂)။

## ကန့်ကွက်ချက် ၃
## “နှစ်ပေါင်းခုနှစ်ဆယ်ဝန်းကျင်ရှိသည့် တိုတောင်းသောအချိန်ကာလတစ်ခုအတွင်း ကျူးလွန်မိသောအပြစ်များအတွက် ထာဝရအပြစ်ဒဏ်ပေးမည်ဆိုလျှင် ဘုရားသခင်သည် တရားမျှတသော ဘုရားသခင်ဖြစ်တော်မူမည်မဟုတ်”

သို့သော် ဤကန့်ကွက်ချက်သည် အထင်အမြင်လွဲမှားမှုနှစ်ခုအပေါ် အခြေခံထားသည်။

၁။ ဤဘဝ၌ ဘုရားသခင်နှင့်ခရစ်တော်ကိုငြင်းပယ်လျက်အပြစ်ပြုမိသောသူတို့သည် လာမည့်ကမ္ဘာတွင် အပြစ်ပြုတော့မည်မဟုတ်သကဲ့သို့ အပြစ်ပြုတတ်သောသူလည်းဖြစ်တော့မည်မဟုတ်ဟု သူတို့ယူဆကြသည်။ မမှန်ပါ။

၂။ သူတို့သည် ဤဘဝတွင် နောင်တရရန်ငြင်းဆန်လျက် လာမည့်ကမ္ဘာတွင် နောင်တရကာ ကယ်တင်ရှင်ကိုလက်ခံကြမည်ဟု သူတို့ယူဆကြသည်။ သို့သော် ဤယူဆချက်လည်းမမှန်ပါ။ ဤကမ္ဘာ၌ကယ်တင်ရှင်ကိုငြင်းပယ်လျက် ဘုရားသခင်ကို ဖီဆန်သောသူတို့သည် နောင်ကမ္ဘာ၌လည်း ကယ်တင်ရှင်ကိုငြင်းပယ်လျက် ဘုရားသခင်ကိုဖီဆန်ကြမည်ဖြစ်သည်။ သူတို့သည် ထာဝရအပြစ်စိတ်စွဲကြပြီဖြစ်သည် (မာ ၃း၂၉)။ ကျွန်ုပ်တို့၏သခင်ဘုရား မိန့်မြွက်တော်မူသောပုံဥပမာထဲမှ သူဌေးကြီးသည် (လု ၁၆း၁၉-၃၁) ဘုရားသခင်နှင့်ဝေးကွာနေရကြောင်း တွေ့မြင်သောအခါ စိတ်မကောင်းဖြစ်သည့်နောင်တကြောင့် ယူကျုံးမရဖြစ်ကြောင်း တွေ့ရသော်လည်း မိမိအပြစ်နှင့်ပတ်သက်လျက် စစ်မှန်သောနောင်တရကြောင်း အထောက်အထားမတွေ့ရပေ။

## ကန့်ကွက်ချက် ၄
## “ဤအရာအားလုံးမှန်သည်ဆိုလျှင် ဘုရားသခင်သည် လူအားလုံးတို့ကို သူတို့ကိုယ်တိုင်ဆန္ဒမရှိလျှင်ပင် နောင်တရလျက် ယုံကြည်ကြရန် ဘုရားသခင်ကမရမကလုပ်ဆောင်သင့်သည်”

ဘုရားသခင်သည် ဤသို့ပြုတော်မူမည်မဟုတ်ပေ။ တိရစ္ဆာန်များ၊ အသီးအပင်များနှင့် လူတို့မတူသည့်အချက်တစ်ချက်မှာ လူတို့သည် လွတ်လပ်စွာရွေးချယ်လုပ်ဆောင်မှုရှိကြသည်။ လူသည် ကိုယ်ကျင့်တရားနှင့်ဝိညာဉ်ရေးသတ္တဝါဖြစ်သည်။ ဘုရားသခင်၏ပုံသဏ္ဌာန်တော်အတိုင်း ဖန်ဆင်းခြင်းခံရလျက် မိမိဖန်ဆင်းရှင်ကို

ချစ်ရန်နှင့်ငြင်းပယ်ရန် ရွေးချယ်နိုင်သည့် အံ့သြဖွယ်အစွမ်းအစရှိသည်။ ဘုရားသခင်သည် သူ့ကိုကယ်တင်ရန်အတွက်ပင် ဤလွတ်လပ်စွာ ရွေးချယ်လုပ်ဆောင်မှုကို ဖယ်ရှားမည်မဟုတ်ပေ။ အကြောင်းမှာ ထိုသို့ပြုတော်မူလျှင် ကယ်တင်ခံရသောသူသည် လူသားမဟုတ်တော့ဘဲ တိရစ္ဆာန်၊ အသီးအရွက် သို့မဟုတ် စက်ပစ္စည်းပင်ဖြစ်သွားမည်ဖြစ်သည်။ ထို့အပြင် ဘုရားသခင်သည် အာဏာရှင်မဟုတ်ပေ။ သူ့ကို ငြင်းပယ်တော်လှန်လျက် အစဉ်ရပ်တည်နေရန် လူသားအတွက်သာဖြစ်နိုင်မည်ဖြစ်သည်။

## ကန့်ကွက်ချက် ၅
## "လူတို့အား သေခြင်း၏နောက်တွင် သူတို့၌ဖြစ်ပျက်လာမည့်အရာများအပေါ် အာရုံစိုက်စေခြင်းသည် ယခုလက်ရှိလောကဘဝတွင် အကောင်းဆုံးအသက်ရှင်ခြင်းမရှိအောင် သူတို့ကိုလမ်းချော်စေလျက် သူတို့ကိုစိတ်ပျက်အားလျော့စေသည်"

ဤအဆိုနှင့်ပြောင်းပြန်ဖြစ်နေသောအချက်က အမှန်ဖြစ်သည်။ ကောင်းကင်နှင့် ငရဲရှိသည်ဟုယုံကြည်ခြင်းသည် ယခုဤလောကဘဝတွင်ပင် ယုံကြည်သူ၏အတွေးအခေါ်၊ စိတ်သဘောထားနှင့်လုပ်ဆောင်မှုတို့ကို အလွန်ထူးခြားစေသည်။ ကောင်းကင်နှင့်ငရဲတို့ကို ယုံကြည်ရန်ငြင်းဆန်ခြင်းသည် လူ၏ကိုယ်ကျင့်တရားနှင့် ဝိညာဉ်ရေးတန်ဖိုးထားမှုတို့ကို အဆင့်နိမ့်ကျစေသည်။

## ကန့်ကွက်ချက် ၆
## "အကြင်နာစိတ်ကင်းမဲ့လျက် လူမဆန်သောဘီလူးကသာ ထာဝရငရဲအကြောင်း ယုံကြည်ဟောပြောမည်ဖြစ်သည်"

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူကြောင်း ကျွန်ုပ်တို့ကိုသွန်သင်ပေးလျက် ငရဲအမှန်တကယ်ရှိကြောင်း မျက်ရည်ကျလျက် ကျွန်ုပ်တို့ကို အခြားသူတို့ထက် ပို၍သတိပေးနေသောပုဂ္ဂိုလ်မှာ ယေရှုခရစ်တော်ပင်ဖြစ်သည်။ သမ္မာကျမ်းစာတွင် မှတ်တမ်းတင်ခြင်းခံရသော အခြားပုဂ္ဂိုလ်အားလုံးတို့အနက် ဤငရဲအကြောင်း အပြောဆုံးပုဂ္ဂိုလ်မှာ ယေရှုခရစ်တော်ဖြစ်သည်။ ကျွန်ုပ်တို့ကို ငရဲမှကယ်တင်ရန် အသေခံတော်မူသောအရှင်က သူသည် မလိုအပ်ဘဲအသေခံ

တော်မူမည်မဟုတ်ကြောင်း ကျွန်ုပ်တို့ကိုသတိပေးနေဆဲဖြစ်သည်။ ထို့အပြင် သူသည် တစ်ခါက ဂျေရုဆလင်မြို့အတွက် ငြည်တမ်းခဲ့သကဲ့သို့ ယနေ့လည်း နောင်တမရနိုင်သော သူတို့အတွက် ငြည်တမ်းတော်မူလျက်ရှိသည်- "*အိုယေရုရှလင်မြို့၊ ယေရုရှလင်မြို့၊ သင်သည်ပရောဖက်တို့ကိုသတ်မြဲရှိ၏။ သင်ရှိရာသို့စေလွှတ်သောသူတို့ကိုလည်း ကျောက်ခဲနှင့်ပစ်မြဲရှိ၏။ ကြက်မသည်မိမိသားငယ်တို့ကို အတောင်အောက်၌ စုရုံးသကဲ့သို့ သင်၏သားတို့ကို စုရုံးစေခြင်းငှာ ကြိမ်ဖန်များစွာငါအလိုရှိ၏။ သင်မူကား အလိုမရှိ*" (လု ၁၃း၃၄)။

ကျွန်ုပ်တို့၏ဖန်ဆင်းရှင်ထာဝရဘုရား၏နှလုံးခုန်သံကို ဤခရစ်တော်၏ ငြည်တမ်းခြင်းအားဖြင့် ကျွန်ုပ်တို့ကြားရသည်-

> *အသေခံရသောသူ၏ အသေခံခြင်းအမှု၌ ငါသည်ပျော်မွေ့ခြင်းမရှိ။ ထိုကြောင့် ပြောင်းလဲ၍ အသက်ရှင်ကြလော့ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏* (ယေဇ ၁၈း၃၂)။

ထို့ကြောင့် ကျွန်ုပ်တို့သည် လွန်ခဲ့သည့် ရာစုနှစ်များစွာတလျှောက်တွင် "*အသက်နှင့်ပြည့်စုံလျက် မှန်တော်မူသောဘုရားသခင်၏အမှုတော်ကို. . . ဆောင်ခြင်းငှာဂင်း၊ ရောက်လတံ့သောဘေးဒဏ်မှ ငါတို့ကိုကယ်နှုတ်သော သခင်ယေရှုတည်းဟူသောသေခြင်းမှ ဘုရားသခင်ထမြောက်စေတော်မူသော သားတော်သည်ကောင်းကင်ဘုံမှ ကြွလာတော်မူမည်အရာကို ငံ့လင့်ခြင်းငှာဂင်း၊ ရုပ်တုဆင်းတုတို့ကိုပစ်ပယ်၍၊ ဘုရားသခင်အထံတော်သို့ပြောင်းလဲကြ*" (၁သက် ၁း၉-၁၀)သည့်ပုဂ္ဂိုလ်များကို နမူနာယူကြလျှင် ကျွန်ုပ်တို့၏ပညာရှိခြင်းဖြစ်ပေလိမ့်မည်။

## *၁၇*

# ကယ်တင်ခြင်း

## *ကျယ်ပြန့်ပြည့်စုံသောဝေါဟာရ*

ကယ်တင်ခြင်းနှင့်ဆိုင်သောသဘောထားအမြင်သည် ဓမ္မသစ်ကျမ်း၏ အဓိကဗဟိုချက်ဖြစ်လျက် ၎င်း၏အကြောင်းတရားသည်လည်း ထင်ရှားလျက် ရှိသည်။ ခရစ်တော်မွေးဖွားတော်မူမည့် အချိန်ကာလရောက်လာတော့မည့် အချိန်တွင် မာရိ၏ခင်ပွန်းဖြစ်မည့်ယောသပ်သည် သူ့ကို 'ယေရှု'ဟုမှည့်ခေါ်ရန် ညွှန်ကြားခြင်း ခံရသည်။ ၎င်းသည် 'ထာဝရဘုရား ကယ်တင်တော်မူသည်'ဟု အဓိပ္ပါယ်ရှိသည့် ဟေဗြဲဘာသာစကားမှလာသည် ဂရိစကားဖြစ်သည်။ မွေးဖွားလာသော သူငယ်တော်ကို ဤအမည်နာမဖြင့်မှည့်ခေါ်ကြသည်။ ထို့ကြောင့် ကောင်းကင် တမန်က "*မိမိလူတို့ကို အပြစ်မှကယ်ချွတ်မည်သူဖြစ်သောကြောင့် . . .*" ဟု ဆိုခဲ့သည် (မဿဲ ၁း၂၀-၂၁)။ သို့ဖြစ်၍ ကယ်တင်ခြင်းသည် ခရစ်တော်ဤ လောကသို့ ကြွလာတော်မူခြင်း၏ တကယ့်ရည်ရွယ်ချက်ဖြစ်သည်- "*လူသားသည် ပျောက်သောသူတို့ကို ရှာ၍ကယ်တင်အံ့သောငှာကြွလာသတည်း*" (လုကာ ၁၉း၁၀။ ယောဟန် ၃း၁၇နှင့် ၁ တိ ၁း၁၅ တို့ကိုလည်းကြည့်ပါ)။

ထို့ကြောင့် ထိုက်သင့်သည့်အားလျော်စွာပင် ဓမ္မသစ်ကျမ်းတွင် *ကယ်တင်ခြင်း၊ ကယ်တင်ရှင်၊ ကယ်တင်တော်မူသည်* ဆိုသည့်စကားလုံးများကို အလွန်မကြာခဏတွေ့နေရသည်။ ထို့အပြင် 'ကယ်တင်ခြင်း'ဆိုသည့်ဝေါဟာရသည် ပြည့်စုံကျယ်ပြန့်သောဝေါဟာရဖြစ်သည်။ ၎င်းက ကျွန်ုပ်တို့လေ့လာပြီးခဲ့သည့် ဝေါဟာရများဖြစ်ကြသော ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခံရခြင်း၊ ရွေးနှုတ်စရာ အဖိုးအခ၊ ပြန်လည်မွေးဖွားခြင်း၊ ထာဝရအသက်- စသည့်အခြားသော ဝေါဟာရ များကိုလည်း ခြုံငုံထားသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့တစ်ခုစီက ကယ်တင်ခြင်းနှင့်ဆိုင်သည့်ရှုထောင့်တစ်ခုစီကို ဖော်ပြပေါ်လွင်စေကြသောကြောင့်

ဖြစ်သည်။ ထို့အပြင် ကယ်တင်ခြင်းဆိုသည့်စကားလုံးကို ထင်ထင်ရှားရှား မသုံးထားသည့် နေရာတွင်ပင် ၎င်း၏ဆိုလိုရင်းသဘော မကြာခဏပါဝင်နေတတ်သည်။ ဤအချက်အားဖြင့် 'ကယ်တင်ခြင်း'ကိုလေ့လာခြင်းက ဤစာအုပ်၌ကျွန်ုပ်တို့လေ့လာခဲ့ပြီးဖြစ်သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်နိုင်ရန် ကျွန်ုပ်တို့ကိုကူညီပေးမည်ဖြစ်သည်။

## ၎င်း၏ကျယ်ပြန့်သောဂယက်အနက်များ

'ကယ်တင်သည်'ဆိုသည့် ဂရိစကားလုံး (*sozo*) တွင် ဂယက်အနက်များစွာပါသည်။ တစ်စုံတစ်ဦးကို အန္တရာယ်တစ်ခုခုမှကယ်ဆယ်လိုက်ခြင်း သို့မဟုတ် မကျန်းမမာဖြစ်နေသူတစ်ဦးကို ပြန်လည်ကျန်းမာစေခြင်းအတွက် ဤစကားလုံးကို သုံးနိုင်သည်။ ခရစ်ဝင်ကျမ်းများကိုကြည့်လျှင် ခရစ်တော်သည် ဤမတူညီသောပုံစံများဖြင့် လူတို့ကိုကယ်တင်ခဲ့ကြောင်း ကျွန်ုပ်တို့တွေ့ရမည်ဖြစ်သည်။ ပေတရု၏ "*ကယ်မတော်မူပါ၊ သခင်*" ဆိုသည့် တောင်းလျှောက်ခြင်းကို တုန့်ပြန်ခြင်းဖြင့် ခရစ်တော်သည် သူ့ကိုရေနစ်နေရာမှဆွဲထုတ်ပေးခဲ့သည် (မဿဲ ၁၄း၃၀-၃၁)။ ကိုယ်တော်သည် နာတာရှည်ရောဂါခံစားနေရသောအမျိုးသမီးတစ်ဦးကို ကျန်းမာစေလျက် "*ငါ့သမီး၊ မစိုးရိမ်နှင့်။ သင်၏ယုံကြည်ခြင်းသည် သင့်အနာကိုငြိမ်းစေပြီ* (မူရင်းအရ - 'သင့်ကိုကယ်တင်ပြီ')။ *ငြိမ်းဝပ်စွာသွားလော့*"ဟု မိန့်တော်မူခဲ့သည် (လု ၈း၄၈)။ တစ်ဦးတည်းသောသမီးသေဆုံးသွားသည့် လူတစ်ဦးကိုလည်း "*ယုံကြည်ခြင်းစိတ်တခုသာ ရှိစေလော့။ ထိုသို့ရှိလျှင် သူသည်ဘေးနှင့်လွတ်* (မူရင်းအရ - 'ကယ်တင်ခြင်းခံရ')*လိမ့်မည်*"ဟု စိတ်ချမှုပေးတော်မူပြီးလျှင် ထိုသူ၏အိမ်သို့လိုက်သွား၍ သူ၏သမီးငယ်ကို သေခြင်းမှထမြောက်စေခဲ့သည် (လု ၈း၄၉-၅၈)။

သို့သော် အခြားနေရာများတွင် ခရစ်တော်က 'ကယ်တင်'ဆိုသော စကားကို ကိုယ်ကျင့်တရားနှင့်ဝိညာဉ်ရေးရာအတွက်အသုံးပြုခဲ့သည်။ ဥပမာ- အပြစ်ပြုခဲ့သော်လည်း နောင်တရသောအမျိုးသမီးတစ်ဦးအား "*သင်သည်အပြစ်တို့နှင့်လွတ်လေပြီ။ --သင်၏ယုံကြည်ခြင်းသည် သင့်ကိုကယ်တင်ပြီ*"ဟု မိန့်တော်မူခဲ့သည် (လု ၇း၄၈၊ ၅၀)။ ဤနေရာတွင် 'ကယ်တင်'နှင့် 'ကယ်တင်ခြင်း'ကိုအသုံးပြုသည့်အဓိပ္ပါယ်ဖြင့် ဓမ္မသစ်ကျမ်းတွင် မကြာခဏအသုံးပြုထားသည်။ ထို့အပြင် ခရစ်တော်ပြုသောအနာငြိမ်းခြင်းများစွာတို့သည် ဝိညာဉ်ရေးကယ်တင်ခြင်း၏ သာဓကဖြစ်ကြသည်။

ရှင်ယောဟန်ခရစ်ဝင်ကျမ်း အခန်းကြီး ၉ တွင် ခရစ်တော်သည် မွေးရာပါ မျက်မမြင်တစ်ဦးကို မျက်စိပြန်မြင်စေသောအခါ မိမိသည် ဝိညာဉ်ရေးအမြင်ကန်းနေသူများကို ဝိညာဉ်ရေးအမြင်ပေးနိုင်ကြောင်း သရုပ်ပြရန်အတွက် ဤရုပ်ပိုင်းဆိုင်ရာကယ်တင်ခြင်းကို အသုံးပြုခဲ့သည်။ "*ထိုအခါယေရှုကလည်း၊ မျက်စိမမြင်သောသူသည် မြင်စေခြင်းငှာငင်း၊ မြင်သောသူကိုမျက်စိကန်းစေခြင်းငှာငင်း၊ ငါသည်တရားစီရင်၍ဤလောကသို့ရောက်လာပြီဟု မိန့်တော်မူ၏*(ယော ၉း၃၉)။ ဤအခန်း၏ကျန်သောအပိုင်းတွင် အထူးသီးသန့်မဟုတ်သော်လည်း အဓိကအားဖြင့် ကိုယ်ကျင့်တရားနှင့်ဝိညာဉ်ရေးကယ်တင်ခြင်းအကြောင်းကို ဆွေးနွေးကြမည်ဖြစ်သည်။

ဤဝေါဟာရသည် ဘုရားသခင်ပြုပြီးသည့်အရာ၊ ပြုနေသည့်အရာနှင့် ပြုတော်မူမည့်အရာတို့ကိုဖော်ပြသည့် ကျယ်ပြန့်ပြည့်စုံသောဝေါဟာရဖြစ်သောကြောင့် အတိတ်၊ ပစ္စုပန်၊ အနာဂါတ်- ကာလသုံးခုဖြင့်ဖော်ပြထားသည်။

## အတိတ်ကာလကယ်တင်ခြင်း

ဓမ္မသစ်ကျမ်းအရ ဘုရားသခင်သည် လူတိုင်းကယ်တင်ခြင်းခံရရန် အလိုရှိတော်မူသဖြင့် ခရစ်တော်သည် လူသားအားလုံးအတွက် မိမိကိုယ်ကိုရွေးနှုတ်စရာအဖိုးအခအဖြစ် ပေးအပ်တော်မူခဲ့သည် (၁တိ ၂း၃-၆)။ ထို့ကြောင့် ကောင်းမြတ်သောသတင်းမှာ ကယ်တင်ခြင်းသည် လူတို့ယုံကြည်သောအခါမှသာ အကျိုးသက်ရောက်မှုရှိသည်မှန်သော်လည်း ၎င်းသည် လူတိုင်းအတွက်ဖြစ်သည်ဟူ၍ဖြစ်သည်။ သို့သော် လူတစ်ဦးယုံကြည်လိုက်သည်နှင့်ချက်ချင်းပင် သူသည် "ယခုပင်ကယ်တင်ခြင်းခံရပြီ"ဟု မှန်ကန်စွာသူပြောနိုင်ပြီဖြစ်သည်။ သူက "တဖြေးဖြေးနှင့်တော့ ကယ်တင်ခြင်းခံရမယ်လို့ မျှော်လင့်တာဘဲ"ဟု မိမိကိုယ်ကိုထိန်းလျက်ပြောနေစရာမလိုပါ။ သူသည် အတိတ်ကာလကိုအသုံးပြုလျက် 'ကျွန်တော်/ကျွန်မ ကယ်တင်ခြင်းခံရပြီးပြီ'ဟု တိတိကျကျပြောနိုင်သည်။ ဓမ္မသစ်ကျမ်းက ယုံကြည်သူတို့အား "*ကျေးဇူးတော်ကြောင့်သာ ကယ်တင်ခြင်းသို့ရောက်ရ၏*" (ဧ ၂း၅)။ ထိုသို့ဆို၍ ယုံကြည်သူသည် ကယ်တင်ခြင်းနှင့်ဆိုင်သည့် အရာအားလုံးကိုခံစားရပြီးပြီဟု ပြောခြင်းမဟုတ်ပါ။ ကယ်တင်ခြင်း၏အချို့အပိုင်းတို့သည် အနာဂါတ်နှင့်ဆိုင်သည်။ သို့သော် လူတစ်ဦးသည် မိမိကိုယ်ကို ခရစ်တော်ထံ အမှန်အကန်ဆက်ကပ်လိုက်သည့် တခဏချင်းတွင်ပင် ကယ်တင်ခြင်း၏အချို့အပိုင်းများ ထိုသူ၌အမှန်ပင်ပြည့်စုံသွားပြီဖြစ်သည်။

ထိုအပိုင်းအချို့တို့မှာ

**၁။ အပြစ်လွှတ်ခြင်း။** အထက်တွင်ဖေါ်ပြခဲ့သည့် အပြစ်ပြုမည့်ခဲ့သော အမျိုးသမီး၏ကိစ္စတွင် ယေရှုက (ပြီးသွားပြီဖြစ်ကြောင်းပြဆိုသော) ပရောက္ခာ ဝိဘတ်ကို သုံးကြိမ်အသုံးပြုခဲ့သည်။ "*သူသည် များစွာသောအပြစ်တို့နှင့် လွတ်သည်. . . . သင်သည် အပြစ်တို့နှင့်လွတ်လေပြီ. . . သင်၏ယုံကြည်ခြင်း သည် သင့်ကို ကယ်တင်ပြီ* (လု ၇း၄၇၊ ၄၈၊ ၅၀)။ ထိုနည်းတူပင် တမန်တော် ရှင်ယောဟန်က "*ချစ်သားတို့၊ သင်တို့သည်ထိုသခင်၏နာမတော်အားဖြင့် အပြစ် များနှင့်ကင်းလွတ်သောကြောင့်၊ သင်တို့အားငါရေး၍ပေးလိုက်၏*" (၁ယော ၂း၁၂)ဟု ပြောထားသကဲ့သို့ တမန်တော်ရှင် ပေါလုကလည်း "*သင်တို့အပြစ်ရှိသမျှတို့ကို လွှတ်တော်မူ၏*"ဟု ရေးသားခဲ့သည် (ကော ၂း၁၃)။

ဤအပြစ်ခွင့်လွှတ်ခြင်း၏ပြီးပြည့်စုံမှုကို ထင်ရှားစေရန်အတွက် သမ္မာ ကျမ်းစာ၌ တင်စားမှုဥပစာများစွာကို သုံးထားကြောင်းတွေ့ရသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အပြစ်များနှင့်ပတ်သက်၍

က) မိမိရှေ့တော်မှဖယ်ရှားပြီဖြစ်သည်။ "*အကျွန်ုပ်အပြစ်ရှိသမျှတို့ကို နောက်တော်သို့ပစ်လိုက်တော်မူပြီ* "(ဟေရှာ ၃၈း၇)

ခ) အဝေးသို့ဖယ်ရှားပြီဖြစ်သည်။ "*အရှေ့မျက်နှာစွန်းသည် အနောက် မျက်နှာစွန်းနှင့်ဝေးသည်အတိုင်း၊ ငါတို့အပြစ်များကို ငါတို့နှင့်ဝေးစေတော်မူ၏*" (ဆာလံ ၁၀၃း၁၂)။

ဂ) မတည်မရှိအောင်ဖယ်ရှားပြီဖြစ်သည်။ "*ငါတပါးတည်းသာလျှင် ကိုယ်အတွက်ကြောင့်၊ သင်၏အပြစ်တို့ကိုဖြေမည်။ သင်၏ဒုစရိုက်အမှုတို့ကို မအောက်မေ့*" (ဟေရှာ ၄၃း၂၅)။

ဃ) သတိမရတော့ချေ။ "*ငါသည်--သူတို့ပြုသောဒုစရိုက်များကို မအောက်မေ့ဘဲနေမည်*" (ယေရမိ ၃၁း၃၄)။

င) ပြန်ပေါ်မလာစေတော့ချေ။ "*အပြစ်မှလွတ်တော်မူသော၊ ကျန်ကြွင်း သောအမွေတော်လူတို့၏ လွန်ကျူးခြင်းများကိုသည်းခံတော်မူထသော၊ ကရုဏာ၌ မွေ့လျော်သောကြောင့်အစဉ် အမျက်ထွက်တော်မမူသောကိုယ်တော်ကဲ့သို့အဘယ် ဘုရားရှိပါသနည်း။. . . . အကျွန်ုပ်တို့၏ဒုစရိုက်ရှိသမျှတို့ကို ကျော်နင်းတော်မူ လိမ့်မည်။ အကျွန်ုပ်တို့၏အပြစ်အလုံးစုံတို့ကို နက်နဲသောပင်လယ်ထဲသို့ ချပစ် တော်မူလိမ့်မည်* (မိ ၇း၁၈-၁၉)။

**၂။ ပြန်လည်မွေးဖွားခြင်းနှင့် အသစ်သောဝိညာဉ်အသက် (အခန်း ၇ ကိုကြည့်ပါ)**

က) *ငါတို့ကျင့်သောဖြောင့်မတ်ခြင်း အကျင့်အားဖြင့်မဟုတ်ဘဲ၊ မိမိသနားခြင်းကရုဏာတော်နှင့်အညီ ဒုတိယမွေးခြင်းနှင့်ဆိုင်သောဆေးကြောခြင်းအားဖြင့်၎င်း၊ သန့်ရှင်းသောဝိညာဉ်တော်၏အသစ်ပြုပြင်ခြင်းအားဖြင့်၎င်း ငါတို့ကိုကယ်တင်တော်မူ၏* (တိတု ၃း၅)။

ခ) *သို့သော်လည်း--ဘုရားသခင်သည်--ဒုစရိုက်အပြစ်၌သေလျက်ရှိနေသောငါတို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေတော်မူပြီ။--ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းတို့ရောက်ရ၏။ ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှဝါကြွားစရာ အခွင့်မရှိ* (ဧဖက် ၂း၄-၉)။

**၃။ ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ခြင်း (အခန်း ၄ ကိုကြည့်ပါ)**

*ထိုမျှမက၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် မိဿဟာယဖွဲ့ရာကျေးဇူးကိုယခုခံပြီးလျှင်၊ ထိုသခင်အားဖြင့် ဘုရားသခင်၌ ဝါကြွားဝမ်းမြောက်ခြင်းရှိကြ၏* (ရော ၅း၁၁)။

## ပစ္စုပ္ပန်ကာလကယ်တင်ခြင်း

ကယ်တင်ခြင်းသည် လူတစ်ဦး၏အတိတ်တစ်ခုတည်းနှင့်သာမဆိုင်ပေ။ လူတစ်ဦး၏ပစ္စုပ္ပန်အပေါ်လည်း အကျိုးသက်ရောက်မှုရှိသည်။ အစပြုရန်ဥပမာကောင်းတစ်ခုမှာ ဇက္ခဲအကြောင်းဖြစ်သည် ( လု ၁၉း၁-၁၀ ကိုဖတ် ကြည့်ပါ)။ ဇက္ခဲ၏အိမ်သို့ ကယ်တင်ခြင်းရောက်လာသောအခါ အတိတ်ကအပြစ်များအတွက်အပြစ်ခွင့်လွှတ်ခြင်းသာမက လက်ရှိသူ၏အသက်ရှင်မှုပုံစံကိုလည်း ပြောင်းလဲစေခဲ့သည်။ ထိုကယ်တင်ခြင်းသည် သူ၏လူမှုရေးစိတ်ဓါတ်ကို အသက်သွင်းပေးခြင်းဖြင့် အစပြုခဲ့သည်။ သူတရားဝင်အခွန်ကောက်ခံခွင့်ရသည့်ပမာဏထက်ပို၍ကောက်ခံခြင်းဖြင့် သူငွေညှစ်ခဲ့သော သူတို့ကို ယခု သူလေးဆပြန်ပေးမည်ဟုသူကမ်းလှမ်းခဲ့သည်။ ထိုထက်မကသေးပါ။ သူ၏နိုင်ငံသား အချင်းချင်းတို့ဆင်းရဲမှုဒဏ်အလူးအလဲခံရချိန်တွင် သူသည် မိမိအတွက်သာ ငွေများစွာကို

တရားဝင်ရှာမှီးရုံနှင့်ပင် မကျေနပ်တော့ဘဲ "*အကျွန်ုပ်၏ဥစ္စာတဝက်ကို ဆင်းရဲသောသူတို့အားပေးပါ၏*"ဟု သူပြောခဲ့သည်။

ဆင်းရဲသားများ၊ မကျန်းမမာဖြစ်နေသူများနှင့် ကိုယ်လက်အင်္ဂါချို့တဲ့သူများအတွက် ဝန်တာထားခြင်းသည် စစ်မှန်သောခရစ်ယာန်တို့၏ဝိသေသလက္ခဏာဖြစ်သည်။ အမှန်တကယ်တွင် ခရစ်တော်၏ကောင်းမြတ်သောသတင်းကို ကြားရ၍ ကယ်တင်ခြင်းခံရသောသူတို့သည် ဘဝအသက်တာ၏ဆက်ဆံမှုကဏ္ဍအားလုံးတွင် "*ကယ်တင်တော်မူသော အရှင်ဘုရားသခင်၏ဩဝါဒကိုအရာ၌ တန်ဆာဆင်ခြင်းငှာ*" တာဝန်ရှိကြသည်။ ဆိုလိုသည်မှာ သူတို့သည် မိမိတို့၏ဘဝအသက်တာအပေါ် ထိုကောင်းမြတ်သောသတင်း၏ လက်တွေ့အကျိုး သက်ရောက်မှုများကို ပြသခြင်းဖြင့် ထိုသတင်းကောင်း၏ စိတ်ဝင်စားဖွယ်ကောင်းပုံကို သူတို့သက်သေပြရမည်ဖြစ်သည် (တိတု ၂း၉-၁၄)။

ခရစ်ယာန်တစ်ဦး၏အသက်တာ၌ ကယ်တင်ခြင်းကိုလွှမ်းမိုးရမည့်အခြားကဏ္ဍတစ်ခုလည်းရှိသေးသည်။ ၎င်းကဏ္ဍကို ခရစ်တော်က ဤသို့ဖော်ပြထားသည်- "*အကြင်သူသည်မိမိအသက်ကို ကယ်ဆယ်ခြင်းငှာအလိုရှိ၏။ထိုသူသည်အသက်ရှုံးလိမ့်မည်။ အကြင်သူသည်ငါ့အကြောင်းငှါ၊ ဧဝံဂေလိတရားကြောင့်၎င်း၊ အသက်ရှုံး၏။ ထိုသူသည်မိမိအသက်ကိုကယ်ဆယ်လိမ့်မည်*" (မာ ၈း၃၅)။ ဤနေရာတွင် အသက်ဟု ဘာသာပြန်ဆိုထားသော ဂရိစကားလုံးသည် ကျယ်ပြန့်သည့်အဓိပ္ပါယ်ကိုဆောင်ကြောင်း ကျွန်ုပ်တို့ဦးစွာသိရှိထားလျှင် ကျွန်ုပ်တို့အတွက် အထောက်အကူဖြစ်မည်ဖြစ်သည်။ ၎င်းက လူတစ်ယောက်၏ ရုပ်ပိုင်းဆိုင်ရာအသက်ကိုလည်းဆိုလိုနိုင်သည် (မဿဲ ၂း၂၀ ၌ ဤအဓိပ္ပါယ်ကိုဆောင်သည်)- "*သူငယ်တော်ကို သတ်အံ့သောငှာ ရှာသောသူတို့သည် သေကြပြီဟုဆိုလေ၏*"။ ၎င်းက လူတစ်ယောက်၏ချစ်ခြင်းမေတ္တာ၊ စွမ်းအား၊ အသိတရား၊ စိတ်ခံစားမှုများ၊ တတ်စွမ်းမှုများ၊ စိတ်ဆန္ဒများ၊ ရည်ရွယ်ချက်များ စသည့်အတွင်းအသက်တာကိုလည်း ဆိုလိုနိုင်သည် (၃ယော ၂ ၌ ဤအဓိပ္ပါယ်ကိုဆောင်သည်)- "*အချင်းချစ်သူ၊ သင်၏**စိတ်နှလုံး**သည် ကောင်းစားသကဲ့သို့၊ သင်သည်အရာရာ၌ကောင်းစားခြင်းနှင့် ကျန်းမာခြင်းရှိမည်အကြောင်းငါဆုတောင်း၏*"။ သခင်ဘုရား၏ဖော်ပြ တော်မူချက်တွင် (မာ ၈း၃၅) ဤစကားလုံးက ဂယက်အနက်များကိုလည်းဆောင်သကဲ့သို့ မြင်ရသည့်စာသားအတိုင်းလည်း အဓိပ္ပါယ်ဆောင်သည်။

သို့သော် လူတစ်ဦးသည် မိမိအသက်ကို အရှုံးခံခြင်းဖြင့် မည်ကဲ့သို့ ထိုအသက်ကိုကယ်တင်နိုင်မည်နည်း။ ဝိရောဓိဖြစ်နေသည်။ ဤအချက်ကို နားလည်နိုင်ဖို့ရန်အတွက် ယခုလက်ရှိခေတ်ကာလတစ်ခုတည်းသာရှိသည် မဟုတ်ဘဲ နောက်ရောက်လာမည့် ဘုရားသခင်၏နိုင်ငံတော်ခေတ်ကာလလည်းရှိကြောင်း ကျွန်ုပ်တို့သတိရနေရမည်ဖြစ်သည်။ ခရစ်တော်က ဤနောက်ခံအခြေအနေဖြင့် သင်ကြားပေးသည့်သင်ခန်းစာမှာ "*အကြင်သူသည်ငါ့ကိုငှင်း၊ ငါ့စကားကိုငှင်း ရှက်၏။ လူသားသည်မိမိအဘခမည်းတော်၏ ဘုန်းတန်ခိုးအာနုဘော်ကိုဆောင်လျက်၊ သန့်ရှင်းသောကောင်းကင်တမန် အခြံအရံတို့နှင့်ကြွလာသောအခါ ထိုသူကို ရှက်တော်မူလတ့်*" (မာ ၈း၃၈) ဖြစ်သည်။

ဂျေရုဆလင်အာဏာပိုင်များသည် သူ့ကိုအသေသတ်ကြမည်ဖြစ်ကြောင်း ခရစ်တော်ကကြိုတင်မိန့်တော်မူခဲ့သည်။ ပေတရုက ထိုသို့အမှန်ဖြစ်လာလျှင် သူတို့သည် သူ့ကိုလည်းကွပ်မျက်ကြလိမ့်မည်ဖြစ်ကြောင်း ကြိုတင်မှန်းဆလျက် ထိုအသေသတ်ခြင်းကိုရှောင်ရန် ခရစ်တော်ကို သူစည်းရုံးခဲ့သည်။ သို့သော် ခရစ်တော်သည် မိမိအသက်ကိုကယ်တင်ရန်အတွက် သူပြီးမြောက်အောင်ထမ်းဆောင်ရမည့်တာဝန်ကို အပေးအယူမလုပ်လိုပေ။ ခရစ်တော်ကိုငြင်းပယ်ခြင်းအားဖြင့် ဤလောကမှသူ့အသက်ကို မကယ်တင်ရန်၊ ထိုသို့ကယ်တင်ခဲ့လျှင် နောင်လာမည့်ကမ္ဘာတွင်အသက်ဆုံးရှုံးရလိမ့်မည်ဖြစ်ကြောင်း ပေတရုကို သူသတိပေးတော်မူခဲ့သည်။ ပေတရုသည် အသိအာရုံလွင့်စင်လျက် ခရစ်တော်ကိုငြင်းပယ်ခဲ့ကြောင်း ကျွန်ုပ်တို့သိကြသည်။ သို့သော် ဤသို့ခေတ္တသာဖြစ်၍ ခရစ်တော်သည် ကြားဝင်ဖြေရှင်းပေးခြင်းအားဖြင့် သူ့ကိုပြန်လည်တည်ဆောက်ပေးခဲ့သည် (လု ၂၂း၃၁-၃၄)။

သို့သော် ကျွန်ုပ်တို့အားလုံးအတွက် သင်ခန်းစာရှိနေဆဲဖြစ်သည်။ ဝန်ခံရမည်မှာ ကျွန်ုပ်တို့သည် ခရစ်တော်အတွက် အာဇာနည်ဖြစ်ကြသောကြောင့် ကယ်တင်ခြင်းရရှိကြသည်မဟုတ်။ ကယ်တင်ခြင်းသည် အခမဲ့လက်ဆောင်ဖြစ်သည်။ သို့သော် ကယ်တင်ရှင်မရှိလျှင် ကယ်တင်ခြင်းလက်ဆောင်မရနိုင်ပါ။ သမ္မာကျမ်းစာက "*ခရစ်တော်ကို ယုံကြည်ခြင်းအခွင့်မှတပါး၊ ခရစ်တော်အတွက်ကြောင့် ဆင်းရဲခံရခြင်းအခွင့်ကို ကျေးဇူးတော်အားဖြင့်ရကြ၏*" (ဖိ ၁း၂၉) ဟု ပြောထားသည်။ ထို့သို့ ဆိုလျှင် ကျွန်ုပ်တို့သည် မိမိ၏လောကအသက်ကိုကယ်တင်လျက် ခရစ်တော်ကို ငြင်းပယ်မည်လား သို့မဟုတ် ခရစ်တော်အပေါ်ယုံကြည်ခြင်း၌ တည်တံ့လျက်

ဤလောကအသက်ကို အဆုံးရှုံးခံမည်လားဆိုသည့် အခြေအနေနှင့် ကျွန်ုပ်တို့ကြုံလာခဲ့သည်ဆိုကြပါစို့။ သင်သည် မည်သည့်အရာကို ရွေးချယ်မည်နည်း။ ကျွန်ုပ်တို့သည် ဤလောကအသက်ကိုအဆုံးရှုံးခံလျက် လာမည့်ကမ္ဘာ၌ရရှိမည့်အသက်ကို ကယ်တင်ရန် ပြင်ဆင်ထားရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကို ငြင်းပယ်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ဤလောကအသက်ကိုကယ်တင်ကြသည်ဆိုလျှင် လာမည့်ကမ္ဘာ၌ ကျွန်ုပ်တို့ရရှိမည့်အသက်ကို ဆုံးရှုံးကြမည်ဖြစ်သည်။

ထို့အပြင် ဤလောကအသက်သည် လုံခြုံအောင်ထိန်းသိမ်း၍မရသောအရာဖြစ်သည်။ အသက်တစ်ခုသည် ရှင်သန်နေထိုင်ရန်အတွက်ဖြစ်သည်။ ၎င်း၏စွမ်းအင်များ၊ အချိန်၊ ရည်ရွယ်ချက်များ၊ မေတ္တာနှင့် အစွမ်းအစများကို လူတို့အတွက်ဖြစ်စေ၊ အရာဝတ္ထုများအတွက်ဖြစ်စေ၊ လုပ်ငန်းအစီအစဉ်များအတွက်ဖြစ်စေ အသုံးပြုရမည်ဖြစ်သည်။ မေးခွန်းမှာ ၎င်းတို့ကို သင်ဘာအတွက် အသုံးပြုသနည်းဟူသည့်မေးခွန်းဖြစ်သည်။

ယုံကြည်သူတစ်ဦးသည် သခင်ဘုရားနည်းတူ လုပ်လေသမျှကို စိတ်နှလုံးပါလျက် လုပ်ဆောင်ရန် (ကော ၃း၂၃) နှင့် မိမိ၏အချိန်၊ စွမ်းရည်ရှိသလောက်ဆက်ကပ်လျက် ခရစ်တော်၏ကောင်းမြတ်သောသတင်းအတွက်ဖြည့်စွမ်းပေးရန် ခေါ်ယူခြင်းခံရသောသူဖြစ်သည်။ သူသည် ဤအတိုင်းအသက်ရှင်သည့်အခါ အနှေးနှင့်အမြန်ပေးဆပ်စရာများနှင့် မိမိကိုယ်ကိုငြင်းရသည့်အချိန်များကို သူကြုံတွေ့လာရမည်ဖြစ်သည်။ လောကအမြင်သာရှိသောသူတယောက်အဖို့ ယုံကြည်သူတစ်ဦးသည် မိမိအသက်တာကိုဖြုန်းတီးနေသောသူ၊ မိမိအသက်တာကို ပစ်ပယ်ထားသောသူဟု မြင်မိမည်ဖြစ်သည်။ သို့သော် တကယ်တန်းတွင် ယုံကြည်သူတစ်ဦးက ခရစ်တော်နှင့် ခရစ်တော်အလိုတော်ရှိသောအရာများအတွက် လုပ်ဆောင်လေသမျှတို့သည် တည်မြဲ၍ထာဝရနှင့်ဆိုင်သောအရာများကို လုပ်ဆောင်ရယူနေခြင်းဖြစ်သည်။ ၎င်းတို့၏ရလဒ်သည် အစဉ်ထာဝရတည်မြဲမည်ဖြစ်သည်။

အခြားတစ်ဘက်တွင် ခရစ်ယာန်တစ်ဦးသည် ခရစ်တော်အတွက်အသက်ရှင်ရန်မပြင်ဆင်ဘဲ မိမိ၏အချိန်၊ စွမ်းအင်၊ မေတ္တာနှင့်စွမ်းရည်များကို တစ်ကိုယ်ကောင်းဆန်ဆန် မိမိအတွက်သာအသုံးပြုလျက် လောကအရာများ၊ ထိုက်တန်မှုမရှိသောအရာများအတွက်တာ ကြိုးပမ်းအားထုတ်ပြီး ဘုရားသခင်၏ထာဝရနိုင်ငံတော်အတွက် သိပ်မစဉ်းစားဘဲနေမည်ဆိုလျှင် သူအချိန်ယူလုပ်ဆောင်

သောလောကအရာတို့ကို သူထာဝရဆုံးရှုံးရမည်ဖြစ်သည်။ ခရစ်တော် ဒုတိယအကြိမ် ကြွလာလျက် ထိုသူ၏လုပ်ဆောင်မှုများကို စစ်ဆေးသည်အခါ သူကိုယ်တိုင်သည် ကယ်တင်ခြင်းခံရသော်လည်း သူ၏လုပ်ဆောင်မှုများသည် လောင်ကျွမ်းခြင်း ခံရလျက် ဆုံးရှုံးမှုကိုခံစားရမည်ဖြစ်သည်။

## အနာဂါတ်ကာလကယ်တင်ခြင်း

ယုံကြည်သူတစ်ဦးက "ကျွန်ုပ် ကယ်တင်ခြင်းခံရပြီ"ဟု စိတ်ချလက်ချ ပြောနေချိန်မှာပင် သူ့ကယ်တင်ခြင်း၏ အရေးကြီးသောအပိုင်းသည် အနာဂါတ်တွင် ကျန်ရှိနေဆဲဖြစ်သည်။ ထို့ကြောင့်လည်း ယုံကြည်သူအား ၎င်းတို့အတွက် မျှော်လင့်နေရန် သွန်သင်ခံနေရခြင်းဖြစ်သည်။ ၎င်းတို့သည် သေချာမှုမရှိသေးသောကြောင့် မဟုတ်ပါ၊ လက်ရှိအချိန်တွင် မဖြစ်သေးခြင်းသာဖြစ်သည်။

ထိုယုံကြည်သူသည် ဤအရာများအတွက်လည်း နှိမ့်ချမှုဖြင့် "ကျွန်ုပ် ကယ်တင်ခြင်းခံရမည်"ဟု စိတ်ချလက်ချပြောနိုင်ပါသည်။ ဤအနာဂါတ်ကယ်တင်ခြင်းကဏ္ဍတွင် အောက်ပါအချက်များပါဝင်သည်။

၁။ **ဘုရားသခင်၏အမျက်တော်မှကယ်တင်ခြင်း။** *"သို့ဖြစ်၍ယခုတွင် အသွေးတော်အားဖြင့်ဖြောင့်မတ်ရာသို့ရောက်* (ဖြောင့်မတ်သည်ဟုအသိအမှတ်ပြု ခံရ) *ပြီးမှ၊ ထိုသခင်အားဖြင့် အပြစ်ငရဲမှကယ်ချွတ်တော်မူခြင်းသို့ရောက်မည်ဟု သာ၍မြော်လင့်စရာရှိ၏"* (ရော ၅း၉၊ ၁သက် ၅း၉-၁၀ ကိုလည်းကြည့်ပါ)။

၂။ **ကျွန်ုပ်တို့၏ရုပ်ခန္ဓာကို ပြန်လည်ရွေးနှုတ်ကယ်တင်ခြင်း။** ဤအမှုအရာသည်လည်း ခရစ်တော်ဒုတိယအကြိမ် ကြွလာတော်မူသောအခါ ဖြစ်ပျက်မည့် အရာဖြစ်သည်။

က) *"ငါတို့ကျင့်သောအကျင့်မူကား၊ ကောင်းကင်ဘုံနှင့် စပ်ဆိုင်လျက်ရှိ၏။ ကယ်တင်တော်မူသောအရှင် သခင်ယေရှုခရစ်သည် ကောင်းကင်ဘုံမှ ကြွလာတော်မူမည်ဟု ငါတို့သိသည် မြော်လင့်လျက်နေကြ၏။ ထိုသခင်သည် ခပ်သိမ်းသောအရာကိုပင် မိမိအောက်၌ နှိမ့်ချနိုင်တော်မူသောပြုပြင်အားထုတ်ခြင်းအားဖြင့် ယုတ်ညံ့သော ငါတို့၏ကိုယ်ခန္ဓာကိုပင်၊ ဘုန်းသရေနှင့်ပြည့်စုံသော ကိုယ်ခန္ဓာတော်၏နည်းတူဖြစ်စေခြင်းငှာ အသစ်ပြင်ဆင်တော်မူလတ္တံ့"* (ဖိ ၃း၂၀-၂၁)။

ခ)*"ထိုမျှမကဝိညာဉ်တော်၏ ကျေးဇူးတော်အစအဦးကိုခံပြီးသော ငါတို့သည်လည်း၊ သားအရာ၌ချီးမြှောက်ခြင်းအကြောင်းတည်းဟူသော ကိုယ်ခန္ဓာရွေးနှုတ်ခြင်း ချမ်းသာကိုမျှော်လင့်၍၊ စိတ်နှလုံးထဲ၌ညည်းတွားလျက်နေကြ၏။ ငါတို့သည် မြော်လင့်စရာအကြောင်းမရှိ။ တွေ့မြင်သောအရာကို အဘယ်ကြောင့်မြော်လင့်ရမည်နည်း။ ငါတို့သည် မတွေ့မမြင်သောအရာကို မြော်လင့်လျှင်မူကား၊ ထိုအရာကိုသည်းခံသောစိတ်နှင့် ငံ့လင့်၍နေကြ၏"* (ရော ၈း၂၃-၂၅)။

**၃။ ခရစ်ယာန်အတွက် နောက်ဆုံးသန့်ရှင်းစေကြွယ်ခြင်း** (အခန်း ၁၄ ကိုကြည့်ပါ)

က) *"အသက်ရှင်ခြင်းနှင့်စပ်ဆိုင်သော မြော်လင့်ခြင်းအကြောင်းရှိစေခြင်းငှာ၊ ဖောက်ပြန်ခြင်း၊ ညစ်စွန်းခြင်း၊ ညှိုးနွမ်းခြင်းနှင့် ကင်းစင်သောအမွေတော်ကို ငါတို့သည် ခံရစေမည်အကြောင်း၊ ယေရှုခရစ်ကို သေခြင်းမှထမြောက်စေတော်မူသောအားဖြင့်၊ ကြီးစွာသောကရုဏာတော်နှင့်အညီငါတို့ကို တစ်ဖန်ဖြစ်ဘွားစေတော်မူသော၊ ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။ ထိုအမွေတော်သည်ကား၊ နောက်ဆုံးသောကာလ၌ ထင်ရှားစေခြင်းငှာပြင်ဆင်သော ကယ်တင်ခြင်းသို့ရောက်စေမည်အကြောင်း ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏တန်ခိုးတော်သည် စောင့်ရှောက်တော်မူသော သင်တို့အဘို့ ကောင်းကင်ဘုံ၌ သိုထားလျက်ရှိသောအမွေတည်း"*(၁ပေ ၁း၃-၅)။

ခ)*"ငါတို့အသက်တည်းဟူသောခရစ်တော်သည် ထင်ရှားတော်မူသောအခါ၊ ငါတို့သည်လည်း ထိုသခင်နှင့်အတူ ဘုန်းကြီး၍ ထင်ရှားကြလတံ့"* (ကော ၃း၄)။

**၄။ ခရစ်ယာန်၏ ကောင်းကင်သို့ဝင်စားခြင်း**

ယုံကြည်သူတစ်ဦး ကောင်းကင်သို့ဝင်စားခြင်းသည် နည်းလမ်းနှစ်သွယ် အနက် တစ်ခုခုဖြင့်ဖြစ်နိုင်ပါသည်။ သခင်ဘုရားပြန်မကြွလာမီ သေဆုံးသူအတွက် သူတို့၏ရုပ်ခန္ဓာသည် မထမြောက်သေးသော်လည်း သူတို့နှင့်ပတ်သက်၍ *"ကိုယ်ခန္ဓာနှင့် ကွာဝေးရာအရပ်သို့သွား၍၊ သခင်ဘုရားထံတော်၌ နေမြဲနေခြင်းငှာ"*ဟု ပြောထားသည် (၂ကော ၅း၈)။ ထို့နောက် သခင်ဘုရားကြွလာတော်မူသောအခါ

ဤသူတို့၏ကိုယ်ခန္ဓာသည် ထမြောက်မည်ဖြစ်ပြီး ထိုအချိန်၌ အသက်ရှင်နေဆဲဖြစ်သောသူတို့၏ကိုယ်ခန္ဓာမှာမူ ပြောင်းလဲသွားမည်ဖြစ်သည်။ ပြီးလျှင် အားလုံးသည် ကောင်းကင်တွင် သခင်ဘုရားနှင့်ဆုံတွေ့ရန်အတွက် ချီဆောင်ခြင်းခံရကြမည်ဖြစ်သည် (၁သက် ၄း၁၃-၁၈)။

> *"နက်နဲသောအရာတစ်ခုကိုငါပြဦးမည်။ ငါတို့ရှိသမျှသည် အိပ်ပျော်ရကြမည်မဟုတ်။ သို့သော်လည်း၊ နောက်ဆုံးသောတံပိုးမှုတ်သောအခါ၊ တခဏခြင်းတွင်မျက်စိတစ်မှိတ်၌ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ ရောက်ရကြမည်။ ထိုတံပိုးမှုတ်ချိန်ရောက်သောအခါ၊ သေလွန်သောသူတို့သည်၊ မပုပ်နိုင်သောအဖြစ်၌တည်လျက် ထမြောက်၍၊ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ရောက်ရမည်။ . . . ဤသေတတ်သောအရာသည် မသေနိုင်သောအဖြစ်သို့ငင်း၊ ဝင်စားသောအခါ၊ သေခြင်းသည် အောင်ခြင်း၌နစ်မြုပ်ပြီဟု ကျမ်းစာ၌လာချက်ပြည့်စုံလိမ့်မည်"* (၁ကော ၁၅း၅၁-၅၂၊ ၅၄)။

သမ္မာကျမ်းစာက *"ငါတို့ကို ကယ်တင်သောကျေးဇူးတော်သည် ငါတို့ယုံကြည်သောနေ့ရက်၌နီးသည်ထက် ယခုသာ၍နီး"* သည်ဟု ပြောနေပါသည် (ရော ၁၃း၁၁)။ တစ်နေ့တစ်နေ့ကုန်လွန်သွားလေတိုင်း ခရစ်တော်၏ဒုတိယအကြိမ်ကြွလာတော်မူခြင်းသည် ပို၍ပို၍နီးကပ်လာပြီဖြစ်သည်။